# NetGuidE

IT, Electronics & Communication Journal

VOL : 4, ISSUE : 24

20 FEBRUARY 2016, SATURDAY



TRUSTED BY SYNNEX

Phone Number 09 973859332, 09 73040604

Synnex Myanmar




## THE MOST AMAZING INNOVATIONS 2016

We always dream about the future some people think they're too old to learn all this new gadget. But eventually they will realize new gadgets are useful.



**Buddy**
Most useful invention for your family



**The Core**
Partying never sounded better thanks to 120 watts of pure power.

**Hoverboard**
Screw walking, steering the Hoverboard is just as easy as you think



**ULO**
Surveillance camera has never been cuter





**AuraVisor**
Wirefree Virtual Reality in front of your eyes





**Mokacam**
The worlds's smallest 4K-action camera out there.



**Special Report**

The Return of PC : **RAM**



**Article**

Marshmallow သို့ အဆင့်မြှင့်သည့်အခါ...



**Article**

မတ်ဇတ်ကာဘတ်၏ ဝီရိယအနှစ်ချုပ် Facebook

အပိုင်း (၁)

## • SPECIAL COLLECTION

**LAPTOP, ELECTRONIC, AUDIO, RELATED & MORE**

- 4G ဝန်ဆောင်မှုပေးအပ်ရာတွင် သုံးစွဲသူတွေလက်ထဲမှာ 4G ဟန်းဆက်ရှိဖို့လည်း လိုအပ်ဟု Telenor Myanmar CEO က ဆို
- စတုတ္ထအကြိမ် ICT & Mobile နည်းပညာပွဲတော်ကြီးကို ပြည်မြို့တွင် ကျင်းပပြုလုပ်တော့မည်
- 4G LTE အသုံးပြုနိုင်မည့် 2600MHz လှိုင်းနှုန်းအတွက် လေလံခေါ်ယူ
- Telenor နှင့် ရိုးမဘဏ်တို့မှ မိုဘိုင်းငွေကြေးဝန်ဆောင်မှုများပေးနိုင်ရန်အတွက် စမ်းသပ်မှုများ ပြုလုပ်လျက်ရှိ
- ပထမဆုံး MPT Branded Store ကို စတင်ဖွင့်လှစ်ခဲ့
- BeeTalk အသုံးပြုသူများ shop.com.mm ၏ သတင်းများနှင့်အတူ ဈေးရောင်းပွဲအစီအစဉ်များကို အလွယ်တကူ သိရှိနိုင်ပြီ
- Qualcomm မှ Snapdragon 625, 435 နှင့် 425 Chipset အသစ်များကို ကြေညာ
- Archos မှ 50d Oxygen ဖုန်းအား ထုတ်ဖော်ပြသ





SP
Memory is Personal
Join member now
Valentine's Promotion
Promotion ကုန်ဆုံးရက် ၂၉-ဖေဖော်ဝါရီ၊ ၂၀၁၆
သင့်ဘဝအတွက်
အမှတ်ရဖွယ်ချစ်စရာ
SP Valentine Package များ
သင့်ချစ်သူနှင့် သုံးစွဲရမည့် ပုံစံတူ SP Products လေးများ
Sweet Love Package MSD 16GB
11,000 kyats
True Love Package MSD 32GB
20,000 kyats
Honey Love Package
Mobile X31 32GB
29,000 kyats
Romantic Love Package
Mobile X21 16GB
16,000 kyats
Magic Love Package
Mobile X20 8GB
10,500 kyats
Bright Love Package-C
Bright Love Package-B
Bright Love Package-A
Power P81
35,000 kyats
Soft Love Package
Touch T08 8GB
95,00 kyats
Vivid Love Package
Touch T07 16GB
13,000 kyats
Strong Love Package
Touch T03 16GB
13,000 kyats
Lightining Love Package
Blaze B50 32GB
28,000 kyats
ပျော်ရွှင်စရာချစ်သူများနေ့မှာ
SP နှင့်အတူ
ရင်ခုန်စွာကံစမ်းကြပါစို့...
SP Valentine Package Sticker ပေါ်ရှိ ဖုန်းနံပါတ် 09-2611 42200 သို့
“SPLOVE” ဟု SMS ပေးပို့ပြီး အောက်ပါဆုမဲများအား ကံစမ်းနိုင်ပါပြီ...
SMS များကို (၂၅-၃-၂၀၁၆)နေ့တွင် နောက်ဆုံးထားပေးပို့ရပါမည်။ ကံထူးရှင်များအား (၂၈-၃-၂၀၁၆)ရက်နေ့တွင် SP Facebook Page တွင် ကြေငြာပေးပါမည်။
ပထမဆု (၁)ဆု
နှစ်ဦးလိုက်ပါခွင့် ငွေဆောင်ကမ်းခြေ အပန်းဖြေခရီးစဉ်
ဒုတိယဆု (၁၀)ဆု
YKKO တွင် ညစာသုံးဆောင်နိုင်မည့် (၁)သောင်းကျပ်တန် ကူပွန်
အသေးစိတ်သိရှိလိုပါက Silicon Power Myanmar Facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
Golden Power TECHNOLOGY
Golden Power Technology Ltd.
မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်
Yangon Showroom & Service Center
No.15, Baho Road, Sanchaung Township, Yangon.
Tel : (01) 2304848
sales@gpt-mm.com, support@gpt-mm.com | www.gpt-mm.com
Mandalay Showroom & Service Center
Unit-16, Block-1, 73 Street, Between Thazin Street and
Ngu Shwe War Street, Chanmya Thazi Township, Mandalay.
Tel: (02) 2000117~118, 09-910-43-803, 0940-260-20-20, 0973-214926

Cisco Premier Partner

Polycom Authorized Solution Advisor

FORTINET

vmware

paloalto NETWORKS

Microsoft Partner

ShoreTel Authorized Champion Partner

gne

Happy customers when their IT is simplified



Enterprise IT Infrastructure

Internet and IP Data Services - Voice and Video Conferencing - Information Security

GNE Company Ltd.

Address : No. 61, Room 20, Kabar Aye Pagoda Rd, Mayangone Township, Yangon.

Contact : 01 651392, 09 420098672, 09 974848987

Email : sales@gne.com.sg

Web : www.gne.com.sg

MRG YANGON mobile repairing group

# Mobile Repairing Group

GSM, CDMA, ( Software, Hardware ) မိုဘိုင်းဖုန်း အထူးပြုပြင်နည်းသင်တန်း

အမှတ် (၁၅/၁၇,2B ပထမထပ် ), ရန်ကုန်.အင်းစိန်လမ်း၊ လှည်းတန်း မှတ်တိုင်ရှေ့, ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Call Us. 09 5502144 , 09 78 550 2144 , 09 42000 1144 , 09 732 11388 (www.mobilerepairinggroup.com)

2009 ခုနှစ်မှစတင်၍ ယနေ့ထက်တိုင် မပြောင်းလဲသော ဂါရင့်ဆရာများ၊ အဆင့်မြင့် သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပေးနေသော သင်တန်းကျောင်း

**Android**

Android OS အသုံးပြုထားသော Samsung, Sony, HTC, Huawei, LG, Lenovo, CoolPad, Oppo, Google Nexus စသော Smart phone များကို

- Histoty Of Android OS
- Application & Game Install With PC- Suite
- Best Application Using & Apply
- User Data Backup & Restore
- Myanmar Fonts Installation
- User Security Unlock
- System Error Repairing
- Root For All Devices
- All Devices Offical ROM Installation
- All Devices Custom ROM Installation
- Bootloader Unlock , S on / S off
- Backup & Restore Current ROM
- Baseband , IMEI Error Repairing
- Soft brick , Hard brick , Dead Boot Repair
- With Advance Flashing
- Using Android Commands
- Essential Data Searching & Downloading
- Repairing With Boxing System

**iOS**

iOS အသုံးပြုထားသော iPhone, iPad, iPod Touch များကို

- About iOS
- Using iOS & iOS settings configuration
- Repairing iOS system errors
- System backup & restore
- About SHSH blobs & firmware restore process
- Firmware upgrade & downgrade
- About apple's code signing technology
- Installation offical applications
- Installation non market applications
- Installation crack applications &
- iOS applications cracking
- Cheating iOS applications
- Jailbreaking techniques
- Cydia & using system level applications
- On line / offline Deb installation
- Custom firmware creating & installation
- Baseband theory & iPhone network unlocking

**Hardware**

GSM, CDMA-800/450 Handset များနှင့် Fixedphone များကို Hardware ပိုင်းဆိုင်ရာ ပြုပြင်ခြင်းအား

(Mobile Phone Brand အစုံအလင် ဖြင့်သင်ကြားပေးပါသည်။)

- Electronic အခြေခံမှစတင်၍ သင်ကြားပေးခြင်း။
- Analouge, Digital Meter, Soldering, Heat-Gun, Power Supply အသုံးပြုနည်း။
- IC နှင့်အခြေခံပစ္စည်းများကို Hardware ပိုင်းဆိုင်ရာ ပြစ်ချက် ရှာဖွေခြင်း၊ ဖြုတ်လဲခြင်း။
- GSM, CDMA-800/450 MHZ Handset and Fixed Phone Schematic Circuit Diagram Reading
- PCB Board ပြားရှိ IC များအားခွဲခြားနည်း၊ Layout Diagram တွင်ရှာဖွေခြင်း။
- Teradown step by step Video Tutorial များပြသပေးခြင်း။
- Theory နှင့် Pratical ပိုင်းကိုစာတွေ့ လက်တွေ့ မျှတအောင် သင်ကြားပေးခြင်း။
- Theory နှင့် Pratical ပိုင်းဆိုင်ရာကို လက်တွေ့လုပ်ငန်းခွင် ဝင်နိုင်သည်အထိ သင်ကြားပေးခြင်း။
- Volt ပိုင်းဆိုင်ရာနှင့် IC များကို Jumper ကျော်ခြင်း။
- China Handset များရှိ Hardware ပိုင်းဆိုင်ရာ ပြစ်ချက်များကို ရှာဖွေပေးခြင်း၊ ပြန်လည်ပြုပြင်နိုင်စေရန် လွယ်ကူရှင်းလင်းစွာ သင်ကြားပေးခြင်း။
- ✔ Firmware များယွင်းရေးသားမှုကြောင့်ဖြစ်ပေါ်လာသော IMEI ပျောက်ခြင်း၊ Dead boot ဖြစ်ခြင်းများကို သက်ဆိုင်ရာ Tool Box များဖြင့် ဖြေရှင်းနည်းများကို စနစ်တကျ သင်ကြားပေးခြင်း။

**ဝန်ဆောင်မှု**

1. Model မြင့် laptop,device တစ်လုံးစီ ဖြင့် စာတွေ့ လက်တွေ့ သင်ကြားပေးခြင်း။
2. Firmwares, games နှင့် applications များကို 1000 GB အခမဲ့ပေးခြင်း။
3. အလုပ်အကိုင် ရှာဖွေပေးခြင်း။
4. ဆိုင်ဖွင့်လိုသူများအတွက် distributer များနှင့် ချိတ်ဆက်ပေးခြင်း။
5. Update datas များ အခမဲ့ ထုတ်ယူခြင်းနှင့် အသုံးပြုခွင့် ပေးခြင်း။
6. ရေ၊ မီး ပြည့်စုံ၍ သန့်ရှင်းသပ်ရပ်သော တိုက်ခန်းအခမဲ့ စီစဉ်ပေးခြင်း။
7. Up to date နည်းပညာသစ်များအတွက် ဆက်လက်ပံ့ပိုးပေးခြင်း။
8. Techanicians လုပ်လိုသူများအတွက် ဆိုင်များတွင် အလုပ်သွင်းပေးခြင်း ။

အပတ်စဉ် . 63 သင်တန်းသားများစတင်လက်ခံနေပါပြီ...

စနေ၊ တနင်္ဂနွေ တန်းခွဲများ စတင်ဖွင့်လှစ်သင်ကြားပေးနေပါပြီ

မိုဘိုင်းဖုန်းဆိုင်များအတွက် Mobile Techanicians လိုအပ်မှုများကို MRG မှ စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးနေပါပြီ...

SPECIAL PROMOTION Software + Hardware 340000

ဖုန်းသင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ရန် စာရင်းကိုင် (မ)ဝန်ထမ်း ၂ ဦး အလိုရှိသည်။

# REG Command ကို အသုံးပြုပြီး Windows Registry ကို Command Line မှ ထိန်းချုပ်ခြင်း

ဆောင်းပါးရှင် – Ye Myo THu (DefSecLab)

REG Add Command ဟာ Command line မှတစ်ဆင့် Windows Registry ကို ထိန်းချုပ်ခွင့်ပေးတဲ့ command ဖြစ်ပါတယ်။ ဒီ command ကို အသုံးပြုပြီး ကျွန်တော်တို့ system မှာရှိတဲ့ setting တွေကိုထိန်းချုပ်ခြင်း။ OS Feature များကို disable , enable လုပ်ခြင်းများကို command prompt ကနေမှ တစ်ဆင့်ပြုလုပ်နိုင်တာကြောင့် technician များအတွက် အလွန်အသုံးဝင်လှပါတယ်။ သို့ပေမယ့် ဒီcommand တွေကိုအသုံးမပြုခင် အနည်းငယ် သတိပြုစရာအချက်တွေရှိပါတယ်။ အဲဒါတွေကတော့ ဒီ REG Add ဟာ Registry ကိုသွားပြီး Edit လုပ်တာဖြစ်လို့ ကိုယ်ပြုလုပ်ချင်တဲ့ Key တွေ၊ DWORD Value တွေရဲ့ Path တွေကို အတိအကျသိဖို့လိုအပ်ပါတယ်။ Windows Registry ကိုအခြေခံရှိသူတွေအနေနဲ့ ပိုပြီးသင့်တော်ပါတယ်။ မဟုတ်ရင်တော့ Windows Registry ကို GUI နဲ့ အရင်ဆုံးကျွမ်းကျင်အောင် လေ့လာစေချင်ပါတယ်လို့ အကြံပေးပါရစေ။

## Control Panel ကို disable/ enable လုပ်ခြင်း။

ကဲအခု ကျွန်တော်တို့ ပထမဦးဆုံးအနေနဲ့ Control Panel ကို တစ်ပါးသူတွေသုံးလို့မရအောင် ပိတ် diasble ကြရအောင်။

အရင်ဆုံး command Prompt ကို Right-Click လုပ် Run-as Administrator ကိုရွေးပြီး Admin Privilege ယူထားပါ။

ပြီးရင် အောက်ပါ command ကို command prompt ထဲမှာ ရိုက်ထည့်ပါ။

**REG ADD HKCU\Software\Microsoft\Windows\CurrentVersion\Policies\Explorer \v NoControlPanel \t REG_DWORD /d 1 /f**




အထက်ပါ Command ကို အနည်းငယ်ရှင်းရအောင်၊ ဒီ command ကို နားလည်မယ်ဆိုရင်တော့ နောက်လာမည့် REG နဲ့ဆိုင်တဲ့ command တွေကို သဘောပေါက်နားလည်ပြီးဖြစ်မှာပါ။ ဒီ Command မှာ HKCU ဆိုတာဟာ HKEY-CURRENT-USER ဆိုတဲ့ Registry ထဲမှာရှိတဲ့ Main Key တစ်ခုရဲ့ အတိုကောက်ဖြစ်ပါတယ်။ သူ့နောက်က software \----- ကနေ Explorer အထိဟာ Sub Key တွေရဲ့ Path ဖြစ်ပါတယ်။ /v ကတော့ အသစ်ထည့်မည့် value name ကိုညွှန်းပါတယ်။ NoControlPanel ကတော့ value name ဖြစ်ပါတယ်။ /t ကတော့ data type အမျိုးအစားတစ်ခုရွေးမယ်ဆိုတဲ့အဓိပ္ပါယ်ဖြစ်ပါတယ်။ REG-DWORD ကတော့ ရွေးချယ်လိုက်တဲ့ data type အမျိုးအစားဖြစ်ပါတယ်။ /d ကတော့ data value တစ်ခုပေးမယ်လို့ ကြေညာတာဖြစ်ပြီး 1 ကို ပေးလိုက်တာဖြစ်ပါတယ်။ နောက်ဆုံးက /f ကတော့ တကယ်လို့ path လမ်းကြောင်းမှာ value Name တစ်ခုရှိနေခဲ့မယ်ဆိုရင်တော့ force လုပ်ပြီး Overwrite လုပ်သွားမယ်လို့ ပြောတာဖြစ်ပါတယ်။ အကျဉ်းချုပ်ပြောရမယ်ဆိုရင်တော့ HKEY-CURRENT-USER\Software\Microsoft\Windows\Current Version\Policies\Explorer အောက်မှ Value name (NoControlPanel) တစ်ခုဖန်တီးပြီး အဲဒီ value name ဟာ REG-DWORD အမျိုးအစား data type တစ်ခုဖြစ်ကာ တန်ဖိုးက 1 ဖြစ်တယ်လို့ဆိုပါတယ်။ ဒီCommand အရှည်ကြီးကို ရိုက်ထည့်တဲ့အခါမှာ Space ပါသွားတာတို့ လိုသွားတာတို့ စာလုံးအကြီးအသေးမမှန်တာတို့ ဖြစ်လို့မရပါဘူး။ Case sensitive ဖြစ်ပါတယ်။ ဒါကြောင့် အသေအချာဂရုစိုက်ပြီး ရိုက်ဖို့လိုပါတယ်။ ပြီးရင် effect ဖြစ်အောင် စက်ကို restart ချပေးဖို့ လိုအပ်ပါတယ်။

ControlPanel ကိုပြန်ဖွင့် (enable) ချင်တယ်ဆိုရင်တော့ disable လုပ်တုန်းကရိုက်ခဲ့တဲ့ command အတိုင်း ပြန်ရိုက်ထည့်ပါ။ ပြီးရင်နောက်ဆုံးက /d နောက်က data value ရဲ့ တန်ဖိုးကို 1 အစား 0 ဆိုပြီးပြင်ကာ enter ခေါက်ပါ။ ပြီးရင် စက်ကို restart ချပေးပါ။

## Run box ကို disable/Enable ပြုလုပ်ခြင်း

Command Prompt ထဲမှာ အောက်ပါ command ကိုရိုက်ပြီး Run box ကို တစ်ပါးသူခေါ်သုံးလို့မရအောင် လုပ်လို့ရပါတယ်။

**REG add HKCU\software\Microsoft\Windows\CurrentVersion\Policies\Explorer /v NoRun /t REG-DWORD /d 1 /f**




ပြီးရင်စက်ကို restart ချပေးပါ။

## Task Manager ကို disable/enable လုပ်ခြင်း

Task Manager ကို disable လုပ်ချင်တယ်ဆိုရင်တော့ command Prompt ထဲမှာ **REG add HKCU\Software\Microsoft\Windows\CurrentVersion\Policies\System /v DisableTaskMgr /t REG_DWORD /d 1 /f**

ဆိုပြီး ရိုက်ထည့်ပေးပါ။ ပြီးလျှင် စက်ကို restart ချပေးပါ။




(Task Manager ကိုပြန်ပြီး Enable လုပ်မယ်ဆိုရင်တော့ အပေါ်ကရိုက်ခဲ့တဲ့ command တွေထဲမှာ/d နောက်က 1 အစား 0 ကိုပဲပြောင်းပြီး ပြန်ရိုက်ပေးပြီး စက်ကို restart ချပေးပါ)

## USB Port ကို အသုံးပြုလို့မရအောင် disable လုပ်ခြင်းနှင့် ပြန်ပြီး Re-enable ပြုလုပ်ခြင်း

ကျွန်တော်တို့ နေ့စဉ်အသုံးများနေတဲ့ USB Thumb drive တွေမှတစ်ဆင့် virus, worm, Trojan horse တို့လို malware Program မျိုးတွေဟာ computer ထဲကို ဝင်ရောက်လာနိုင်ပါတယ်။ ဒါကြောင့် Security အရ USB Port တွေကို မလိုအပ်တော့တဲ့အချိန်အခါမျိုးတွေမှာ disable လုပ်ထားချင်တယ်ဆိုရင်တော့ အောက်ပါ command ကို command prompt ထဲမှာ ရိုက်ထည့်ပါ။

**REG add HKLM\SYSTEM\CurrentControlSet\Services\USBSTOR /v Start /t REG- DWORD /d 4 /f**




ပြီးရင် effect ဖြစ်အောင်စက်ကို restart ချပေးပါ။ စက်ပြန်တက်လာရင် ကျွန်တော်တို့ရဲ့ စက်မှာရှိတဲ့ USB Port တွေမှာ USB Thumb drive တွေ လာတပ်ရင် delect သိတော့မှာ မဟုတ်ပါဘူး။

(USB Port ကို ပြန်ပြီးဖွင့်ချင်တယ်ဆိုရင်တော့ အပေါ်ကရိုက်ခဲ့တဲ့ command တွေထဲက /d နောက် 4 နေရာ မှာ 3 ဆိုပြီး change ပေးလိုက်ပါ။ ပြီးရင်စက်ကို restart ချပေးပါ။)

ပြီးရင်စက်ကို restart ချပေးပါ။

## Command Prompt ကို အသုံးပြုလို့မရအောင် disable လုပ်ခြင်း။ ပြန် re-enable ပြုလုပ်ခြင်း

command prompt ကို အသုံးပြုလို့မရအောင် ပိတ်ချင်တယ်ဆိုရင်တော့ အောက်ပါ command ကို command prompt ထဲမှာ ရိုက်ထည့်ပေးပြီး စက်ကို restart ချပေးပါ။

**REG add HKCU\Software\Policies\Microsoft\Windows\System /v DisableCMD /t REG_DWORD /d 1 /f**




ဒီ command ကို run ပြီးသွားပြီဆိုရင်တော့ cmd (command prompt) ဟာ ပိတ်သွားပြီဖြစ်လို့ သုံးလို့ရမှာမဟုတ်တော့ပါဘူး။ ဒါကြောင့် command prompt ခေါ်လို့ရမှာ မဟုတ်တော့လို့ ဒီ command line ထဲမှာပြန်ပြီး cmd ကို Enable လုပ်တဲ့ command ကို ရိုက်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ တကယ်လို့ စာဖတ်သူက command prompt ကို ပြန်ဖွင့်ချင်တယ်ဆိုရင်တော့ Registry ထဲကနေ HKEY-CURRENT-USER\Software\Policies\Microsoft\Windows\System ပတ်လမ်းကြောင်းထဲသွားပြီး DisableCMD ဆိုတဲ့ Data Name ပေါ်မှာ Right-click-modify ကိုရွေးပြီး value data ကို 1 ကနေ 0 လို့ ပြင်ပေးလိုက်ပါ။ ပြီးရင် စက်ကို restart ချပေးလိုက်ပါ။

## Registry ကို command prompt မှ disable ပြုလုပ်ခြင်း

Windows Registry ဟာ System Setting တွေကို customized ပြုလုပ်ရာမှာ အလွန်အစွမ်းထက်တဲ့ tool တစ်ခုဖြစ်သလို အကယ်၍များ Windows Registry ပိုင်းနဲ့ပတ်သက်လို့ နားလည်တတ်ကျွမ်းမှုမရှိဘဲ တစ်ခုခုများ မှားယွင်းပြီးပြင်ဆင်မိမယ်ဆိုရင်တော့ စနစ်တစ်ခုလုံးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်တာကြောင့် မလိုအပ်တော့ဘူးဆိုရင်တော့ disable လုပ်ထားတာ အကောင်းဆုံးပါ။ Registry ကို disable လုပ်ချင်တယ်ဆိုရင်တော့ command prompt ထဲမှာ အောက်ပါအတိုင်း ရိုက်ထည့်လိုက်ပါ။

**REG add "HKCU\Software \Microsoft\Windows\Current Version\Policies\System /v DisableRegistryTools/ t REG-DWORD /d 1 /f**

ပြီးရင်စက်ကို restart ချပေးလိုက်ပါ။




## Telenor နှင့် YOMA Bank တို့မှ မိုဘိုင်းငွေကြေးဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် စမ်းသပ်မှုများပြုလုပ်လျက်ရှိ

တယ်လီနောနှင့် ရိုးမဘဏ်တို့မှ ပူးပေါင်းဖွဲ့စည်းထားသည့် Wave Money ကုမ္ပဏီအနေဖြင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုများ ပေးနိုင်ရန် အတွက်စမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး ၂၀၁၆ ခုနှစ်၏ ပထမသုံးလပတ်တွင် လုပ်ငန်းများစတင်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နောက်ဆုံးခွင့်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

"မိုဘိုင်းအော်ပရေတာတွေအနေနဲ့ ဘဏ်တွေနဲ့ပူးပေါင်းပြီး လက်ရှိရှိနေတဲ့ ဖြန့်ချိရေးလမ်းကြောင်းကနေတစ်ဆင့် ရနိုင်သမျှ အကျိုးကျေးဇူးတွေကို အသုံးပြုပြီး မြန်မာနိုင်ငံမှာ ဘဏ်နဲ့ဆက်သွယ်မှုမရသေးတဲ့သူတွေဆီကို ငွေကြေးဝန်ဆောင်မှုတွေ ပိုမိုရောက်ရှိအောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ Wave Money အနေနဲ့ မြန်မာနိုင်ငံအတွက် ဒီအခန်းကဏ္ဍကနေပါဝင်ဆောင်ရွက်နေပါတယ်။ တယ်လီနောမှာမရှိတဲ့ ဖြန့်ချိရေးလမ်းကြောင်း၊ ဒေသဆိုင်ရာလိုအပ်ချက်ကို နားလည်ကျွမ်းကျင်မှုနဲ့ ရိုးမဘဏ်ရဲ့ ငွေကြေးစီမံခန့်ခွဲနိုင်မှု အစွမ်းတွေကိုအခြေခံပြီး မြန်မာနိုင်ငံအတွက် သင့်တော်တဲ့ လုပ်ငန်းပုံစံတစ်ခုနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု Wave Money မှ အမှုဆောင်အရာရှိချုပ် Brad Jones မှ ပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါ Wave Money မိုဘိုင်းငွေကြေးဝန်ဆောင်မှုများအကြောင်းကို တယ်လီနောမြန်မာ၏ ၂၄ ကြိမ်မြောက် Net Monday အစီအစဉ် ၈-၂-၂၀၁၆ တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

သန်းထိုက်အောင်

• • •

## BeeTalk အသုံးပြုသူများ Shop.com.mm ၏ သတင်းများနှင့်အတူ ဈေးရောင်းပွဲအစီအစဉ်များကို အလွယ်တကူသိရှိနိုင်ပြီ

Shop.com.mm သည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် BeeTalk Chatting Application ၌ ShopMyanmar အမည်ဖြင့် Public Account ကို မိတ်ဆက်ပြုလုပ်ခဲ့သည်။

ထို့ကြောင့် Bee Talk User များသည် Shopmyanmar Public Account ကို Follow ပြုလုပ်ထားပါက အရောင်းမြှင့်တင်ခြင်းဆိုင်ရာ သတင်းများနှင့် အထူးဈေးရောင်းပွဲအစီအစဉ်များကို အသေးစိတ် အလွယ်တကူသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ Shop. com. mm ၏ Managing Director ဖြစ်သူ Elin Torstensson က "ဝန်ဆောင်မှုအသစ်တွေ၊ အရောင်းမြှင့်တင်ခြင်းဆိုင်ရာသတင်းတွေနဲ့ Products တွေအကြောင်းကို ဒီ BeeTalk Public Account ကနေ အလွယ်တကူသိရှိနိုင်ပါလိမ့်မယ်။ နောက်ပြီးတော့ ဝယ်ယူသူတွေအားလုံး ပိုမို အဆင်ပြေချောမွေ့စေဖို့အတွက် အခုလို BeeTalk နဲ့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ ထို့အပြင် shop.com. mm၌ Electronic Products များ၊ Fashion Product မျိုးစုံနှင့် အလှအပဆိုင်ရာပစ္စည်းများ၊ အိမ်သုံးပစ္စည်းများစသည်တို့ကို ဝယ်ယူရရှိနိုင်ပြီး အိမ်အရောက်ပို့ဝန်ဆောင်မှုများလည်းရှိကာ ဝယ်ယူထားသောပစ္စည်းများအား စိတ်ကျေနပ်မှုမရှိပါက ၇ ရက်အတွင်း လဲလှယ်နိုင်ရန် စီစဉ်ပေးထားသည်။

ဝယ်ယူအားပေးသူများ ပိုမိုအဆင်ပြေစေဖို့အတွက် တရားဝင် Viber Account, WeChat Account များလည်း ပြုလုပ်ပေးထားကြောင်း သိရသည်။

M.Z


သင်၏ Extra Power အနေဖြင့်
ကျွန်ုပ်တို့ကို ယုံကြည်လိုက်ပါ!
POWER PLUS
Your Extra Power!
PPU-650VA
650VA UPS
(650VA/360W)
PPU-1200VA
1200VA UPS
(1200VA/600W)
* Over Charging နှင့် Over load ဖြစ်ခြင်းမှကာကွယ်ပေးခြင်း။
* Fault များလွယ်ကူစွာ သိရှိနိုင်ရန် အချက်ပြမီးများ ပါဝင်ခြင်း။
* မီးပျက်သွားသည့်အချိန်တွင် ချက်ချင်း ပြန်လည်လုပ်ဆောင်ခြင်း။
* 650VA UPS နောက်ဘက်တွင် Universal Port (၂)ခုပါရှိပြီး၊
1200VA UPS နောက်ဘက်တွင် Universal Port(၄)ခုပါရှိပါသည်။
* UPS အတွင်းသို့အားအပြည့်သွင်းရန်အချိန်(၆)နာရီလိုအပ်ပါသည်။
အောက်ပါဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
ACME - 057 26042 (မော်လမြိုင်), Chan Myae - 380622 (ကျောက်တံတား), Citicom - 373175 (ဘားလမ်း), Club IT - 536975 (စမ်းချောင်း), Essential - 378024 (ကျောက်တံတား),
ICE - 2315353 (လမ်းမတော်), ICT - 09 5343166 (မကွေး), Ko Kyaw Win - 01 644782 (ဘုရင့်နောင်), Lin Thuzar - 377373 (ကျောက်တံတား), Laser - 067 22917 (နေပြည်တော်),
NG Link - 09 400401948 (မုံရွာ), NSM - 09 260363655 (ပြည်), Radiance - 398540 (ဗိုလ်တထောင်), Technoland (36th St) - 09 73024328 (ကျောက်တံတား),
Pyin Nyar Eain - 09 47207331(ပခုက္ကူ), T-Com - 054 23341(တောင်ငူ), Tycoonland - 09 73076324 (ဆင်ရေတွင်း), Tycoonlord - 09 253725750 (မြောက်ဥက္ကလာ),
(နယ်ကိုယ်စားလှယ် ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။)
(၃)နှစ်အာမခံ
(၁)နှစ်ဘက်ထရီ ၊(၂)နှစ်ပစ္စည်း၊ (၃)နှစ်လက်ခ
MICRO SINCE 1998
Distributed By:
MICRO COMPUTER CO., LTD.
No.143, 46th Street (Upper Block), Botahtaung Tsp., Yangon. Ph : 01 294503, 202453, 398866, 398867
E-Mail : sales@micromyanmar.com Website : www.micromyanmar.com


POINT Mobile Phone Training Center
မိုဘိုင်းဖုန်းဆိုင်ရာ Software & Hardware လက်တွေ့အသုံးချအထူးပြုပြုပြင်နည်းသင်တန်း
Software Course
iOS
Understanding iOS
Using Synchronization Tools
Using Third Party System Tools
Application & Game Installation
Upgrading & Downgrading iOS
Jailbreaking
Network Unlocking
All Other Troubleshooting
Installation cracked official application & Game
Android
Understanding Android OS
Using Synchronization Tools
Using Third Party System Tools
Application & Game Installation
Rooting / Unrooting
Bootloader Unlock / Relock
Network Unlocking
Installation & Flashing Firmware
Upgrading & Downgrading Firmware
Using ADB & Fastboot Commands
Repairing Any Brick Phones
SD Cards Flashing, USB Flasing
All Other Troubleshooting
Symbian OS
Understanding Symbian OS
Using Synchronization Tools
Hacking Symbian OS
Installing & Flashing Firmware
Application & Game Installation
CDMA 450, 800
Repairing, Flashing & Installation Firmware
Windows Phone OS
Understanding Window Phone
Using Synchronization Tools
Hardware Course
Basic Electronic ပိုင်းနှင့်အတူမည်သည့် Mobile Phone များကိုမဆို
About Mobile Phone Components,
Using Power Supply & Heat Gun,
Block Diagram,
Schematic Diagram,
Layout Diagram များကို
စာတွေ့လက်တွေ့ပေါင်းစပ်ပြီး Hardware Technician တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့်အထိ ထိထိရောက်ရောက် သင်ကြားပေးမည့်သင်တန်းဖြစ်ပါသည်။
သင်တန်းအပတ်စဉ် (၄၀)
သီတင်းကျွတ် အထူးPromotion
20% Discount Software + Hardware
သင်တန်းသားစတင်လက်ခံပြီ
၈-၃-၂၀၁၆ တန်းခွဲသစ်စမည်
တစ်ဦးချင်းသီးသန့်သင်လိုသူများအတွက် စီစဉ်ပေးပါသည်
Using Tool Box
SELG Fusion Box , Riff Jtag , GPG Jtag , ATF, NS Pro
- သင်ရိုးညွှန်းတမ်းဖြင့်သင်ကြားပေးခြင်း။
- Up to Date ဖြစ်သော Hardware/ Software ပိုင်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများဖြင့်သင်ကြားပေးခြင်း။
- သင်တန်းသားတစ်ဦးစီအား Model မြင့် Laptop တစ်လုံးစီဖြင့်သင်ကြားပေးခြင်း။
- သင်တန်းကာလပြီးဆုံးပါက On Job Training ဆင်းနိုင်ရန်စီစဉ်ဆောင်ရွက်ပေးခြင်း။
- သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်ဆိုင်ဖွင့်လိုသူများအတွက် လိုအပ်သော အကူအညီများကို ဝန်ဆောင်မှုပေးခြင်း။
- ကွန်ပျူတာအခြေခံမရှိသူများအတွက် Basic Computer Concept သင်ကြားပေးခြင်း။
သင်တန်းပြီးဆုံးပါက မှန်ကန်တိကျသေချာသော Firmware နှင့် Software များ ရရှိပါမည်
တိုက်(၁)၊ အခန်း(၁၉)ပေါ်၊ ရန်ကုန်-အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၀၁၅၄၀၉၁၆၊ ၀၉-၃၂၄၉၈၀၇၇၊ ၀၉၃၁၆၃၆၈၁၇၊ ၀၉-၄၅၀၀၀၄၁၁၄၊ ၀၉-၅၀၀၈၀၇၇

# The Return of PC : RAM



ဒီတစ်ခေါက် ကျွန်တော်တို့ ပြောကြမှာတော့ RAM တွေအကြောင်း ပေါ့ဗျာ။ Holy trinity of PC ပေါ့လေ။ CPU/Motherboard/ RAM ဒီသုံးခုဟာ PC တစ်ခုမှာ နှလုံးသည်းပွတ်နေရာက ဆောင်ရွက်နေတဲ့ အစိတ်အပိုင်းတွေပါ။ ဒါကြောင့်ကျွန်တော်တို့ ဒီအကြောင်းတွေကို အသေးစိတ် ပြောခဲ့၊ ပြောနေဆဲ၊ ပြောကြဦးမှာဖြစ်ပါတယ်။ ပထမဦးဆုံးအပိုင်းဖြစ်တဲ့ CPU တွေအကြောင်း ပြောခဲ့တုန်းက ကျွန်တော်တို့ဟာ PC တွေရဲ့ အနာဂတ်ကို ခန့်မှန်းပုံမှားခဲ့ကြတယ်၊ PC တွေဟာ တည်ငြိမ်တဲ့ ဈေးကွက်တစ်ခုကို ဖန်တီးနေနိုင်ဆဲပဲလို့ ပြောခဲ့တာကိုမှတ်မိကြဦးမယ်ထင်ပါတယ်။ ဒီကိစ္စဟာ RAM တွေ နဲ့တော့မဆိုင်ပါဘူး။ ဘာလို့လဲဆိုတော့ DDRSD RAM တွေဟာ ဘယ်တုန်းကမှ မျိုးတုန်းပျောက်ကွယ်သွားမှာ မဟုတ်လို့ပါ။ ဒီနေ့ခေတ် Skylake CPU မှာ သုံးနေကြတဲ့ RAM တွေဟာ နောက်ဆုံးပေါ် iPhone 6S က RAM တွေနဲ့ တည်ဆောက်ပုံအတူတူပါပဲ။

အဲဒီတော့ ကျွန်တော်တို့ RAM တွေအကြောင်းကို ပြောရမယ်ဆိုရင် ပထမဦးဆုံး နားလည်ထားဖို့က RAM သည် System တစ်ခုမှာ အင်မတန်အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တယ်ဆိုတာကို နားလည်ရပါမယ်။ RAM သာမရှိရင် ကျွန်တော်တို့က ကွန်ပျူတာမှာ စာရိုက်လိုက်လို့ စာလုံးတစ်လုံး ပေါ်လာဖို့ ၂ မိနစ်၊ ၃ မိနစ်လောက်ကို စောင့်နေရမှာပါ။ RAM တွေကြောင့်သာ ကွန်ပျူတာတွေဟာ လက်တွေ့အသုံးဝင်လာရတာ ဖြစ်ပါတယ်။

ကွန်ပျူတာတစ်လုံးကို upgrade လုပ်မယ်ဆိုရင်လည်း RAM အရေအတွက်ကိုတိုးယူတာက ကုန်ကျစားရိတ်အသက်သာဆုံးပါပဲ။ ပိုကောင်းတဲ့ RAM ၊ ပမာဏများတဲ့ RAM ၊ frequency ပိုမြင့်တဲ့ RAM ကို အစားထိုးလိုက်တာက ကွန်ပျူတာရဲ့မြန်နှုန်းကို သိသိသာသာဆိုသလို တိုးတက်သွားစေပါတယ်။ ဒီအကြောင်းကိုကျွန်တော်တို့ Motherboard တွေအကြောင်းပြောတုန်းက ပြောခဲ့ပြီးသားပါ။ အဲဒီတော့ ဝယ်ပြီးဆိုကတည်းက နောင်ကျရင် ဘယ်လို upgrade လုပ်နိုင်မယ်ဆိုတာကိုစဉ်းစားပြီးဝယ်ယူဖို့က RAM တွေမှာအရေးကြီးပါတယ်။ ဒီအကြောင်းကို ရှေ့နားရောက်ရင် ကျွန်တော်တို့ အသေးစိတ်ပြောမှာပါ။

ဒီနေ့ပြောမယ့် RAM အကြောင်းဟာ ထူးခြားပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်အမြင်အရ မြန်မာနိုင်ငံက နည်းပညာဂျာနယ်တွေမှာ တစ်ခါမှထည့်ပြီးဆွေးနွေးတာမျိုးမရှိဘူးသေးတဲ့ DDR4 နောက်ပိုင်း RAM တွေအကြောင်းပါလာမှာမို့လို့ပါ။ DDR4 ဟာ DDR စီးရီးတွေထဲမှာ နောက်ဆုံးဖြစ်ဖို့ရှိနေပါတယ်။ အခုအချိန်အထိ DDR5 အတွက် စံသတ်မှတ်ချက်တွေ ထွက်မလာသေးပါဘူး။ တကယ်လို့ DDR5 ဆိုတာ ရှိခဲ့ရင်တောင် အခုမှ စံသတ်မှတ်ချက်ထွက်တာဖြစ်တဲ့အတွက် ၂၀၁၇ လောက်မှ RAM ထုတ်သူတွေ၊ Motherboard ထုတ်သူတွေက ဒီဇိုင်းတွေ ပြန်လုပ်ကြပြီး ၂၀၁၈ လောက်မှ ဈေးကွက်ထဲရောက်ပါလိမ့်မယ်။ ဒါကြောင့် အခုအချိန်အထိ DDR5 မထွက်လာသေးတာဟာ ဒီလက်ရှိ DDR4 ဟာ DDR စီးရီးရဲ့ နောက်ဆုံးဖြစ်နိုင်ချေကို ထောက်ပြနေပါတယ်။ အဲဒီတော့ DDR စီးရီးရပ်ဆိုင်းသွားရင် သူ့ကိုဘယ်လို နည်းပညာတွေနဲ့ အစားထိုးသွားမယ်ဆိုတာကို ကျွန်တော်တို့ ဒီတစ်ခေါက်မှာ အသေးစိတ်လေ့လာသွားပါမယ်။

အရင်ဆုံးတော့ ကျွန်တော်တို့ ထုံးစံအတိုင်း RAM ဆိုတာ ဘာလဲဆိုတာကို အသေးစိတ်အဓိပ္ပာယ်ဖွင့်ကြည့်ကြပါမယ်။ ပြီးသွားရင် ကျွန်တော် RAM ကို ဘယ်လိုတည်ဆောက်သလဲ၊ ဘယ်လို RAM အမျိုးအစားတွေရှိသလဲဆိုတာကို ဆက်ပြောပါမယ်။ ပြီးရင် သူနဲ့တွဲရမယ့် သက်ဆိုင်ရာ Slot တွေအကြောင်း၊ Standard War (RD Vs DDR) အကြောင်း၊ DDR တွေရဲ့မြန်နှုန်းတွေ သူတို့နဲ့တွဲသုံးနိုင်မယ် CPU အမျိုးအစားတွေ စသဖြင့်ဆက်ပြောပါမယ်။



နောက်ပိုင်းမှာတော့ Beyond DDR ဆိုပြီး DDR4 နောက်ပိုင်း ထွက်လာမယ့် နည်းပညာတွေအကြောင်း ဆက်ပြောပါမယ်။

ဒီနေရာမှာ ကျွန်တော်တို့ အခုပြောမယ့် အကြောင်းအရာတွေက အရမ်းကြီးလည်း ခေတ်နောက်ကျကျန်ခဲ့တာမျိုးမဖြစ်ရအောင်၊ အရမ်းကြီးလည်း ခေတ်ကိုလွန်နေတာမျိုးမဖြစ်အောင်၊ နည်းပညာစကားလုံးတွေ အရမ်းရှုပ်ထွေးတာမျိုးလည်းမဖြစ်ရအောင် ထိန်းညှိပြီးရေးနိုင်ဖို့ လိုလာပါတယ်။ အဲဒီအတွက် တချို့နေရာတွေမှာ ဘာကိုဆိုလိုတယ်ဆိုတာ ရုတ်တရက်နားမလည်တာမျိုးဖြစ်သွားနိုင်ပါတယ်။ အဓိကကတော့ အချိန်ကာလအဆက်ပြတ်သွားတာမျိုးကြောင့်ပါ။ ဒါပေမဲ့ ဒါကပြဿနာမရှိပါဘူး။ နောက်ပိုင်းအပိုင်းတွေရောက်လာလို့ သူ့သက်ဆိုင်ရာ အခန်းတွေရောက်လာရင် အသေးစိတ်အဓိပ္ပာယ်ဖွင့်ပြသွားမှာဖြစ်တဲ့အတွက် စိတ်ပူစရာမရှိပါဘူး။ ဒီနေ့အခုအချိန် နားမလည်ဘူးဖြစ်သွားလည်း နောက်ပိုင်းသူနဲ့သက်ဆိုင်တဲ့ အခန်းရောက်လို့ အသေးစိတ်ပြန်ပြောရင် နားလည်သွားပါလိမ့်မယ်။ HBM တို့၊ HCM တို့အကြောင်းတွေ၊ Static RAM အကြောင်းတို့မှာ ဒါမျိုးနည်းနည်း ကြုံရနိုင်စရာရှိလို့ ကြိုပြောထားတာပါ။

နောက်ဆုံးအနေနဲ့ ပြောချင်တာက လက်ရှိမြန်မာပြည်မှာ ပေါက်ဈေးဖြစ်နေတဲ့ RAM တွေရဲ့ဈေးပါပဲ။ ကျွန်တော်မှာရွေးစရာသိပ်များများမရှိပါဘူး။ Brand ဆိုလည်း Kingston နဲ့ Silicon Power လောက်ပဲ ဈေးကွက်မှာပေါ်ပါတယ်။ DDR 3 နဲ့ DDR 4 တွေပဲ အခုကရောင်းကြပါတယ်။ ဒီဈေးကွက်အကြောင်းလေးလည်းပြောရင်းဘယ် CPU ၊ ဘယ် Motherboard ကို ဝယ်ထားတယ်ဆိုရင် ဘယ် RAM သုံးရမယ်ဆိုတာကို ဆက်ပြီးအပြီးသပ်အနေနဲ့ ပြောကြတာပေါ့။

အခုတော့ ကျွန်တော်တို့ RAM ဆိုတာ ဘာလဲဆိုတာကနေ စကြရအောင်ပါ။

## What is RAM?

RAM ဆိုတာကို အလွယ်ဆုံး အဓိပ္ပာယ်ဖွင့်ရင် ကွန်ပျူတာမှာရှိတဲ့ မှတ်ဉာဏ်ကို အဓိကချိတ်ဆက်၊ အလုပ်လုပ်စေတဲ့နေရာ ဖြစ်ပါတယ်။ သူကထူးခြားတာက မှတ်ဉာဏ် Data တွေကို အစဉ်အမြဲထာဝရသိမ်းမပေးနိုင်ပါဘူး။ ဒီအလုပ်က Hard disk တို့၊ Solid State Drive တို့က လုပ်တဲ့အလုပ်ပါ။ သူ့ရဲ့တာဝန်က HDD တို့၊ SSD တို့ထဲမှာရှိနေတဲ့ Data တွေကို CPU ကမြန်မြန်ဆန်ဆန် Access လုပ်နိုင်အောင် ချိတ်ဆက်ပေးတဲ့တာဝန် ကို ယူရပါတယ်။ ဒါဟာ RAM ဘာလဲဆိုတာပါပဲ။

RAM ရဲ့ပြဿနာက မီးပျက်သွားရင်၊ မီးအားမရတော့ရင် သူ့ထဲမှာရှိသမျှ Data တွေအကုန်ပျက်ကုန်တာပါ။ ဒါကို volatile လို့ခေါ်ပါတယ်။ HDD တို့၊ SSD တို့လို မီးပျက်သွားရင်တောင် Data ပျက်မသွားတဲ့ကောင်တွေကိုတော့ Non-volatile လို့ခေါ်ပါတယ်။ တစ်ခါသူ့ကို Random-access memory လို့ ဘာဖြစ်လို့ခေါ်ရသလဲဆိုရင် သူကကျွန်တော်တို့ HDD မှာလို data ကို အစဉ်အတိုင်း လှမ်းယူစရာမလိုပဲ ဟိုနားကတစ်ခု၊ ဒီနားကတစ်ခု လှမ်းယူနိုင်ပါတယ်။ နမူနာပြောပါဆိုရင် ကျွန်တော်တို့ တိတ်ခွေနဲ့ သီချင်းဖွင့်တာနဲ့ CD နဲ့ သီချင်းဖွင့်တာ ကွာသလိုပါပဲ။ တိတ်ခွေနဲ့ဆိုရင် တစ်ပုဒ်ပြီးမှ တစ်ပုဒ်နားထောင်နိုင်ပေမယ့်၊ CD နဲ့ နားထောင်ရင်တော့ ထိပ်ဆုံးအပုဒ်ကနေ နောက်ဆုံးအပုဒ်ကိုကျော်ချင်ရင်တောင် အလွယ်လေးကျော်လို့ရတယ်မဟုတ်လား။ ဒီသဘောပါပဲ။ Random-access memory ဆိုတာက ဟိုနားက နည်းနည်းဖောက်ယူလိုက်၊ ဒီနားကနည်းနည်းဖောက်ယူလိုက်လုပ်လို့ရတာကို ပြောတာပါ။

RAM မှာ DRAM နဲ့ SRAM ဆိုပြီး နှစ်မျိုးကွဲပါတယ်။ သူတို့အကြောင်းကို လေ့လာကြည့်ရအောင်ပါ။

## What is SRAM?

SRAM ဆိုတာက Static random-access memory ကို ပြောပါတယ်။ သမားရိုးကျ flip-flop ဆားကတ်တည်ဆောက်ပုံကို အသုံးပြုပါတယ်။

## What is DRAM?

DRAM ဆိုတာက Dynamic random-access memory ကိုပြောပါတယ်။ သမားရိုးကျ flip-flop တည်ဆောက်ပုံထက် integrated circuit တည်ဆောက်ပုံ တစ်ခုတည်းမှာ သီးခြား capacitor တစ်ခုက bit တွေကို သိမ်းဆည်းပေးတဲ့ ပုံစံဖြစ်ပါတယ်။ capacitor မှာ လျှပ်စစ်ရှိနေရင် ၁ ဖြစ်ပြီး လျှပ်စစ်မရှိရင်တော့ ၀ ဆိုတဲ့ ပုံစံကိုယူထားတာပါ။

## SRAM Vs DRAM

ပြောမယ့်သာ ပြောနေရတယ်။ ဒီခေတ်မှာတော့ SRAM ရယ်၊ DRAM ရယ်လို့ မရှိတော့ပါဘူး။ အားလုံးက DRAM တွေချည်းပဲ ဖြစ်ကုန်ကြပါပြီ။ ဒါပေမဲ့ အကျင့်ဆိုတာကလည်း ခက်သားဗျ။ ဟိုးတုန်းကတော့ A+ သင်တန်းတွေပေးရင် ဒီအခန်းက အရေးအကြီးဆုံးထဲမှာပါတယ်။ နားလည်ဖို့လည်း ခက်တာကိုး။ ကျောင်းသားတွေကို သေချာသင်ပေးရတယ်။ အခုကြတော့ အားလုံးက DRAM တွေပဲဖြစ်ကုန်တဲ့အခါမှာ သိပ်အသေးစိတ်တော့ မပြောတော့ပါဘူး။ ဖြစ်ပုံကဒီလိုဗျ။ DRAM ဟာ သူ့ရဲ့ data သိမ်းဆည်းမှုကို သူ့အထဲမှာရှိတဲ့ capacitor တွေမှာ လျှပ်စစ်အားရှိမရှိဆိုတာနဲ့ ပြုလုပ်တယ်လို့ပြောခဲ့တယ်နော်။ SRAM ကတော့ အဲဒီလိုမဟုတ်ဘူး။ သူကသီးခြား circuit မှာ 1 bit ချင်းစီတိုင်းကို သပ်သပ်သိမ်းတယ်။ အဲဒီတော့ SRAM ဒီ chip တည်ဆောက်မှုပိုများတဲ့အတွက် ပိုဈေးကြီးတယ်။ DRAM ကတော့ Chip တွေ ပါဝင်မှုနည်းတဲ့အတွက် ဈေးသက်သာတယ်။

အဓိကပြဿနာက ဘာလဲဆိုတော့ DRAM မှာက သူက Capacitor တွေမှာ Data သိမ်းရတယ်။ Capacitor ရဲ့သဘောက လျှပ်စစ်အား တွေဟာ သူ့ထဲသိမ်းထားတာကြာသွားရင် အလိုလျောက် အားလျော့သွားတယ်။ အဲဒီတော့ Data lost ဖြစ်တယ်။ ဒီလိုမဖြစ်အောင် လုပ်ဖို့က DRAM သည် refreshed ပြန်လုပ်ပေးရတယ်။ အကြာဆုံးအနေနဲ့ 64ms အထိ ထားပြီး တိုင်းပြန်ပြီး refreshed လုပ်ရတယ်။ refreshed ဆိုတာ တခြားမဟုတ်ဘူး။ ဘယ် Capacitor တွေမှာ charge ရှိတယ်ဆိုတာကို မှတ်ထားပြီးရှိသမျှ capacitor တိုင်းကို discharge လုပ် လိုက်တယ်။ ပြီးသွားရင် ခုနက မှတ်ထားတဲ့အတိုင်းပြန်ပြီး charge ပြန်ပေးလိုက်တာကို refreshed လုပ်တယ်လို့ခေါ်တာ။

Refreshed လုပ်တာက ကွန်ပျူတာရဲ့အမြန်နှုန်းကို အကြီးအကျယ်ထိခိုက်တယ်။ ဒါပေမဲ့ SRAM က ဈေးကြီးလွန်းတော့ DRAM ကိုပဲ အဓိကသုံး ကြရတယ်။ နှေးတော့နှေးတာပေါ့။ ဒါကိုနည်းနည်းမြန်အောင်လုပ်မယ်၊ ဈေးကလည်း အများကြီးမကြီးသွားစေချင်တဲ့အခါမှာ SDRAM ဆိုတာကို တီထွင်လာရတယ်။

## What is SDRAM?

ကဲ လာပြန်ပြီနောက်တစ်ယောက်၊ ပထမစစချင်းက SRAM နဲ့ DRAM/ အခုအသစ်ထပ်ရောက်လာပြီ SDRAM / SDRAM ဆိုတာက ဘာလဲဆိုတော့ သမားရိုးကျ DRAM တွေဟာ သူ refreshed လုပ်ချင်တဲ့အချိန်တိုင်း ထထလုပ်တယ်။ CPU က data လိုချင်တယ်ဆိုရင်စောင့်နေပဲ။ ငါ refreshed လုပ်နေတယ်၊ မင်းစောင့်နေပဲ။ အဲဒီတော့ နှေးတယ်။ CPU က data ကို မြန်မြန်မရဘူး။ အဲဒီတော့ CPU ကလည်း data ကို RAM ဆီကအမြဲတမ်းယူမနေဘူး။ RAM ကလည်း အားအားရှိ refresh လုပ်မနေဘူး။ သူတို့သွားပြီးဆုံတော့မှသာ ဒီပြဿနာဖြစ်တာ၊ အဲဒီတော့ မဆုံအောင် ဘယ်လိုလုပ်မလဲပေါ့။ ဒီမှာတင် အချိန်ကိုက်လုပ်ဆောင်ခြင်းဆိုတဲ့ Synchronous ဆိုတာပါလာတာပဲ။ SDRAM ဆိုတာရဲ့အရှည်ကောက်က Synchronous dynamic random-access memory လို့ခေါ်တယ်။

အချိန်ကိုက်လုပ်တယ်ဆိုတာ ဘာကိုအချိန်ကိုက်လုပ်တာလဲဆိုတော့၊ အခုနကပြောသလို CPU က data ကိုလိုချင်တယ်ဆိုတဲ့ အချိန်မှာ RAM ကို refresh လုပ်မနေအောင်ထားပေးတာပဲ။ RAM က refresh လုပ်နေရင် CPU ကလည်း data လှမ်းမတောင်းတော့ဘူး။ သူတို့ နှစ်ယောက်က အချိန်ကိုက်အလုပ်လုပ်နေကြအောင်လုပ်ထားတယ်။ အဲဒါကို ဘယ်ကနေလုပ်လဲဆိုတော့ motherboard ပေါ်က System clock timer chip ကလေးကနေ သူတို့ကို အချိန်ကိုက်ဖြစ်အောင်လုပ်ပေးထားတယ်။

## What is DDR SDRAM?

အခုကျွန်တော်တို့ SDRAM ဆိုတာကို နားလည်သွားပြီ။ DRAM ရဲ့ အားနည်းချက်ကြောင့် SDRAM ဆိုပြီး ဖြစ်လာရတာ၊ အဲဒီလိုပဲ SDRAM ဟာ တကယ်တော့ CPU ရဲ့ လုပ်ဆောင်ချက်တွေကို အမီမလိုက်နိုင်တဲ့အတွက် SDRAM ရဲ့ လုပ်ဆောင်ချက်တွေကို ၂ ဆတိုးမြှင့်ဖို့ ကြိုးစားရာကနေ DDR SDRAM ဆိုပြီးပေါ်ပေါက်လာရတာဖြစ်ပါတယ်။ DDR ဆိုတာက Double Data Rate ကိုပြောတာပါ။ SDRAM ရဲ့ Clock cycle တစ်ခုချင်းစီတိုင်းမှာ လုပ်ဆောင်ချက်ကို ၂ ခုစီလုပ်ဆောင်စေတာပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ DDR SDRAM တွေဟာ လူအသုံးအများဆုံး၊ RAM ဖြစ်သွားပါပြီ။

ဒီအထိဟာ ကျွန်တော်တို့ RAM ဆိုတာဘာလဲ၊ RAM အမျိုးအစားက ဘာတွေရှိသလဲစတာတွေကို ရှင်းပြထားတာပါ။ ရှေ့တစ်ဆင့်တက် ပြီးတော့ ဒီ RAM တွေကို Motherboard ပေါ်လာစိုက်ရမယ့် Slot တွေအကြောင်း ဆက်ပြောပါမယ်။

စာမျက်နှာ (၈) သို့ ▶


MUC MYANMAR UNIQUE COMPUTER
NComputing™
လွယ်ကူ၊ ရိုးရှင်း၊ ဈေးနှုန်း သက်သာဖို့ NComputing™ ကိုသုံးကြစို့....
Simple
X - SERIES (UP TO 11 USERS)
LOWEST COST
SAVE 75% ON HARDWARE
ရုံးသုံး
Powerful
M - SERIES (UP TO 45 USERS)
INCREDIBLY POWERFUL
SAVE 75% ON MAINTENANCE
လုပ်ငန်းသုံး
Affordable
L - SERIES (UP TO 100 USERS)
ULTIMATE FLEXIBILITY
SAVE 90% ON ENERGY
ကျောင်းသုံး
Efficient
U - SERIES (UP TO 10 USERS)
INSTALL IN A SNAP
SAVE 90% ON SECURITY
ဆက်သွယ်ရေးစနစ်သုံး
Users အများကြီးအတွက် PC အများကြီးအသုံးပြုလိုပါသလား?
PC တစ်ခုတည်းနဲ့ Users အများကြီးအသုံးပြုချင်ပါသလား?
NComputing
3 YEARS WARRANTY (1 YEAR PARTS + 2 YEARS SERVICE)
Share 1 PC to Many Users!
No. 204, Seikkan Thar St, Kyauktada Tsp, Yangon, Myanmar. Tel: 01385978, 09254505260, 095106247 email: myanmaruniquecomputer@gmail.com


DO DO KO KO
Computer & Electronics Sales Centre
NEC VK 24L
Core i3 2.4 GHz (M370)
2GB DDRIII
HDD 160GB
761MB VGA
DVD R/W
LAN, Wifi, 15.6" TFT(Wide)
159,000/-
Toshiba RX3
Core i3 2.2 GHz (M370)
2GB DDRIII
HDD 160GB
728MB VGA
LAN, Wifi, 13" TFT(Wide)
189,000/-
Made In Japan LCD TV
20" LED - 35,000-Ks
20" LCD - 28,000-Ks
26" LCD - 50,000-Ks
32" LCD - 80,000-Ks
NEC VK 17 Second Generation
Core i7 1.7 GHz (2637M)
2GB DDRIII
HDD 250GB
1428MB VGA
DVD R/W
LAN, Wifi, 12.1" TFT
279,000/-
Dell E 6320 Second Generation
Core i5 2.5 GHz (2520M)
4GB DDRIII
HDD 250GB
1428MB VGA
DVD R/W, Webcam
LAN, Wifi, 13.3" TFT(Wide)
309,000/-
Dell E 4310
Core i5 2.5GHz
4GB DDRIII
HDD 320GB
1306MB VGA
DVD R/W, Webcam
LAN, Wifi, 13" TFT(Wide)
329,000/-
Dell E 5430 Third Generation
Core i5 2.5 GHz (3210M)
8GB DDRIII
HDD 320GB
1565MB VGA
DVD R/W
LAN, Wifi, 14" TFT
399,000/-
Toshiba Satellite K47
Core i5 2.6 GHz (M560)
2GB DDRIII
HDD 250GB
728MB VGA
DVD R/W
LAN, Wifi, 15.6" TFT(Wide)
269,000/-
hp 6710 b
Core 2 Duo 2.0GHz (T7250)
1GB DDRII
HDD 80GB
256MB VGA
DVD Rom
LAN, Wifi, 15" TFT(Wide)
139,000/-
hp 2230 s
Core 2 Duo 2.2GHz (P8400)
2GB DDRII
HDD 160GB
728MB VGA
DVD Rom
LAN, Wifi, 12" TFT(Wide)
Battery New
175,000/-
17" LCD Monitor
45,000/-
ရေခဲသေတ္တာ
2 Door (small) 55000/-
2 Door (medium) 75000/-
3/4 Door 150000/-
Dell Vostro220s Desktop + 17" LCDအစုံ
- Pentium Dual Core 2.5 GHz
- 2 GB, DDRII
- 80 GB HDD
- DVD R/W
With 17"LCD
115,000/-
Present - Keyboard + Mouse
Hp Compaq5800 Desktop + 17" LCDအစုံ
- Core 2 Duo 2.9 GHz
- 2 GB, DDRII
- 80 GB HDD
- DVD R/W
With 17"LCD
130,000/-
Present - Keyboard + Mouse
Dell Optilex380 Desktop + 17" LCDအစုံ
- Core 2Duo 3.0 GHz
- 2 GB, DDRIII
- 250 GB HDD
- DVD R/W
With 17"LCD
170,000/-
Present - Keyboard + Mouse
ရန်ကုန် (ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)။ ဖုန်း– ၃၈၈၆၅၄၊ ၃၈၉၀၆၇၊ ၀၉၅၁၃၈၉၃၂၊ ၀၉၅၁၃၇၈၄၀
ရန်ကုန် (ကျောက်တံတား) အမှတ်(၂၁၂)၊ ဆိပ်ကမ်းသာလမ်း(အလယ်)။ ဖုန်း– ၂၄၉၇၃၇ ၊ ၀၉၅၁၃၈၉၃၂၊ ၀၉၅၁၃၇၈၄၀ ( ဆိုင်ခွဲသစ် )
(တောင်ဥက္ကလာ) အမှတ်(၉၆၀)၊ သံသုမာလမ်း၊ ( စီမံကိန်းကားမှတ်တိုင်အနီး ) ဖုန်း– ၀၉–၂၅၃၃၄၇၁၇၃ ၊ ၀၉–၇၃၁၁၈၃၅၀၊ ၀၉–၇၃၁၆၁၂၀၇
(တောင်ဥက္ကလာ) အမှတ်(၁၄၄)၊ ပါရမီလမ်း၊ ၄ရပ်ကွက် (ကေတုမာလာကျွေ) ဖုန်း– ၀၉–၁၁၈၆၉၉၆၆၊ ၀၉–၉၆၀၂၄၉၉၆
မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃x၈၄ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း– ၀၂–၇၁၇၆၈၊ ၀၉–၆၈၁၁၅၅၇

# RETURN OF PC : RAM

◀ စာမျက်နှာ (၆) မှ

## DDR DIMM Slots

ဒီနေရာမှာ DIMM ဆိုတာက dual in-line memory module ကို ပြောတာပါပဲ။ သိအောင်ပြောတာပါ။ အရင်ကတော့ SIMM နဲ့ မှားမှာစိုးလို့ အသေးစိတ်ရှင်းပြဖြစ်ပေမယ့်၊ အခုတော့ သိပ်အရေးမကြီးတော့တာမို့ အတိုကောက်ပဲ ဘာကိုပြောတယ်ဆိုတာသိအောင်မှတ်ထားပါ။ DIMM မှာနှစ်မျိုးကွဲပါတယ်။ ရိုးရိုး DIMM နဲ့ SO-DIMM ဆိုပြီးတော့ပါ။ Desktop PC တွေမှာ တွေ့နေရတာက ရိုးရိုး DIMM ဖြစ်ပြီးတော့ Laptop တွေမှာသုံးတာက SO-DIMM ဖြစ်ပါတယ်။ လက်ရှိအသုံးများနေတဲ့ DDR3 ဟာ pin 240 ပါဝင်တဲ့ DIMM slot ကိုသုံးပြီးတော့ DDR 4 ကတော့ 288 pin DIMM slot ကို သုံးပါတယ်။

## DRR 3 Specs

၂၀၀၇ မှာစပြီး အသုံးပြုခဲ့တဲ့ DDR3 ဟာဆိုရင် စွမ်းဆောင်ရည်ကွဲပြားမှုအမျိုးမျိုး ရှိပါတယ်။ သူ့မှာက DDR3 800၊ DDR3 1066၊ DDR3 1333၊ DDR3 1866၊ DDR3 2133၊ DDR3 2400 ဆိုပြီး အမျိုးအစား ၇ မျိုး ရှိပါတယ်။ တစ်မျိုးထက်တစ်မျိုးအမြန်နှုန်းပိုမြင့်လာတယ်ပေါ့။ DDR 3 ဟာ pin ပေါင်း ၂၄၀ ပါဝင်တဲ့ DIMM ကို အသုံးပြုပါတယ်။ Voltage အနေနဲ့ က 1.5V ပါ။

## DDR 4 Specs

၂၀၁၄ မှာစပြီး အသုံးပြုတဲ့ DDR4 ကတော့ DDR4 1600၊ DDR4 1866၊ DDR4 2133၊ DDR4 2400၊ DDR4 2666၊ DDR4 3200 ဆိုပြီး အမျိုးအစား ၆ မျိုးရှိပါတယ်။ ထုံးစံအတိုင်း နံပါတ်မြင့်ရင် မြန်နှုန်းလည်း ပိုကောင်းသွားပါတယ်။ DDR 4 ကတော့ pin ပေါင်း ၂၈၈ ခုပါတဲ့ DIMM ကို သုံးပါတယ်။ Voltage ကတော့ 1.2V ပဲယူပါတယ်။

မြန်မာနိုင်ငံမှာတော့ DDR 3 ဆိုရင် 4GB နဲ့ 8GB ဆိုပြီး နှစ်မျိုးရှိပေမယ့် ၂ ခုစလုံးက DDR3 1600 တွေချည်းပါပဲ။ အဲဒီလိုပဲ DDR 4 ဆိုရင်လည်း 4GB နဲ့ 8 GB ဆိုပြီး ရှိပေမယ့်၊ ၂ ခုစလုံးက DDR4 2133 တွေချည်းပါပဲ။ ဒါပေမဲ့ တစ်ခုဆိုးတာက မြန်မာပြည်က IT ဆိုင်တွေ အမှတ်မှားနေတာရှိပါတယ်။ ဥပမာ DDR3 1600 ဆိုရင် အဲဒီ 1600 ဟာ MHz နဲ့တိုင်းတဲ့ Memory Clock ကိုပြောတာမဟုတ်ဘဲ၊ MT/s နဲ့ တိုင်းတဲ့ Transfer rate ကို ပြောတာပါ။ တစ်စက္ကန့်မှာ Data ဘယ်လောက် transfer လုပ်နိုင်တယ်ဆိုတာကို ပြောတာဖြစ်ပါတယ်။ ဥပမာ 1600 MT/s ဆိုရင် တစ်စက္ကန့်မှာ Data transfer အကြိမ်ရေ သန်းပေါင်း ၁၆၀၀အထိ လုပ်နိုင်တယ်လို့ ပြောတာဖြစ်ပါတယ်။ Memory ရဲ့ ကြိမ်နှုန်း Clock ကို ပြောတာမဟုတ်ပါဘူး။ DDR 3 1600 ဟာဆိုရင် Memory Clock 200 MHz ပဲရှိပြီး၊ I/O Bus Speed က 800 MHz ပဲရှိပါတယ်။ဒီလိုပဲ DDR 4 2133 ဆိုရင်လည်း Memory Clock က 266 MHz ပဲရှိပြီး I/O Bus က 1066 MHz ပဲရှိပါမယ်။ ဈေးနှုန်းတွေအရကြည့်မယ်ဆိုရင်တော့ DDR 3 1600 ကို 4GBဆိုရင် အနည်းဆုံး ၃ သောင်း ၃ ထောင်လောက်ရှိပါတယ်။ 8GB က ၄ သောင်း ၈ ထောင်လောက် ရှိပါမယ်။ DDR ၄ ၂၁၃၃ဆိုရင်တော့ 4GB ကို ၃ သောင်း ၁ ထောင်နဲ့ 8GB ကို ၅ သောင်း ၇ ထောင်လောက် ရှိပါတယ်။

DDR 3 ပဲဝယ်ဝယ်၊ DDR 4 ပဲဝယ်ဝယ် မပြောမဖြစ်ပြောရမယ့် အကြောင်း ၃ ခု ကျန်ပါတယ်။ အဲဒါတွေက ECC ၊ Dual Channel နဲ့ Virtual RAM တို့အကြောင်းပါ။ အဲဒါတွေ ပြီးရင်တော့ ကျွန်တော်တို့ နောက်ဆုံးပေါ်နည်းပညာတွေဖြစ်တဲ့ Wide IO 2 တို့၊ HMC တို့၊ HBM တို့အကြောင်း ဆက်ပြောပါမယ်။

## What is ECC?

ECC ဆိုတာက Error-correcting code memory ကိုပြောတာဖြစ်ပါတယ်။ ကွန်ပျူတာထဲမှာ ထွက်လာတတ်တဲ့ လျှပ်စစ်ပိုင်းအနှောင့်အယှက်တွေ၊ ဒါမှမဟုတ် အာကာသထဲကလာတဲ့ cosmic ray တွေကြောင့်ဖြစ်တဲ့အနှောင့်အယှက်တွေကြောင့်ဖြစ်ရတဲ့အမှားတွေကို စစ်ဆေးပေးတဲ့ နည်းပညာပါ။ အထူးသဖြင့်တော့ RAM error ကြောင့် Server down မသွားစေချင်တဲ့ Serverတွေ၊ စီးပွားရေးနဲ့ဆိုင်တဲ့ Server တွေ၊ file server တွေမှာ အဓိကသုံးပါတယ်။ အဓိကပြဿနာက RAM တွေ error ဖြစ်ပြီးတော့ ကိန်းဂဏန်းတွေမှားကုန်တဲ့ ပြဿနာပါ။ ဒါကို ECC က ကာကွယ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ECC ဟာ RAM တိုင်းမှာမပါပါဘူး။ ECC ပါတဲ့ Server အတွက် သီးသန့် RAM တွေရှိပါတယ်။ ECC RAM တွေဟာ ECC ကိုထောက်ပံ့ပေးတဲ့ Motherboard တွေ၊ Chipset တွေနဲ့မှ တွဲပြီးအလုပ်လုပ်နိုင်တာပါ။ နောက်တစ်ခုက ECC RAM တွေရော၊ ECC Ready Motherboard နဲ့ Chipset တွေ အကုန်လုံးဟာ သာမန် ECC မပါတာတွေထက်ပိုပြီး ဈေးကြီးပါတယ်။



## What is Dual Channel?

အမှန်အတိုင်းဆိုရင် ရှင်းပြရမှာတွေ အများကြီးပဲ။ ဒါပေမဲ့ လွယ်အောင်ပဲ အဓိကကျတဲ့ အကြောင်းကိုပြောပြတော့မယ်။ အဓိကကတော့ RAM ကို slot များများစိုက်ပြီး ပိုမြန်အောင်လုပ်ယူတာပဲ။ ဥပမာ 8 GB RAM တစ်ချောင်းတည်းစိုက်မယ့်အစား၊ 4GB RAM ၂ ချောင်း စိုက်ပြီးသုံးတာကပိုမြန်ပါတယ်။ အဲဒီလိုပဲ 8GB ၂ ချောင်းအပြည့်စိုက်တာက ပိုမြန်ပါတယ်။ Data တွေကို lane တစ်ခုတည်းကသွားခိုင်းမယ့်အစား၊ lane နှစ်ခုခွဲပြီးသွားခိုင်းတာမို့လို့ပါ။ အခုခေတ်မှာသုံးတဲ့ motherboard တွေ၊ CPUတွေ အတော်များများက Dual Channel ကို ထောက်ပံ့ပေးပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ RAM ၂ ချောင်းကို စိုက်ချင်တိုင်း စိုက်လို့မရပါဘူး။ Dual Channel စိုက်မယ့် RAM တွေဟာထုတ်လုပ်တဲ့ brand ရော၊ Clock Speed ရော၊ ပါဝင်တဲ့ capacity ပါအကုန်ချတ်စွတ်တူရပါမယ်။ Kingston 4GB DDR3 1600 နဲ့ Silicon Power 4GB DDR3 1600 ဆိုပြီးတော့ ကွဲလို့မရပါဘူး။ Kingston ဆိုရင် နောက်တစ်ခုကလည်း Kingston ဖြစ်မှ ပိုစိတ်ချရပါတယ်။ part နံပါတ် Model နံပါတ်ကအစတူနိုင်မှစိတ်ချရပါတယ်။ ဒါကတော့ သတိထားရမှာပါ။

## What is RAM Drive?

RAM Drive ဆိုတာက Hard Disk ၊ SSD နဲ့ RAM ဆိုပြီးရှိကြတဲ့အထဲမှာ Data Access သည် RAM က အမြန်ဆုံးပါပဲ။ ဒီတော့ ကိုယ်အသုံး အများဆုံး program ကို RAM ပေါ်မှာ အမြဲတမ်းတင်ထားမယ်ဆိုရင် ဒီ program ကို access လုပ်ရတာ အရမ်းမြန်နေပါလိမ့်မယ်။ ဥပမာကိုယ့် Photoshop သုံးတဲ့သူဆိုရင် Photoshop program ကြီးတစ်ခုလုံးကို RAM drive ပေါ်တင်ထားနိုင်ရင် program loading က အရမ်းမြန်နေတာကို တွေ့မှာပါ။ အဲဒီအတွက် RAM ပေါ်မှာ Hard disk အတုတစ်ခုလုပ်ထားပေးပြီး Windows တက်လာတိုင်း ဒီ RAM Drive ထဲကို နဂိုမူရင်း Hard disk ပေါ်က ဒေတာတွေကို ကူးထည့်ထားပြီးတော့ လိုအပ်ရင် access လုပ်လို့ရအောင် လုပ်ထားလို့ရပါတယ်။ အဲဒီအတွက် သီးခြား program တွေရှိပါတယ်။ အထူးသဖြင့်တော့ program loading ကြာတတ်တဲ့ Game တွေကိုအဓိကလုပ်ကြတာပါပဲ။ တစ်ခုသတိထားရမှာက RAM သည် volatile ဖြစ်ပါတယ်။ ဒါကြောင့် RAM Drive ပေါ်က data တွေသည် မီးပျက်သွားရင်ဖြစ်ဖြစ်၊ Save မလုပ်ဘဲ ကွန်ပျူတာပိတ်လိုက်ရင်ဖြစ်ဖြစ် ပျက်သွားပြီး နဂိုက setting လုပ်ထားတဲ့အတိုင်းပဲ ကျန်ခဲ့မှာပါ။ ဒါကိုသတိထားရပါမယ်။

ကဲ အခုကျွန်တော်တို့ RAM ဆိုတာဘာလဲ၊ RAM အမျိုးအစားတွေကဘာတွေလဲ၊ DDR Slot တွေ၊ လူသုံးများတဲ့ DDR DIMM ၊ အသုံးများတဲ့ DDR 3 နဲ့ DDR 4 အကြောင်းတွေ၊ ဈေးနှုန်းတွေ၊ လူသုံးများတဲ့ RAM နည်းပညာတွေအကြောင်းကိုပြောခဲ့ပြီးပါပြီ။ ကြားထဲမှာ နည်းနည်းထပ်ပြီးတော့ Graphic card တွေမှာသုံးတဲ့ RAM အမျိုးအစားတွေအကြောင်း နည်းနည်းပြောချင်ပါတယ်။

## What is GDDR?

GDDR ဆိုတာဟာ Graphic card တွေမှာသုံးတဲ့ DDR RAM တွေကို ပြောတာပါပဲ။ အဓိကကတော့ DDR RAM နည်းပညာကို အခြေခံထား ပြီး ပိုမြန်တဲ့ speed ရအောင် ဒီဇိုင်းလုပ်ထားတာပါ။ ပထမဦးဆုံး GDDR ဟာ DDR နဲ့ DDR 2 အကြား စပ်ကူးမတ်ကူးကာလက DDR နည်းပညာကို သုံးပါတယ်။ အဲဒီလိုပဲ၊ GDDR 3 ဟာလည်း DDR 2 ကို အဆင့်မြှင့်ပေးထားတာပါ။ GDDR 4 ကတော့ DDR 3 နည်းပညာကို သုံးထားတာဖြစ်ပါတယ်။ GDDR5 ဟာလည်း DDR3 နည်းပညာကို အသုံးပြုထားတာပါ။ ပုံမှန်အားဖြင့်ဆိုရင် GDDR တွေသည် DDR တွေထက် မြန်တယ်လို့ပြောနိုင်ပါတယ်။

## Beyond DDR4

DDR နည်းပညာဟာ ၂၀၀၀ ပြည့်နှစ်လောက်ကတည်းက ပေါ်လာတာမို့ အခုဆိုရင် နှစ်ပေါင်း ၁၆ နှစ်လောက် ရှိနေပါပြီ။ ဒီနှစ်တွေအတွင်းမှာ DDR နည်းပညာက လုံးလုံးလျားလျား ပြောင်းလဲသွားတာမျိုးမရှိဘဲ၊ အရင်ဟာကို ပိုကောင်းအောင်လုပ်ရင်း နံပါတ်တစ်ခု တိုးပေးလိုက်တယ်ဆိုတာပဲရှိနေပါတယ်။ ဒါကြောင့်မို့လို့ RAM ထုတ်လုပ်သူတွေအနေနဲ့ ပိုမိုခေတ်မီဆန်းသစ်တဲ့ နည်းပညာသစ်တွေကို စမ်းသပ်သုံးစွဲနိုင်ဖို့ကြိုး စားရင်းကနေ DDR နည်းပညာကို ရပ်ဆိုင်းထားလိုက်ပါတော့တယ်။



DDR4 ပြီးရင် DDR5 ထွက်လာသင့်နေပြီဆိုပေမယ့် အခုအချိန်အထိတော့ DDR5 နဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ ထူးထူးခြားခြား မကြားရသေးပါဘူး။ ဒါပေမဲ့ DDR ထက် ပိုအဆင့်မြင့်တဲ့ နည်းပညာတွေကိုတော့ နည်းပညာကုမ္ပဏီကြီးတွေက အသည်းအသန်ဆိုသလို တည်ဆောက်နေကြတာ တွေ့နေရပါတယ်။ အဲဒီအထဲမှာ Samsung က ဦးဆောင်တဲ့အုပ်စု၊ AMD က ဦးဆောင်တဲ့အုပ်စု၊ Intel က ဦးဆောင်တဲ့ အုပ်စုဆိုပြီး အုပ်စုကြီးသုံးခုကွဲနေပါတယ်။ ကျွန်တော်တို့ အသေးစိတ်လေ့လာကြည့်ကြရအောင်။

Memory interface တွေနဲ့ ပတ်သက်ရင် အပြောင်းအလဲတွေ အများကြီးဖြစ်ဖို့ရှိပါတယ်။ AMD နဲ့ Nvidia တို့က High Memory Bandwidth ဆိုတဲ့ နည်းပညာကို တီထွင်နေပြီး၊ Samsung က Wide I/O နဲ့ Intel က High Memory Cube ဆိုတာကို ဖန်တီးနေပါတယ်။ ဒီနေရာမှာ မေးစရာရှိတာက ဘာလို့ RAM အတွက် memory standard အသစ်တစ်ခု လိုအပ်လာရသလဲ ဆိုတာပါ။

DDR4 တို့၊ LPDDR4 တို့ဟာ အရှေ့မှာပြောခဲ့သလို အရင်ရှိပြီး နည်းပညာတွေကို အခြေခံပြီး ပေါ်ပေါက်လာတာတွေပါ။ ဒီစံတွေဟာ DDR3 နဲ့ LPDDR3 တို့ကို အခြေခံပြီးတော့ပဲ ပေါ်ပေါက်လာတာတွေပါပဲ။ အများကြီးအပြောင်းအလဲမရှိပါဘူး။ အခြေခံအကျဆုံး နည်းပညာတွေဟာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က နည်းပညာတွေပါ။ အဲဒီတုန်းက system bandwidth တစ်ခုလုံးဟာ လက်ရှိနဲ့အများကြီးကွာနေခဲ့သလို၊ CPU တွေကလည်း core တစ်ခုပဲရှိသေးတဲ့အချိန်ပါပဲ။

စံသတ်မှတ်ချက်ဟာ တဖြည်းဖြည်းကြီးထွားလာပေမယ့် လက်ရှိသုံးနေတဲ့ DIMM နည်းပညာဟာ စစချင်းမှာ 66MHz ပဲရှိပြီး 533MB/s Bandwidth ပဲရှိသေးတဲ့အချိန်မှာ စခဲ့တာဖြစ်ပါတယ်။ လက်ရှိ DDR4 3200 ဟာဆိုရင် 1600MHz အထိရှိပြီး၊ 25.6GB/s အထိ Bandwidth က ရှိနေပါပြီ။ ဒါဟာအနှစ် ၂၀ လောက်အတွင်းမှာ အဆပေါင်း ၄၈ ဆလောက်တိုးတက်လာတာပါ။ ကျွန်တော်တို့ဟာ စံသတ်မှတ်ချက်တွေကို မီးကုန်ယမ်းကုန်တွန်းတင်နေသလိုဖြစ်နေပါပြီ။ ဒါကြောင့် သမားရိုးကျ DDR5 ကိုပဲသွားမလား အသစ်တီထွင်ကြမလားဆိုတဲ့ နေရာမှာ RAM ထုတ်လုပ်သူတွေကတော့ နည်းပညာသစ်တွေကိုပဲ မျှော်လင့်နေကြပါတယ်။




## Samsung ဦးဆောင်တဲ့ အုပ်စုရဲ့ Wide I/O

Wide I/O နဲ့ Wide I/O 2 တွေဟာ Samsung အပါအဝင် အခြားကုမ္ပဏီတွေက ဦးဆောင်ပြီးတော့ တီထွင်နေတဲ့ mobile SoC တွေနဲ့ တွဲဖက်အသုံးပြုနိုင်မယ့် Memory နည်းပညာပါ။ bandwidth ကို တိုးမြှင့်ပြီး၊ ပါဝါစားသုံးမှုကို အနည်းဆုံးဖြစ်စေမယ့် နည်းပညာပါပဲ။ စမတ်ဖုန်းတွေနဲ့ embedded system တွေမှာ အဓိကအသုံးပြုဖို့ဖြစ်ပြီး ဘက်ထရီသက်တမ်းကို ဂရုစိုက်ရတဲ့ device တွေမှာ ပါဝါစားသုံးမှုနည်းနည်းနဲ့ resolution မြင့်မားတဲ့ display တွေကို အသုံးပြုနိုင်ဖို့လည်း ရည်ရွယ်ထားပါတယ်။

Wide I/O ရဲ့ ဒီဇိုင်းဟာ SoC တွေအပေါ်ကို ထပ်ပိုးပြီး၊ ဒေါင်လိုက်ချိတ်ဆက်မှုပြုခြင်းအားဖြင့် electrical interference တွေကို အနည်းဆုံးဖြစ်အောင်လျှော့ချပစ်ဖို့ စိတ်ကူးထားတာပါ။ package size ကို လျှော့ချနေချိန်မှာ၊ အပူပြဿနာကရှိလာနိုင်ပါတယ်။ အထူးသဖြင့် SoC တစ်ခုလုံးရဲ့ အပူတွေဟာ memory die တွေကိုဖြတ်သွားမယ်ဆိုတာကအဓိကပြဿနာပါ။ စက်လည်ပတ်မှု frequencies တွေကို နှိမ့်ထားပေမယ့်၊ I/O pin တွေ အများအပြားသုံးထားလို့ Bandwidth ကို များများစားစား ရနိုင်ပြီး 1024 bit အထိရနိုင်ဖို့ မျှော်လင့်ထားပါတယ်။

Wide I/O 1 ဟာ လတ်တလောမှာ စံအနေနဲ့ရှိနေပေမယ့် Wide I/O 2 ကြမှပဲဈေးကွက်ထဲကို ဖြန့်ချိနိုင်မယ်လို့ယူဆရပါတယ်။ ဒါပေမဲ့ တချို့ကတော့လည်း Wide I/O 3 ကြမှပဲဈေးကွက်ထဲရောက်မယ်လို့ ပြောနေတာ ရှိပါတယ်။ Wide I/O 3 ဟာ လက်ရှိသုံးနေတဲ့ LPDDR4 တွေထက် သိသိသာသာကို ပိုမြန်တဲ့စွမ်းဆောင်ရည်ရှိလာမှာပါ။ လက်ရှိမှာဒီစံသတ်မှတ်ချက်ကို JEDEC အဖွဲ့က အသိအမှတ်ပြုထားပြီး Samsung အပါအဝင်

စာမျက်နှာ (၇၀) သို့ ▶


telenor
အရင်းနှီးဆုံး တစ်ယောက်နဲ့
ပိုပိုပြီးဖုန်းပြောနိုင်ဖို့
၁၀ကျပ်/မိနစ်
Free SMS
စူပါစုံတွဲ PACK
တယ်လီနောအချင်းချင်းသာ
စူပါစုံတွဲကိုလစဉ်၅၀၀ကျပ်ဖြင့် တစ်ယောက်ကဝယ်ယူလိုက်ရုံနှင့် အရင်းနှီးဆုံး နှစ်ယောက်ကြား အပြန်အလှန်ဆက်သွယ်နိုင်ဖို့ SS 09xxxxxxxx (ဖုန်းနံပါတ်) ဟု ရိုက်၍ 500သို့ SMS ပို့လိုက်ပါ။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

## How To

ယခင်တစ်ပတ်မှ အဆက် >>>




**၁၉။ Android မှာ Transitions များကိုပိတ်ပါ။**

Android ဟာ Open-Source ဖြစ်လို့ ကောင်းမွန်ပေမယ့် iOS နဲ့ နှိုင်းယှဉ်ရင် နှေးကွေးစေတဲ့ Animations များ ပါရှိပါတယ်။ ကံကောင်းတာကတော့ အဲဒီပြဿနာကိုဖြေရှင်းနိုင်တာပါ။ Device Settings ထဲသွားပြီး About Device ထဲဝင်ပါ။ Build Number ကို ခုနစ်ချက်နှိပ်ပါ။ Developer ဖြစ်ပြီဖြစ်ကြောင်း အသိပေးစာပေါ်လာမှာပါ။ အဲဒီနောက်မှာ System Settings အောက်မှာ Developer Options ပေါ်လာမှာပါ။ အဲဒီထဲဝင်ပြီး Drawing အောက်မှ Windows Animation, Transition Animation, Animation Duration Scales များကို မူလ 1x မှ 0.5x သို့ပြောင်းပေးပါ။ ပြီးရင်တော့ Applications များနဲ့ Windows များ ပြောင်းလဲအသုံးပြုတဲ့အခါမှာ လျှင်မြန်လာတာကိုတွေ့ရမှာပါ။




**၂၀။ သင့်ရဲ့ ဂရပ်ဖစ်ကတ်ကို Overclock လုပ်ပါ။**

ပီစီဂိမ်းမာကောင်းတစ်ယောက်ဟာ သူ့ရဲ့ Desktop System မှာ ကောင်းမွန်တဲ့ဂရပ်ဖစ်ကတ်ကိုအသုံးပြုကြပါတယ်။ အဲဒါအပြင် ဂိမ်းကစားရာမှာ လျှင်မြန်စေဖို့အတွက် ဂရပ်ဖစ်ကတ်ကို Overclock လုပ်ဖို့လိုအပ်ပါတယ်။ MSI မှ AfterBurner လို Overclocking Software Utility ကို အသုံးပြုပါ။ အဲဒီဆော့ဖ်ဝဲဖြင့် ကတ်ဂရပ်ဖစ် Core ရဲ့ Operating Frequencies အပြင် Video Memory Modules ကို တိုးမြှင့်နိုင်ပါတယ်။ အကောင်းဆုံးကတော့ ကတ်ရဲ့စွမ်းဆောင်ရည်အဆင့်နဲ့ သူ့ရဲ့စွမ်းအင်စားသုံးမှု၊ အပူချိန်တို့ကို အသေးစိတ်လေ့လာနိုင်စေဖို့အတွက် ဆော့ဝဲက စွမ်းဆောင်ရည်တိုင်းတာစစ်ဆေးတဲ့ ဇယားကိုပြသပေးပါတယ်။ ဂရပ်ဖစ်ကတ်အများစုမှာ ကာကွယ်ရေးစနစ်ပါတဲ့အတွက် ပူလောင်ပျက်စီးမှာကို မစိုးရိမ်ရပါဘူး။ ဒါပေမဲ့ အလွန်အကျွံ Overclock မလုပ်ပါနဲ့။ ကတ်ရဲ့ Operating Frequencies ကို တစ်ဖြည်းဖြည်းချင်းတိုးမြှင့်ပါ။ ဒီလိုလုပ်ခြင်းဖြင့် စွမ်းဆောင်ရည်တည်ငြိမ်ပြီး ဂိမ်းကစားရာမှာ လွန်စွာလျှင်မြန်လာမှာပါ။

**၂၁။ RAW နဲ့ ဓာတ်ပုံရိုက်ပါ။**

သင့်ရဲ့ဒစ်ဂျစ်တယ်ကင်မရာကနေ အရည်အသွေးအကောင်းဆုံးဓာတ်ပုံကိုအလိုရှိရင် RAW နဲ့ ရိုက်ပါ။ JPEG နဲ့ သိမ်းတဲ့အခါမှာ ကင်မရာဟာ အရောင်ကိုပြောင်းလဲခြင်း၊ နောက်ယှက်မှုကိုလျှော့ချခြင်း၊ ဒေတာများကိုဖယ်ရှားပြီး ဖိုင်အရွယ်ကိုချုံ့ခြင်းနဲ့ အခြားချိန်ညှိမှုများကို သိမ်းခြင်းတို့ကိုပြုလုပ်ရပါတယ်။ RAW file မှာတော့ Image Sensor မှ ဒေတာအနည်းငယ်သာပါရှိတဲ့အတွက် RAW Data များစွာကိုရနိုင်ပါတယ်။ RAW File များဟာ ဒစ်ဂျစ်တယ်ကင်မရာကနေရနိုင်တဲ့ အရည်အသွေးအမြင့်မားဆုံးဖိုင်များဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ဟာအရွယ်အစားမှာ အကြီးဆုံးဖြစ်ပြီး အထူး App များနဲ့သာကြည့်နိုင်ပါတယ်။ ဒစ်ဂျစ်တယ်ကင်မရာအားလုံးမှာ အဲဒီ format ကို သိမ်းဆည်းခွင့်မပေးပါဘူး။ ဒါပေမဲ့ သေးငယ်တဲ့မှန်ချပ်မဲ့ DSLR Camera များမှာတော့ သိမ်းနိုင်ပါတယ်။ RAW File များကို Digital Negatives လို့လည်း ခေါ်ကြပါတယ်။ သူတို့ရဲ့အကြမ်းထည်အခြေအနေမှာ ပြေပြစ်ချောမွေ့လို့ဖြစ်ပါတယ်။ Adobe Lightroom လို App မှာ ပြင်ဆင်ပြီးတဲ့နောက်မှာ JPEG လို အများသုံးကြတဲ့ format ဖြင့် သိမ်းဆည်းပါ။



နောက်တစ်ပတ်ဆက်လက်ဖော်ပြပါမည် >>>

# Websites

အင်တာနက်ဆိုတာ လူတချို့အတွက် လေ့လာစရာတွေမကုန်ခမ်းနိုင်တဲ့ နည်းပညာပဒေသာပင်ကြီးလို့ ခေါ်ဆိုနိုင်သလို အသုံးမချတတ်တဲ့သူတွေအတွက်တော့ အချိန်တွေသာကုန်ဆုံးသွားတယ် ဘာမှမရလိုက်ပါဘူး။ ဒါဟာ အွန်လိုင်းမှာလေ့လာစရာဝက်ဘ်ဆိုက်တွေကို အသေးစိတ်မရှာဖွေနိုင်လို့ပါ။

အင်တာနက်အသုံးပြုတဲ့သူတွေ အကျိုးရှိစွာအသုံးချနိုင်စေဖို့အတွက် အင်္ဂလိပ်စာအဘိဓာန်လေ့လာခွင့်ရမယ့် ဝက်ဘ်ဆိုက်၊ ဓာတ်ပုံများစွာကိုကြည့်ရှုနိုင်မယ့်ဝက်ဘ်ဆိုက်၊ အားကစားနည်းတွေကိုမှ စိတ်ဝင်စားတဲ့သူများအတွက် အားကစားသတင်းတွေကို တစ်ဝကြီးဖတ်ရှုခွင့်ရမယ့် ဝက်ဘ်ဆိုက်များနဲ့ အခြားသောဝက်ဘ်ဆိုက်တွေကို လေ့လာနိုင်အောင် ဖော်ပြပေးလိုက်ပါတယ်။




http://www.bodymindsoulspirit.com

အကြောပညာဆိုတာ တတ်ကျွမ်းဖို့မလွယ်ကူတဲ့ ပညာရပ်တစ်ခုပါပဲ။ ဒါပေမဲ့ တော်တော်လေးအသုံးဝင်ပါတယ်။ အကြောပြင်တတ်တဲ့သူတွေများ၊ အကြောသိတဲ့သူတွေနဲ့များတွေ့လို့ နှိပ်နင်းလုပ်ဆောင်ပေးလိုက်ရင် ပေါ့ပါးသွားတာကိုကြုံဖူးကြမှာပါ။ ဒါပေမဲ့ ယနေ့ခေတ်မှာတော့ ဒါမျိုးတွေတွေ့ဖို့သိပ်မလွယ်ပါဘူး။ အနှိပ်ခန်းသွားလို့ တကယ်နှိပ်ပေးသလို နှိပ်လည်းနှိပ်တတ်တဲ့သူတွေနဲ့သာတွေ့ရင်မဆိုးပေမယ့် အနည်းနဲ့အများတော့ သိပ်မလွယ်တာအမှန်ပါပဲ။ အမျိုးသမီးတွေဆိုရင်တော့ ပိုသာခက်သေးသပေါ့နော်။ ဒါကြောင့် အမျိုးသားရော၊ အမျိုးသမီးရောအဆင်ပြေစေမယ့် အကြောင်းအရာလေးတစ်ခုကို မိတ်ဆက်ပေးချင်ပါတယ်။ ဝက်ဘ်ဆိုက်လေးနာမည်ကတော့ www.bodymindsoulspirit.com ရဲ့ ice cube neck miracle ပဲဖြစ်ပြီး သူ့မှာပြထားတဲ့နေရာလေးကို ရေခဲတုံးဖိကပ်ပေးထားရုံနဲ့ ကောင်းကျိုးတော်တော်များများကိုရရှိစေမှာပါ။




http://hiconsumption.com

သေရည်သေရက်ဆိုတာ ရှောင်တာအကောင်းဆုံးပါပဲ။ ဒါပေမဲ့ တိုးတက်လာတဲ့ခေတ်ကြီးထဲမှာတော့ အနောက်တိုင်းယဉ်ကျေးမှုတွေ ရောယှက်လို့လာခဲ့ပြီး အဖျော်ယမကာဆိုပြီး ပွဲတွေတော်တော်များများမှာ တွေ့မြင်လာရပါတယ်။ ဒါကြောင့် အရက်သောက်ရင် ဘယ်လိုသောက်ရမလဲနဲ့ ဘယ်လိုသောက်သုံးရင် အကောင်းဆုံးဆိုတာကို ခံစားရရှိနိုင်မလဲဆိုတာ နည်းနည်းလောက်ညွှန်းပေးချင်ပါတယ်။ ဒီမတိုင်ခင်တော့ အရက်သောက်ရင် ကျွန်တော်တို့ဆီမှာတော့ ဝီစကီကအဓိကပါလို့ ပြောနိုင်မယ်ဆိုတာကို ကြိုပြောပေးထားချင်ပါတယ်။ ဒါကြောင့် ဝီစကီကိုဘယ်လိုမျိုးရောစပ်သောက်သုံးနိုင်သလဲဆိုတာကို ဖော်ပြပေးမှာပါ။ ဝက်ဘ်ဆိုက်လေးရဲ့နာမည်ကတော့ hiconsumption.com ပဲဖြစ်ပြီး သူ့ရဲ့ essential cocktail recipes 30 best whiskey drinks မှာတော့ ခေတ်ဟောင်းကနေ ခေတ်သစ်စတိုင်အထိ ရောစပ်ပုံတွေကို ပြသပေးထားပါတယ်။




http://theawesomedaily.com

ချစ်သူများနေ့ဆိုတာ အပျိုကြီးတွေ၊ လူပျိုကြီးတွေအတွက်တော့ အများနဲ့ မသက်ဆိုင်သလိုပါပဲ။ တော်တော်များများကတော့ အပျိုကြီးတွေ ရည်းစားမရသေးတာ ဇီဇာကြောင်လို့ပဲထင်ပါတယ်။ ကျွန်တော်လည်း ဒီလိုထင်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ယောက်တည်းဖြစ်ရတာ ဘာကောင်းသလဲဆိုတာကို မတွေးမိခဲ့ပါဘူး။ တော်တော်များများလည်း ကျွန်တော့်လိုပဲလို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် တစ်ယောက်တည်းဖြစ်ရတာ ဘာတွေကောင်းသလဲဆိုတာကို နည်းနည်းလောက်မိတ်ဆက်ပေးချင်ပါတယ်။ ဒီလိုမိတ်ဆက်ပေးလိုက်ရင် လူပျိုကြီး အပျိုကြီးဆက်ဖြစ်သွားမှာပေါ့နော်။ ဒါကြောင့် ရည်းစားမရသေးတဲ့ single girl လေးတွေပဲသိတဲ့ အမှန်တရားအကြောင်းလေးကိုပဲ မိတ်ဆက်ပေးလိုက်ပါရစေ။ ဝက်ဘ်ဆိုက်လေးရဲ့နာမည်ကတော့ theawesomedaily.com ပဲဖြစ်ပြီး သူ့ရဲ့ single girls problems မှာ သွားရောက်လေ့လာနိုင်ပါတယ်။




http://www.instructables.com

ပန်းချီဆိုတာ အနုစိတ်လှတဲ့ ပညာရပ်တစ်မျိုးပါပဲ။ စိတ်ခံစားချက်အတွက် ထွက်ပေါက်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ဒီလိုပဲ အချိန်ကိုအကျိုးရှိစွာ အသုံးချခြင်းတစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့် ပန်းချီကို တကယ့်ဆရာကြီးတစ်ယောက်လို မတတ်ထားရင်တောင် ဟိုခြစ်၊ ဒီခြစ်ကနေ ပုံတစ်ပုံလောက်အထိ ပုံပေါ်လာအောင်ဆွဲတတ်ထားရင်တော့ ကောင်းသားပေါ့နော်။ ယနေ့ခေတ်လိုမျိုး အင်တာနက်ကနေ တော်တော်များများ လုပ်ဆောင်လာနိုင်တဲ့အချိန်မှာ ပန်းချီလေးတစ်ပုံ နှစ်ပုံလောက်ဆွဲတတ်ဖို့အတွက် သိပ်မခက်တော့ပါဘူး။ ဆိုလိုတာကတော့ အွန်လိုင်းကနေတစ်ဆင့် သင်ယူလေ့လာနိုင်တယ်ပေါ့။ ဒီအတွက် www.instructables.com ရဲ့ How To Draw 8 ဆိုတဲ့ကဏ္ဍမှာ သွားရောက်လေ့လာဖို့ တိုက်တွန်းလိုက်ပါရစေ။ သူ့မှာတော့ သုံးဖက်မြင်ပုံတွေအထိ ဘယ်လိုဆွဲရမလဲဆိုတာကို ဖော်ပြပေးထားမှာဖြစ်ပါတယ်။




http://www.history.com

အီဂျစ်ဆိုတာက သမိုင်းကြောင်းတွေ တော်တော်များများထဲမှာ နာမည်ကြီးတဲ့ အကြောင်းအရာတစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း လူတော်တော်များများ သိဖူး ဖတ်ဖူးခဲ့ကြတဲ့ အီဂျစ်နဲ့ပက်သက်တဲ့အကြောင်းအရာလေးကို မိတ်ဆက်ပေးချင်ပါတယ်။ ဒါကတော့ တခြားမဟုတ်ပါဘူး။ ကျွန်တော်တို့မသိသေးဘူးဆိုတာထက် အမှန်အကန်ကိုမသိသေးတဲ့ အီဂျစ်ရဲ့အကြောင်းအရာတွေပါ။ ဥပမာအနေနဲ့ ကလီယိုပက်ထရာက အီဂျစ်သူမဟုတ်ဘူးဆိုတာနဲ့ ပိရမစ်တွေကို ကျွန်တွေဆောက်ခဲ့တာ မဟုတ်ဘူးဆိုတဲ့ အကြောင်းအရာတွေပါ။ ဒါတွေအားလုံးကို www.history.com ရဲ့ 11 things you may not know about acient egypt မှာ သွားရောက်လေ့လာနိုင်ပြီး စုစုပေါင်းအကြောင်းအရာ ၁၁ ခုကို တင်ပြပေးထားပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဗဟုသုတတိုးပွားစေဖို့ သွားရောက်လေ့လာနိုင်ပါတယ်လို့။


KING POWER
Lenovo Road Show
King Power နှင့် Lenovo တို့ပူးပေါင်းကျင်းပသော
Happy Hours
Lucky Draw
Lenovo
18 to 21, Feb 2016
Notebook တစ်လုံး (၂) သိန်းကျပ်
Limited Stock
Lenovo Notebook, All in one, Desktop ဝယ်ယူသူများအတွက်
Mouse
Apacer Stick
Speaker
Ear Phone
USB HUB
Card Reader
Micro Card 8GB
Selfie Stick
Key Board
Power Bank
Lenovo ideaPad 100
Bluetooth | Webcam | Wireless
• Intel Celeron N2840
• 2GB DDR3 RAM
• 500GB HDD
Lenovo G4080 i3 W/G
Bluetooth | Webcam | Wireless
• Intel Core i3 5005U
• 4GB DDR3 RAM • 500GB HDD
• ATI EXO PRO M330 2GB
Lenovo ideaPad 305 i7
Bluetooth | Webcam | Wireless
• Intel Core i7 5500U
• 4GB DDR3 RAM • 1TB HDD
• ATI EXO PRO M330 2GB
CITY STAR
အမှတ်(၃၇၀) မဟာဗန္ဓုလလမ်းနှင့် ၃၈လမ်းထိပ်၊ ကျောက်တံတားမြို့နယ်။
ဖုန်း ၀၁–၂၄၃၉၃၇၊ ၀၉–၄၃၀၆၆၆၀၈၊ ၀၉–၇၃၀၉၈၅၀၉
KING POWER
အမှတ်(၁၃၁) ဆိပ်ကမ်းသာလမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၃၉၈၀၀၈၊ ၃၇၅၁၈၃၊ ၀၉–၇၃၀၁၀၅၅၆။


www.global.gionee.com
HAPPY VALENTINE'S DAY WITH YOU...
P5 W
GiONEE
COLOUR YOUR LIFE
Diplay 5.0 HD IPS 1280x720 pixels
Sim Sim Card နှစ်ကဒ်သုံး
Network WCDMA / GSM
CPU Quad Core 1.3 GHz CPU
Memory 16GB Rom + 1GB RAM
Camera 5 Mpxl Rear Camera 2 Mpxl Front Camera
Battery 2000mAh
119,000 Ks
+ 1 Free Extra Cover
နှစ်သစ်မှာ အချစ်စစ်နဲ့ ရောင်စုံနေ့လေး ဖန်တီးလိုက်ပါ
Black
White
Blue
Red
Yellow
OfficialGioneeMyanmar
gioneemyanmar
Service Center : 09 - 792677899
Hot Line : 09 - 31389999

## HP Deskjet Ink-Advantage 2545 All- in-One Printer Series

**Royal Smart**
**01-379564, 01-379835**

HP ရဲ့ Inljet Printer Series တွေထဲမှာပါတဲ့ HP Deskjet Printer Series တွေကို ကုန်ကျစရိတ်သက်သာစွာနဲ့ အရည်အသွေးအလွန်ကောင်းမွန်တဲ့ ပုံရိပ်တွေဖန်တီးနိုင်ပြီး လုပ်ငန်းဆောင်တာအားလုံးကို စက်အများကြီး ဝယ်ယူစရာမလိုဘဲ စက်တစ်လုံးထဲကနေ ကောင်းမွန်စွာလုပ်ပေးနိုင်တဲ့ Printer အမျိုးအစားကို လူကြီးမင်းတို့ ဝယ်ယူအသုံးပြုချင်သလား? ယခုအခါ HP မှ လူကြီးမင်းတို့ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် Deskjet IA Printer Series ထဲက HP Deskjet IA 2545 AiO Printer Series ကို ထုတ်လုပ်ပေးထားပြီးဖြစ်ပါသည်။ HP Deskjet IA အမျိုးအစားများကို အသုံးပြုသူများအနေဖြင့် ဝယ်ယူပြီး ချက်ခြင်းအသုံးပြုလို့ရအောင် ထုတ်လုပ်ပေးထားသော Printer အမျိုးအစားဖြစ်ပါသည်။

All One Printer Series ဖြစ်ခြင်းကြောင့် Print/Scan/Copy လုပ်ငန်းစဉ်သုံးမျိုးစလုံးကို စက် ၁ လုံးထဲမှ လုပ်ဆောင်ပေးနိုင်တဲ့အတွက် စက်ပစ္စည်းအများကြီးဝယ်ယူရခြင်းအတွက် ကုန်ကျစရိတ်များစွာ ကုန်ကျနေခြင်းမှ သက်သာနိုင်မည်ဖြစ်ပါသည်။ သိပ်သည်းကျစ်လျစ်သော ဒီဇိုင်းပုံစံဖြစ်ပြီး IA Series ဖြစ်သည်နှင့်အညီ အသုံးပြုသော မှင်ဘူးထဲတွင် မှင်အရည်အသွေး အထူးကောင်းမွန်သော မှင်အပြည့်ပါရှိပါသည်။ အရောင်မှန်ကန်ပြီး အရည်အသွေးကောင်းမွန်သော ဓာတ်ပုံများကို ထုတ်လုပ်ပေးနိုင်သော Photo Printer Series ဖြစ်ပါသည်။ အသုံးပြုသော မှင်ဘူးမှာ HP 678 Black Ink Cartridge နှင့် HP 678 Tri-Color Ink Cartridge ဖြစ်ပြီး Black Cartridge မှာ စုစုပေါင်းစာရွက် ၄၈၀ မျက်နှာထုတ်လို့ရမည်ဖြစ်ပြီး Tri- Color Cartridge မှာ စုစုပေါင်းစာရွက် ၁၅၀ မျက်နှာ Print out ထုတ်လို့ရမည်ဖြစ်ပါသည်။

ပုံထွက်ကောင်းကောင်းနှင့် အဖြူအမည်းစာရွက် တစ်မိနစ်လျှင် ၇ မျက်နှာ Print out ထွက်ရှိပြီး ကာလာဖြင့် တစ်မိနစ်လျှင် ၄ မျက်နှာ Print out ထွက်နိုင်မည်ဖြစ်ပါသည်။ Print Resolution မှာ Black & White 600 x 600 dpi ဖြစ်ပြီး Color 4800 x 1200 dpi ဖြစ်ပါသည်။ စာရွက်အရွယ်အစား A4/A5/A6/B5 နှင့် Envelope အရွယ်အစားရှိသော Brochure, Inkjet, Plain, Photo, Envelopes, Label နှင့် Greeting Card Paper စသည့် စာရွက်အမျိုးအစားများဖြင့် Print Out ထုတ်လို့ရမည်ဖြစ်ပါသည်။ ပါရှိသော Scan အမျိုးအစားမှာ Flatbed အမျိုးအစားဖြစ်ပြီး အကြီး ဆုံးအနေဖြင့် A4 Size ဖြင့် Resolution 1200 x 1200 dpi ရှိသော ပုံရိပ်များအဖြစ် Scan ဖတ်နိုင်မည်ဖြစ်ပါသည်။ Scan Result အနေဖြင့် JPEG Format အပြင် PDF Format အနေဖြင့်လည်း ပုံရိပ်များကို မှတ်တမ်းတင်နိုင်မည်ဖြစ်ပါသည်။ Copy Resolution 600 x 300 dpi ရှိသော စာသားနှင့်ပုံရိပ်များကို တစ်မိနစ်လျှင် အဖြူအမည်း ၄ မျက်နှာခွဲအထိနှင့် တစ်မိနစ်လျှင် ကာလာ ၃ မျက်နှာအထိ ကော်ပီကူးနိုင်မည်ဖြစ်ပါသည်။

တစ်လလျှင် A4 အရွယ်အစား စာမျက်နှာ ၁၀၀၀ အထိ Print out လုပ်နိုင်စွမ်းရှိသော Printer အမျိုးအစားဖြစ်ပါသည်။ Built-in Wifi ပါရှိခြင်းကြောင့် Wireless Printing လုပ်ဆောင်နိုင်မည့်အပြင် Mobile Printing လုပ်ငန်းစဉ်အနေဖြင့်လည်း Wireless Direct Printing လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ Microsoft Operating System များကို အသုံးပြုထားသော ကွန်ပျူတာများအပြင် Apple ၏ Mac OS အခြေခံသော ကွန်ပျူတာတိုင်းတွင်လည်း ချိတ်ဆက်အသုံးပြုနိုင်သော Printer အမျိုးအစားဖြစ်ပါသည်။ Printer Power ပိုင်းမှာ အမြင့်ဆုံး 10 Watt သာရှိခြင်းကြောင့် Power Consumption နည်းသော၊ Power စားသက်သာသော Printer အမျိုးအစားစသည့် အထက်ပါအချက်အလက်များကြောင့် လူကြီးမင်းတို့အနေဖြင့် စိတ်ချမ်းသာစွာလုပ်ငန်းဆောင်တာများကို ဖြည့်ဆည်းလုပ်ဆောင်နိုင်မည်ဖြစ်သော HP Deskjet IA 2545 AiO Series Printer ဖြစ်ပါသည်။ အာမခံသက်တမ်း ၁ နှစ်ဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။




## Dell NB New Product Dell IN7559-I56300-8-1-RED-UBT-D4

**Golden Power Technology**
**01-2304848, 02-2000117~118**

ဒီတစ်ပတ်အတွက် Dell မှ နောက်ဆုံးထွက်ရှိလာတဲ့ Inspiron 7559 Pandora series နဲ့ မိတ်ဆက်ပေးပါမယ်။ Processor အနေနဲ့ 6th generation i5 6300 HQ Quad Core ကိုသုံးပေးထားပြီး သူ့ရဲ့ CPU speed ကလည်း 2.3GHz (6M Cache, up to 3.2 GHz) လောက်အထိ အမြန်နှုန်းမြင့်ပါတယ်။ သူ့ရဲ့မှတ်ဉာဏ်ကိုလည်း 8 GD3L/1600 MHz ထည့်ပေးထားတဲ့အတွက် data တွေကို အမြန်နှုန်းနဲ့ မှတ်ပေးမှာဖြစ်ပါတယ်။ ၁ မိနစ်ကို 5400 rpm နှုန်းနဲ့ 1 TB HDD ဖြစ်တဲ့အတွက်လည်း မိမိတို့၏ video files များ၊ photos များ၊ အခြားအရေးကြီး data များနှင့် games များစွာကိုလည်း လုံလုံလောက်လောက်ထည့်သွင်းနိုင်မှာဖြစ်ပါတယ်။ Graphic ပိုင်းတွင်လည်း Nvidia GeForce GTX960M 4 GB DDR5 အမြင့်ပိုင်း graphic card ကို သုံးပေးထားတဲ့အတွက် Game အမြင့်ပိုင်းတွေကို ဆော့ချင်လား၊ Design ပိုင်းတွေမှာသုံးချင်လား အဆင်ပြေအောင်သုံးစွဲနိုင်ပါတယ်။ resolution ကိုလည်း Full HD resolution (1920 x 1080) သုံးပေးထားတဲ့အတွက် ကြည်လင်ပြတ်သားတဲ့ရုပ်ထွက်ကိုလည်း မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ Screen size 15.6" ဖြစ်တဲ့အတွက် numeric keypad ပါဝင်ပြီး size ကြီးတာကို ကြိုက်နှစ်သက်သူတွေအတွက် အဆင်ပြေစေမယ့် Notebook တစ်လုံးဖြစ်ပါတယ်။ Internet အသုံးပြုနိုင်မည့် WiFi စနစ်ပါဝင်ပြီး (Wireless မြန်နှုန်းကိုလည်း 11 n လောက်အထိအမြင့်နှုန်းနဲ့ သုံးပေးထားပါတယ်။) Bluetooth လည်းပါဝင်ပြီး External port တွေဖြစ်တဲ့ HDMI, LAN, USB ports တွေလည်း စုံလင်စွာထည့်ပေးထားပါတယ်။ Dell ရဲ့ ထူးခြားဆန်းသစ်တဲ့ Feature များစွာအပြင် Multimedia ပိုင်းက Waves MaxxAudio ကိုသုံးပေးထားတဲ့အတွက် Song system ကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ပါတယ်။ Color အနေနဲ့ Black & Red ၂ ရောင်ကိုရွေးချယ်နိုင်ပြီး Warranty အား ဖြင့် 1 year parts & service ပေးထားပါတယ်။




## MiniDisplay Port to HDMI Adapter

**MUC**
**01-385978**

MiniDisplay Port to HDMI Adapter သည် HD Monitor , Projector, LCD များတွင် အသုံးပြုနိုင်သည့် HDMI connector ပစ္စည်းလေးဖြစ်ပါတယ်။ Adapter သည် Input အနေဖြင့် Mini Display port 1.1 a နှင့် Output အနေဖြင့် HDMI 1.3 b ကို support ပေးပါသည်။ Resolution အနေဖြင့် HDMI ၏အမြင့်ဆုံး Video Resolution ဖြစ်သော 1080p အထိရရှိနိုင်ပါသည်။ HDMI Data transfer rate အနေဖြင့် 225 MHz/ 2.25 Gbps per Channel အထိ အမြင့်ဆုံးနှုန်းအထိ အလုပ်လုပ်နိုင်ပါသည်။ Minidisplay port to HDMI adapter နှင့်တွဲဖက်အသုံးပြုနိုင်သော Apple product များမှာ Mac, Mac Mini, Mac Pro, MacBook Air , MacBook Pro တို့နှင့်လည်း အသုံးပြုနိုင်ပါသည်။




## Beat Pill XL Bluetooth Speaker

**Horrier Mobile**
**09-979987611**

နာမည်ကြီး Beat အမှတ်တံဆိပ်မှ ထွက်ရှိသော XL Size Bluetooth speaker ပဲဖြစ်ပါတယ်။ အရင်ထွက်ရှိ Pill speaker ထက် size ၂ဆခွဲကျော်ကြီးမားသည့်အတွက် Bass အသံအထူးပိုမိုကောင်းမွန်ပြီး Battery time ပိုမိုကြာရှည်ခံကာ ပေ ၆၀ ပတ်လည်အခန်းလုံးပြည့်အသံ Quality ကို ကောင်းစွာနားဆင်နိုင်သော version ပဲဖြစ်ပါတယ်။ Otuobor Usage, Picnic, Birthday Party စသည့် သူငယ်ချင်းများ ပျော်ပွဲရွှင်ပွဲအခမ်းအနားများတွင် မိမိ၏ Beat စပီကာလေးကိုထုတ်ကာ Mobile Phone မှ အမိုက်စား Music များကို Bluetooth ဖြင့်ချိတ်ဆက်၍ အားပါးတရဖွင့်နိုင်ပါတယ်။ အနီ၊ အနက်၊ အဖြူဟူ၍ ၃ ရောင်ရရှိနိုင်ပါသည်။




## Tablet Car Seat Back Holder

**Horrier Mobile**
**09-979987611**

Tablet များအား မိမိ၏ ကားထိုင်ခုံနောက်ဘက်တွင် စမတ်ကျအကျချိတ်ဆွဲနိုင်သော Tablet Car Seat Back Holder လေးပဲဖြစ်ပါတယ်။ Samsung, iPad & China tablet Size စုံအား အကျဉ်းအကျယ်ပြု၍ ကားနောက်ခုံတွင် မြဲမြံစွာချိတ်ဆက်ထားနိုင်ပြီး touch ဖြင့်မှတ်ဆွဲ၍ Video နှင့် photo များကို ကြည့်ရှုနိုင်ပါတယ်။ Vertical, Horizonal လှည့်ကွေး၍ရပါသည်။




## Mini Display Port to VGA Adapter

**MUC**
**01-385978**

Mini Display Port to HDMI Adapter သည် Mac book ၏ Thunderbolt (or) Mini Display Port မှတစ်ဆင့် Projector တို့အပြင် အခြားသော Display Device များနှင့်ချိတ်ဆက်၍အသုံးပြုနိုင်သော Adapter တစ်ခုဖြစ်ပါသည်။ Adapter သည် အခြားသော Display Device များနှင့် တွဲဖက်အသုံးပြုသည့်အခါတွင် extend mode ဖြင့်လည်း အသုံးပြုနိုင်ပါသည်။ Mini Display Port to HDMI Projector များနှင့် တွဲဖက်အသုံးပြုလိုသူများအတွက်လည်း display port မှတစ်ဆင့် တိုက်ရိုက်ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ Adapter နှင့် Mac Book များကို တွဲဖက်အသုံးပြုရာတွင်လည်း HD ရုပ်ထွက်စနစ်ဖြစ်သည့် Mini Display Port မှ Analog ရုပ်ထွက်စနစ်ဖြစ်သည့် VGA အမျိုးအစားဖြစ်သော Monitor , LCD TV, Projector များတို့ဖြင့်လည်း မိမိကြိုက်နှစ်သက်ရာအသုံးပြုနိုင်ပါသည်။




## Mobile Gear VR Cinema

**Horrier Mobile**
**09-979987611**

ခရီးသွားရင်း သို့မဟုတ် အိမ်တွင်နေရင်း Video ဇာတ်ကားများကို မိမိတစ်ယောက်တည်း ရုပ်ရှင်ရုံတွင်ကြည့်နေသည့်အတိုင်း ခံစားရသည့် VR Gear headset လေးပဲဖြစ်ပါတယ်။ မျက်လုံးထိနိုက်ခြင်း၊ မူးဝေခြင်း အလျဉ်းမရှိ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပါတယ်။ Mobile Phone အား VR ထဲထည့်၍ မိမိ Phone ထဲရှိ Movi များအား အခြားသူများမမြင်ဘဲ၊ အသံမကြားဘဲ မိမိတစ်ဦးတည်းမြင်နိုင်ကြားနိုင် ကြည့်ရှုနိုင်ပါတယ်။ နိုင်ငံတကာတွင် ခေတ်စားနေသော gadget ဖြစ်သည်။




mzh
MYANMAR ZAW HTOO
MYANMAR ZAW HTOO
WATER TREATMENT
EXCELLENT PROFESSIONAL IN ALL TYPES OF WATER TREATMENT SYSTEMS
HIGH STANDARD HEAVY DUTY WATER TREATMENT SYSTEM
- 90000 GALLONS PER DAY
- 15000 LPH (360000 LPD)
- PRETREATMENT SYSTEM
- FULLY AUTOMATIC SYSTEM
- THE WHOLE COMPLETE SET
100% ORIGINAL
HIGH STANDARD HEAVY DUTY R.O + UV+ OZONE DRINKING WATER TREATMENT SYSTEM
- R.O + UV + OZONE SYSTEM
- 100 % ORIGINAL
- FULLY AUTOMATIC SYSTEM
- COMPLETE SET
- 100% GENUINE MADE IN TAIWAN
OXYGEN GENERATOR
OZONE GENERATOR
HIGH STANDARD HEAVY DUTY R.O + UV DRINKING WATER TREATMENT SYSTEM
- R.O + UV SYSTEM
- FULLY AUTOMATIC SYSTEM
- COMPLETE SET
- 100% GENUINE MADE IN TAIWAN
HIGH STANDARD HEAVY DUTY R.O + UV DRINKING WATER TREATMENT SYSTEM
- R.O + UV SYSTEM
- FULLY AUTOMATIC SYSTEM
- COMPLETE SET
- 100% GENUINE MADE IN TAIWAN
■ လူကြီးမင်းတို့၏ တန်ဖိုးကြီးမားလှသော ကမ္ဘာ့အဆင့်မီ ဟိုတယ်များနှင့် RESIDENCE များအတွက်
■ အကောင်းဆုံးနှင့်အဆင့်အမြင့်ဆုံး သုံးရေသန့်စင်စနစ်များ (DOMESTIC WATER TREATMENT SYSTEMS) (AVAILABLE BOTH FULLY AUTOMATIC AND SEMI-AUTOMATIC SYSTEMS) နှင့်
■ အသန့်ရှင်းဆုံးနှင့်အဆင့်အမြင့်ဆုံး သောက်ရေသန့်စနစ်များ (HIGH STANDARD R.O + UV DRINKING WATER SYSTEMS)
■ သည့် ကမ္ဘာ့အဆင့်မီ သောက်ရေနှင့်သုံးရေသန့်စင်စနစ်များ ရရှိနိုင်ပါသည်။
WE ARE SPECIALIST
■ အကောင်းတကာ့အကောင်းဆုံး သောက်ရေသန့်ရောင်းချလိုသူများအတွက်၊
■ သောက်ရေသန့်အစစ်အမှန်ရရှိရန် R.O ရေသန့်စက် အစစ်အမှန်ကိုသာတပ်ဆင်ချင်သူများအတွက်၊
■ မြန်မာနိုင်ငံတွင် တပ်ဆင်ထားခြင်းမဟုတ်ဘဲ ORIGINAL အစစ်အမှန်များကိုသာ လိုချင်သူများအတွက်၊
■ မြန်မာဇော်ထူး ရေသန့်စက် များမှ ထွက်သောသောက်ရေသန့်သည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဌာန မှ လက်ခံကျင့်သုံးနေသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ 'WHO' နှင့် နိုင်ငံတကာစံချိန်စံညွှန်း၊ ရေသန့်အရည်အသွေး၊ ရေသန့်အဆင့်အတန်းနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များနှင့် ကိုက်ညီစေရမည်ဟု အာမခံပါသည်။
QUALITY PREMIUM GUARANTEED
MADE IN TAIWAN
WE GUARANTEE THAT OUR PRODUCTS ARE 100% ORIGINAL AND GENUINE MADE IN TAIWAN PRODUCTS
1 YEAR WARRANTY
Show Room - 1 & Service Center
NO 325, GROUND FLOOR, BO SUN PAT STREET (OLD MG HTAW LAY STREET), UPPER BLOCK, PABEDAN TSP, YANGON. PH - 01 383842, 01 383876, 01 377920. (FAX) 01 243680
Show Room - 2
NO 353, GROUND FLOOR, SHINE CONDO, THEIN PHYU ROAD, MINGALAR TAUNG NYUNT TSP, YANGON. PH - 01 377425, 01 377426, 01 377427, 0925 4476 516, 0925 4476 517.
(Mobile) 097 333 8786 , 094 2018 2377, 097 334 8786 , 094 2018 2388
SUNDAY OFF

# Facebook Shopping

## Hand Charger



ဒီ Hand Charger လေးဟာ သင့်ရဲ့ဖုန်းတွေ၊ Tablets တွေကို ဘက်ထရီစွမ်းအား ပြန်လည်ဖြည့်တင်းပေးနိုင်ပါတယ်။ လျှပ်စစ်စွမ်းအား မလိုဘဲ ကိုယ့်လက်ကိုသာ အသုံးပြုပေးရမှာဖြစ်တာကြောင့် မီးမရှိတဲ့နေရာတွေကို သွားတဲ့အခါမှာလည်း ဖုန်းတွေ၊ tablets တွေနဲ့အတူ ယူဆောင်သွားနိုင်ပါတယ်။ ဘက်ထရီစွမ်းအား ရရှိစေနိုင်ဖို့အတွက် Charger ဘေးက အတံလေးကို လက်နဲ့လှည့်ပေးရမှာ ဖြစ်ပါတယ်။ ပြုလုပ်ရတာ လွယ်ကူပြီး အသုံးပြုရတာလည်း အဆင်ပြေပါတယ်။ တန်ဖိုးက ၅,၀၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူချင်တယ်ဆိုရင်တော့ My Data Online Store, ဖုန်း ၀၉-၉၇၃၁၀၅၀၁၀ ကို ဆက်သွယ်မှာယူနိုင်ပါတယ်။

## Universal Phone Holder



Universal Phone Holder က သင့်ရဲ့ဖုန်းကို တီဗီအသေးစားလေး တစ်ခုအဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ MTV တွေကြည့်တဲ့အခါမှာ လက်နဲ့ကိုင်ထားစရာမလိုဘဲ ကိုယ့်မျက်စိအနေအထားနဲ့ ကိုက်ညီတဲ့နေရာကို လိုသလို ကွေးညွှတ်နိုင်ပြီး ၃၆၀ ဒီဂရီကို လှည့်လည်အသုံးပြုနိုင်ပါတယ်။ ဂျပန်နည်းပညာနဲ့ပြုလုပ်ထားပြီး အရည်အသွေး အလွန်မြင့်မားတဲ့အပြင် ခုံမှာညှပ်ပြီး အသုံးပြုတဲ့အခါမှာလည်း ခုံကိုပွန်းပဲ့မှု မရှိအောင် ရာဘာနဲ့ ပြုလုပ်ပေးထားပါတယ်။ အရောင် ၅ မျိုး ရရှိနိုင်ပြီး ဈေးနှုန်းကတော့ ၆,၅၀၀ ကျပ် ဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင်တော့ My Data Online Store, ဖုန်း ၀၉-၉၇၃၁၀၅၀၁၀ ကို ဆက်သွယ် မှာယူနိုင်ပါတယ်။

# Facebook Game

## Soccer Stars




Soccer Stars ဂိမ်းဟာ သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ကစားနိုင်တဲ့ ဘောလုံးဂိမ်းတစ်ခုပဲ ဖြစ်ပါတယ်။ ကိုယ်ရရှိတဲ့ ဂိုးအရေအတွက်ပေါ်လိုက်ပြီးတော့ ပိုက်ဆံတွေလည်းရရှိနိုင်မှာပါ။ ကိုယ့်ရဲ့ရမှတ်ကို ဖေ့ဘုတ်ပေါ်မှာတင်ပြီး ကျန်တဲ့ကစားသမားတွေကို စိန်ခေါ်ကစားနိုင်ပါတယ်။ ဒါ့အပြင် တံခွန်စိုက်ပြိုင်ပွဲတွေကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကာ အားလုံးရဲ့ ထိပ်ဆုံးရောက်ရှိအောင် ကြိုးစားနိုင်ပါသေးတယ်။ ကိုယ့်နိုင်ငံကိုယ်စားပြုအနေနဲ့ အတော်ဆုံးကစားသမားတစ်ယောက်ဖြစ်အောင် ပြုလုပ်နိုင်တဲ့အခွင့်အရေးလည်း ရှိပါတယ်။ အနိုင်ရရှိခဲ့တဲ့ ပွဲအရေအတွက်၊ ရာခိုင်နှုန်း၊ နိုင်ခဲ့တဲ့ပြိုင်ပွဲ၊ သွင်းခဲ့တဲ့ဂိုးပေါင်း စတာတွေကို အခြားသူတွေမြင်အောင် ဖေ့ဘုတ်ပေါ်မှာ ပြသထားနိုင်ပါတယ်။

# facebook စာမျက်နှာများ

ဒီနေ့ခေတ် အွန်လိုင်းသုံးစွဲသူတွေကို အကြီးအကျယ် ဆွဲဆောင်ထားနေတဲ့ လူမှုကွန်ရက်ဝက်ဘ်ဆိုက် Facebook ဟာ သတင်းများ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ခြင်း၊ သူငယ်ချင်းများနဲ့ အလွယ်တကူ ဆက်သွယ်နိုင်ခြင်း၊ ဓာတ်ပုံ၊ ဟာသ၊ ကာတွန်းအစုံကို ဖတ်ရှုနိုင်ခြင်း၊ ဂိမ်းကစားနိုင်ခြင်းနဲ့ အခုနောက်ပိုင်းမှာ ခေတ်စားလာတဲ့ အွန်လိုင်းရှော့ပင်း ပြုလုပ်နိုင်ခြင်း စတဲ့အချက်တွေကြောင့် တွင်တွင်ကျယ်ကျယ် သုံးစွဲမှုတွေရှိနေတာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလိုစာမျက်နှာတွေကို ဘယ်လိုသွားရောက် လေ့လာရမလဲဆိုတာကို မသိရှိကြတဲ့သူများအတွက် Facebook မှာရှိနေတဲ့ စာမျက်နှာပေါင်းများစွာထဲကမှ အသုံးဝင်မယ့် ကောင်းနိုးရာရာ Facebook Page များကို စုစည်းပြီး NetGuide ပရိသတ်ကြီးအတွက် ရွေးချယ်တင်ဆက်ပေးလိုက်ပါတယ်။



### www.facebook.com/hairpics

ယောက်ျားလေးမှာပဲဖြစ်ဖြစ်၊ မိန်းကလေးမှာပဲဖြစ်ဖြစ် ဆံပင်ပုံစံက အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ဒီ latest HairStyles ဆိုတဲ့ စာမျက်နှာလေးက နောက်ဆုံးပေါ်ဆံပင်ပုံစံအမျိုးမျိုးကိုဖော်ပြပေးနေပါတယ်။ ကိုယ်အပြင်သွားတဲ့အခါ ဒါမှမဟုတ် ပွဲလမ်းသဘင်တွေ သွားတဲ့အခါမှာ ကိုယ်ဝတ်မယ့်ဝတ်စုံနဲ့ လိုက်ဖက်ညီတဲ့ ဆံပင်ပုံစံကို စဉ်းစားလို့မရတဲ့အခါ ဒီစာမျက်နှာလေးကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ တင်ပြပေးနေတဲ့ဆံပင်ပုံစံတွေက အလွန်ဆန်းသစ်လှပမှုရှိပါတယ်။ ကိုယ်လိုချင်တဲ့ဆံပင်ပုံစံ ဓာတ်ပုံတွေကို သိမ်းဆည်းထားပြီး ဆံပင်ညှပ်ဆိုင်မှာပြသကာ အလွယ်တကူ ညှပ်နိုင်ပါတယ်၊ ကိုယ့်မျက်နှာအနေအထားနဲ့ လိုက်ဖက်မှုရှိမယ့်ဆံပင်ပုံစံကို ရွေးချယ်ကာ လိုက်လံပြုလုပ်နိုင်ပါပြီ။ ဒါ့အပြင် ပိုမိုစုံလင်များပြားလှတဲ့ဆံပင်ပုံစံတွေကို ထပ်မံကြည့်ရှုနိုင်တဲ့ဝက်ဘ်ဆိုက်လင့်ကိုလည်း ဖော်ပြပေးထားပါတယ်။

### www.facebook.com/Myanmar-Use-Phone-Group-464303603581487/




ဖုန်းတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူအသုံးပြုနိုင်ဖို့အတွက် ဒီ Myanmar Used Phone Group ဆိုတဲ့ ဖေ့ဘုတ်ခ်စာမျက်နှာကို ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါတယ်။ အသုံးပြုပြီးသား ဖုန်းအသန့်တွေကို အချိုသာဆုံးဈေးနှုန်းနဲ့ ဝယ်ယူနိုင်မှာဖြစ်ပြီး မိမိလိုချင်တဲ့ဖုန်းအမျိုးအစားကို ရွေးချယ်နိုင်ပါတယ်။ ဖုန်းအမျိုးအစားနဲ့ သက်ဆိုင်ရာအချက်အလက်တွေအပြင် ကိုယ်ဝယ်ယူချင်တဲ့ဖုန်းအကြောင်း အသေးစိတ်ပိုမိုသိရှိချင်တယ်ဆိုရင် Chat box ကနေတစ်ဆင့် မေးမြန်းနိုင်သလို ဖုန်းဆက်ပြီးလည်း စုံစမ်းနိုင်ပါတယ်။ ဝယ်ယူနိုင်တဲ့ ဖုန်းအမျိုးအစားတွေက အလွန်စုံလင်လှပြီး အသုံးပြုပြီးသား ဖုန်းတွေအပြင် ပါကင်ပိတ်ထားတဲ့ ဖုန်းအသစ်တွေကို ဝယ်ယူရရှိနိုင်ပါသေးတယ်။ ဒါ့အပြင် ရောင်းချင်တဲ့ ဖုန်းတွေရှိရင်လည်း ဒီစာမျက်နှာကနေတစ်ဆင့် ပြန်လည်ရောင်းချနိုင်ပါတယ်။



### www.facebook.com/အထွေထွေဗဟုသုတလေးများ-439385742828340/

အထွေထွေ ဗဟုသုတလေးများဆိုတဲ့ ဖေ့ဘုတ်စာမျက်နှာမှာကတော့ ပေးထားတဲ့ နာမည်နဲ့အညီ ဝင်ရောက်ကြည့်ရှုလိုက်တာနဲ့ သင့်အတွက် ဗဟုသုတ အသိပညာတွေကို ရရှိစေနိုင်မှာပါ။ ထူးခြားဆန်းပြားတဲ့ ပြည်တွင်းပြည်ပ သတင်းတွေအကြောင်း၊ ရှားပါးတိရစ္ဆာန်တွေအကြောင်း၊ ဖြစ်တော့မဖြစ်ခဲ အဖြစ်အပျက်တွေအကြောင်း စတာတွေကို ရေးသားဖော်ပြပေးထားတဲ့ စာမျက်နှာပဲ ဖြစ်ပါတယ်။ ဖတ်ရှုတဲ့သူတွေ ပိုမိုစိတ်ဝင်စားအောင် တင်ပြထားတဲ့အကြောင်းအရာတွေ၊ သတင်းတွေနဲ့အတူ သက်ဆိုင်ရာဓာတ်ပုံတွေကိုပါ တစ်ပါတည်း တွဲဖက်ဖော်ပြပေးထားပါသေးတယ်။ ဖေ့ဘုတ်အသုံးပြုသူတွေအနေနဲ့ အကျိုးရှိစေမယ့် ဖေ့ဘုတ်စာမျက်နှာကောင်းတစ်ခု ဖြစ်တာကြောင့် like လုပ်ထားဖို့ကိုလည်း မမေ့ပါနဲ့ဦးလို့ တိုက်တွန်းလိုက်ချင်ပါတယ်။

### www.facebook.com/secretlove7777/




အခုဆိုရင် handmade ပစ္စည်းလေးတွေကလည်း လူငယ်တွေကြားထဲမှာ တော်တော်ရေပန်းစားလာပါပြီ။ ချစ်သူတွေအချင်းချင်း လက်ဆောင်ပစ္စည်းတွေပေးကြတဲ့အခါ handmade ပစ္စည်းလေးတွေက ပိုမိုလေးနက်တဲ့သဘောကိုဆောင်ပြီး ပိုမိုလည်း romentic ဆန်ပါတယ်။ ဒါကြောင့် အခုမိတ်ဆက်ပေးမယ့် စာမျက်နှာကတော့ handmade ပစ္စည်းတွေပဲ သီးသန့်ရောင်းချပေးနေတဲ့ Secret Love Origami and Handmade Online Shop-Yangon ပဲ ဖြစ်ပါတယ်။ အသုံးအဆောင်ပစ္စည်းပုံစံလေးတွေ၊ အရုပ်ကလေးတွေ၊ လူပုံစံလေးတွေကို ဒီဇိုင်းပုံစံဆန်းဆန်းလေးဖြစ်ပြီး ချစ်စရာကောင်းအောင် ပြုလုပ်ပုံဖော်ပေးထားပါတယ်။ အလှပြရုံသက်သက်မဟုတ်ဘဲ သော့ချိတ်လေးတွေ၊ ထည့်စရာခွက်လေးတွေကို အမှန်တကယ်အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းတွေကို တစ်ပါတည်းဖော်ပြပေးထားပြီး သဘောကျရင်တော့ မှာယူနိုင်ပါတယ်။




### www.facebook.com/PhotosAndNature/

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသလို ဖေ့ဘုတ်သုံးရင်း ကျန်းမာရေးဆိုင်ရာ ဗဟုသုတလေးတွေကို လေ့လာနိုင်အောင် ဒီ Healthy Knowledge စာမျက်နှာကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ ဆရာဝန်ကြီးတွေ ကိုယ်တိုင်ပြောကြားထားတဲ့ ကျန်းမာရေးအသိပညာပေးတွေ အကြောင်းအရာတွေကို အမြဲမပြတ် တင်ပြပေးနေတဲ့အပြင် လူသိနည်းတဲ့ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမယ့် နည်းလမ်းကောင်းတွေကိုလည်း ရေးသားဖော်ပြပေးနေပါတယ်၊ အစာလည်းဆေး ဆေးလည်းအစာဆိုတဲ့အတိုင်း ကျန်းမာရေးအတွက် ကောင်းမွန်တဲ့အသီးအနှံတွေရဲ့အာနိသင်တွေ၊ အစွမ်းသတ္တိတွေကိုလည်း အသိပညာပေးထားပါသေးတယ်။ ဒါ့အပြင် ဘယ်အရောင်က အစားစားချင်စိတ်ကို ပိုမိုဖြစ်ပေါ်စေတယ်၊ ဘယ်အရောင်ကတော့ စိတ်ကို ကြည်လင်လန်းဆန်းစေတယ် ဆိုတာတွေကိုပါ တင်ပြပေးထားပါသေးတယ်။

# ALIF Phone Shop

## & Authorized Money Changer

(နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ရေး)



Uni Mile PR 600 (CDMA 450) 200,000 Ks

Uni Mile PR 650 (CDMA 450) 150,000 Ks

Hand Set မျိုးစုံကို အသက်သာဆုံးဈေးနှုန်းဖြင့် ရောင်းချပေးပါသည်။

SIM Card မျိုးစုံဝယ်ယူရရှိနိုင်ပါပြီ။

အမှတ် (၁၇၀)၊ ရွှေဘုံသာလမ်း (အလယ်ဘလောက်)၊ မဟာဗန္ဓုလလမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph : 242643, 245107, 09-73003101 E-mail : alif.phoneshop@gmail.com

# HC HIGH CLASS

## Computer Training Center

ဓါတ်ပုံများအားလှပဆန်းကြယ်သော ဒီဇိုင်းများ-စာသားများဖန်တီးခြင်း၊ လိုင်စင်ပုံပြုလုပ်ခြင်း၊ ဓါတ်ပုံဟောင်းပြုပြင်ခြင်း၊ မြို/မဲပုံများ အရောင်သွင်းခြင်း၊ ကြော်ငြာဒီဇိုင်း၊ ဒီဇိုင်း၊ ပြက္ခဒိန်၊ မွေးနေ့ကဒ်၊ ဘွဲ့ချီးခြင်း၊ လိပ်စာကဒ်များပြုလုပ်ခြင်း၊ Logo ၊ CD Sticker ၊ CD Cover Design၊ Voucher Design များပြုလုပ်ခြင်း၊ မဂ္ဂဇင်း-ဂျာနယ် Layout ချခြင်း/မျက်နှာဖုံးဒီဇိုင်းများပြုလုပ်ခြင်း၊ e-book များပြုလုပ်ခြင်း နှင့် Website / Mobile Device များအတွက် ကိုယ်ပိုင်စိတ်ကူးဖြင့် ဒီဇိုင်းများ ဖန်တီးရေးဆွဲနိုင်မည့် ကျွမ်းကျင်သည့် Graphic Designer တစ်ဦးအဖြစ် လုပ်ငန်းခွင်ဝင်နိုင်သည် အထိ သင်ကြားပေးမည်

## Graphic Design သင်တန်း

- Adobe Photoshop Course
- Adobe Illustraror Course
- Adobe Indesign Course
- CorelDRAW Course

ဆက်သွယ်ရန် Mobile : 01-378748/09-5184485/09-73168462

Address:No.178,38 Street(Middle Block),Kyauktada Township.

Hot line - 0933445576



# xenovia Co.,Ltd

## MOVIE ဝါသနာရှင်များအတွက်

Movies, Cartoons, Series, TV Shows and Anime HD quality (1080p or 720p) များကို Digital Copy ဖြင့် ကူးပေးသည်။

ဈေးနှုန်းများ

Movies ,Cartoons and TV Show- 500 kyats
Series - 1,000 to 20,000 kyats (Per Season or Whole Series)
Anime - 100 kyats
(for 1 episode, Whole series price are also available)

External HDD ဖြင့်လာရောက်ကူးယူရမည်ဖြစ်သည်။

ရုပ်ရှင်တစ်ကားလျှင်အကြမ်းဖျင်း 5 GB မှစ၍ 20 GB အထိ ရှိနိုင်ပါသည်။
ဆိုက်ချုံ့ထားသော Bluray Rip များမဟုတ်ပါ။
5.1 Surround အသံအပြည့်ရပါသည်။
အင်္ဂလိပ်စာတန်းထိုးအမှန်ပါသည်။

✵ မြန်မာကားများ လုံးဝမရပါ။ ✵

အသေးစိတ်သိလိုပါက အောက်ပါ Facebook Page တွင် ဝင်ရောက်လေ့လာနိုင်သည်။
www.facebook.com/xenoviacompanylimited

ရုပ်ရှင်စာရင်းကိုအောက်ပါလင့်ခ်တွင် (သို့မဟုတ်) ဘားကုတ်တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။
http://tinyurl.com/xenovia

ဆက်သွယ်ရန် - အမှတ်၅၃၀၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်လမ်းထောင့် Orange Supermarket အရှေ့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

email - cyber.kingdom.xenovia@gmail.com

ဖုန်း - ၀၉၇၃၂၃၃၃၃၁၊ ၀၉၇၃၂၃၃၃၃၉

# Profit

သင်တန်းကို သင်တန်းလိုသင်တာထက် တကယ့်လုပ်ငန်းခွင်အတိုင်း သင်တာပါ

## Computer & Mobile Training Centre

**Practial A+ & Networking Course**

Hardware & System Administration အကြောင်းတို့ကို Theory နှင့်Pratical များစွာဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးပါသည်။ Desktop Computer များသာမက Laptop Computerများကိုလည်းကျွမ်းကျင်စွာ ပြုပြင်တပ်ဆင်နိုင်စေရန်အတွက် **ACER** နှင့် **MSI** တို့မှ Computer Technician များမှ Laptop များအကြောင်း ကူညီသင်ကြားပေးပါမည်။ Wire/Wireless Network အကြောင်းအရာများကိုလည်း အခြေခံမှစ၍လေ့ကျင့်သင်ကြားပေးပါသည်။

☞ sat & Sun (9:00 t0 11:00) ,(3:00 t0 5:00)

**Network Engineering Course**

Network Administrator/Network Engineerအဖြစ်ရပ်တည် လုပ်ကိုင်နိုင်စေရန်အတွက် Network Fundamental မှစ၍ သင်ကြားပေးမှာ ဖြစ်ပြီး Wire/Wireless Network,Network' တို့အပြင် Microsoft Windows Sever 2008/2012 တို့ကိုသင်ကြားပေးမည်ဖြစ်ပါသည်။ ☞ Sat & Sun (11:00 to 1:00 ),(1:00 to 3:00)

☞ ရုံးချိန်ပြင်ပ Mon To Wed (6:30Pm To 8:00 Pm)

**Mobile Phone Software =150,000 ks**

**Mobile Phone Hardware =150,000 ks**

Course နှစ်ခုလုံးတက်ရောက်သူများအတွက်

Pratical A+ Course Free

☞ ကွန်ပျူတာအခြေခံမရှိသူများကိုလည်းတက်ရောက်နိုင်ရန်စီစဉ်ပေးထားခြင်း
☞ Mobile Phone ပြုပြင်ခြင်းသာမက Computer ပြုပြင်ခြင်းတို့ကို ကျွမ်းကျင်ပြီး Techinan တစ်ဦးအဖြစ်လုပ်ငန်းခွင်ဝင်နိုင်ရန်အထိသင်ကြားပေးသည်။
☞ တစ်ပတ် ၆ ရက် သင်တန်းကာလ ၂ လ

CCNA / CCNP

Computer Application Course ~ I-Office, Advance Excel, Layout Design , DTP,Graphic Design Course

No.18(D-5), ဦးထွန်းလင်းခြံလမ်း (အင်းစစာအုပ်တိုက်အပေါ်ထပ်) သပြေညို (၁) လည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Phone ; 09-73084751, 09-420160229

SAMSUNG SEA FORUM
Vol . 4, Issue . 24




# Samsung မှ SEA Forum (2016) တွင် နည်းပညာနှင့် ထုတ်ကုန်အသစ်များ မိတ်ဆက်ပြသ

Samsung Electronics Co., Ltd မှ သုံးစွဲသူတွေရဲ့ လူနေမှုဘဝများအတွင်း အဓိပ္ပါယ်ရှိတဲ့ ပြောင်းလဲမှုများအား ဖန်တီးပေးနိုင်မယ့် ဆန်းသစ်တီထွင်ဖန်တီးထားသော နည်းပညာနှင့်ထုတ်ကုန်အသစ်များကို မလေးရှားနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ South East Asia Forum 2016 မှာ ထုတ်ဖော်ပြသခဲ့ပါတယ်။ ခေတ်နဲ့အညီပြောင်းလဲဆန်းသစ်လာမှုများအား အဓိကထား၍ အကန့်အသတ်မရှိတဲ့ Quantum dot မျက်နှာပြင်များနဲ့ ဖန်တီးထုတ်လုပ်ထားတဲ့ Curved SUHD TV တွေ၊ အဆင့်မြင့်စွာဖန်တီးပြုလုပ်ပေးထားတဲ့ Samsung Add Wash အဝတ်လျှော်စက်၊ အချိတ်အဆက်မိမိ တီထွင်ဖန်တီးထားတဲ့ Family Hubb ရေခဲသေတ္တာ၊ မျက်နှာပြင်ကျယ် Windows Tablet နဲ့အတူ Galaxy TabPro S စတဲ့ ထုတ်ကုန်အသစ်တွေကို မိတ်ဆက်ပြသခဲ့ပါတယ်။

Samsung Add Wash အဝတ်လျှော်စက်မှာ လျှော်ဖို့မေ့ကျန်ခဲ့တဲ့ အဝတ်အထည်အစရှိတာတွေကို စက်လည်ပတ်နေစဉ် အဝတ်လျှော်စက်ရဲ့ အဓိကတံခါးအားဖွင့်ဖို့အတွက် အဝတ်လျှော်စက်အတွင်း ရေတွေကုန်တဲ့အထိ စောင့်စရာမလိုဘဲ လွယ်ကူအဆင်ပြေသက်သာစွာဖြင့် ထူးခြားတဲ့ အဝတ်လျှော်စက်တံခါးအားဖွင့်ကာ ထည့်နိုင်မှာပါ။ ၎င်းတံခါးကနေ လျှော်နေစဉ်အတွင်းမှာလည်း အသာအယာလျှော်ဖွပ်နိုင်ဖို့အတွက် လက်ဖြင့်လျှော်ခြင်း (သို့) အဝတ်ပျော့ဆေးတွေ ထည့်သွင်းခြင်းတို့ကိုလည်း အချိန်မရွေး ထည့်သွင်းပြုလုပ်နိုင်ပါလိမ့်မယ်။ ဒီ Add Wash မှာ အချိန်ကုန်သက်သာစေခြင်းနဲ့ အဝတ်လျှော်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်လုပ်ဆောင်ချက်တွေပါရှိပြီး Super Speed လို့ခေါ်တဲ့ လုပ်ဆောင်ချက်အသစ်ကိုလည်း ထည့်သွင်းပေးထားပါတယ်။ ဒီ SuperSpeed လုပ်ဆောင်ချက်က ပုံမှန်ပြီးပြည့်စုံတဲ့ အဝတ်လျှော်ခြင်းအား အဝတ်လျှော်ခြင်းစွမ်းဆောင်ရည် လျော့ကျခြင်းမရှိဘဲ တစ်နာရီထက်လျော့နည်းတဲ့ အချိန်အတွင်းပြီးမြောက်စေမှာပါ။

နောက်ထပ်မိတ်ဆက်ပြသပေးခဲ့တဲ့ Family Hub ရေခဲသေတ္တာမှာတော့ ရေခဲသေတ္တာတံခါးအား ပိတ်လိုက်တဲ့အချိန်တိုင်း ဓာတ်ပုံရိုက်ယူနိုင်တဲ့ အရည်အသွေးမြင့် ကင်မရာ ၃ လုံးကိုရေခဲသေတ္တာအတွင်း ထည့်သွင်းပေးထားပါတယ်။ သုံးစွဲသူတွေအနေနဲ့ ၎င်းတို့ရဲ့ Smartphone တွေကို အသုံးပြုတဲ့အချိန်တိုင်းမှာ အဆိုပါ ရိုက်ကူးထားသော ဓာတ်ပုံတွေကို ဝင်ရောက်ကြည့်ရှုနိုင်ပြီး ရေခဲသေတ္တာအတွင်းမှာ မည်သည့်ပစ္စည်းများလိုအပ်ကြောင်း၊ ကျန်ရှိနေသေးကြောင်းကို အလွယ်တကူ သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် သုံးစွဲသူတွေအနေနဲ့ စားသောက်ကုန်ပစ္စည်းများအား ဝယ်ယူဖို့လိုအပ်ခြင်း ရှိ၊ မရှိကို အချိန်ကုန်သက်သာစွာဖြင့် စီမံခန့်ခွဲနိုင်မှာပါ။ ဒါ့အပြင် ရေခဲသေတ္တာ တံခါးအပြင်ရဲ့ ညာဘက်ခြမ်းအပေါ်မှာ (21.5) လက်မအရွယ်အစားရှိ Touchscreen တစ်ခုပါရှိပါတယ်။ ၎င်း Touchscreen မှာ သုံးစွဲသူတွေအနေနဲ့ ပို့စ်များတင်နိုင်ခြင်း၊ မျှဝေနိုင်ခြင်း၊ ပြက္ခဒိန်အား မှတ်သား၍ အချက်အလက်များ ထည့်သွင်းနိုင်ခြင်း၊ ဓာတ်ပုံများမှတ်တမ်းတင်ထားနိုင်ခြင်း၊ စာတိုမှတ်စုလေးများ မှတ်သားခြင်းစတာတွေကို သုံးစွဲသူတွေရဲ့ Smartphone နဲ့ ချိတ်ဆက်ကာ လွယ်ကူအဆင်ပြေစွာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ Bluetooth Speakers များနဲ့ Samsung Family Hub ကို ချိတ်ဆက်ကာ တေးဂီတသံစဉ်တွေကို နားဆင်ခံစားနိုင်သလို မိမိကြိုက်နှစ်သက်တဲ့ TV အစီအစဉ်တွေကို ကြည့်ရှုလိုရင်လည်း Samsung Smart TV များနဲ့အတူ Screen Mirroring အား အသုံးပြု၍ Family Hub မျက်နှာပြင်ပေါ်မှာ ခံစားကြည့်ရှုနိုင်ပါလိမ့်မယ်။ နောက်ထပ် Twin Cooling Plus နည်းပညာပါရှိတဲ့ Samsung RT - 7000 (TMF) ရေခဲသေတ္တာမှာတော့ သီးသန့်ထည့်သွင်းပေးထားတဲ့ ရေငွေ့ပျံ့စက် ၂ လုံးနဲ့အတူ ရေခဲသေတ္တာအပေါ်ဆင့်နဲ့ အောက်အဆင့်အတွင်းမှာ လေလမ်းကြောင်းနှစ်ခု ထည့်သွင်းပေးထားသောကြောင့် အစားအသောက်များအား ရေခဲသေတ္တာအပေါ်အဆင့်မှ အောက်အဆင့်သို့ဖြစ်စေ၊ အောက်အဆင့်မှ အပေါ်အဆင့်သို့ဖြစ်စေ ကူးပြောင်းရာမှာ ဆိုးရွားတဲ့ အနံ့အသက်တွေထွက်ခြင်းမှ ကာကွယ်ပေးပါလိမ့်မယ်။ အကန့် ၂ ကန့်အကြားမှာ လေရွေ့လျားမှုမရှိတဲ့အတွက် ရေခဲသေတ္တာအတွင်းရှိ စားသောက်ကုန်တွေရဲ့ မူလအရသာအား ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အစားအသောက်တွေကို ရေခဲသေတ္တာအတွင်း ဘယ်နေရာမှာမဆို သိမ်းထားရင်ပဲဖြစ်ဖြစ် ရေခဲသေတ္တာအတွင်းမှာ စိုစွတ်ထိုင်းမှိုင်းခြင်းများ ၇၀ ရာခိုင်နှုန်းနှင့်အထက် ထိန်းညှိပေးနိုင်ဖို့ အအေးခံစနစ်က ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

Samsung ရဲ့ 2016 SUHD TV တွေမှာ ကမ္ဘာ့ပထမဦးဆုံးသော Cadmium သတ္တုဓာတ်ကင်းစင်မှု၊ 10-bit Quantum dot မျက်နှာပြင်နဲ့ ရုပ်ပုံအရည်အသွေး ကြည်လင်ပြတ်သားတောက်ပမှု၊ အလင်းအမှောင်ပြတ်သားမှု၊ အရောင်အသွေး တိကျမှုစတာတွေကို အဓိကထားပံ့ပိုးထည့်သွင်း ဖန်တီးပေးထားပြီး ဘေးဘောင်မဲ့မျက်နှာပြင်ကွေးဒီဇိုင်း ပုံစံသေသပ်လှပစွာ ပြုလုပ်ပေးထားပါတယ်။ TV ကြည့်လေ့ရှိသူ အများစုဟာ အလင်းရောင်ရှိတဲ့ ပတ်ဝန်းကျင်မလိုအပ်ဘဲ အကောင်းဆုံးသော ကြည့်ရှုခံစားမှု အတွေ့အကြုံတွေ ပေးအပ်ဖို့အတွက် ၎င်းတို့ရဲ့ SUHD TV တွေကို ဖန်တီးတီထွင်ပေးခဲ့တာပါ။ ၎င်း TV တွေမှာ အလင်းနဲ့အမှောင်ကြားရှိ ရုပ်ပုံများအား ပိုမိုမြင့်မားတဲ့ အဆင့်ရှိသော အလင်းအမှောင်ထိန်းညှိပေးခြင်းအတွက် 1000 nit HDR Minimum နဲ့အတူ အရည်အသွေးမြင့်မားပြီး ကြည်လင်ပြတ်သားတဲ့ HDR အတွေ့အကြုံအား ပံ့ပိုးပေးပါလိမ့်မယ်။ New Ultra Black နည်းပညာအသစ်ပါရှိကာ ၎င်းနည်းပညာက အလင်းပြန်မှု၊ ရုပ်ပုံအရည်အသွေးအား အဆင့်မြှင့်တင်မှုနဲ့အတူ အရောင်အသွေးလွှမ်းစွာ တောက်ပမှုတို့ကို သိသာစွာ လျော့ချပေးမှာဖြစ်ပါတယ်။ Operating System မှာတော့ Tizen OS ကို အသုံးပြုပေးထားပြီး New Smart Hub, Smart Control Remote, Smart View Mobile Application နဲ့အတူ တစ်နေရာတည်းမှာ လွယ်ကူစွာဝင်ရောက်အသုံးပြုနိုင်ဖို့ ပြုလုပ်ဖန်တီးပေးထားပါတယ်။

အသုံးပြုသူတွေ မျှော်လင့်နေကြတဲ့ Galaxy TabPro S ကိုလည်း Samsung က ထုတ်ဖော်ပြသခဲ့ပြီး ၎င်း Tablet မှာ Samsung ရဲ့ နည်းပညာတွေနဲ့ Microsoft ရဲ့ Windows 10 စနစ်တို့ ပေါင်းစပ်ပါဝင်ပါတယ်။ Computer တွေနဲ့ Tablet တွေရဲ့ ရေပန်းအစားဆုံး Feature များကို ပေါင်းစပ်ပေးထားကာ ပေါ့ပါးလှတဲ့ Tablet တစ်လုံးမှာ Notebook PC တစ်လုံးရဲ့ စွမ်းဆောင်ရည်မျိုးကို ရရှိသုံးစွဲနိုင်မှာပါ။ နောက်ပြီးတော့ ၂၀၁၆ ခုနှစ်မှာ အရှေ့တောင်အာရှဒေသများနဲ့ သမုဒ္ဒရာပိုင်းဒေသနိုင်ငံများသို့ Samsung Pay ရောက်ရှိလာတော့မှာဖြစ်ပြီး စင်ကာပူနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတို့မှာ စတင်မှာဖြစ်တယ်လို့လည်း တရားဝင်ကြေငြာခဲ့ပါတယ်။ ဒါ့အပြင် My Samsung Program ကို စတင်မိတ်ဆက်ပေးခဲ့ပြီး အဲ့ဒီအစီအစဉ်က လက်ရှိနဲ့အသစ်အသစ်သော သုံးစွဲသူတွေအနေဖြင့် Mobile Application ကနေတစ်ဆင့် ဝင်ရောက်အသုံးပြုနိုင်တဲ့ အစီအစဉ်ပါ။ ၎င်း Application က အသုံးပြုသူများ ၎င်းတို့ပိုင် ထုတ်ကုန်တွေကို စီမံခန့်ခွဲနိုင်စေဖို့ ကူညီနိုင်ပြီး Customer Services Representative များကို အသုံးပြုသူများနဲ့ အလွယ်တကူ တိုက်ရိုက်ချိတ်ဆက်ပေးမှာဖြစ်ပါတယ်။

Samsung Electronics ရဲ့ Southeast Asia နဲ့ Oceania အကြီးအကဲနှင့် အမှုဆောင်ဖြစ်သူ Yong Sung Jeon က ''သုံးစွဲသူတွေရဲ့ လိုအပ်ချက်တွေကို ကျွန်တော်တို့ပြုလုပ်ဖန်တီးသမျှတိုင်းရဲ့ အဓိကအချက်အချာနေရာမှာ အမြဲနေရာပေးထားပြီး ပိုမိုကောင်းမွန်တဲ့ ထုတ်ကုန်နဲ့နည်းပညာအသစ်တွေကို ဖန်တီးမိတ်ဆက်ပေးလျက်ရှိပါတယ်။ ဒီနှစ်ကတော့ ခြွင်းချက်မရှိပါဘူး။ ပိုမိုမြင့်မားတဲ့ လူနေမှုဘဝကို ပိုင်ဆိုင်နိုင်ဖို့အတွက် အခြေခံကျကျ ပြောင်းလဲပေးနိုင်မယ့် ထူးခြားဆန်းသစ်တဲ့ ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုတွေနဲ့အတူ အဆင့်မြင့် IOT နည်းပညာတွေကို သုံးစွဲသူတွေရဲ့ နေ့စဉ်ဘဝထဲကို ယူဆောင်ပေးပြီး မိတ်ဆက်ပေးနိုင်ဖို့အတွက် အလွန်စိတ်လှုပ်ရှားမိပါတယ်''ဟု ပြောကြားခဲ့ပါတယ်။

Samsung Electronics ဟာ ယခင်နှစ်တွင် Nielsen နှင့် အာရှပစိဖိတ် Campaign တို့ ပူးပေါင်းဆောင်ရွက်ပြုစုခဲ့တဲ့ ''အာရှရဲ့အကောင်းဆုံး ထိပ်တန်းအမှတ်တံဆိပ် ၁၀၀၀'' နှစ်စဉ် Online Survey မှာ ၂၀၁၅ ခုနှစ်အတွင်း အာရှရဲ့အကောင်းဆုံး အမှတ်တံဆိပ်အဖြစ် လေးနှစ်ဆက်တိုက် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။ ဒါ့အပြင် Samsung ဟာ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးအစား ၁၄ မျိုးမှာလည်း အဆင့် ၅ အဖြစ် ရပ်တည်လျက်ရှိပြီး Smartphone တွေအပြင် ရေခဲသေတ္တာ၊ တီဗွီစတာတွေမှာလည်း ထိပ်ဆုံးက ဦးဆောင်လျက်ရှိပါတယ်။ သုံးစွဲသူတွေအတွက် ပိုမိုစိတ်တိုင်းကျ ပြုလုပ်ဖန်တီးနိုင်မယ့် အတွေ့အကြုံသစ်တွေ ပံ့ပိုးပေးခြင်းဖြင့် အရည်အသွေးမြင့် အမှတ်တံဆိပ်ရဲ့အဆင့်အား ပိုမိုတိုးတက်နိုင်စေဖို့အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်သွားဖို့ ရည်ရွယ်ထားကြောင်း သိရှိရပါတယ်။

MADG Mobile Application Developer Group

နိုင်ငံတကာအဆင့်မီသော iOS Developer ကိုယ်တိုင်သင်ကြားမည်။

Start Date
4.3.16 (Fri,Sat,Sun)

Professional iOS Developer Course

**Course HighLight**

iPhone/iPad Apps တွေကိုရေးပြီး Apps Store မှာတင်ရောင်းလိုသူများအတွက်။

Objective-C Programming
Memory Management
Application and View Life Cycle
Tables/Custom View
Navigation
Model View Controller(MVC Design)
Gestures/UIWebview
Core Data(Sqlite)

သင်တန်း လက်ခံနေပါပြီ။

Registering as an Apple Developer
Run App on Device
Individual App Project:Start to Finish
Submitting App to Apple
Human Interface GuideLines and
Device Setup
Push Notification
Storyboarding Integration

Special Promotion For February only

iOS Professional Developer တစ်ယောက်ဖြစ်ရန်အခြေခံမှစ၍သင်ကြားပေးသည်။Mac OS X,iOS Developer တစ်ယောက်ဖြစ်စေရန်Xcode,iOS SDK,Apple's tools များသုံး၍သင်ကြားပေးခြင်း။ Mac OS နှင့် iOS applicationများ ရေးသားနိုင်ရန်အခြေခံကျသော Objective-C Programming၊Swift နှင့် Frameworks ကိုအသုံးပြု၍ Powerful ဖြစ်တဲ့ application များရေးသားနိုင်ရန် သင်ကြားပေးခြင်း။သင်တန်းပြီးဆုံးလျှင် Theory and Practical တို့ကိုကျွမ်းကျင်သော Professional iOS/Mac Developerတစ်ယောက်အဖြစ်ရပ်တည်နိုင်မည်ဖြစ်သည်။

အမှတ် (၃၀)၊မြေညီထပ်၊သမိန်ဗရမ်းလမ်း၊တာမွေဗလီနှင့်အသောကမှတ်တိုင်ကြားတာမွေမြို့နယ်၊ရန်ကုန်မြို့။ Ph : 09-799583044,09-252389568

# မိုးထက်ယံ

Start Date
18.2.16(Mon-Thu)
20.2.16(Mon-Thu)
22.2.16(Mon-Thu)

မိုဘိုင်းဖုန်းအထူးပြုပြင်ရေးနှင့်သင်တန်းကျောင်း

Special Promotion
~~400,000 Ks/-~~
200,000 Ks/-

Hardware အထူးတန်းခွဲသစ်

## Hardware Course

၁၀၀% အာမခံဖြင့်သင်ကြားမည်။

- SMD Devices များအကြောင်းနှင့် အလုပ်လုပ်ပုံ။
- Heat Gun ၏ Heat Flow System များအကြောင်း။
- ဖြုတ်/တက်ပြုလုပ်ရာတွင်အလွယ်တကူပျက်စီးနိုင်သော ကော်ပါသည့် Socket နှင့် Connector များကိုမပျက်စီးစေဘဲလွယ်ကူစွာဖြုတ်/တပ်နည်း။
- Power မပွင့်ခြင်း၊ Product ID ပျောက်ခြင်း၊ဖုန်းခေါ်မရခြင်း၊စက်ပူလာခြင်း၊အားမဝင်ခြင်း၊ imei ပျောက်ခြင်း၊ shock ကျခြင်း၊Touch အသစ်လဲပြီးTouch မရခြင်း၊ LCD အသစ်လဲပြီး LCD မရခြင်း၊Backlight မလင်းခြင်း၊Mic အသစ်လဲပြီး Mic မရခြင်း၊ Handfree ပုံပေါ်ခြင်းစသည်တို့ကိုပြုပြင်ခြင်းများ။
- Touch နှင့် LCD တွဲလျက်များကိုခွဲနည်းများ။
- IC အမျိုးမျိုးဖြစ်သော Power IC ၊R.F IC ၊Memory IC ၊baseband IC ၊Bluetooth IC ၊Wifi IC နှင့် EMMC ၊CPU တို့ကိုခွဲခြားနိုင်စေရန်နှင့်လဲလှယ်နိုင်စေရန်။
- Hardware Error Solution နည်းပညာအသစ်များ။
- PCB ပေါ်ရှိ Error များကို Section များခွဲခြားပြီးတိကျမှန်ကန်စွာပြုပြင်တတ်စေရန် Schematic Diagram နှင့်Layout Diagram ဖတ်နည်းများ။
- iphone များ Error ဖြစ်ပေါ်ပါကပြုပြင်ခြင်းနည်းလမ်းသစ်များ၊IC လဲလှယ်ခြင်း၊Network Unlock နှင့် icloud unlock ပြုလုပ်ပုံများ။
- မည်သည့် Phone ကိုမဆို Power ပြန်လာအောင်ပြုလုပ်နည်းများ။
- Using Hardware Tool Box Solution များကိုစနစ်တကျသင်ကြားပေးမည်။

ဆိုင်သမားများအတွက်အထူးဈေးနှုန်းဖြင့်ပြုပြင်ပေးသည်။

အမှတ် (၃၀)၊ မြေညီထပ်၊ သမိန်ဗရမ်းလမ်း၊ တာမွေဗလီနှင့် အသောက မှတ်တိုင်ကြား၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
09 - 25 2389568, 09- 3349 5338 , 09 - 799917838, 09 - 799 583044

ဆရာအောင်ချိုထွေး [B.Sc-Math, CCNA, CCNA Security, CCNP, CCNP Security, MCP, MCTS, MCITP(SA)(EA), MCSA(2008), IDNC, IADNC] ဦးစီးသင်ကြားသော

Hot line : 09 430 67692
www.facebook.com/achnetworkpro

# ACH
Network Professional Training Center

*If You Want To Be Professional, Please Joine Up ACH !*

**CCNA (200-120)**
နံနက်ပိုင်းရုံးချိန်လွတ်သင်တန်း

CISCO CERTIFIED CCNA

**Tue,Wed,Thur,Fri**
**(7:00 AM - 8:30 AM)**
**3rd March 2016**

**Network Engineering**
Networking Basic & Advanced Level

N+

**Tue,Wed,Thur,Fri**
**(12:30 PM - 2:30 PM)**
**30th March 2016**



Special Promotion
10,000 Ks Discount
10th Feb to 28th Feb

ကျောင်းသားဟောင်းများအတွက်
Special Discount 20,000 ks

Center (I) တိုက် (၂၂)၊ ပထမထပ်၊ ကျိုက္ကဆံလမ်းမပေါ်၊ ကျိုက္ကဆံလမ်းနှင့် (၁၅၁) လမ်းထောင့်၊ ကျောက်မြောင်းဈေးမှတ်တိုင်ရှေ့၊ တာမွေ ။
Center (II) တိုက် (၃၄)၊ တတိယထပ်၊ ကျောက်မြောင်းဈေးလမ်း နှင့် (၁၅၁) လမ်းထောင့်၊ ကျောက်မြောင်းဈေးမှတ်တိုင်၊ ကျောက်မြောင်း တာမွေ ။




# ၂၀၁၆ တွင် ဈေးကွက်ထဲဝင်လာမည့် Android စမတ်ဖုန်းများ

ဆောင်းပါးရှင် – ဒေသက် (ဖြိုးနေဒစ်ဂျစ်တယ်ဓာတ်ပုံ)

နှစ်တစ်နှစ်ရောက်ပြီဆိုလျှင် နာမည်ကြီး branded စမတ်ဖုန်းများ အသစ်ထုတ်ရန် တန်းစီစောင့်ဆိုင်းကြပါသည်။ Android 6.0 ထွက်ပြီဟု ဆိုသော်လည်း ၂၀၁၅ ကုန်ချိန်အထိ တန်ဖိုးမြင့် Android စမတ်ဖုန်းများ တွင် ယင်းကို မတွေ့ရသေး။ ပြည်တွင်းသို့ရောက်လာသောစမတ်ဖုန်း အတော်များများမှာ Android 5.1 m အမြင့်ဆုံးဖြစ်သည်။ ၂၀၁၆ ခုနှစ် နွေရာသီတွင် ပြည်တွင်းသို့ဝင်လာဖွယ်ရှိသော စမတ်ဖုန်းများသည် Android 6.0 ကိုယူဆောင်လာကြလိမ့်မည်ဟုမျှော်လင့်ရပါသည်။ ၂၀၁၆ ခုနှစ်တွင် ဈေးကွက်ထဲသို့ဝင်ရန် တာစူနေသော Android စမတ်ဖုန်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### Samsung Galaxy S7 and S7 Edge

လာမည့်မတ်လတွင် ကျင်းပမည့်ဖြစ်သော Mobile World Congress တွင် Galaxy S7 ကိုမြင်ကြရပါမည်။ Galaxy S6 တွင် Samsung သည်ယင်း ၏ ကိုယ်ပိုင် Exynos processor ကို မသုံးဘဲ Qualcomm processor ကိုသာ ကျောထောက်နောက်ခံပြုခဲ့သည်။ ဤရည်ရွယ်ချက်အတိုင်းပင် Galaxy S7 တွင်လည်း ဆက်လက်ကျင့်သုံးသွားမည်ဟု မျှော်လင့်ရပါသည်။ Samsung သည် Snapdragon 820 processor ကို Galaxy S7 တွင် အသုံးပြု ရန်အတွက် စမ်းသပ်ခဲ့သည်။

စင်စစ်အားဖြင့် Samsung သည် Qualcomm နှင့်အတူယှဉ်တွဲ၍ အ လုပ်လုပ်သွားရန် စဉ်းစားထားပုံရပြီး Snapdragon 820 တွင် 3GHz အမြန် နှုန်းအထိအလုပ်လုပ်နိုင်သော Kyro CPU Cores များကို ထည့်သွင်းရန် ရည်ရွယ်ခဲ့သည်။ ယင်းရည်ရွယ်ချက်သာ အထမြောက်ခဲ့လျှင် Galaxy S7 တွင် Graphic အဖြစ် Adreno 530 ကိုမြင်ရနိုင်ပြီး LP DDR 4 RAM လည်း ပါဝင်လာနိုင်သည်။ RAM ပမာဏမှာလည်း ယနေ့ခေတ် တန်ဖိုးကြီး ဖုန်းများတွင်သုံးနေသည့် 4G အစား Galaxy S7 တွင် 6Gb ပါလာနိုင် သည်။ Screen မှာအလွန်ကောင်းနေပြီးဖြစ်ရာ S7 တွင် အသစ်အဆန်း မြင်ရစရာအကြောင်းမရှိပါ။ 5.1 in ရှိသော QHD Super AMOLED Screen သာဖြစ်စရာအကြောင်းရှိသည်။ S6 တွင် တွေ့မြင်ခဲ့ရသော fingerprint scanner နှင့် heart rate monitor တို့သည် S7 တွင် ပြန်ပါလာပါလိမ့်မည်။ Android 6.0 ကို အခြေခံပြီး Touch Wiz နှင့် ပွဲထွက်လာဖွယ်ရှိသော Galaxy S7 နှင့် S7 Edge တို့သည် ၂၀၁၆ ခုနှစ်တွင် လူကြိုက်အများဆုံး Android ဖုန်းများဖြစ်လာနိုင်ပါသည်။

### Sony Xperia Z6

စမတ်ဖုန်းလောကတွင် ကိုရီးယားဖုန်းများ အခြေအနေကောင်း သော်လည်း ၂၀၁၅ ခုနှစ်ထဲတွင် X peria Z5 ဖြင့် ပွဲထွက်လာခဲ့သော Sony သည်လှိုင်းကြမ်းလေကြမ်းများထဲတွင် စီးမျောခဲ့ရပါသည်။ Xperia Z 5 သည် အကြီးအကျယ်အောင်မြင်မှုဟု မျှော်လင့်ခဲ့ပြီး သင့်တင့်သ လောက်လည်း အောင်မြင်မှုရခဲ့သည်။ ၂၀၁၆ ခုနှစ်တွင်လည်း အဆိုပါ ရည်မှန်းချက်ကို ခိုင်ခိုင်မာမာစွဲကိုင်ပြီး Xperia Z 6 ဖြင့် ပွဲထွက်လာပါဦး မည်။

Xperia Z 6 နှင့်ပတ်သက်ပြီး သတင်းပေါက်ကြားမှု အနည်းအကျဉ်း သာရှိခဲ့သော်လည်း Sony သည် ခြောက်လတစ်ကြိမ် စမတ်ဖုန်းမော် ဒယ်အသစ်ထုတ်သည့်စီမံကိန်းကို ရပ်ဆိုင်းလိုက်ပြီဟု ယုံကြည်ရပါ သည်။ ထို့ကြောင့် Xperia Z 6 သည် ၂၀၁၆ ခုနှစ်စက်တင်ဘာလလောက် တွင်မှ ဈေးကွက်ထဲရောက်လာနိုင်ပါမည်။ Z6 သည် Z5 မှာကဲ့သို့ပင် ရေ လုံသည့်စွမ်းရည်နှင့် လက်ဗွေစနစ်များ ပါဝင်လာဖို့များသည်။ သို့သော် စမတ်ဖုန်းလောကတွင် တခြားဖုန်းများနှင့်မတူ တမူထူးကဲစွာလှုပ်ခတ် နိုင်ရန်အတွက် ဆန်းသစ်မှုတစ်ခုခုက ပါလာပါဦးမည်။

### LG V 10

စမတ်ဖုန်းလောကတွင် LG G4 Pro ကို Galaxy S6 ကဲ့သို့ပင်လူကြိုက် များကြပါသည်။ သို့သော် ဈေးနှုန်းကြီးမြင့်လှသဖြင့် လူတိုင်းဝယ်ဖို့ မ တတ်နိုင်။ သို့အတွက် LG G4 pro နှင့်ပုံစံတူပြီး ဈေးသက်သာစေရန် အ ရည်အသွေးလျှော့ထားသော LG V10 ကို ထုတ်ခဲ့ပါသည်။ ဤဖုန်းတွင် screen နှစ်ခုပါသည်။ screen resolution မှာ QHD ဖြစ်ပြီး ရှေ့မျက်နှာစာအ တွက် Selfie ကင်မရာလည်း နှစ်ခုပါဝင်သည်။ Video ကို မိမိစိတ်ကြိုက် ညှိပြီး ရိုက်ကူးနိုင်သော Manual Mode ပါဝင်ပြီး micro SD ကို 2 TB အထိ ထည့်သွင်းအသုံးပြုနိုင်သည်။

အတွင်း Storage 64Gb ပါသည်။ 3000 mAh ဘက်ထရီမှာ ဖြုတ်၍ တပ်၍ရသော ဘက်ထရီဖြစ်ရာ service ဌာနအများအပြားမထားနိုင်သေး သော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် သင့်တော်သည်။ CPU အဖြစ် hexa-core ပါ ဝင်သော Snapdragon 808 chip ကိုသုံးပြီး RAM 4G ပါဝင်လာပါမည်။ အသံ မှာ 32 bit Hi-Fi DAC ဖြစ်ပါမည်။ ၂၀၁၅ ခုနှစ် ကုန်ပိုင်းတွင် ဈေးကွက် ထဲသို့ပို့ရန် အထမမြောက်ခဲ့သော LE V10 သည် ၂၀၁၆ ခုနှစ်နှစ်ဦးပိုင်း ၌ ဈေးကွက်ထဲ ပီပီပြင်ပြင်ရောက်လာပါလိမ့်မည်။

### LG G Flex 3

မျက်နှာပြင်ခွက်ခွက်နှင့် LG G Flex 2 ဖုန်းသည်စိတ်ဝင်စားဖွယ်ကောင်း သောစမတ်ဖုန်းတစ်လုံးဖြစ်သည်။ ယင်းတွင်သုံးထားသောပစ္စည်းများက ခြစ်ရာထင်ခဲ့လျှင် အလိုလိုပျောက်သွားစေရန် လုပ်ဆောင်ပေးနိုင်သော အစွမ်းရှိသည်။ Flex 3 ကမူ ပို၍စိတ်ဝင်စားဖွယ်ကောင်းနိုင်ပါသည်။ ပေါ် ထွက်နေသောကောလာဟလများအရ Flex 3 သည် သတ္တုကိုယ်ထည်၊ premium design တို့နှင့် ပေါ်ထွက်လာမည်ဟုဆိုသည်။ ဤဖုန်းမော်ဒယ် အသစ်တွင် Qualcomm Smap dragon 820 ပါဝင်လာဖွယ်ရှိပြီး RAM အနိမ့် ဆုံး 4Gb ထည့်သွင်းပါလိမ့်မည်။ micro SD ကို 32Gb အထိ ထည့်သွင်းပြီး တိုးချဲ့နိုင်ပါမည်။



One Plus 3

ပေါက်ကြားလာသောသတင်းများအရ ဤဖုန်းတွင်ပါဝင်မည့်ဘက် ထရီမှာ 3500 mAh ရှိမည်ဟု သိရပြီး Finger print scanner ကိုလည်း ထည့် သွင်းပေးပါမည်။ ကင်မရာများ အဆင့်မြင့်လာပြီး ရှေ့ကင်မရာ 8 MP နှင့် နောက်ကင်မရာ 20.7 MP ရှိပါသည်။ LG G Flex 3 ကို ထွက်ပါတော့ မည်ဟု ကုမ္ပဏီက အတည်ပြုကြေညာခြင်းမရှိသေးသော်လည်း ၂၀၁၆ နွေရာသီထဲတွင် ဈေးကွက်ဝင်လာမည်ဟုမျှော်လင့်ရပါသည်။ ဈေးနှုန်း မှာ သက်သာမည်မဟုတ်ပါ။ ပေါင် ၅၀၀ ကျော် ကျသင့်ပါလိမ့်မည်။

### One Plus 3

One Plus သည်စမတ်ဖုန်းလောကတွင်အသစ်ဖြစ်သော်လည်း ၂၀၁၅ ခုနှစ်ကို ကိုင်လှုပ်ခဲ့သည်။ One Plus 2 နှင့် One Plus X တို့က ဈေးကွက်မှာ အောင်မြင်သည်။ ယခုလည်း One Plus 3 ဆက်၍ထွက်လာမည့်အသံကို တီးတိုးတီးတိုးကြားနေရပြီ။ နောက်ထွက်မည့်မော်ဒယ်ပုံစံကို အွန်လိုင်း ပေါ်တွင်လည်းတွေ့နေရပြီ။ ထိုပုံအတိုင်းဆိုလျှင် fingerprint scanner သီး ခြားပါမည့်ပုံမပေါ်ပါ။

One Plus သည် Sony ၏လမ်းစဉ်အတိုင်းလိုက်ပြီး Fingerprint Scanner ကို power button တွင်ထည့်မည့်ပုံပေါ်သည်။ သို့တည်းမဟုတ် fingerprint scanner စီမံကိန်းကို လုံးဝစွန့်လွှတ်ကောင်းလည်း စွန့်လွှတ်နိုင်သည်။ သို့ တည်းမဟုတ် ယင်းထက်ပိုပြီးဆန်းသစ်သော iris-scanning ကိုသုံးကောင်း လည်းသုံးနိုင်သည်။

ကနဦးပေါက်ကြားသော One Plus 3 ဆိုင်ရာအချက်အလက်များအရ ဆိုလျှင် One Plus 3 ၌သုံးမည့် CPU သည် 820 Chip ဖြစ်လာပါမည်။ ၂၀၁၆ ခုနှစ်ထုတ် ထိပ်တန်းအဆင့်ဖုန်းအားလုံးတွင် ယင်း processor ကို ပင် အများဆုံးသုံးကြပါလိမ့်မည်။ ထို CPU ကို သုံးခြင်းကြောင့် performance တက်လာမည့်အပြင်ဘက်ထရီအသုံးခံမှုပိုကောင်းလာပါမည်။ ယင်း CPU နှင့်တွဲမည့် Adreno 530 graphic ကလည်း အဆင့်အမြင့်ဆုံးဖြစ်ပါသည်။ Qualcomm Quick charge 3.0 ကိုသုံးသဖြင့် အားသွင်းချိန် အလွန်တိုပါမည်။ screen မှာ 1080 p အဆင့် Full HD ကိုအထောက်အပံ့ပေးပါမည်။ သုံးထား သည့်ပစ္စည်းများ အလွန်အဆင့်မြင့်သော်လည်း ဖုန်းကို ဒေါ်လာ ၅၀၀ အောက်ဈေးဖြင့်ရောင်းမည်ဟု ဆိုထားရာ သုံးစွဲသူတို့ အကြိုက်တွေ့ကြ ပါလိမ့်မည်။


Sony Xperia Z6

# မတ်ဇတ်ကာဘတ်၏ ဝီရိယအနှစ်ချုပ် Facebook






ဆောင်းပါးရှင် – မိုးမခ

၂၀၁၂ ခုနှစ်ကာလများတွင် မတ်ဇတ်ကာဘတ်တစ်ယောက် နေ့စဉ်လိုပင် လုပ်နေကျအလုပ်တစ်ခုမှာ Code များကို အားကြိုးမာန်တက် ရေးသားခြင်းဖြစ်သည်။ ဤသို့ CODE များကို နှစ်ခြိုက်စွာ ရေးသားနေခြင်းမှာ အကြောင်းရှိသည်။ သူ၏ ဖေ့စ်ဘွတ်ဝက်ဘ်ဆိုက်အား အစီအစဉ်ပြန်လည်မွမ်းမံ ဆန်းသစ်ရေးနှင့် ထူးခြားသော သွင်ပြင်လက္ခဏာတစ်ရပ်ရပ်ကိုဖော်ထုတ်နိုင်ရန် တစ်စုံတစ်ရာကို ရှာဖွေဖော်ထုတ်နေသည့် သဘောဖြစ်သည်။

ဇတ်ကာဘတ်က ကမ္ဘာ့အဆင့်မီသတင်းအချက်အလက်များ၊ ကမ္ဘာ့အဆင့်မီသတင်းပေးပို့မှုလုပ်ငန်း ဖန်တီးရေး၊ ကမ္ဘာ့အဆင့်မီဝက်ဘ်ဆိုက်ရှာဖွေရေး အစီအစဉ်၊ ကမ္ဘာ့အဆင့်မီ ပကတိပုံရိပ်များ ဖန်တီးတီထွင်မှုစသည့် ပြန်လည်မွမ်းမံတည်ဆောက်နေသောလုပ်ငန်းစနစ်များအကြောင်းကို ဇတ်ကာဘတ်က ရှင်းလင်းပြောပြသည်။ တစ်ခုတော့ရှိသည် ဤသို့သောကိစ္စပေါင်းစုံအတွက် သူတစ်ဦးတည်းက CODE ပေါင်းစုံကို တီထွင်ဖန်တီးရန်မှာ မဖြစ်နိုင်ကြောင်းသူက ဝန်ခံထားသည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ထူထောင်လိုက်သော ဖေ့စ်ဘွတ်ဝက်ဘ်ဆိုက်တွင် ကျွမ်းကျင်သူများက သေချာပေါက်အောင်မြင်လာမည်ဟု၍ တင်ထားခြင်းမရှိခဲ့၊ အကျိုးအမြတ်လည်း ကြီးမားစွာဖြစ်ထွန်းလာမည်ဟု မယုံမကြည်ဖြစ်ခဲ့ကြသည်။ ယခုအခါတွင်မူ ကမ္ဘာ့လူဦးရေတစ်ဘီလီယံခွဲက အသုံးပြုနေရသော ဖေ့စ်ဘွတ်ဘသို့ ရောက်ခဲ့ပြီဖြစ်သည်။ ဖေ့စ်ဘွတ်၏ အဓိကအပိုင်းတစ်ရပ်ဖြစ်သော Whats App တွင် လူသန်း ၉၀၀ က အသုံးပြုနေကြပြီဖြစ်ရာ ဈေးသက်သက်သာသာဖြင့် သုံးစွဲခွင့်ရသောဖေ့စ်ဘွတ်၏ လက်ရန်းတစ်ဆူဖြစ်လာပေပြီ။ လူသန်း ၄၀၀ က Instagram ,လူသန်း ၇၀၀ က Messenger, တစ်ဖန် လူသန်း ၇၀၀ ကလည်း Groups တွင် အသုံးပြုနေကြပြီးဖြစ်ရာ ဆက်လက်၍လည်း တိုးပွားများပြားလာနေဆဲဖြစ်သည်။

ဖေ့စ်ဘွတ်၏ အနာဂတ်တွင် အဓိကကျသော နည်းပညာရပ်သုံးခုကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေသည်။ တစ်ခုမှာ အေအိုင်နည်းပညာဟုဆိုသော Artificial Intelligence ဖြစ်သည်။ မှတ်ဉာဏ်တု သို့မဟုတ် ဦးနှောက်တုနည်းပညာဖြစ်သည်။ ဒုတိယဖန်တီးမှုကား Virtual Reality ဖြစ်သည်။ ပကတိအသွင်မြင်ရမည့် ပုံရိပ်တုနည်းပညာဖြစ်သည်။ နောက်ဆုံးတစ်ခုကား လေဆာဒရုန်းအစီအစဉ်ဖြစ်သည်။ ကောင်းကင်ယံတွင် ပျံဝဲနေသောဒရုန်းယာဉ်ပုံမှ လေဆာဖြင့် ပို့လွှတ်သောသတင်း အချက်အလက်များကို ကမ္ဘာတစ်ခွင် ပျံ့နှံ့စေရန် ဖြစ်သည်။

ဇတ်ကာဘတ်၏ဖေ့စ်ဘွတ်ဝက်ဘ်ဆိုက်ကြီးအား လူအများက အာရုံစိုက်လာစေရန် ပရိသတ်နှင့်အဆက်မပြတ်ထိတွေ့နေစေမည့် အစီအစဉ်ပေါင်းများစွာကို လာမည့်ဆယ်စုနှစ်ကာလအတွင်း အကောင်အထည်ဖော်မည်ဟု ဖေ့စ်ဘွတ်က ကြုံးဝါးထားသည်။

ဖေ့စ်ဘွတ်ကို စတင်ထူထောင်ကာစတွင် လူတိုင်းက အထင်သေးကြသည်။ ဇတ်ကာဘတ်လိုလူမျိုးမှာ ကုမ္ပဏီထောင်နိုင်စွမ်းမရှိဟု ယူဆခဲ့ကြသည်။ ဖေ့စ်ဘွတ်၏အဖွဲ့ဝင်လည်းဖြစ်၊ ရင်းနှီးမြှုပ်နှံသူလည်းဖြစ်သော မာစ်အင်ဒရီးဆင်ကမူ ဇတ်ကာဘတ်အား ယုံကြည်စိတ်ချထားသူဖြစ်သည်။ ဇတ်ကာဘတ်အနေဖြင့် အိုင်ဗီကောလိပ်၏ စီမံကိန်းတစ်ခုဖြင့် ဆီလီကွန်ဗယ်လီသို့ ရောက်ရှိလာစအချိန်တွင် ငယ်ရွယ်နုပျိုသောဇတ်ကာဘတ်လိုကောင်လေးတစ်ယောက်က ဤမျှကြီးမားကျယ်ပြန့်လှသော ဝက်ဘ်ဆိုက်ကြီးတစ်ခုထူထောင်နိုင်လိမ့်မည်ဟူ၍ မည်သူကမျှအိပ်မက်မက်မည် မဟုတ်ပေ။

ဖေ့စ်ဘွတ်ဆိုတာ ဟားဗတ်ဒေသရဲ့ပြင်ပကို ပေါက်ရောက်ဖို့ မလွယ်ပါ။ အထက်တန်းလွှာ အသိုင်းအဝိုင်းလောက်သာ သုံးနိုင်မည်။ လူအများကြားတွင် ထင်ရှားစွာ တွင်ကျယ်ဖို့မလွယ်လှ၊ မိုင်စပေ့ကို ပြိုင်နိုင်မည်မဟုတ်၊ ဝက်ဘ်ဆိုက်၏ တန်ဖိုးကို တိုးမြှင့်နိုင်စွမ်းမရှိ၊ ဆယ်ကျော်သက်တို့၏ကြားတွင် ထိုးဖောက်ရန်မလွယ်၊ စမတ်ဖုန်းလောကနှင့် ဆက်စပ်ဖို့အလွန်ခက်ခဲ၊ မိုဘိုင်းလောက ထိုးဖောက်ရန် ငွေကြေး မလုံလောက်စသည်စသည့် ဝေဖန်နှိပ်ကွပ်မှုပေါင်းများစွာကို ကျော်ဖြတ်လာရသော ဖေ့စ်ဘွတ်အဖို့ ယနေ့ကာလတွင် သုံးလပတ်ကာလအတွင်း ကြော်ငြာခပင် ဒေါ်လာ ၃.၈ ဘီလီယံရရှိနေသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်လာခဲ့ရသည်။ ဤအမြတ်အစွန်းမှာ ကမ္ဘာတွင် အကြီးမားဆုံးသော ဝက်ဘ်ဆိုက်ကြီး ခြောက်ခုအနက် လေးခုတို့၏ ဝင်ငွေထက်ပင် ကျော်လွန်ခဲ့သော အကျိုးအမြတ်ဖြစ်ခဲ့ရသည်။

ဇတ်ကာဘတ်၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ပင်ကိုယ်ပါရမီ အရင်းခံမြင့်မားသူတို့ထဲတွင် ဇတ်ကာဘတ်ကဲ့သို့သော စွမ်းရည်အထူးမြင့်မားသည့် ပုဂ္ဂိုလ်မျိုးကို ရှာဖွေမတွေ့ရှိသေးကြောင်း ဘရက်တေလာက ပြောဆိုခဲ့သည်။ ဘရက်တေလာသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်ကာလအတွင်း၌ ဖေ့စ်ဘွတ်၏ နည်းပညာဆိုင်ရာ အရာရှိချုပ်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဖေ့စ်ဘွတ်၏ အောင်မြင်ရေးလမ်းကြောင်းတွင် စမတ်ဖုန်းများပေါ်သို့ ဖေ့စ်ဘွတ်၏ အစီအစဉ်ကို ခိုင်မာစွာ တင်ပေးနိုင်ခဲ့သောကြောင့်လည်းဖြစ်သည်။ တစ်နည်းအားဖြင့် အလုပ်အပေါ် အာရုံစိုက်မှု ကြီးမားသလောက် အလုပ်လုပ်နိုင်စွမ်းလည်း အထူးပင်မြင့်မားလှေ့ရှိသောကြောင့် ဖေ့စ်ဘွတ်၏ အရှိန်အဟုန်မှာ ကြီးထွားကျယ်ပြန့်လာခြင်းဖြစ်သည်။

၂၀၀၇ ခုနှစ်က ဖေ့စ်ဘွတ်အတွက် ကျွမ်းကျင်ပညာရှင်ရှာဖွေရေးမှာ ပြဿနာတစ်ရပ်ဖြစ်ခဲ့သည်။ ဂူးဂဲလ်တွင် မိုဇီလာကို ကိုင်နေသော စင်းဘတ်၊ ရုရက်တွင် ဘက်စုံပညာရှင်ဖြစ်နေသော မိုက်ရှရွှတ်ဖာ၊ ယခင်က ဖေ့စ်ဘွတ်၏ ပူးတွဲလုပ်ဆောင်သူတစ်ဦးဖြစ်သည်။ ကီဗင်ဆစ်ထရွန်နှင့် မိုက်ခရက်ဂျာကဲ့သို့သော ပုဂ္ဂိုလ်များကို ပြန်လည်စုစည်းရသည်။ ထို့ပြင် ပေပယ်မှ ဒေးဗစ်မားပ်စ်ကိုလည်း အငှားဖြင့် ခေါ်ယူခဲ့ရသည်။ ဤကာလတွင် အင်စတာဂရမ်တို့ မက်စင်ဂျာတို့မှာ ပရိသတ်ထုကြီးမားကျယ်ပြန့်နေဆဲကာလဖြစ်ရာ ဖေ့စ်ဘွတ်အနေဖြင့် အခြားသော ဝက်ဘ်ဆိုက်ကြီးပေါင်းများစွာထံမှ လှေ့လာဆည်းပူးနေရဆဲသာ။

ဖေ့စ်ဘွတ်၏ မင်လိုပတ်ရုံးချုပ်နှင့် မိုင်ပေါင်းသုံးထောင်ကျော် ဝေးကွာသည့် နယူးယောက်မြို့၏ အနီးဝန်းကျင်မှ နိုဟိုတွင် သုတေသီတစ်ဦးဖြစ်သော ရော့ဖားဂတ်စ်ဆိုသူနှင့် တွေ့ဆုံကာ ဆော့ဖ်ဝဲလ်ဒီဇိုင်းသစ်တစ်ခုဖန်တီးရေးအတွက် ဆွေးနွေးတိုင်ပင်ခဲ့ရသည်။ ကွန်ပျူတာနှင့် ဗီဒီယိုဆက်စပ်မှုတွင် အရေးပါသော ဒေတာထိန်းသိမ်းမှု ဆော့ဖ်ဝဲလ်မှာ လက်တော့သမားများအတွက် များစွာအဆင်မပြေလှဘဲဖြစ်နေရာ ဤကိစ္စအားသုတေသီတစ်ဦးဖြစ်သည့် ရော့ဖားဂတ်စ်၏ အကူအညီကို ရယူခဲ့ရသည်။ လက်တော့အတွင်းရှိ အအေးခံကိရိယာမှာ အပြည့်အဝ လုပ်ဆောင်နိုင်သော စွမ်းရည်မြင့်မားသည့် ပစ္စည်းဖြစ်နေရာ ကွန်ပျူတာစနစ် ဆော့ဖ်ဝဲများနှင့် ဆက်စပ်၍ မရဖြစ်နေသည်။ ဤပြဿနာအား ဖားဂတ်စ်က ကြံစည်တီထွင် ပြုပြင်ဖန်တီးဖြေရှင်းပေးခဲ့ရသည်။

ဖေ့စ်ဘွတ်မိုဘိုင်းအင်တာနက်စနစ်များကြားတွင် အသုံးပြုနေသော ကွန်ပျူတာထိန်းချုပ်ရေးဆော့ဖ်ဝဲဒီဇိုင်းမှာ နည်းပညာအရ အခက်အခဲဆုံးတီထွင်ဖန်တီးရသော နည်းပညာဆိုင်ရာစိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း ဇတ်ကာဘတ်က ထုတ်ဖော်ပြောဆိုခဲ့ရသည်။ သို့ဖြစ်၍ သူ၏ ကြံစည်တီထွင်မှုလုပ်ငန်းများတွင် သုတေသန ဓာတ်ခွဲခန်းတစ်ခု ထူထောင်ရေးအတွက် မရှိမဖြစ်သော လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ကာ ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သော ရန်လီကွန်းအား ခေါ်ယူခဲ့ရသည်။ ယန်လီကွန်းသည် နယူးယောက်တက္ကသိုလ်မှ ကမ္ဘာ့အဆင့် ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်ပြီး နောင်တွင် မှတ်ဉာဏ်တုနည်းပညာဆိုင်ရာ ဓာတ်ခွဲခန်းလုပ်ငန်းကို ကြီးကြပ်ရသူဖြစ်လာသည်။

ဖေ့စ်ဘွတ်အနေဖြင့် လာမည့်ငါးနှစ်မှ ဆယ်နှစ်အတွင်း၌ ကမ္ဘာတစ်ဝန်းရှိ လူသားတို့အတွက် အမြင်အကြား၊ ဘာသာစကားနှင့် ယေဘုယျသိမြင်မှုဆိုင်ရာ အာရုံခံကိရိယာများကို အမျိုးမျိုးသော နည်းပညာတို့ဖြင့် တီထွင်ဖန်တီးတည်ဆောက်ပေးနိုင်သော ကိရိယာသစ်များကို ပိုမိုအာရုံစိုက်လုပ်ဆောင်ပေးရမည်ဟု ဇတ်ကာဘတ်က ယုံကြည်သိမြင်ထားရာ ၎င်းတည်ထောင်ပေးထားသော သုတေသနဓာတ်ခွဲဖြင့် ဆက်လက်တီထွင်ကြံဆ၍ ပြဿနာများကို ဖြေရှင်းပေးရပေတော့မည်။

ဇတ်ကာဘတ်မှာ သူ၏ လုပ်ငန်းအရပ်ရပ်အပေါ် ပြန်လည်ကြည့်ရှုသုံးသပ်သော အလေ့အထကြီးမားသူဖြစ်၏။ သူ၏ စရိုက်သဘာဝကိုလည်း သူ၏ ဝန်ထမ်းများသို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုဟန်ရှိသည်။ သူ၏ ဝန်ထမ်းတစ်ဦးချင်းစီကို စကားပြောလေ့ရှိသည်။ ဖေ့စ်ဘွတ်၏ အဖွဲ့ဝင်လူကြီးတစ်ဦးလည်းဖြစ်ပြီး ဘီလ်ဂိတ်ဖောင်ဒေးရှင်းတွင် CEO တာဝန်ယူထားသော ဆူဒက်စ်မွန်ဟဲလ်မန်းက ဇတ်ကာဘတ်နှင့် ဘီလ်ဂိတ်တို့မှာ ဟားဘတ်မှ ထွက်လာသော ကျောင်းသားဟောင်းများဖြစ်ပြီး သူတို့နှစ်ဦး၏ လုပ်ရည်ကိုင်ရည်နှင့် စဉ်းစားတွေးခေါ်တီထွင်ဖန်တီးတတ်သော ဓလေ့စရိုက်မှာ တူညီသောလက္ခဏာရှိကြောင်း၊ မည်သည့်အခက်အခဲမဆို ဖြေရှင်းနိုင်သောနည်းလမ်းများရှိသည်ဟု ယုံကြည်ကြသူများဖြစ်ကြောင်း၊ ဤသို့တူညီသောစိတ်ဓာတ်ဖြင့် ကြိုးစားအားထုတ်မှုမှာ အံ့သြဖွယ်ရကောင်းကြောင်း ချီးမွမ်းပြောဆိုခဲ့ပေသည်။

မတ်ဇတ်ကာဘတ်သည် တစ်စုံတစ်ခုသော အကြောင်းကိစ္စအား ခန့်မှန်းတွက်ဆခြင်းနှင့် သုံးသပ်ဆုံးဖြတ်ရာ၌ သူထက်သာလွန်သော ပုဂ္ဂိုလ်မျိုးကို တစ်ခါမျှ မတွေ့မြင်ဖူးကြောင်း လုပ်ငန်းဆောင်ရွက်ရေး အရာရှိချုပ် ရှာရီးခင်းဘတ်က ပြောဆိုခဲ့ပေသည်။ ဇတ်ကာဘတ်သည် သူနှင့် တန်းတူရည်တူရှိသော အခြားသော လုပ်ငန်းခေါင်းဆောင်များနှင့် ကွဲပြားခြားနားသော အချက်မှာသူ၏ ဦးဆောင်အဖွဲ့များကို တည်တည်ငြိမ်ငြိမ် စီမံခန့်ခွဲနိုင်ရေးအတွက် ထိန်းသိမ်းလွှမ်းမိုးထားနိုင်ခြင်းဖြစ်ပေသည်၊ ဇတ်ကာဘတ်က သူ၏မတူညီသော ကွဲပြားခြားနားမှုစရိုက်ရှိသူများအား လမ်းခွဲလေ့ရှိသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များအား တစ်ဖက်တစ်လမ်းမှနေ၍ ကူညီပံ့ပိုးမှုများပြုလုပ်ပေးသည်။ ကီဗင်ဆစ်ထရွန်နှင့် မိုက်ခရက်ကိုတို့မှာ တစ်ချိန်က ပူးတွဲလုပ်ကိုင်ခဲ့သူများဖြစ်သော်လည်း နောက်ပိုင်းတွင် ဖေ့စ်ဘွတ်မှ ထွက်ခွာသွားခဲ့ကြပြီး သီးသန့်လုပ်ငန်း ထူထောင်နေကြသူ များဖြစ်သည်။

ဖေ့စ်ဘွတ်အနေဖြင့် အင်စတာဂရမ်၏ စီးပွားရေးဖန်တီးမှုကိုလည်း လေ့လာစူးစမ်းကြည့်မိသည်။ အထူးသဖြင့် အင်စတာဂရမ်၏ ကိုယ်ပိုင်ဝန်ဆောင်မှုပုံစံမှာ အတုယူဖွယ်ရာဖြစ်သည်။ သို့ဖြစ်၍ ဇတ်ကာဘတ်သည် Pay Pal ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသူ ဒေးဗစ်မားကပ်စ်အား ၎င်း၏ Chat Product အား ဖေ့စ်ဘွတ်၏ စမတ်ဖုန်းဗားရှင်းမှ ဖယ်ရှားပစ်ရန် ကြိုးပမ်းခဲ့ရသည်။ ဤသို့ ပြုလုပ်ရခြင်းမှာလည်း ဖေ့စ်ဘွတ်အသုံးပြုသူများအနေဖြင့် ဒေါင်းလုပ်ဆွဲရာတွင်သီးခြား App များကို အသုံးပြုနေရသောကြောင့်ဖြစ်သည်။ ဤသို့ဖြင့် မက်စင်ဂျာအား သီးခြားခွဲထုတ်ကာ ၎င်း၏ကိုယ်ပိုင် App စတိုးများကို တည်ထောင်ပေးခဲ့သည်။ ဤသို့ပြုလုပ်ပေးရခြင်းမှာလည်း အကြောင်းရှိပေသည်။ မက်စင်ဂျာသည် တရုတ်နိုင်ငံတွင် ထိုးဖောက်ဝင်ရောက်နေပြီး ပရိသတ်များ ထပ်မံတိုးချဲ့ဖမ်းစားထားနိုင်ခြင်းကြောင့် ဖြစ်သည်။ မက်စင်ဂျာအုပ်လည်း တရုတ်နိုင်ငံတွင် ESPN နှင့် လုပ်ဖော်ကိုင်ဖက်အဖြစ် ပူးပေါင်းသွားခဲ့ပြီး အဲဗားလိမ်းနှင့် ဇူလီလီတို့ကဲ့သို့ အင်တာနက်စီးပွားရေးဝန်ဆောင်မှု ကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်သော အခြေအနေသို့ ရောက်ရှိခဲ့သောကြောင့်ဖြစ်ပေသည်။

သို့ဖြစ်၍ ဒေးဗစ်မားကပ်စ်က မက်စင်ဂျာနှင့် ပတ်သက်ပြီး နောင်တစ်ချိန်တွင် စီးပွားရေးလုပ်ငန်းကြီး တစ်ရပ်ဖြစ်လာရေးနှင့် နည်းပညာအရ အချင်းချင်း ပြန်လှန်ဆက်သွယ် ပူးပေါင်းဆောင်ရွက်နိုင်ရေးအထိ မျှော်မှန်းတည်ဆောက်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်ပေသည်။

# TEXT စာလုံးလေးတွေကို ဖောင်းကြွဒီဇိုင်းပြုလုပ်နည်း

*ဆောင်းပါးရှင် – ဘလော့ခရီးသည်(နည်းပညာမျှဝေခြင်း)*

မင်္ဂလာပါ ဒီနေ့ Photoshop ဆိုင်ရာနည်းပညာလေးကတော့ စာလုံးတွေရေးသားတဲ့နေရာမှာ Text စာလုံးလေးတွေကို ဖောင်းကြွဒီဇိုင်းလေးတွေ ပြုလုပ်နည်းပဲဖြစ်ပါတယ်။ ဒီနည်းလမ်းလေးကို Photoshop ဝါသနာအိုးများအတွက် အသေးစိတ်ရေးသားရှင်းလင်းပြသထားပါတယ်။ ဒီနည်းလမ်းလေးကို ရေးသားပြုစုထားတာကတော့ ရိုးရိုးလေးဖြစ်ပါတယ်။ အောက်မှာ လေ့လာလိုက်ပါ။ ပထမဆုံး အသုံးပြုမည့် Photoshop Software ကို ဖွင့်လိုက်ပါ။ လုပ်ငန်းစလို့ရပါပြီ။

File>New ဖြင့် Page တစ်ခုတောင်းပါ။ width: 800 pixels, Height : 500 pixels ထားပါ။

(၁) Set foreground color: b7e101, Set Background color : 74a203 ထားပေးပါ။ ပြီးရင် Tool box မှ Gradient tool ကို သုံးပြီး အထက်မှ အောက်ဘက်သို့ ဆွဲချလိုက်ပါ။



(၂) Tool box မှ Horizontal Type Tool ကိုယူပါ။ ပြီးရင် ကျွန်တော် Love ဆိုတဲ့ စာလုံးရေးထားပါတယ်။ ပြီးရင် ကျွန်တော်အနီနဲ့ ဝိုင်းပြထားတဲ့ Toggle the character and Paragraph palettes ကိုနှိပ်လိုက်ပါ။ ကျလာတဲ့ ဟောက်မှာ font size :52 ပါ။ သူငယ်ချင်း အဆင်ပြေသလိုဆိုဒ်ထားပါ။ Set the tracking for the selected characters: 100 ထားပေးပါ။ Set the leading : Auto ထားပေးပါ။




(၃) Love ဆိုတဲ့ လေယာကို Layer > Rasterize>Type ကို နှိပ်ပေးပါ။ Layer> Duplicate layer (သို့) Ctrl + J နှိပ်ပေးပါ။ အောက်ဘက်မှ မူရင်းလေယာကိုတော့ ဘေးမှမျက်စိပုံလေးကိုနှိပ်ပြီး မှိတ်ပေးထားပါ။




(၄) နောက်ယူထားတဲ့ ကော်ပီလေယာပေါ်မှာ ဘယ်ကလစ်နှစ်ချက်အမြန်နှိပ်လိုက်ပါ။ Layer style box ကျလာပါလိမ့်မယ်။ တစ်ခြားနေရာကလည်းခေါ်လို့ရပါတယ်။ မြန်တဲ့နေရာပြလိုက်တာပါ။ သိပြီးသားတွေဖြစ်ရင်ဖြစ်မှာပါ။ Gradient Overlay ကိုရွေးပေးပါ။ ပြီးရင် ကျွန်တော်အနီနဲ့ ဝိုင်းပြထားတဲ့နေရာမှာ ကလစ်နှိပ်လိုက်ပါ။ Gradient Editor မှာ ဘယ်ဘက်က: cce80d ,ညာဘက်က : fffca6 ထားပေးပါ။ ကျွန်တော်ပုံနဲ့ သေချာပြထားပါတယ်။ အဆင်ပြေမှာပါ။





(၅) Edit > Transform>Skew ကိုနှိပ်ပါ။ ပြီးရင် ကျွန်တော်ဝိုင်းပြထားတဲ့နေရာကနေ ကီးဘုတ်မှ Alt key ကို ဖိပြီးဆွဲလိုက်ပါ။ အစောင်းပုံစံလိုချင်တာပါ။ ပုံလေးကိုကြည့်လိုက်ပါဦး။




(၆) Layer > New > Layer ယူပါ။ Tool box မှ Rectangular Marquee tool ကိုယူပါ။ Style မှာ Normal ကနေ Fixed Aspect Ratio သို့ပြောင်းပါ။ Width : 8, Height : 188 ထားပြီး ပထမဆုံးစာလုံးပေါ်မှာ ဆွဲလိုက်ပါ။ စပေ့ဘားနှင့်မျှားကီးကိုသုံးပြီး လိုချင်တဲ့နေရာကိုရွှေ့ပါ။ ပြီးရင် အဖြူရောင်ဖြည့်လိုကပါ။ အဖြူရောင်ဖြည့်ပြီးသွားရင် Filter > Blur> Gaussian blur နှိပ်ပါ။ Radius : 2.5 လောက်ပေးလိုက်ပါ။ Ctrl + D နှိပ်ပြီး စလက်ကို ဖျောက်ပြစ်လိုက်ပါ။ ကျွန်တော်ပုံနဲ့ ပြထားပါတယ်။



(၇) Layer > New > Layer ယူပါ။ Tool box မှ Rectangular Marquee tool ကိုယူပါ။ Style မှာ Normal ကနေ Fixed Aspect Ratio သို့ပြောင်းပါ။ Width: 24, Height :195 ထားပြီး ပထမဆုံး လိုင်းဆွဲထားတဲ့ စာလုံးပေါ်မှာ ဆွဲလိုက်ပါ။ ပြီးရင် အဖြူရောင်ဖြည့်လိုက်ပါ။ Filter > Blur> Gaussian blur နှိပ်ပါ။ Radius :9 လောက်ပေးလိုက်ပါ။ ကျွန်တော် ပုံနဲ့ပြထားပါတယ်။



(၈) ပြီးရင်တော့ ကျွန်တော်တို့ Blur သုံးထားတဲ့ လေယာနှစ်ခုလုံးကို Ctrl + E သုံးပြီးပေါင်းလိုက်ပါ။ ရှင်းသွားအောင် Blur လို့ အမည်ပေးလိုက်ပါ။ မှတ်မိရင်မပေးလဲရပါတယ်။ Edit > Free Transform (သို့) Ctrl + T ဖြင့် ပုံမှာပြထားတဲ့အတိုင်း 45 ဒီဂရီလောက်စောင်းလိုက်ပါ။ ဘေးဘယ်ညာမျှားသုံးရွှေ့ပါ။



(၉) ပေါင်းထားတဲ့ Blur Layer ကို Ctrl + J နှိပ်ပြီးပွားလိုက်ပါ။ ပွားတဲ့လေယာကို Move tool သုံးပြီး O ဆိုတဲ့ စာလုံးအပေါ်တင်ပါ။ နောက်ထပ် Ctrl + J နှိပ်ပြီးပွားလိုက်ပါ။ ပွားတဲ့လေယာကို Move tool သုံးပြီး V ဆိုတဲ့စာလုံးအပေါ်တင်ပါ။ ကျန်တဲ့စာလုံးတွေလည်းဒီအတိုင်းပါပဲ။ ပုံကိုကြည့်ပါ။



(၁၀) လေယာအားလုံးအပေါ်မှာ တင်ပြီးသွားရင်တော့ Ctrl + E သုံးပြီး အဲ့ဒီလေယာ (၄)ခုကို ပေါင်းလိုက်ပါ။ ပြီးရင် love copy ဆိုတဲ့လေယာအပေါ်မှာ Ctrl Key ကိုဖိပြီး ကလစ်တစ်ချက်နှိပ်လိုက်ပါ။ စာလုံးကို စလက်အဖြစ်နဲ့ရပါလိမ့်မယ်။ စလက်ရရင် Select > Inverse ကို နှိပ်ပေးပါ။ ပြောင်းပြန်ဖြစ်သွားရင် ကီးဘုတ်မှ Delete ကီးနှိပ်ပြီး ဘေးကအရာတွေကိုဖျက်ပြစ်လိုကပါ။ အတတ်နိုင်ဆုံး ကျွန်တော်ပုံမှာရှင်းအောင်ပြထားပါတယ်။ စလက်ကိုတော့ Ctrl + D နှိပ်ပြီးဖျောက်လိုက်ပါ။



(၁၁) Love ဆိုတဲ့ လေယာကို ပြန်သွားပါမယ်။ ဘေးမှ ဖျောက်ထားတဲ့ မျက်လုံးပုံကိုဖွင့်လိုက်ပါ။ ပြီး ရင် Edit > Transform>Skew ကိုနှိပ်ပါ။ Alt key ကိုသုံးပြီး မူလစောင်းထားတာထက် ပိုစောင်းလိုက်ပါ။ ပြီးရင်တော့ Enter ခေါက်ပေးလိုက်ပါ။




(၁၂) Edit > Transform> Scale ကိုနှိပ်ပါ။ ပြီးရင် အလယ်ကနေပြီးတော့ အောက်ဘက်ကို ဆွဲနှိမ့်ချလိုက်ပါ။ Enter ခေါက်ပေးလိုက်ပါ။




(၁၃) ဒီလေယာအပေါ်မှာဘဲ Ctrl Key ကို ဖိပြီး ကလစ်နှိပ်လိုက်ပါ။ စလက်အနေနဲ့ရပါမယ်။ ရရင် Tool box က Set foreground color မှာ #689106 ထားပေးပါ။ ပြီးရင် Paint Bucket tool သုံးပြီးစလက်အတွင်းမှာ လိုက်နှိပ်လိုကပါ။ ဆေးအရောင်ဖြည့်သွားတာ တွေ့ရပါမယ်။ စလက်ကိုတော့ Ctrl +D သုံးပြီးဖျောက်လိုက်ပါ။




စာမျက်နှာ (၂၄) သို့ ▶



# လူမှုဆက်ဆံရေး အဆင်ပြေစေဖို့

ဆောင်းပါးရှင် – အောင်ကိုဦး (UMK)

ဘဝမှာ အောင်မြင်ချင်တဲ့ သူတွေအတွက် Sociable လို့ဆိုတဲ့ ပေါင်းသင်းဆက်ဆံရေး ဝင်ဆံ့ဖို့ကလည်း အရေးကြီးတဲ့အချက်တစ်ခုပါ။ လုပ်အားစိုက်ထုတ်ရတဲ့ လုပ်ငန်းတွေကို အဆင်ပြေပြေ ဆောင်ရွက်နိုင်ဖို့ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ဖို့ လိုအပ်သလို လူမှုဆက်ဆံရေးအတွက် စိတ်က ကျန်းမာကြံ့ခိုင်ဖို့လိုပါတယ်။ ကိုယ်ခန္ဓာမကျန်းမာတာကတော့ နှာစေး၊ ချောင်းဆိုးစသည်ဖြင့် လက္ခဏာတွေပြရင် ဆရာဝန်နဲ့ သွားပြလို့ရတယ်။ စိတ်မကျန်းမာတာကရော ဘယ်လိုလက္ခဏာတွေနဲ့ စစ်ဆေးကြမလဲ ... မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားထားတာရှိပါတယ် ... အဲဒီအချက်(၈)ချက်လုံးနဲ့ တိုက်ဆိုင်နေပြီဆိုရင်တော့ ကိုယ့်ရဲ့ စိတ်ကျန်းမာရေးအခြေအနေ တော်တော်လေး ညံ့နေပါပြီ။ တော်တော်များများ တိုက်ဆိုင်နေရင်လည်း အဆင်မပြေပါဘူး ... အဲဒါတွေကတော့

## ၁။ သည်းခံကင်းကွာ

ထစ်ကနည်းရှိ၊ စိတ်ကို ... စိတ်ဆိုး ... စိတ်ကောက်၊ ပြဿနာဖြစ်၊ ဘယ်အရာမဆို အသေးအဖွဲကိစ္စတွေကအစ စိတ်တိုတတ်တာ၊ ဥပမာ စာရေးနေရင်း ဘောပင်က မှင်မထွက်ဘူး ... အင့်အင့်ဆိုပြီး ဆောင့်ချလိုက်တာမျိုး ...၊ လမ်းသွားရင်း ခလုတ်တိုက်ရင် သစ်ငုတ်နဲ့ ရန်ဖြစ်တာမျိုး၊ အဲဒီလို သေးသေးလေးကိစ္စတွေက အကြီးကြီးတွေ ဖြစ်ကုန်တတ်ပါတယ်။ တချို့မှုခင်းသတင်းတွေ ဖတ်ကြည့်လိုက်ရင် ဘာမဟုတ်တဲ့ ကိစ္စလေးတွေက လူသတ်မှုတွေအထိ ဖြစ်ကြတာ သည်းခံကင်းကွာကြောင့်ပါ။ သည်းခံမှုကင်းကွာနေပြီဆိုကတည်းက လူတွေနဲ့ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေဖို့ မလွယ်လှပါ။

## ၂။ ကြကာကြောက်မှု

တစ်နည်းအားဖြင့် ပြောရရင်တော့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအားနည်းတာပါ ... စစ်မရောက်ခင် မျှားကုန်တဲ့ သဘောပါ။ ဘာမှ မလုပ်ရသေးဘူး။ ငါလုပ်လို့ဖြစ်ပါ့မလား ...? ငါလုပ်လိုက်ရင်တော့ တစ်ခုခုဖြစ်သွား မလားစသည်ဖြင့် အရာရာကို တွေးကြောက်နေတတ်ရင်လည်း ကိုယ့်ရဲ့ စိတ်ကျန်းမာရေးအခြေအနေညံ့နေပါပြီ။

## ၃။ စွဲပြုကျိုးနည်း

လူငယ်တွေ အများဆုံးကြုံတွေ့ရမယ့် ကိစ္စတစ်ခုလို့ ယူဆပါတယ်။ တစ်ခါတစ်ရံ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ စကားစမြည်ပြောရင်းဆိုရင်း လူမှုရေးအရ လက်ဖက်ရည်ဆိုင်ထိုင်တာ ကိစ္စမရှိပေမယ့် နေ့စဉ်နဲ့ အမျှ မသွားရမနေနိုင်လုပ်တာမျိုး၊ Facebook အပါအဝင် အွန်လိုင်းပေါ်မှာ လိုအပ်တာထက် ပိုပြီးနေနေတာမျိုး၊ မိုဘိုင်းဂိမ်း၊ ကွန်ပျူတာဂိမ်း၊ အွန်လိုင်းဂိမ်း စတာတွေကိုလည်း အလွန်အကျွံဆော့နေတာမျိုးတွေကလည်း ကိုယ့်ရဲ့ စိတ်မကျန်းမာကြောင်း ပြသနေပါတယ်။ ဘာပဲလုပ်လုပ် စိတ်မကပ်တော့ဘဲ အဲဒီနေရာတွေမှာပဲ သာယာပြီး မျှောနေမယ်ဆိုရင် ပေါင်းသင်းဆက်ဆံရေး ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ပါ။

## ၄။ လွန်လွဲတွေးသိ

ဒါကတော့ အတွေးမှားတာ၊ ယုံကြည်မှုအားနည်းတာပါ။ သူများတွေ တိုးတိုးနဲ့စကားပြောနေကြတာ ကိုယ့်အကြောင်းပါချင်မှလည်း ပါလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်စိတ်ထဲကတော့ ''တွေ့မယ် ... ဒင်းတို့ ငါ့အကြောင်းတွေ ပြောနေကြတယ်'' စသည်ဖြင့် စိတ်ထဲက ထင်နေတာပါ။ ဒီထက်ပို ကြီးကျယ်တဲ့ လုပ်ငန်းကိစ္စတွေမှာလည်း တစ်ဖက်သားပြောတာက တစ်မျိုး၊ ကိုယ်ကထင်နေတာက တစ်မျိုးဆိုရင် လုပ်ငန်းကိစ္စအဝဝကို အတူတူ ဆောင်ရွက်လုပ်ကိုင်ဖို့ မလွယ်လှပါ။ ဒါကလည်း စိတ်မကျန်းမာခြင်းတစ်မျိုးပါပဲ။

## ၅။ သတိမေ့လျော့

သတိမေ့တာ စိတ်မကျန်းမာခြင်း တစ်မျိုးပါပဲ ...။ မေ့တယ်ဆိုတာ အာရုံမထားလို့ပါ။ အာရုံထားရင် မေ့မှာမဟုတ်ပါဘူး။ မျက်မှန်ဘယ်အနားထားမိမှန်းမသိဘူး ... ဟိုကိစ္စမေ့သွားတယ်။ ဒါလေးမေ့နေပြန်ပြီစတဲ့ အသေးအဖွဲ့ကိစ္စတွေမေ့တာက သိပ်ကြီးပြဿနာ မရှိပေမယ့် လုပ်ငန်းကိစ္စဆိုင်ရာတွေ၊ ဘဝနဲ့ဆိုင်တဲ့အရာတွေ မေ့ရင်တော့ ပြဿနာရှိပါတယ်။ ဥပမာ ကျွန်တော်တို့ လူငယ်တွေ ရန်ကုန်မြို့တော်ကြီးဆီကို ဘာလုပ်ဖို့ လာကြတာပါဘဲ ... နိုင်ငံခြားကို ဘာလို့သွားနေကြတာပါလဲ ... ကိုယ့်ရဲ့ဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် ရေကြည်ရာမြက်နုရာဆိုသလို ရွှေ့ပြောင်းပြီး ကြိုးစားဖို့လာကြတာပါ။ အဓိက ရည်ရွယ်ချက်ကို မေ့ပြီး တစ်နေ့ဝင်၊ တစ်နေ့ထွက် ဘာမှ မယ်မယ်ရရ မလုပ်ဖြစ်ဘဲ နေ့ရက်တွေကုန်ဆုံးသွားမယ်ဆိုရင်တော့ နောင်ဆယ်နှစ်ကြာသောအခါဆိုတာကို တွေးကြည့်လိုက်ပါ။

## ၆။ ပေါ့ဆထင်တွေး

အမှိုက်ကစ ပြဿဒ်မီးလောင်ဆိုသလို ပေါ့ပေါ့ဆဆတွေးတာဟာ နောင်မှာ များစွာသော ဆုံးရှုံးမှုတွေနဲ့ ကြုံနိုင်ပါတယ်။ မဖြစ်စလောက် လေ့ဝမ်းက အပေါက်ဟာ ရေလယ်ရောက်မှ ဒုက္ခရောက်နိုင်ပါတယ်။ စာရေးသူဟာ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံ၊ ဆရာကြီး/ဆရာမကြီးတွေဆီက မှတ်သားခဲ့ရတဲ့ စကားတွေ၊ ဖတ်ရှုမှတ်သားခဲ့တဲ့ စာပေတွေကို စာသင်ရင်းအလျဉ်းသင့်သလို ပြောပြပါတယ်။ သူတို့ကြိုက်တဲ့ အဆိုတော်ရဲ့သီချင်းကို အထပ်ထပ်အခါခါ နားထောင်နေပေမယ့် အဲဒီမှတ်သားစကားတွေကို ကြားရပါများတဲ့အခါ တချို့က ဆရာက အရမ်းပွားတာပဲလို့ တွေးနိုင်ပါတယ်။ အဲဒီလိုပေါ့ပေါ့ဆဆ တွေးတတ်တာကလည်း စိတ်မကျန်းမာခြင်းတစ်မျိုးပါပဲ။

## ၇။ မှိုင်ငေးတွေဝေ

စိတ်ပျံ့လွင့်တာများတဲ့အခါ ဘယ်သူဘာပြောပြော ကြားချင်ကြား၊ မကြားချင်မကြား ဖြစ်တတ်ပါတယ်။ ဒါဟာ ကိုယ့်စိတ်ကို ကိုယ်မနိုင်တဲ့ စိတ်မကျန်းမာမှု တစ်မျိုးပါပဲ။ ဒီလိုမျိုးဖြစ်နေတဲ့ သူတစ်ယောက်ဟာ လူမှုဆက်ဆံရေးနယ်ပယ်မှာ ဘယ်လိုနည်းနဲ့မှ အဆင်ပြေမှာမဟုတ်ပါ။

## ၈။ ပျင်းရိငြီးငွေ့

ပျင်းတာကို စိတ်မကျန်းမာတာလို့ စာဖတ်သူများ ရုတ်တရက် ထင်မိမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ပျင်းတာလည်း စိတ်မကျန်းမာခြင်း တစ်မျိုးပါပဲ ပျင်းပါများလာတဲ့အခါ ဖျင်းလာပါတယ်။ ဖျင်းတဲ့အဆင့်ရောက်ရင် သုံးလို့ မရတော့ပါဘူး ... အများနဲ့ ပူးပေါင်းလုပ်ကိုင်ရတဲ့အခါ ကိုယ်ကပျင်းပြီးတော့ ရေသာခို အချောင်လိုက်နေရင် လူတွေက ကိုယ်နဲ့ ပေါင်းသင်းဆက်ဆံချင်ကြမှာ မဟုတ်ပါဘူး ...။ ဖျင်းတဲ့ အဆင့်ရောက်ပြီဆိုရင်တော့ လူ့မှုပတ်ဝန်းကျင်မှာ အသုံးမတည့်ဘဲ အပြင်ဘက်ရောက် သွားပါလိမ့်မယ်။

စာဖတ်သူများ ဒီ (၈)ချက်မှာ ဘယ်နှစ်ချက်လောက် ပါဝင်နေလဲဆိုတာခုပဲ စစ်ဆေးကြည့်လိုက်ပါ ...

''သည်းခံကွာ၊ ကြကာကြောက်မှု၊ စွဲပြုကျိုးနည်း၊ လွန်လွဲတွေးသိ၊ သတိမေ့လျော့၊ ပေါ့ဆထင်တွေး၊ မှိုင်ငေးတွေဝေ၊ ပျင်ရိငြီး၊ ရှစ်ထွေစိတ်ရောဂါ''

ကျေးဇူးရှင် ဆရာကြီး ဦးမြကြိုင် စာသင်စဉ် ပြောပြသည်များကို အခြေပြုကာ ပြန်လည်ရေးသားမှုဝေပါသည်။

***Be The Best !***




◀ စာမျက်နှာ (၂၃) မှ

(၁၄) ဒေါင့်မှာလိုနေတဲ့ အပိုင်းတွေကိုတော့ Polygonal Lasso tool သုံးပြီးဆက်ပါ။ ပြီးရင် Bucket tool သုံးပြီး စလက်အတွင်းမှာ လိုက်နှိပ်လိုက်ပါ။ စလက်ကိုတော့ Ctrl +D သုံးပြီးဖျောက်လိုက်ပါ။ လွယ်ပါတယ်။ အနောက်ဘက်မှာပိုနေတဲ့ အရိပ်ကိုတော့ Eraser tool သုံးပြီး ဖျက်ပြစ်ပါ။



(၁၅) အပြင်ဘက်တအား ထွက်နေတဲ့အရိပ်ကိုတော့ အမောင်ကြီး ဖြစ်မနေစေချင်တဲ့အတွက် Tool box မှ Polygonal lasso tool သုံးပြီးဝိုက်ဆွဲကာ Dodge tool သုံးပြီးတော့ Exposure : 30 လောက်ထားပြီး ပြန်ဖွေးလိုက်ပါမယ်။ ပြီးရင်တော့ ဝါးစေချင်တဲ့နေရာလေးတွေကို Tool box က Blur tool သုံးပြီး အချောသတ်လိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ လှပတဲ့စာလုံးပုံစံလေးကို မြင်ရပြီပေါ့ဗျာ။ လုပ်ကြည့်စမ်းပါ။ သင့်လက်ရာကို ကြည့်ပြီး သင်ကိုယ်တိုင်ပီတိဖြစ်ရတာ ဘယ်အရာနဲ့မှုလဲလို့မရတဲ့ ခံစားမှုပါပဲ။ သူငယ်ချင်းတို့ ကျေနပ်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။



အချောသတ်ပုံလေးကတော့ ဒီလိုပုံလေးပါ။



# Phone Guide

OUR SELECTED MARKET COLLECTIONS

Mobile Collection  Mobile Comparison  Mobile Update Prices & Gadgets











# Lenovo Vibe S1

၂၀၁၅ မှာ အကောင်းဆုံးစမတ်ဖုန်းစာရင်းထဲမှာ Lenovo ပါဝင်နေခဲ့ပြီး အအောင်မြင်ဆုံး စမတ်ဖုန်းကုမ္ပဏီ (၅) ခုထဲမှာလည်း နေရာရရှိခဲ့ပါတယ်။ ဒီနှစ်အတွက် Lenovo ဟာ Vibe S1 ကို မိတ်ဆက်ခဲ့ပြီး Vibe ဟာဆိုရင် Lenovo စမတ်ဖုန်းတွေထဲက sub-series တစ်ခုလည်း ဖြစ်ပါတယ်။ Lenovo ဟာ Vibe S1 ရဲ့ဒီဇိုင်းကို ဦးစားပေးဖန်တီးခဲ့ပြီး Vibe S1 ဟာ front-facing ကင်မရာ (၂) လုံးပါဝင်တဲ့ ကမ္ဘာ့ပထမဆုံးစမတ်ဖုန်းတစ်လုံးလည်း ဖြစ်လာပါတယ်။

Vibe S1 ရဲ့ အထူးခြားဆုံးအချက်ကလည်း Selfie ရိုက်ကူးနိုင်တဲ့ ကင်မရာနှစ်လုံးနဲ့ feature ပါဝင်နေတာဖြစ်ပြီး ဖုန်းအတွင်းပိုင်း ကောင်းမွန်မှုနဲ့ အဆင့်မြင့်မြင့်ဒီဇိုင်းတို့ကို ထိုက်ထိုက်တန်တန်ဖြစ်အောင် တီထွင်ပေးခဲ့ပါတယ်။ စမတ်ဖုန်းထုတ်လုပ်သူ အများစုဟာ များသောအားဖြင့် ဈေးနှုန်းနဲ့ ဖုန်းအချက်အလက်တွေကိုယှဉ်ပြီး အပြိုင်အဆိုင် ဖန်တီးခဲ့ကြပါတယ်။ Lenovo ကတော့ Vibe S1 ရဲ့ဒီဇိုင်းကို ထူးထူးခြားခြားလေးဖြစ်အောင် သေချာအာရုံစိုက်ပြီး ပြင်ဆင်ဖန်တီးပေးခဲ့ပါတယ်။

Flagship ဖုန်းတစ်လုံးပီပီ သတ္တုနဲ့ ကိုယ်ထည်တစ်ခုလုံးကို တည်ဆောက်ထားပြီး သူ့ရဲ့ဒီဇိုင်းကို အသေးကြည့်လိုက်ရင်တောင် အရမ်းပေါ်လွင်ထင်ရှားပါတယ်။ ခိုင်ခံ့တဲ့အလူမီနီယမ်နဲ့ ဖွဲ့စည်းထားတဲ့ သတ္တုဘောင်နဲ့ အလှဆင်ထားပြီး လေးထောင့်ကျကျဒီဇိုင်းမျိုးဖြစ်အောင် ဖန်တီးပေးထားပါတယ်။ အခုနောက်ပိုင်းမှာ ဖန်သားနဲ့တည်ဆောက်ထားတဲ့ ဖုန်းတွေကို လူကြိုက်ပိုများလာပြီး Lenovo Vibe S1 ရဲ့ကျောပြင်ကို ဖန်သားလို ပြောင်လက်နေအောင် ပြုလုပ်ထားတာ တွေ့ရပါတယ်။

ညာဘက်ခြမ်းမှာရှိတဲ့ အသံအတိုး၊ အလျှော့ခလုတ်နဲ့ ပါဝါခလုတ်တို့ကိုပါ သတ္တုနဲ့ဖွဲ့စည်းထားပြီး နှိပ်တဲ့အခါ အဆင်ပြေပြေ သုံးနိုင်ပါတယ်။ Vibe S1 ဟာ 7.8mm အထူနဲ့ 132g အလေးချိန်ရှိပြီး ကျောဘက်ကို အနည်းငယ် ခုံးထားတာမို့ လက်ထဲမှာ အံဝင်ခွင်ကျဖြစ်နေပါလိမ့်မယ်။ Lenovo Vibe S1 မှာ အဖြူနဲ့အပြာ (၂) မျိုး ရွေးချယ်စရာရှိပြီး အပြာရောင်က ပိုမိုခွဲမက်စရာ ကောင်းပါတယ်။ IPS LCD capacitive touchscreen အမျိုးအစားဖြစ်ပြီး မျက်နှာပြင်ဟာ ၅ လက်မအရွယ် ရှိပါတယ်။ ရုပ်ထွက်အရည်အသွေး 1080 x 1920 pixels full HD ကို ပံ့ပိုးပေးနိုင်တဲ့ အကောင်းဆုံး Display ကို ရရှိမှာဖြစ်ပြီး မြင်ကွင်းရှုထောင့်မျိုးစုံအတွက် အဆင်ပြေပါတယ်။

ရုပ်ထွက်သိပ်သည်းဆ 441ppi ထိ ပါဝင်ပြီး မျက်နှာပြင်ကို Coming Gorilla Glass 3 နဲ့ အကြမ်းဒဏ်ခံနိုင်ရည်အတွက် ဖုံးအုပ်ကာကွယ်ပေးပါတယ်။ LCD Display ကြောင့်လည်း အရောင်တွေကို စုံစုံလင်လင် တောက်တောက်ပပ မြင်တွေ့နိုင်ပါတယ်။ Lenovo Vibe S1 မှာ Android OS 5.0 (Lollipop) ကို သုံးနိုင်မှာဖြစ်ပြီး Dual-SIM အမျိုးအစား စမတ်ဖုန်းဖြစ်ပါတယ်။ သာမန်ထက်ကောင်းမွန်တဲ့ Vibe S1 ရဲ့ ကင်မရာဟာ 13MP အရည်အသွေးရှိပြီး အဓိကကင်မရာအဖြစ် သုံးနိုင်ပါတယ်။ Dual-LED flash မီး ပါဝင်ပြီး HDR, Panorama ရိုက်ကူးနိုင်ပါတယ်။

ရှေ့ဘက်မှာ တပ်ဆင်ထားတဲ့ Duo ကင်မရာနဲ့ Selfies အတွက် Blur နောက်ခံ effect တွေကို ရိုက်နိုင်ပြီး နောက်ခံ background တွေကို အလဲအလှယ် ပြုလုပ်နိုင်တဲ့ swap background feature ကိုလည်း ထည့်သွင်းပေးထားပါတယ်။ ရုပ်ပုံ selfies တွေကို cut out feature သုံးကာ နောက်ခံဒီဇိုင်းပြောင်းလဲပေးနိုင်ပြီး Blur effect မှာဆိုရင် Simple, Spiral နဲ့ Fast (၃) မျိုး ရှိပါတယ်။ 1080p full HD ဗီဒီယို ရိုက်ကူးနိုင်ပြီး f/2.2 aperture lens ကို အသုံးပြုထားပါတယ်။

Mediatek MT6752 64bit octa-core processor က စွမ်းဆောင်ရည်အတွက် အလုပ်လုပ်ပေးပြီး 1.7GHz မြန်နှုန်းရှိပါတယ်။ စွမ်းဆောင်ရည် ပိုမိုပြေပြစ်အောင် RAM 3GB နဲ့ပါ တွဲဖက်ထားပြီး ဂရပ်ဖစ်အတွက်တော့ Mali-1760 MP2 ကို သုံးနိုင်ပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 32GB ပါရှိပြီး microSD နဲ့ 128GB အထိ မြှင့်တင်နိုင်ပါတယ်။ Bluetooth v 4.0, Wi-Fi, GPS စတဲ့ ချိတ်ဆက်မှုတွေ ပါဝင်ပြီး Accelerometer, Proximity Sensor တွေကို အသုံးပြုနိုင်ပါတယ်။

## information



Price »
399,000 Ks (32GB)

Contact Phone »
01-381035
( KMD Mobile )

## Battery Life



ဖုန်းကို အပြင်းအထန် အသုံးပြုတာမျိုးအတွက် Vibe S1 ရဲ့ ဘက်ထရီသက်တမ်းဟာ ၁၁ နာရီ ဒါမှမဟုတ် ၁၃ နာရီလောက်ထိ အသုံးခံနိုင်ပြီး Li-Po 2420mAh ဘက်ထရီဟာ ဖြုတ်/တပ်လို့မရပါဘူး။ ပုံမှန်သုံးစွဲရင်တော့ ၁၈ နာရီလောက်ထိ ကောင်းကောင်းဖုန်းအသုံးပြုနိုင်ပါတယ်။

## Specification

| | | |
|---|---|---|
| » Network | : | 2G, 3G, 4G (Dual-SIM) |
| » Weight | : | 132 g |
| » Display | : | 5.0", IPS LCD capacitive touchscreen |
| » Dimensions | : | 5.64 x 2.79 x 0.31 inch |
| » Memory | : | 32GB, 3GB RAM, micro SD, up to 128GB |
| » Camera | : | 13 Megapixel, Front : 8MP + 2MP, auto focus, dual-LED (dual tone) flash, Geo-tagging, face detection, HDR, panorama, f/2.2 phase detection |
| » Connectivity | : | GPRS, EDGE, WLAN, Bluetooth, USB |
| » Chipset | : | Mediatek MT6752 Octa-core 1.7GHz Cortex-A53<br>GPU : Mali-T760MP2 |
| » OS | : | Android OS, v5.0 (Lollipop) |

## Design

သတ္တုကြောင့် ကျစ်လျစ်သိပ်သည်းတဲ့ဒီဇိုင်းပုံစံကို ဖုန်းကိုယ်ထည်တစ်ခုလုံးအတွက် ဖန်တီးပေးထားပြီး ရှေ့မျက်နှာနဲ့ ကျောဘက်ကိုပါ Gorilla Glass 3 နဲ့ ဖုံးအုပ်ထားပါတယ်။ Vibe S1 ရဲ့ ကျောဘက်မှာ Curved ဒီဇိုင်းကို တွေ့ရပြီး 7.8mm အထူ ရှိပါတယ်။

## Processor

Vibe S1 ရဲ့ စွမ်းဆောင်ရည်ဟာ ချောမွေ့ပြီး Mediatek MT6752 octa-core 1.7GHz မြန်နှုန်းရှိ processor ကြောင့် သုံးရတာ အတော်လေး အဆင်ပြေပါတယ်။ RAM ဟာ 3GB ပမာဏကို လုံလုံလောက်လောက် ထည့်ပေးထားပြီး အဆင့်မြင့်ဂိမ်းတွေအတွက် Mali-T760 MP2 ဂရပ်ဖစ် ပါဝင်ပါတယ်။

## Display and Camera

၅ လက်မအရွယ် Display ကို အသုံးပြုနိုင်ပြီး 1080 x 1920 pixels full HD ရုပ်ထွက်အရည်အသွေးကို ရရှိနိုင်ပါတယ်။ အဓိကကင်မရာဟာ 13MP ဖြစ်ပြီး ရှေ့ဘက်မှာ 8MP နဲ့ 2MP ကင်မရာ (၂) လုံးကို တပ်ဆင်ထားပါတယ်။ Selfie အတွက် အထူးသီးသန့် တီထွင်ထားတဲ့ဖုန်းဖြစ်ပြီး full HD ဗီဒီယိုကို ရိုက်ကူးနိုင်ပါတယ်။

## Verdict

Lenovo Vibe S1 ဟာ ၂၀၁၅ စက်တင်ဘာလက ထွက်ရှိထားတာဖြစ်ပြီး Vibe range ဖုန်းတွေဟာဆိုရင် ဈေးနှုန်းသက်သက်သာသာနဲ့ ဈေးကွက်ကို ဦးဆောင်နေတာ ဖြစ်ပါတယ်။ ဒီဇိုင်း၊ Display တို့အပြင် နောက်ထပ်ထူးခြားတာက ရှေ့ဘက်ကင်မရာ (၂) လုံး တပ်ဆင်ပေးထားတာဖြစ်တာမို့ လူငယ်တွေ နှစ်သက်ကြပါလိမ့်မယ်။

# PHONE REVIEW...

## Sony Xperia Z5

Flagship တစ်လုံးဖြစ်တဲ့ Sony Xperia Z5 မှာ အကောင်းဆုံးအချက်တွေ အများစုပါဝင်နေပြီး အားလုံးမျှော်လင့်နေကြတဲ့ high-end စမတ်ဖုန်းတစ်လုံးလည်းဖြစ်ပါတယ်။ Full HD Display, အံ့မခန်းစွမ်းဆောင်ရည်၊ 23MP ကင်မရာတို့အပြင် ရေစိုဒဏ်ခံနိုင်တဲ့ ဒီဇိုင်းတို့နဲ့ပြည့်နှက်နေတာမို့ ၂၀၁၆ အတွက် အကောင်းဆုံးစမတ်ဖုန်းစာရင်းမှာ ဆက်လက်ပါဝင်နေပါတယ်။ အရင် Z Series ဖုန်းတွေအတိုင်း IPS အဆင့်ရှိတဲ့ Waterproofing feature ပါဝင်နေပြီး ရေအနက် ၁ မီတာမှာ မိနစ် ၃၀ ကြာ ရေစိုဒဏ်ခံနိုင်ရည်ရှိပါတယ်။ Samsung နဲ့ LG Flagship တွေလိုတော့ Ultra high-definition display ကို Z5 မှာမတွေ့ရဘဲ Sony Xperia Z5 ဟာ အရင်ထွက်ရှိပြီးသား Z3 နဲ့ အချက်အားလုံးနီးပါးတူညီနေပေမယ့်လည်း တန်ဖိုးအရတော့ လက်ရှိမှာ Sony ရဲ့ ဈေးနှုန်းအမြင့်ဆုံးဖုန်းတစ်လုံးဖြစ်ပါတယ်။ Sony ရဲ့ Fingerprint Scanner ထည့်သွင်းထားတဲ့ ပထမဆုံးစမတ်ဖုန်းအဖြစ် Xperia Z5 ကို လွယ်ကူတဲ့ပုံစံနဲ့ သက်သောင့်သက်သာသုံးနိုင်ပါတယ်။

### Design & Build

Xperia Z5 ရဲ့ ဒီဇိုင်းမှာ ရှေ့မျက်နှာပြင်နဲ့ ကျောဘက်အတွက် ဖန်သားကို ဆက်လက်အသုံးပြုထားပြီး Sony စမတ်ဖုန်းမှန်မြင်တာနဲ့ သိနိုင်အောင် သတ္တုဘောင်တွေကို လေးထောင့်ကျကျတည်ဆောက်ထားပါတယ်။ Z5 ရဲ့ ကျောဘက်ဟာ အရင်ဖုန်းတွေလို ချောမွေ့ပြောင်လက်နေပြီး အထဲကိုထိုးဖောက်မြင်နိုင်ခြင်းမရှိတဲ့ ဖန်သားအထူနဲ့ဖွဲ့စည်းထားပါတယ်။ သတ္တုဘောင်တွေကို ကွေးညွှတ်ထားခြင်းမရှိဘဲ လက်ထဲမှာ လေးထောင့်ကျကျကိုင်တွယ်နိုင်အောင် ခပ်ပြားပြားလေးဖန်တီးပေးထားပါတယ်။ Z5 ရဲ့ 7.3mm အထူကြောင့် အခြားပြိုင်ဘက်စမတ်ဖုန်းတွေလို ပါးလွှာမနေဘဲ အနည်းငယ်ထူပြီး အလေးချိန်ကတော့ 154g ရှိပါတယ်။ Z5 မှာ ထူးခြားချက်တစ်ခုက ဖုန်းရဲ့ပါဝါခလုတ်ဖြစ်ပါတယ်။ Sony ရဲ့ ဝိုင်းစက်စက်ခလုတ်ဒီဇိုင်းကို Z5 အတွက် ဖယ်ရှားပေးခဲ့ပြီး ပြားချပ်ချပ်ရှည်လျားတဲ့ခလုတ်ဒီဇိုင်းနဲ့ အစားထိုးတပ်ဆင်ပေးခဲ့ပါတယ်။ ဒီဇိုင်းအရ ခလုတ်ပုံသဏ္ဍာန်ကိုပြောင်းလဲရုံသာမက Power Button ဟာ Fingerprint ဖတ်နိုင်တဲ့ Function ကိုလည်း ဆောင်ရွက်ပေးပါတယ်။ ဖုန်းရဲ့ညာဘက်ခြမ်းမှာ ပါဝါ၊ အသံအတိုး/အလျှော့ခလုတ်တို့နဲ့ ကင်မရာခလုတ်တို့ကို သီးသန့်တပ်ဆင်ပေးထားပါတယ်။

### Display

Sony Xperia Z3 ရဲ့ Display နဲ့ ထပ်တူညီတဲ့ ၅.၂ လက်မအရွယ် Display ကို Full HD ချင်းလည်း ဆင်တူတဲ့ရုပ်ထွက်အရည်အသွေးရှိပြီး Pixel သိပ်သည်းဆပမာဏလည်း အတူတူပဲဖြစ်ပါတယ်။ Triluminos Display Feature ကြောင့် အရောင်အသွေးစုံလင်ပြီး ကြည်လင်ပြတ်သားပါတယ်။ Scratch-resistant glass နဲ့ ဖုံးအုပ်ထားပြီး ရုပ်ထွက်အရည်အသွေးဟာ 1080×1920 pixels ရုပ်ထွက်အရည်အသွေးရှိပါတယ်။

### Operating System and Camera

Android OS 5.1.1 (Lollipop) on board နဲ့ ထွက်ရှိလာပြီး Google ရဲ့ နောက်ဆုံးပေါ် version ကို မြှင့်တင်နိုင်ဖို့ မျှော်လင့်နိုင်ပါတယ်။ Z3 ထက်ပိုမိုကောင်းမွန်နေအောင် Sony ဟာ Z5 ရဲ့ ကင်မရာကို 23MP resolution အထိ တိုးမြှင့်ထားပါတယ်။ LED flash မီးပါဝင်ပြီး HDR, Panorama ရိုက်နိုင်ပါတယ်။ 4K ဗီဒီယိုကို 30fps နဲ့ ရိုက်ကူးနိုင်ပြီး ရှေ့ဘက်ကင်မရာဟာ 5.1MP အရည်အသွေးရှိပါတယ်။ f/2.4 aperture lens သုံးထားတဲ့ ရှေ့ဘက်ကင်မရာနဲ့ Full HD ဗီဒီယိုကို ရိုက်ကူးနိုင်ပါတယ်။

### Performance

Z5 ရဲ့ စွမ်းဆောင်ရည်အတွက် Qualcomm Snapdragon 810 Processor က မြန်နှုန်းမြင့်ဆောင်ရွက်ပေးပြီး 3GB RAM နဲ့လည်း ပံ့ပိုးပေးထားပါတယ်။ Z5 ရဲ့ အလုပ်တွေချောချောမွေ့မွေ့ run နိုင်ဖို့ စွမ်းအားအမြင့်ဆုံး chip တစ်ခုဆိုတာသေချာပြီး အပူချိန်ပြဿနာတော့ အနည်းနဲ့အများ ကြုံတွေ့နိုင်ပါတယ်။ GPU Processor ကိုတော့ Adreno 430 ကို သုံးစွဲပေးထားပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 32GB ကို ကောင်းကောင်းအသုံးချနိုင်ပြီး မလုံလောက်ခဲ့ရင် micro SD နဲ့ 200GB အထိ မြှင့်သုံးနိုင်ပါတယ်။ Quick Charge 2.0 Feature ပါဝင်ပြီး Li-ion 2900mAh ဘက်ထရီတပ်ဆင်ထားပါတယ်။




Specification

| | | |
|---|---|---|
| Display | : | 5.2 inches, IPS LCD capacitive touchscreen |
| Memory | : | 32 GB, 3 GB RAM, microSD, up to 200GB |
| Camera | : | 23 Megapixel, phase detection autofocus, LED flash |
| OS | : | Android OS, v5.1.1 (Lollipop) |
| Phone | : | 01-398436 (UNiQUE) |

## OPPO Joy 3




OPPO Joy 3 ဟာ ၂၀၁၅ ခုနှစ်လကထွက်ရှိထားတာဖြစ်ပြီး Dual SIM အမျိုးအစားစမတ်ဖုန်းဖြစ်ပါတယ်။ (5.23×2.62×0.35) လက်မအရွယ်အစားနဲ့ အလေးချိန် 135g ရှိပါတယ်။ IPS LCD အမျိုးအစား Display ပါဝင်ပြီး ၄.၅ လက်မအရွယ်ရှိပါတယ်။ 480×854 pixels ရုပ်ထွက်အရည်အသွေးရှိပြီး ရုပ်ထွက်သိပ်သည်းဆ 218ppi ပါဝင်ပါတယ်။ OPPO Joy 3 မှာ Android OS 4.4 (KitKat) သုံးနိုင်ပြီး Color OS 2.0 UI နဲ့ တွဲဖက်ထားပါတယ်။ ဖုန်းရဲ့စွမ်းဆောင်ရည်အတွက် Mediatek MT6582 quad-core processor က ဆောင်ရွက်ပေးမှာဖြစ်ပြီး 1.3GHz မြန်နှုန်းရှိပါတယ်။ RAM ပမာဏ 1GB ကို သုံးနိုင်ပြီး GPUကတော့ Mali-400 MP2 ပါဝင်ပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 4GB ပါရှိပြီး microSD နဲ့ 32GB အထိ မြှင့်တင်နိုင်ပါတယ်။ Joy 3 ရဲ့ ကျောဘက်မှာ 5MP ကင်မရာတပ်ဆင်ထားပြီး LED Flash မီး သုံးနိုင်ပါတယ်။ 720p HD ဗီဒီယိုကိုရိုက်ကူးထားပြီး ရှေ့ဘက်ကင်မရာဟာ 2MP ဖြစ်ပါတယ်။ ဖြုတ်/တပ်လို့ရတဲ့ Li-Po 2000mAh ဘက်ထရီတပ်ဆင်ထားပါတယ်။

Specification

| | | |
|---|---|---|
| Display | : | 4.5 inches, IPS LCD capacitive touchscreen |
| Memory | : | 4 GB, 1 GB RAM, microSD, up to 32GB |
| Camera | : | 5 Megapixel, autofocus,LED flash, Geo-tagging |
| OS | : | Android OS, v4.4 (KitKat) |
| Phone | : | 01-224922 (Gold Mobile) |

## Samsung Galaxy A5 (2016)




Samsung Galaxy A5 (2016) ကို Dual SIM အသုံးပြုနိုင်ပြီး 4G ကွန်ရက်ထိချိတ်ဆက်နိုင်တဲ့ စမတ်ဖုန်းအမျိုးအစားဖြစ်ပါတယ်။ (5.70×2.80×0.29) လက်မအရွယ်အစားနဲ့ အလေးချိန် 155g ရှိပါတယ်။ မျက်နှာပြင်ဟာ ၅.၂ လက်မအရွယ်ရှိပြီး 1080×1920pixels Full HD ရုပ်ထွက်အရည်အသွေးကိုပံ့ပိုးနိုင်ပါတယ်။ ရုပ်ထွက်သိပ်သည်းဆ 424ppi ရှိပြီး မျက်နှာပြင်မှန်းပဲ့ခြစ်ရာဒဏ်တို့ကနေ ကာကွယ်ပေးနိုင်တဲ့ Corning Gorilla Glass 4 နဲ့ ဖုံးအုပ်ထားပါတယ်။ Galaxy A5(2016) မှာ Android OS 5.1.1 (Lollipop) run ထားပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 16GB ရှိပြီး ထပ်မံလိုအပ်ခဲ့ရင် microSD နဲ့ 128GB အထိ မြှင့်တင်နိုင်ပါတယ်။ ပင်မကင်မရာဟာ 13MP အရည်အသွေးရှိပြီး f/1.9 aperture lens, OIS နဲ့ LED flash တို့ပါဝင်ပါတယ်။ 1080p Full HD ဗီဒီယိုကို 30fps နဲ့ရိုက်ကူးနိုင်ပြီး ကျောဘက်မှာ 5MP ကင်မရာတပ်ဆင်ထားပါတယ်။ ဖုန်းရဲ့ စွမ်းဆောင်ရည်ပိုင်းကို Exynos 7580 octa-core 1.6GHz မြန်နှုန်းရှိ Processor က ဆောင်ရွက်ပေးပြီး RAM 2GB ကို ထည့်သွင်းထားပါတယ်။ ဂရပ်ဖစ်ဟာ Mali-T720 MP2 ဖြစ်ပါတယ်။ Fast Battery Charging နည်းပညာသုံးထားပြီး Li-ion 2900mAh ဘက်ထရီတပ်ဆင်ထားပါတယ်။

Specification

| | | |
|---|---|---|
| Display | : | 5.2 inches, Super AMOLED capacitive touchscreen |
| Memory | : | 16 GB, 2 GB RAM, microSD, up to 128GB |
| Camera | : | 13 Megapixel, OIS, autofocus, LED flash, Geo-tagging |
| OS | : | Android OS, v5.1.1 (Lollipop) |
| Phone | : | 01-398436 (UNiQUE) |

## ZTE Blade L2

ZTE Blade L2 ကို 2G, 3G Network တွေမှာ အသုံးပြုနိုင်ပြီး ဆင်းကတ် ၂ မျိုးသုံးနိုင်တဲ့ စမတ်ဖုန်းဖြစ်ပါတယ်။ (5.61×2.84×0.35) လက်မအရွယ်အစားနဲ့ 166g လေးပါတယ်။ TFT capacitive touchscreen အမျိုးအစားဖြစ်ပြီး ၅ လက်မအရွယ် Display ပါဝင်ပါတယ်။ 480×854 pixels ရုပ်ထွက်အရည်အသွေးရှိပြီး ရုပ်ပုံသိပ်သည်းဆ 196ppi ရှိပါတယ်။ ZTE Blade L2 မှာ Android OS 4.2 (JellyBean) ကို သုံးနိုင်မှာဖြစ်ပါတယ်။ ဖုန်းရဲ့အဓိကကင်မရာဟာ 8MP ဖြစ်ပြီး autofocus, LED flash မီးတို့အသုံးပြုနိုင်ပါတယ်။ ဗီဒီယိုရိုက်ကူးနိုင်ပြီး ရှေ့ဘက်ကင်မရာဟာ 1MP အရည်အသွေးရှိပါတယ်။ ဖုန်းအတွက်စွမ်းဆောင်ရည်ပိုင်းကို Mediatek MT6582M quad-core 1.3GHz မြန်နှုန်းရှိ Processor က အကောင်းဆုံးလုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ RAM 1GB ကိုထည့်သွင်းထားပြီး Mali-400MP2 ဂရပ်ဖစ်ကိုအသုံးပြုနိုင်မှာပါ။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 4GB ပါဝင်ပြီး microSD နဲ့ 32GB ထိ မြှင့်တင်နိုင်ပါတယ်။ LTE Blade L2 မှာ အလွယ်တကူဖြုတ်/တပ်လို့ရတဲ့ Li-ion 2000mAh ဘက်ထရီသုံးစွဲထားပြီး အဖြူရောင်တစ်မျိုးတည်း ရရှိနိုင်ပါတယ်။




Specification

| | | |
|---|---|---|
| Display | : | 5.0 inches, TFT capacitive touchscreen |
| Memory | : | 4 GB, 1 GB RAM, microSD, up to 32GB |
| Camera | : | 8 Megapixel, autofocus, LED flash, Geo-tagging |
| OS | : | Android OS, v4.2 (Jelly Bean) |
| Phone | : | 09-260251110 (S.X Mobile) |

# KEY SPECS Comparison PHONE





## Samsung Galaxy J3 VS Samsung Galaxy J1 (2016)

Samsung ဟာ နှစ်သစ်မှာ ဖုန်းအသစ်တွေကို ထုတ်လုပ်ပေးနိုင်ဖို့ အားစိုက်ခဲ့တာ တွေ့ရပြီး fancy flagship ဖုန်းတွေ ဖြစ်လာမယ့် J series တွေကို ထပ်မံဖန်တီးပေးခဲ့ပါတယ်။ J series ဖုန်းတွေကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ Customer တွေကို ဆွဲဆောင်နိုင်အောင် တီထွင်ပေးခဲ့တာဖြစ်ပြီး Samsung Galaxy J3 ရဲ့ အချက်တွေဟာဆိုရင် J5 နဲ့ On5 တို့တွေအတိုင်း တူညီနေပါတယ်။ Galaxy J3 နဲ့ J1 (2016) တို့မှာ Android OS 5.1.1 (Lollipop) အသုံးပြုနိုင်တာဟာ သဘောကျစရာကောင်းပါတယ်။ J3 ရဲ့ အဓိကကင်မရာဟာ 8MP ဖြစ်ပြီး LED flash ပါ သုံးနိုင်ပါတယ်။ 1080p full HD ကို 30fps နဲ့ ရိုက်ကူးနိုင်ပြီး ရှေ့ဘက်ကင်မရာဟာ 5MP ရှိပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 8GB ပါဝင်ပြီး 128GB ထိ တိုးမြှင့်နိုင်ပါတယ်။ J1 မှာတော့ ပင်မကင်မရာ 5MP နဲ့ ရှေ့ဘက်မှာ 2MP ကင်မရာတို့ကို တပ်ဆင်ပေးထားပါတယ်။ အလွယ်တကူ ဖြုတ်/တပ်လို့ရတဲ့ Li-Ion 2050mAh ဘက်ထရီ တပ်ဆင်ပေးထားပြီး ဂရပ်ဖစ် Mali-T720 ထည့်သွင်းထားပါတယ်။

### Design

1

Galaxy J3 ကို သတ္တုဆန်ဆန်ဒီဇိုင်းမျိုးဖြစ်အောင် ဖန်တီးပေးထားပေမယ့်လည်း တကယ်တော့ ပလတ်စတစ်တစ်မျိုးတည်းနဲ့ပဲ ကိုယ်ထည်ကို တည်ဆောက်ပေးထားပါတယ်။ ဘေးထောင့်တွေ ကွေးပေးထားတာကြောင့် လေးထောင့်ဒီဇိုင်းတော့ မဟုတ်ပါဘူး။





1

အဆင့်မြင့်ဒီဇိုင်းမျိုးကိုတော့ J1(2016) မှာ မတွေ့ရဘဲ သူ့ဈေးနှုန်းနဲ့ ကိုက်ညီတဲ့ဒီဇိုင်းနဲ့ ထွက်ရှိလာပြီး ကြည့်လို့လည်း ကောင်းပါတယ်။ တန်ဖိုးသက်သာတဲ့ဖုန်းမျိုးမို့ ပလတ်စတစ်နဲ့ပဲ ဖွဲ့စည်းတည်ဆောက်ထားပြီး 122 g အလေးချိန်သာ ရှိပါတယ်။

### Processor

2

Budget ဖုန်းဖြစ်နေပေမယ့် စွမ်းဆောင်ရည်ပိုင်းမှာတော့ အစွမ်းကုန် မြှင့်တင်ပေးနိုင်ပြီး quad-core 1.2GHz မြန်နှုန်းရှိ Processor က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ 1.5GB ပမာဏ RAM ကို သုံးနိုင်ပြီး multitasking တွေ ချောမွေ့နေအောင် အလုပ်လုပ်ပေးနိုင်ပါတယ်။





2

1.2GHz မြန်နှုန်းရှိ dual-core processor ကို Galaxy J1 (2016) ထဲမှာထည့်သွင်းထားပြီး 512MB RAM နဲ့ တွဲဖက်ထားပါတယ်။ ဂိမ်းတွေအတွက်တော့ အရမ်းအသုံးမတည့်ပေမယ့် Apps, Media, Calls နဲ့ Web တွေ သုံးမယ်ဆိုရင် မြန်ဆန်မှုရှိပါတယ်။

### Display

3

၅ လက်မအရွယ်မျက်နှာပြင်ကို Samsung Galaxy J3 မှာ တွေ့ရပြီး ရုပ်ထွက်အရည်အသွေးဟာ 720 x 1280 pixel HD ကို ပံ့ပိုးပေးနိုင်ပါတယ်။ Super AMOLED capacitive touchscreen ဖြစ်ပြီး ရုပ်ထွက်သိပ်သည်းဆ 294ppi ပါဝင်ပါတယ်။





3

J1 (2016) မှာ 4.5 လက်မအရွယ် Display ပါဝင်ပြီး Super AMOLED အမျိုးအစားကို အသုံးပြုထားပါတယ်။ ရုပ်ထွက်သိပ်သည်းဆ 245 ppi ရှိပြီး ရုပ်ထွက်အရည်အသွေးကတော့ 480 x 854 pixels ကို ပေးစွမ်းနိုင်ပြီး Super AMOLED ကြောင့် ရုပ်ထွက်ကောင်းမွန်ပါတယ်။

### Verdict

4

Samsung ဟာ Galaxy J3 စမတ်ဖုန်းကို Entry Level user တွေအတွက် အဓိကရည်ရွယ် ထုတ်လုပ်ပေးထားပြီး အသုံးပြုရတာ လွယ်ကူပါတယ်။ ဈေးနှုန်းဆိုရင်လည်း တန်ဖိုးအသင့်အတင့်နဲ့ ဝယ်ယူနိုင်မှာဖြစ်ပြီး အဆင့်မြင့်မြင့်သုံးစွဲနိုင်မယ့် ဖုန်းတစ်လုံးမို့ ရွေးချယ်သင့်ပါတယ်။

SAMSUNG

SAMSUNG

4

Samsung Galaxy J1 (2016) ရဲ့ ဒီဇိုင်းဟာခံ့ညားပြီး ကိုယ်ထည်ကို ကျစ်ကျစ်လျစ်လျစ် ကိုင်သုံးနိုင်ပါတယ်။ ဈေးနှုန်းအရမ်းတန်ပြီး ဖုန်းမှာသုံးပေးထားတဲ့ အချက်တွေကလည်း ကောင်းမွန်ပါတယ်။ Software, Hardware ခပ်မိုက်မိုက်တွေကို အပျံစားအသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။

# PHONE GADGETS IN THIS WEEK

**SteelSeries Stratus XL**
Wireless Gaming Controller for Android



Price : 56,000 Ks
Phone : 01-2315353
I.C.E

**Samsung Galaxy Gear S2**



Price : 333,000 Ks
Phone : 01-2315353
I.C.E

**iPhone 6 Plus 5.5 inch**
Metallic Tempered Glass Screen Protector



Price : 12,000 Ks
Phone : 09-421152251
TTN

**Baseus Fashion Ultra-thin Case**
Soft Slim Back Cover for iPhone 6 Plus



Price : 12,000 Ks
Phone : 09-421152251
TTN

**Baseus Pasen Series Flip Stand**
Luxury Leather Case for iPad Air 2



Price : 20,000 Ks
Phone : 09-421152251
TTN

**Baseus Pasen Origami Smart**
Leather Case for iPad Mini 3



Price : 18,000 Ks
Phone : 09-421152251
TTN

**Sony MDR-1ABT**
Wireless Headphone



Price : ≈ 369,000 Ks
Phone : 01-556622
Sony Showroom

**Sony MDR-XB950BT**
Extra Bass Bluetooth Headset



Price : ≈ 199,000 Ks
Phone : 01-556622
Sony Showroom

# MOBILE USED PHONE

### 1. Apple iPhone 5 (Gray)

Price : 215,000 Ks



| | | |
|---|---|---|
| Network | : | GSM / CDMA / HSPA |
| Display | : | 4.0", LED-backlit IPS LCD, capacitive touchscreen |
| Memory | : | 16GB, 1GB RAM DDR2 |
| Camera | : | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | iOS 6, upgradable to iOS 8.4 |

### 2. Sony Xperia Z3 (White)

Price : 285,000 Ks



| | | |
|---|---|---|
| Network | : | GSM / HSPA / LTE |
| Display | : | 5.2", (1080 x 1920 pixels) IPS LCD capacitive touchscreen |
| Memory | : | 16GB, 3GB RAM |
| Camera | : | 20.7 Megapixel, 5248 x 3936 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.4.4 (KitKat), v 5.0.2 (Lollipop) |

### 3. Samsung Galaxy J7 (Black)

Price : 220,000 Ks



| | | |
|---|---|---|
| Network | : | GSM / HSPA / LTE |
| Display | : | 5.5", Super AMOLED capacitive touchscreen |
| Memory | : | 16GB, 1.5GB RAM |
| Camera | : | 13 Megapixel, 4128 x 3096 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 5.1 (Lollipop) |

### 4. Meizu M2 Note (Gray)

Price : 140,000 Ks



| | | |
|---|---|---|
| Network | : | GSM / HSPA / LTE |
| Display | : | 5.5", (1080 x 1920 pixels) IGZO capacitive touchscreen |
| Memory | : | 16GB, 2GB RAM micro SD, up to 128GB |
| Camera | : | 13 Megapixel, 4208 x 3120 pixels, autofocus, dual-LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 5.0 (Lollipop) |

### 5. Xiaomi Redmi Note 2 Prime (Grey)

Price : 135,000 Ks



| | | |
|---|---|---|
| Network | : | GSM / HSPA / LTE |
| Display | : | 5.5", (1080 x 1920 pixels) IPS LCD capacitive touchscreen |
| Memory | : | 32GB, 2GB RAM micro SD, up to 32GB |
| Camera | : | 13 Megapixel, 4128 x 3096 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 5.0 (Lollipop) |

### 6. Huawei Honor G620s (White)

Price : 80,000 Ks



| | | |
|---|---|---|
| Network | : | GSM / HSPA / LTE |
| Display | : | 5.0", (720 x 1280 pixels) IPS LCD capacitive touchscreen |
| Memory | : | 8GB, 1GB RAM micro SD, up to 32GB |
| Camera | : | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth |
| OS | : | Android OS, v 4.4.2 (KitKat) |

အထက်ပါအချက်အလက်များကို www.ads.com.mm
ဖုန်း-၀၉-၂၆၄၄၂၉၈၈ မှ ကူညီပံ့ပိုးပါသည်။

ဝိဝိရောင်းချလိုသော Used Phone ဖုန်း အချက်အလက် အပြည့်အစုံကို
netguidemyanmar@gmail.com သို့ ပေးပို့နိုင်ပါသည်။

## Preview

# Motorolla Moto X Force



| | | |
|---|---|---|
| Network | : | GSM / HSPA / LTE |
| Announced | : | 2015, November |
| Status | : | Available. Released 2015, November |
| Dimensions | : | 149.8 x 78 x 9.2 mm |
| Display | : | 5.4", (1440 x 2560 pixels), AMOLED capacitive touchscreen |
| Memory | : | 32/64GB, 3GB RAM, micro SD, up to 200GB |
| Camera | : | 21 Megapixels / 5 Megapixels f/2.0, phase detection autofocus, dual-LED (dual tone) flash |
| Connectivity | : | GPRS, EDGE, WLAN, Bluetooth, USB |
| Multimedia | : | MP3, MP4, Video |
| CPU | : | Quad-core 1.5GHz Cortex-A53 & Quad-core 2.0GHz Cortex-A57 |
| Sensors | : | Accelerometer, gyro, proximity, compass |
| OS | : | Android OS, v 5.1.1 (Lollipop), planned upgrade to v 6.0 (Marshmallow) |
| Battery | : | Non-removable Li-Ion 3760 mAh battery |
| Weight | : | 169 g |

စမတ်ဖုန်းအသုံးပြုသူတိုင်းအမြဲစိုးရိမ်နေကြတဲ့ ဖုန်း Screen ကွဲအက်ခြင်းမျိုးကို Motorola ကအကောင်းဆုံးကုသပေးနိုင်တော့မှာဖြစ်ပါတယ်။ Motorola ရဲ့အသစ်စက်စက် Moto X Force ဟာ ကမ္ဘာ့ပထမဆုံး Shatterproof စမတ်ဖုန်းအဖြစ်သတ်မှတ်ခံခဲ့ရပြီး Screen မတော်တဆကွဲအက်မှာအတွက် လုံးဝစိတ်ပူစရာမလိုတော့ပါဘူးလို့ Motorola က ပြောကြားသွားပါတယ်။ ဒါ့အပြင် Motorola မှာ Force ရဲ့ Display ဟာ အမြင့်ကနေပြုတ်ကျတာမျိုးအတွက် ခံနိုင်ရည်ရှိပြီး Screen ကို ၄ နှစ်အာမခံပါထပ်ပေးထားပါတယ်။ အမြင့်ပေ ၂ မီတာလောက်ကနေ သစ်သား၊ ကွန်ကရစ်နဲ့ ကျောက်တုံးစတာတွေပေါ် မတော်တဆပြုတ်ကျ၊ လွှတ်ကျခဲ့ရင်လည်း Screen ထိခိုက်ပျက်ဆီးခြင်းမျိုး လုံးဝမရှိပါဘူး။ ဖုန်းရဲ့အကြမ်းဒဏ်ခံနိုင်ရည်ရှိတဲ့ Screen ရဲ့လျှို့ဝှက်ချက်ကတော့ Moto Shatter Shield နည်းပညာကြောင့်ဖြစ်ပါတယ်။ အောက်ခြေမှာအလူမီနီယမ် Core နဲ့ဖွဲ့စည်းထားပြီး အပေါ်ယံမှာ 1440 x 2560 Pixels AMOLED Panel ကိုတွေ့ရပါတယ်။ Glass အလွှာရဲ့အောက်မှာ Dual Touch Layer ကိုထည့်သွင်းထားပြီး အားလုံးရဲ့အပေါ်ဆုံးအလွှာမှာ ပွန်းရာခြစ်ရာ၊ မတော်တဆတိုက်မိခြင်း၊ ချိုင့်ဝင်သွားခြင်းတို့ကို အဓိကကာကွယ်ပေးနိုင်တဲ့ ပလတ်စတစ်အမာသားနဲ့ ဖုံးအုပ်ထားပါတယ်။ Moto X Force ဟာဆိုရင် ရေစိုဒဏ်ခံနိုင်ရည်ရှိပေမယ့် ရေထဲမှာအသုံးပြုဖို့ ဒီဇိုင်းထွင်တာတော့မဟုတ်ဘဲ မတော်တဆရေစင်ရေဖိတ်ကျတာနဲ့ မိုးရေဒဏ်တွေလောက်ပဲခံနိုင်အောင် Nano-coating နဲ့ ဖွဲ့စည်းထားပါတယ်။ Moto X Force မှာ Moto X Play နဲ့ Moto X Style တို့ထက်သေးငယ်တဲ့ Display ပါရှိပြီး 2K ရုပ်ထွက်အရည်အသွေးနဲ့မျက်နှာပြင်ဟာ ၅ . ၄ လက်မအရွယ်ရှိပါတယ်။ ဒီဇိုင်းကလည်း Flagship တွေအတိုင်း အဆင့်မီအောင်တည်ဆောက်ပေးထားပြီး ကျောဘက်ကိုနိုင်လွန်နဲ့ပြုလုပ်ထားတာကြောင့် ကိုင်တဲ့အခါ လက်ထဲက ချော်ထွက်ခြင်းမရှိဘဲ ကျစ်လျစ်နေပါတယ်။ သတ္တုဘောင်နဲ့ဖွဲ့စည်းထားတာတွေ့ရပြီး ကင်မရာထားရှိပုံတွေကတော့ အရင်ဖုန်းတွေအတိုင်းဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြန်ဆန်သွက်လက်ပြီး Qualcomm Snapdragon 810 Octa-core Processor ကဆောင်ရွက်ပေးပါတယ်။ RAM ပမာဏ 3GB ပါဝင်ပြီး ဂရပ်ဖစ် Adreno 430 ထည့်သွင်းထားပါတယ်။ Moto X Force မှာ Android OS 5.1.1 (Lollipop) ကို Run ထားပြီး 6.0 (Marshmallow) ထိမြှင့်တင်သုံးလို့ရအောင်လည်း အစီအစဉ်ရှိပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 32/64GB ၂ မျိုးရှိပြီး 200GB အထိ Micro SD နဲ့မြှင့်တင်နိုင်ပါတယ်။ Motorola Moto X Force ဟာ Nano-Sim အမျိုးအစားစမတ်ဖုန်းဖြစ်ပြီး 2G, 3G, 4G ကွန်ရက်တွေမှာ ဖုန်းသုံးစွဲနိုင်ပါတယ်။ Moto X Force ဟာ Motorola ရဲ့ Turbo Charge Feature ကို Support လုပ်ထားပြီး ၁၀ မိနစ်လောက်အားသွင်းရုံနဲ့ 10% ရရှိနိုင်တာမို့ အားသွင်းချိန်မြန်ဆန်ပါတယ်။ Non-removable Li-Ion 3760mAh ဘက်ထရီတပ်ဆင်ထားပါတယ်။ Moto X Style ရဲ့ကင်မရာအတိုင်း 21MP ကို ကျောဘက်ကင်မရာအဖြစ်သုံးနိုင်ပြီး Dual-LED Flash ပါဝင်ပါတယ်။ 2160p 4K ဗီဒီယိုတွေကို 30fps နဲ့ရိုက်ကူးနိုင်ပြီး ရှေ့ဘက်မှာ 5MP ကင်မရာတပ်ဆင်ထားပါတယ်။ ရှေ့ဘက်ကင်မရာမှာ f/2.0 Aperture Lens နဲ့ LED Flash တို့သုံးစွဲပေးထားပါတယ်။ Moto X Force ကိုအနက်ရောင်တစ်မျိုးတည်းရရှိနိုင်ပြီး ဒေါ်လာ ၆၀၀ ဝန်းကျင်တန်ဖိုးရှိပါတယ်။

## Sony Phone Comparison

| | Sony Xperia Z5  | Sony Xperia Z3 Plus  | Sony Xperia M5  | Sony Xperia C4  |
|---|---|---|---|---|
| Network | GSM / HSPA / LTE | GSM / HSPA / LTE | GSM / HSPA / LTE | GSM / HSPA / LTE |
| Weight | 154 g | 144 g | 142.5 g | 147 g |
| Connectivity | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB | GPRS, EDGE, WLAN, Bluetooth, USB |
| Operating System | Android OS, v 5.1.1 (Lollipop) | Android OS, v 5.0 (Lollipop) | Android OS, v 5.0 (Lollipop) | Android OS, v 5.0 (Lollipop) |
| Dimensions (mm) | 146 x 72 x 7.3 | 146 x 72 x 6.9 | 145 x 72 x 7.6 | 150.3 x 77.4 x 7.9 |
| Camera (rear/front) | 23 MP / 5.1 MP | 20.7 MP / 5.1 MP | 21.5 MP / 13 MP | 13 MP / 5 MP |
| CPU | Quad-core 1.5GHz & Quad-core 2GHz | Quad-core 1.5GHz & Quad-core 2GHz | Octa-core 2.0GHz Cortex-A53 | Octa-core 1.7GHz Cortex-A53 |
| Display | 5.2", IPS LCD (1080 x 1920 pixels) | 5.2", IPS LCD (1080 x 1920 pixels) | 5.0", IPS LCD (1080 x 1920 pixels) | 5.5", IPS LCD (1080 x 1920 pixels) |
| Memory | 32GB, 3GB RAM micro SD, up to 200GB | 32GB, 3GB RAM micro SD, up to 128GB | 16GB, 3GB RAM micro SD, up to 200GB | 16GB, 2GB RAM micro SD, up to 128GB |
| Price | 903,000 Ks | 527,000 Ks | 448,000 Ks | 330,000 Ks |
| Phone | 09-73211112 | 09-421744111 | 09-421744111 | 09-421744111 |

## Affordable Phones





### 1. Asus Pegasus
**Price : 105,000 Ks**

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.0", IPS capacitive touchscreen |
| Memory | : Internal 16GB, micro SD,up to 32GB |
| Camera | : 8 Megapixel, autofocus, LED flash front : 5MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS v 4.4 (KitKat) |
| Phone | : 01-252988 |

### 2. Kenbo E 71
**Price : 89,000 Ks**

| | |
|---|---|
| Network | : 2G, 3G |
| Display | : 5.0", IPS, capacitive touchscreen |
| Memory | : Internal 4GB, micro SD, up to 64GB |
| Camera | : 8 Megapixel, autofocus, LED flash, front : 2Megapixel |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS v 5.1 (Lollipop) |
| Phone | : 01-224922 |

### 3. Huawei Y541
**Price : 93,000 Ks**

| | |
|---|---|
| Network | : 2G, 3G |
| Display | : 4.5",IPS LCD capacitive touchscreen |
| Memory | : Internal 8GB, micro SD,up to 32GB |
| Camera | : 8 Megapixel, autofocus, LED flash, front : 2Megapixel |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS v 4.4.2 (KitKat) |
| Phone | : 01-391730 |

## Featured Phones





### 1. Gionee E6
**Price : 219,000 Ks**

| | |
|---|---|
| Network | : 2G, 3G |
| Display | : 5.0",IPS LCD, capacitive touchscreen |
| Memory | : Internal 32GB |
| Camera | : 13 Megapixel, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS v 4.2 (Jelly Bean) |
| Phone | : 09-73211112 |

### 2. Xiaomi Redmi Note2
**Price : 160,000 Ks**

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.5", IPS LCD, capacitive touchscreen |
| Memory | : Internal 16GB, micro SD, up to 32GB |
| Camera | : 13 Megapixel, autofocus, LED flash, front : 5Megapixel |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS, v 5.0 (Lollipop) |
| Phone | : 09-51225649 |

### 3. Samsung Galaxy J7
**Price : 288,000 Ks**

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.5", Super AMOLED, capacitive touchscreen |
| Memory | : Internal 16GB, micro SD, up to 128GB |
| Camera | : 13 Megapixel, autofocus, LED flash front : 5 Megapixel, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS, v 5.1 (Lollipop) |
| Phone | : 01-8604800 |

## New Entries Phones





### 1. ZTE Axon
**Price : 649,000 Ks**

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.5", IPS LCD, capacitive touchscreen |
| Memory | : Internal 32GB |
| Camera | : 13 Megapixel+2Megapixel, (Dual camera), autofocus, dual-LED flash, front 8Megapixel |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS v 5.1.1 (Lollipop) |
| Phone | : 09-260251110 |

### 2. OPPO F1
**Price : 299,000 Ks**

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.0", IPS LCD, capacitive touchscreen |
| Memory | : Internal 16GB, micro SD, up to 128GB |
| Camera | : 13 Megapixel, autofocus, LED flash, front 8Megapixel |
| Connectivity | : GPRS, EDGE,WLAN, Bluetooth |
| OS | : Android OS v 5.1 (Lollipop) |
| Phone | : 01-224922 |

### 3. vivo Y21
**Price : 148,000 Ks**

| | |
|---|---|
| Network | : 2G, 3G |
| Display | : 4.0", IPS LCD, capacitive touchscreen |
| Memory | : Internal 4GB, micro SD, up to 128GB |
| Camera | : 5 Megapixel, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS, v 4.4.4 (KitKat) |
| Phone | : 01-224922 |

## CDMA Phones





### 1. Huawei Honor 4X (CL 20) (White)
**Price : 235,000Ks**

| | |
|---|---|
| Network | : GSM, CDMA 800MHz |
| Display | : 5.5", IPS LCD,capacitive touchscreen |
| Memory | : Internal 8GB, micro SD, up to 32GB |
| Camera | : 13 Megapixel, autofocus, LED flash, front : 5Megapixel |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS v 4.4.4 (KitKat) |
| Phone | : 01-391789 |

### 2. Kenbo Hero K3
**Price : 219,000 Ks**

| | |
|---|---|
| Network | : GSM, CDMA 800MHz |
| Display | : 5.0", HD IPS, capacitive touchscreen |
| Memory | : Internal 16GB |
| Camera | : 13 Megapixel, autofocus, LED flash, front : 5Megapixel |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS v 4.4.4 (KitKat) |
| Phone | : 01-224922 |

### 3. Huawei C 8816
**Price : 122,000 Ks**

| | |
|---|---|
| Network | : GSM , CDMA 800MHz |
| Display | : 5.0", IPS TFT, capacitive touchscreen |
| Memory | : Internal 4GB, micro SD, up to 32GB |
| Camera | : 8 Megapixel, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth |
| OS | : Android OS v 4.3 (Jelly Bean) |
| Phone | : 01-391808 |

# TOP 10 SMART PHONES



### 1. iPhone 6S Plus (64GB) (1,169,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.5",LED-backlit, IPS, capacitive touchscreen |
| Memory | : Internal 64GB |
| Camera | : 12MP, dual-LED(dual tone) flash, front, 5MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : iOS 9 |
| Phone | : 01-8604300 |



### 2. Xiaomi MiNote (Pink) (400,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.7", IPS LCD, capacitive touchscreen |
| Memory | : Internal 16GB |
| Camera | : 13MP, autofocus, dual-LED(dual-tone)flash, front4MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS v 4.4.4 (KitKat) |
| Phone | : 01-225649 |



### 3. Gionee Elife E7 (259,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.5", IPS LCD, capacitive touchscreen |
| Memory | : Internal 32GB, micro SD, up to 128GB |
| Camera | : 16 MP, laser autofocus, LED flash, front : 8MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS, v 4.2 (Jelly Bean) |
| Phone | : 09-73211112 |



### 4. OPPO R7 Lite (339,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.0", AMOLED, capacitive touchscreen |
| Memory | : Internal 16GB, micro SD, up to 128GB |
| Camera | : 13 MP, Laser autofocus, LED flash, front :8MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS, v 5.1 (Lollipop) |
| Phone | : 01-252988 |



### 5. Sony Xperia Z2 (449,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.2",IPS LCD, capacitive touchscreen |
| Memory | : Internal 16GB, micro SD, up to 128GB |
| Camera | : 20.7 MP, autofocus, LED flash, front : 2.2MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS, V 4.4.2 (KitKat) |
| Phone | : 01-388918 |



### 6. Samsung Galaxy A8 (549,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.7", Super AMOLED, capacitive touchscreen |
| Memory | : Internal 32GB, micro SD, up to 128GB |
| Camera | : 16 MP, autofocus, LED flash, front : 5MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS v 5.1 (Lollipop) |
| Phone | : 01-398436 |



### 7. Lenovo VIBE S1 (399,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.0", IPS LCD, capacitive touchscreen |
| Memory | : Internal 32GB, micro SD up to 128GB |
| Camera | : 13 MP, autofocus, dual LED (dual tone) flash, front : 8MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS, v 5.0 (Lollipop) |
| Phone | : 01-8604300 |



### 8. LG G Flex 2 (698,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.5", P-OLED, capacitive touchscreen |
| Memory | : Internal 16GB, micro SD, up to 128GB |
| Camera | : 13 MP, dual-LED flash,front : 2.1MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS v 5.0.1 (Lollipop) |
| Phone | : 01-391730 |



### 9. HTC One E9 Plus (495,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.5", capacitivetouchscreen |
| Memory | : Internal 32GB, micro SD, up to 128GB |
| Camera | : 20MP, autofocus, LED flash, front : 13MP |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS v 5.0 (Lollipop) |
| Phone | : 01-252988 |



### 10. Huawei P8 Lite (235,000 Ks)

| | |
|---|---|
| Network | : 2G, 3G, 4G |
| Display | : 5.0",IPS LCD,capacitive touchscreen |
| Memory | : Internal 16GB, micro SD, up to 128GB |
| Camera | : 13MP, autofocus, LED flash |
| Connectivity | : GPRS, EDGE, WLAN, Bluetooth, USB |
| OS | : Android OS, V 5.0.2 (Lollipop) |
| Phone | : 01-388918 |

# BUDGET PHONES



## Lenovo A560



SIM Card | Single Sim

| | |
|---|---|
| Network | 2G, 3G |
| Display | 5.0", touchscreen |
| Memory | 4GB |
| Camera | 2 MP |
| Bluetooth | Yes |
| FM | Yes |
| OS | Android 4.3 |

▶ T-Land (01-382868)

Ks 70,000/-

## Singtech H30



SIM Card | Single Sim

| | |
|---|---|
| Network | 2G, 3G |
| Display | 4.5", touchscreen |
| Memory | 8GB |
| Camera | 2 MP |
| Bluetooth | Yes |
| FM | Yes |
| OS | Android 4.4.2 |

Ks 67,000/-

▶ Singtech (09-253380008)

## Acer Liquid Z200



SIM Card | Dual Sim

| | |
|---|---|
| Network | 2G, 3G |
| Display | 4.0", touchscreen |
| Memory | 4GB |
| Camera | 2 MP |
| Bluetooth | Yes |
| FM | Yes |
| OS | Android 4.4.2 |

▶ Eastern (01-377259)

Ks 65,000/-

## Lenovo A396



SIM Card | Single Sim

| | |
|---|---|
| Network | 2G, 3G |
| Display | 4.0", touchscreen |
| Memory | 2GB |
| Camera | 2 MP |
| Bluetooth | Yes |
| FM | Yes |
| OS | Android 2.3.5 |

Ks 46,000/-

▶ T-Land (01-398343)

## Singtech P500



SIM Card | Single Sim

| | |
|---|---|
| Network | 2G, 3G |
| Display | 5.0", touchscreen |
| Memory | 8GB |
| Camera | 2 MP |
| Bluetooth | Yes |
| FM | Yes |
| OS | Android 4.4 |

▶ Singtech (09-253380009)

Ks 89,000/-

# KEYPAD PHONES

## Kenbo E36

45,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM, CDMA |
| Display | 2.4" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ သတိုးအောင်ဖေယျ (09-784559305)

## PH Mobile F29

25,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM |
| Display | 1.8" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ ရွှေပြည်သစ် 1 (09-5179772)

## Kenbo E42

45,000/-



SIM Card | Single Sim

| | |
|---|---|
| Network | CDMA |
| Display | 2.0" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | No |
| OS | Java |

▶ သတိုးအောင်ဖေယျ (09-784559305)

## Gionee S20

45,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM |
| Display | 2.5" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ ရွှေပြည်သစ် 1 (09-31084080)

## PH Mobile G8

18,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM |
| Display | 1.8" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ ရွှေပြည်သစ် 1 (09-5179772)

## Wellcom S1005

31,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM |
| Display | 2.5" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ ရွှေပြည်သစ် 1 (09-31084080)

## TITAN VAST 1

18,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM |
| Display | 1.8" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ ရွှေပြည်သစ် 1 (09-5179772)

## Nokia H1120

33,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM |
| Display | 2.0" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ ရွှေပြည်သစ် 1 (09-31084080)

## Le-tide V800

16,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM |
| Display | 2.0" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ ရွှေပြည်သစ် 1 (09-5179772)

## Safaricom U3100

31,000/-



SIM Card | Dual Sim

| | |
|---|---|
| Network | GSM |
| Display | 2.2" |
| Memory | Card Slot |
| Camera | VGA |
| Bluetooth | Yes |
| FM | Yes |
| OS | Java |

▶ ရွှေပြည်သစ် 1 (09-31084080)

# Phone Shop

# TTN

(Mobile Sales & Service)




မသက်သက်ဝေ (အရောင်းတာဝန်ခံ)




တည်နေရာ – No. (188), Between 13rd & 14th Street, Anawrahtar Road, Lanmadaw Township, Yangon.
Ph : 09-421169188, 09-421152251, 09-450051148

### TTN အရောင်းဆိုင် အကျဉ်းချုပ်

TTN အရောင်းဆိုင်ကို ၂၀၁၂ ခုနှစ်၊ ၇ လပိုင်းလောက်က စတင်ဖွင့်လှစ်ခဲ့ပြီး Model မြင့် မိုဘိုင်းဟန်းဆက်မျိုးစုံ၊ Tablet အမျိုးမျိုး၊ Keypad ဖုန်းအမျိုးမျိုး။ GSM, CDMA အတွက် အထိုင်ဖုန်းအမျိုးမျိုးအပြင်၊ ၎င်းတို့နှင့် ဆက်စပ်သော Accessories မျိုးစုံတို့ကို ရရှိနိုင်မှာဖြစ်ပါတယ်။ MPT, Telenor, Ooredoo SIM Card မျိုးစုံနှင့် Top-Up Card မျိုးစုံတို့ကို ရောင်းချပေးနေတဲ့အပြင် Speaker, Bluetooth Speaker, Power Bank အမျိုးမျိုးတို့ကိုပါ ထပ်မံဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။ နယ်မှမှာယူလိုသော Customer များအတွက်ကိုတော့ ကားဂိတ်အရောက် ပို့ဆောင်ပေးသွားမှာဖြစ်ပြီး ငွေဖြည့်ကတ်မျိုးစုံကို လက်လီ/လက္ကား မှာယူနိုင်မှာဖြစ်ပါတယ်။

### TTN အရောင်းဆိုင်၏ ဝန်ဆောင်မှုများ

TTN အရောင်းဆိုင်မှ မိုဘိုင်းဟန်းဆက်များကို ဝယ်ယူအားပေးသော Customer များကို ဖုန်းတစ်လုံးဝယ်တာနဲ့လိုအပ်တဲ့ Software မှန်သမျှကို ထည့်သွင်းပေးသွားမည့်အပြင် Screen Guard, Sim Card, Update ဖြစ်တဲ့ Software များကိုပါ ထပ်မံထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။ Showroom မှ မည်သည့် Smartphone ကိုမဆို Software Service Warranty 1 Year ပေးသွားမှာ ဖြစ်ပါတယ်။ Warranty ကာလအတွင်းမှာ Software နှင့် ပတ်သက်သည့်ဝန်ဆောင်မှုများကို မိတ်ဆွေများ စိတ်ကျေနပ်မှုရှိတဲ့အထိ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အရောင်းဆိုင်မှ ဟန်းဆက်များကို မဝယ်ယူမီ Customer များ စိတ်ကျေနပ်မှုရှိတဲ့အထိ စမ်းသပ်စစ်ဆေးပေးသွားမှာဖြစ်ပါတယ်။

### TTN အရောင်းဆိုင်တွင် ဝယ်ယူရရှိနိုင်သော Handset အမျိုးအစားများ

TTN အရောင်းဆိုင်မှ အရည်အသွေး မြင့်မားကောင်းမွန်ပြီး စိတ်ချယုံကြည်စွာ အသုံးပြုလို့ရရှိနိုင်သော မော်ဒယ်မြင့် မိုဘိုင်းဟန်းဆက်များဖြစ်သည့် iPhone, iPad, Samsung, OPPO, vivo, Lenovo, Huawei, Xiaomi, Coolpad, Circle Tech အစရှိသော Smartphone များနှင့် Cheery Mobile, Nokia, Samsung, ZTE အစရှိသည့် Portable Keypad ဖုန်းများကို မှန်ကန်သောတရားဝင်ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ဖို့အတွက် ရောင်းချပေးသွားမှာဖြစ်ပါတယ်။

### TTN အရောင်းဆိုင်မှ Customer များအတွက် ပေးချင်သော Message

TTN အရောင်းဆိုင်မှ Customer များအတွက် ယုံကြည်စိတ်ချရသည့် Mobile နှင့် Accessories များကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြစ်သာ ရောင်းချပေးနေပါတယ်။ Customer များရဲ့ လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ရန်အတွက် အရောင်းဆိုင်နှင့် Service Center တို့ကို တစ်နေရာတည်းတွင် တွဲဖက်၍ဖွင့်လှစ်ထားခြင်းကြောင့် Customer များရဲ့လိုအပ်ချက်များကို အချိန်တိုအတွင်း အတတ်နိုင်ဆုံး၊ အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်တယ်။ TTN အရောင်းဆိုင်တွင် ဝယ်ယူလို့ပဲဖြစ်ဖြစ်၊ လေ့လာလို့ပဲဖြစ်ဖြစ် လာရောက်နိုင်မှာဖြစ်ပြီး လာရောက်လေ့လာတဲ့ မိတ်ဆွေများကိုလည်း နွေးထွေးသောဝန်ဆောင်မှုများဖြင့် ဝန်ထမ်းများက နွေးထွေးပျူငှာစွာ ကြိုဆိုသွားမှာ ဖြစ်ပါတယ်။

# Today's Mobile Sale, Service and Training Center မှ Managing Director ဖြစ်သူ ကိုနေလင်းထွန်းနှင့် တွေ့ဆုံခြင်း




ကိုနေလင်းထွန်း (Managing Director)
Today's Mobile Sale, Service and Training Center

**မေး** – မင်္ဂလာပါ အစ်ကို။

**ဖြေ** – ဟုတ်ကဲ့၊ မင်္ဂလာပါ။

**မေး** – Today's Mobile အကြောင်းနဲ့ သင်တန်းကျောင်း တည်နေရာတို့ကို ပြောပြပေးပါဦး။

**ဖြေ** – Today's Mobile Sale, Service and Training Center ကို စတင်ခဲ့တာ အခုဆိုရင် ၅ နှစ်ကျော်ခဲ့ပါပြီ။ ဒီမိုဘိုင်းဖုန်းပြုပြင်ခြင်းဆိုင်ရာ ပညာရပ်တွေကိုလည်း သင်တန်းသားပေါင်း မြောက်မြားစွာထံ သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ပြီးတော့ Today's Mobile ဆိုတာက လက်တွေ့လုပ်ငန်းခွင်သုံး Mobile Phone ပြုပြင်နည်း သင်တန်းကျောင်းတစ်ခုပါ။ သင်တန်းကျောင်းရဲ့တည်နေရာကတော့ အမှတ် (၁၆/၁၇)၊ Bang Bang တိုက်၊ (၂) လွှာ (A, B) ၊ လှည်းတန်းကားမှတ်တိုင်ရှေ့၊ အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ် ဖြစ်ပါတယ်။ သင်တန်းနဲ့ပတ်သက်ပြီး သိရှိလိုတာတွေကို ဆက်သွယ်စုံစမ်းမေးမြန်းချင်တယ်ဆိုရင်တော့ ဖုန်း ၀၉-၃၂၂၂ ၇၀၀၀၊ ၀၉-၄၂၁၇၄၄၀၀၀ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

**မေး** – အစ်ကိုတို့ဆီမှာ သင်တန်းကြေးတွေကိုရော ဘယ်လိုမျိုးသတ်မှတ်ပေးထားပါသလဲ။

**ဖြေ** – Today's Mobile Training Center မှာ အထူးအစီအစဉ်အဖြစ် Hardware ဘာသာရပ်တက်ရောက်လျှင် Software ဘာသာရပ်ကို အခမဲ့တက်ရောက်ခွင့်ပေးထားပါတယ်။ Hardware ဘာသာရပ်နဲ့ သင်တန်းကြေးကတော့ ငွေကျပ် (၃) သိန်းခွဲ ဖြစ်ပါတယ်။ သင်တန်းကာလကတော့ (၂) လ တက်ရောက်ရမှာပါ။ Software ဘာသာရပ်ချည်းပဲဆိုရင်တော့ သင်တန်းကြေးက ငွေကျပ် (၂) သိန်း ဖြစ်ပါတယ်။

**မေး** – ယခု ဖေဖော်ဝါရီလထဲမှာရော တန်းခွဲအသစ်တွေ ဖွင့်လှစ်ပေးဖို့ အစီအစဉ်ရှိပါသလား။

**ဖြေ** – ဟုတ်ကဲ့၊ ဒီလထဲမှာ တန်းခွဲအသစ်တွေ ဖွင့်လှစ်သွားမှာပါ။ (၁၆-၂-၂၀၁၆) နေ့မှာ တန်းခွဲအသစ်တွေ စတင်ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ လစဉ် ပုံမှန်တန်းခွဲအသစ် (၂) ခု ဖွင့်လှစ်ပေးလျက် ရှိပါတယ်။

**မေး** – သင်တန်းသားတွေကို ဘယ်လိုမျိုး သင်ကြားမှုပုံစံတွေနဲ့ သင်ကြားပေးနေတယ်ဆိုတာ သိချင်ပါတယ်။

**ဖြေ** – သင်ကြားမှုပုံစံတွေကတော့ Hardware Course မှာဆိုရင် စာတွေ့က (၃၀) ရာခိုင်နှုန်း၊ လက်တွေ့က (၇၀) ရာခိုင်နှုန်း ဖြစ်ပါတယ်။ Software Course မှာဆိုရင်တော့ စာတွေ့က (၄၀) ရာခိုင်နှုန်း၊ လက်တွေ့က (၆၀) ရာခိုင်နှုန်းပါ။ Hardware Course မှာဆိုရင် Electronic အခြေခံနဲ့ Phone Circuit ပေါ်ရှိ အစိတ်အပိုင်းတွေ အလုပ်လုပ်ပုံ အဆင့်ဆင့်၊ Power IC, EMMC, CPU နဲ့ Network IC များရဲ့ ပြစ်ချက်ရှာဖွေခြင်းနဲ့ အစားထိုးလဲလှယ်နည်းများ၊ Mobile Phone Diagram, PCB Layout and Phone PCB တို့ကို တွဲဖက်၍ ပြစ်ချက်ရှာဖွေ လေ့လာနည်းများ၊ Service Tools များရဲ့ အသုံးပြုပုံ နည်းစနစ်များ စတာတွေကို လေ့လာသင်ယူနိုင်ပါလိမ့်မယ်။

Software Course မှာ ဆိုရင်တော့ ကွန်ပျူတာအခြေခံနဲ့ အင်တာနက်အသုံးပြုနည်းများ၊ History of Mobile Phone and Knowledge, Android OS များအကြောင်းနဲ့ Error များ ဖြေရှင်းပုံ၊ iOS အကြောင်းနဲ့ Error များ ဖြေရှင်းပုံ စတာတွေကို သင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းသားတွေကို အထိရောက်မှုအရှိဆုံး သင်ကြားမှုနည်းစနစ်တွေနဲ့ သင်ကြားပေးတာကြောင့် အချိန်တိုအတွင်း လွယ်ကူတတ်မြောက်စေမှာပါ။

**မေး** – သင်တန်းပြီးဆုံးတဲ့အခါ သင်တန်းသားတွေကို ဘယ်လိုမျိုး ပံ့ပိုးပေးမှုတွေ ပြုလုပ်ပေးနေတယ်ဆိုတာ ဖြေကြားပေးပါ။

**ဖြေ** – သင်တန်းပြီးဆုံးတဲ့ သင်တန်းသားတွေအတွက် စက်ပြင်သုံးပစ္စည်းတွေကို သင်တန်း Service Center မှာ အခမဲ့ လာရောက်သုံးစွဲခွင့်ရရှိခြင်း၊ နည်းပညာသစ်များ၊ Life Time စဉ်ဆက်မပြတ် ပံ့ပိုးမှုရရှိခြင်း စတာတွေကို ပံ့ပိုးပေးသွားပါမယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ဖို့ ရည်ရွယ်သူတွေအတွက် အရင်းအနှီး နည်းနည်းနဲ့ ဖုန်းဆိုင်ဖွင့်လှစ်ခြင်း၊ နည်းဗျူဟာဘာသာရပ်၊ Mobile Phone ဆိုင်သုံး စာရင်းဇယား ရေးဆွဲနည်းဘာသာရပ် စတာတွေကိုလည်း အခမဲ့ သင်ကြားပေးသွားမှာပါ။ ဒါ့အပြင် စက်ပြင်သုံးပစ္စည်းတွေကို အရစ်ကျရောင်းချပေးခြင်း အစီအစဉ်တွေလည်း ရှိပါတယ်။

**မေး** – ဘာတွေများ ထပ်မံဖြည့်စွက်ပြောကြားလိုပါသလဲ။

**ဖြေ** – ကျွန်တော်တို့ဆီမှာ သင်တန်းတက်ရောက်ခြင်းဖြင့် နည်းပညာတတ်မြောက်ရုံသာမက စီးပွားရေးပညာရပ်ကိုပါ တတ်မြောက်စေပါလိမ့်မယ်။ လက်တွေ့လုပ်ငန်းခွင်သင်တန်းဖြစ်တာကြောင့် တကယ့်လုပ်ငန်းခွင် အခက်အခဲတွေကို အောင်မြင်စွာ ရင်ဆိုင်ဖြေရှင်းနိုင်မှာပါ။ နောက်ဆုံးပြောချင်တာကတော့ လှည်းတန်း Center အပြင် အမှတ် (၂၅၄)၊ မြေညီထပ်၊ အင်းစိန်လမ်းမ၊ ဘုရားလမ်းကားမှတ်တိုင်အနီး၊ လှိုင်မြို့နယ်မှာ ဖွင့်လှစ်ထားတဲ့ သမိုင်း Center မှာလည်း မိုဘိုင်းဖုန်းပြုပြင်ခြင်းဆိုင်ရာပညာရပ်တွေကို လေ့လာသင်ယူနိုင်ပါတယ်။




## Quadropus Rampage



Quadropus Rampage ဂိမ်းဟာ ကြောက်စရာကောင်းတဲ့စိန်ခေါ်မှုတွေ၊ ပျော်ရွှင်စရာတွေ၊ ရယ်စရာတွေစတဲ့ ရသပေါင်းစုံကို ပေးစွမ်းနိုင်တဲ့ သမုဒ္ဒရာစွန့်စားရေးဂိမ်းပဲဖြစ်ပါတယ်။ ဒီဂိမ်းထဲမှာ သင်ဟာ သမုဒ္ဒရာကြီးထဲမှာသောင်းကျန်းနေတဲ့ မကောင်းဆိုးဝါးကောင်ကြီး Pete ကို သွားရောက်တိုက်ခိုက်နှိမ်နင်းသွားရပါမယ်။ သမုဒ္ဒရာကြီးကို ကြောက်စရာကောင်းတဲ့သတ္တဝါကြီးတွေ ခေါင်းဆောင်တဲ့တပ်စုကြီးက လွှမ်းမိုးထိန်းချုပ်အုပ်စိုးမသွားခင် အမြန်ဆုံးတိုက်ထုတ်ဖို့ လိုအပ်ပါတယ်။ သင့်ရဲ့ကြောက်စရာကောင်းတဲ့မျက်နှာဆိုးကြီးနဲ့ ရန်သူလူဆိုးတွေကို တိုက်ခိုက်မှုတွေပြုလုပ်ရမှာဖြစ်ပြီး သင့်ရဲ့ဒေါသတွေကို အစွမ်းကုန်ထုတ်သုံးကာ တရစပ်တိုက်ခိုက်မှုတွေ ပြုလုပ်နိုင်ပါတယ်။ သင်မသေမချင်း ရန်သူတွေကို အကောင်းဆုံးတိုက်ခိုက်နိုင်ပြီး လက်နက်တွေကိုလည်း အသုံးပြုနိုင်ပါတယ်။ Levels တွေ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားတာနဲ့ ရင်ဆိုင်တိုက်ခိုက်ရမယ့် ရန်သူတွေရဲ့အင်အားကလည်း ပိုမိုကြောက်စရာကောင်းလာမှာ ဖြစ်ပါတယ်။ Story Mode ၊ Insane Mode ၊ Manic Mode ၊ Time Sprint ဆိုတဲ့ game mode ၄ မျိုးပါရှိပြီး ဂိမ်းတစ်ဆင့်ပြီးတစ်ဆင့် အနိုင်ရရှိသွားတာနဲ့ mode တစ်ခုပြီးတစ်ခုကို unlock ပြုလုပ်သွားနိုင်ပါတယ်။ သင့်တိုက်ပွဲထဲမှာ အကူအညီရရှိနိုင်မယ့် အခြားသတ္တဝါကောင်လေးတွေလည်း ပါဝင်မှာဖြစ်ပြီး ၎င်းအကောင်လေးတွေက သင့်ကို ကာကွယ်မှုတွေ ပြုလုပ်ပေးနိုင်ပါတယ်။ တိုက်ပွဲထဲမှာ ရှောင်တိမ်းတာတွေ၊ ထိုးနက်တိုက်ခိုက်တာတွေ၊ ခုန်ပျံကျော်လွှားတာတွေ၊ လမ်းကြောင်းကို လှည့်လည်သွားလာတာတွေကို လုပ်ဆောင်ရမှာပါ။ ရင်ဆိုင်ရမယ့် ရန်သူကြီး ၅ ကောင်ပါရှိပြီး Pete ဆိုတဲ့ မကောင်းဆိုးဝါးကောင်ကြီးကို ရေအောက်ကြမ်းပြင်အနက်ကြီးထိ ရောက်အောင် ခေါ်ဆောင်သွားပြီး တိုက်ခိုက်ရပါမယ်။ သင့်အတွက် အသုံးဝင်နိုင်မယ့် အဖိုးတန်ရတနာ ၃၉ မျိုးကို ထည့်သွင်းပေးထားပြီး အဲဒီရတနာတွေက ရန်သူတွေကိုတိုက်ခိုက်ဖို့ သင့်မျက်နှာကနေ လေဆာတန်းတွေ ထွက်လာနိုင်အောင် လုပ်ဆောင်ပေးနိုင်ပြီး သင့်ရဲ့ကြယ်ငါးလေးတွေကို ပေါက်ကွဲနိုင်တဲ့ boomerang အဖြစ် ပြောင်းလဲပေးနိုင်စွမ်းရှိပါတယ်။ ဒီလိုအဆင့်မြင့်တဲ့ ရေအောက်တိုက်ခိုက်ရေးဂိမ်းကောင်းလေးကို ကစားချင်တယ်ဆိုရင် iOS 5.1.1 နဲ့အထက် လိုအပ်ပါတယ်။



## Arrow



Arrow ဂိမ်းကတော့ ကစားရတာ လွယ်ကူသလိုထင်ရပေမယ့် ခက်ခဲပြီးတော့ ကစားသူတွေကို ဆွဲဆောင်ထားနိုင်တဲ့ ဂိမ်းလေးဖြစ်ပါတယ်။ ဒီဂိမ်းမှာ မြှားပုံစံဦးခေါင်းရှိတဲ့ မြွေတစ်ကောင်ကို လမ်းကြောင်းတစ်လျှောက် အန္တရာယ်ကင်းအောင် ထိန်းချုပ်ရွှေ့လျားပေးသွားရမယ့် ဂိမ်းပုံစံဖြစ်ပါတယ်။ အကွေ့အကောက်တွေနဲ့ ဖန်တီးထားတဲ့လမ်းကြောင်းတွေထဲမှာ မြွေကိုနံရံနဲ့မထိမိအောင် သတိထား ရွှေ့လျားသွားရမှာပါ။ အမှတ်တွေ ပိုမိုရရှိအောင်လုပ်ပြီး မြွေရဲ့အမြီး ပိုပြီးရှည်လာအောင်လုပ်ရပါမယ်။ စစချင်းမှာ မြှားပုံစံမြွေဦးခေါင်းကို လမ်းတစ်လျှောက်ရွှေ့လျားသွားပြီး လမ်းမှာတွေ့တဲ့ ကျောက်မျက်ရတနာတွေကို ရိုက်ခွဲကာ မြွေအမြီးရှည်လာအောင်လုပ်ရတာ ဖြစ်ပါတယ်။ ကွေ့ကောက်နေတဲ့ လမ်းကြောင်းတစ်လျှောက်မှာ မြွေကို နံရံနဲ့မထိမိအောင် ထိန်းချုပ်ကစားရတာ အလွန်စိန်ခေါ်မှုများပါတယ်။ အဲဒီလမ်းကြောင်းတစ်လျှောက် မြွေကို တတ်နိုင်သမျှ ဝေးဝေးကိုရောက်အောင် ထိန်းချုပ်ပေးသွားနိုင်ဖို့ အရေးကြီးပါတယ်။ ထူးခြားတဲ့အသွင်အပြင်ရှိတဲ့ ရယ်စရာမြွေခေါင်းတွေကို unlock လုပ်ယူနိုင်သလို ဂိမ်းနောက်ခံကိုလည်း အမျိုးမျိုး ပြောင်းလဲနိုင်ပါတယ်။ ဒီဂိမ်းဟာ အာရုံစူးစိုက်မှု၊ လျင်မြန်စွာ တုံ့ပြန်တတ်မှုနဲ့ လှုပ်ရှားမှုကျွမ်းကျင်မှုတို့ကို အသုံးချ ကစားရတဲ့ဂိမ်းဖြစ်ပြီး ဒီဂိမ်းကို Android 4.1 နဲ့ အထက်မှာ ကစားနိုင်ပါတယ်။



## Pocket Mortys



Pocket Mortys ဂိမ်းက သင်ကို အတော်ဆုံး Mortys trainer တစ်ယောက်ဖြစ်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ ဒီဂိမ်းထဲမှာ Mortys ပေါင်း ၇၀ ကျော်ပါရှိပြီး ၎င်းတို့ကို ကိုယ့်တပ်သားတွေအဖြစ် စုဆောင်းပြီး ထိန်းကျောင်းပြုပြင်ပေးတာတွေပြုလုပ်နိုင်ပါတယ်။ ၎င်း Mortys တွေထဲမှာ Mustache Morty ၊ Wizard Morty ၊ Cronenberg Morty စတာတွေ ပါဝင်ပါတယ်။ ကိုယ့်စိတ်ကြိုက် Mortys တွေကို ရွေးချယ်ပြီး အကောင်းဆုံးထိန်းကျောင်းပြုပြင်မှုတွေ ပြုလုပ်ကာ သင့်အဘိုးကို တစ်ဖက်နဲ့တစ်ဖက်တိုက်ပွဲဆင်နွှဲဖို့ တွန်းအားပေးနေတဲ့ ရန်သူတော် Ricks တွေကို စိန်ခေါ်တိုက်ခိုက်မှုတွေ လုပ်ဆောင်နိုင်ပါတယ်။ ကိုယ်ပိုင် Mortys တွေကို အမိန့်ပေးခိုင်းစေတာတွေ၊ ပေါင်းစပ်တာတွေနဲ့ ပိုမိုအင်အားကောင်းလာအောင် အဆင့်မြှင့်တင်တာတွေကို ပြုလုပ်ပေးကာ သင်ဟာအတော်ဆုံး Mortys Trainer တစ်ယောက်အဖြစ် သက်သေပြနိုင်ပါတယ်။ ရင်ဆိုင်ရမယ့်အကောင်လေးတွေကလည်း သင့်နဲ့ရင်းနှီးပြီးသားဖြစ်မယ့် Bird Person ၊ Mr.Meeseeks တွေပဲ ဖြစ်ပါတယ်။ အကောင်းဆုံးလုပ်ဆောင်ချက်တွေကို ပြုလုပ်ပြီး ဆုလာဘ်တွေကိုလည်းရယူနိုင်ပါတယ်။ အဆင့်မြင့် graphics ဒီဇိုင်းကောင်းတွေကြောင့် ကြည်လင်ပြတ်သားတဲ့မြင်ကွင်းတွေကို တွေ့မြင်ကစားနိုင်မှာပါ။ ဒီ Pocket Mortys ဂိမ်းကို ကစားမယ်ဆို iOS 8.0 နဲ့အထက် ရှိရပါမယ်။



## Terminal Velocity



ကမ္ဘာပေါ်မှာ ပြင်းထန်လှတဲ့ တိုက်ပွဲတွေကို စစ်သင်္ဘောတပ်တွေနဲ့ ရုတ်တရက် တိုက်ခိုက်လာကြပါတယ်။ အရေးကြီးတဲ့နေရာဌာနတွေနဲ့ အဓိကမြို့တော်ကြီးတွေကို လိုက်လံဖျက်ဆီးပစ်နေကြပြီး ကမ္ဘာကြီးဟာ ၎င်းတို့ရဲ့လက်အောက်ကို ချက်ချင်း ကျရောက်သွားပါတော့တယ်။ Terminal Velocity ဂိမ်းကို ဒီလိုဇာတ်လမ်းသွားပုံစံနဲ့ ဖန်တီးပေးထားပြီး ဒီဂိမ်းထဲမှာ သင်ဟာအတော်ဆုံးလေယာဉ်မောင်းသမားတစ်ယောက်အနေနဲ့ ပါဝင်ကစားကာ ကမ္ဘာပေါ်ကို လာရောက်တိုက်ခိုက်ကြတဲ့ ရန်သူစစ်သင်္ဘောတွေကို ရှင်းလင်းသုတ်သင်ပေးရမှာ ဖြစ်ပါတယ်။ သင်ဟာလေယာဉ်ကို အမြန်ဆုံးနဲ့ အကျွမ်းကျင်ဆုံးထိန်းချုပ်မောင်းနှင်ပြီး တိုက်ခိုက်မှုတွေကို စနစ်တကျ အကောင်းဆုံး လုပ်ဆောင်သွားရပါမယ်။ ဒီဂိမ်းထဲမှာ အဆင့်မြင့် VGA graphics ဒီဇိုင်းကို အသုံးပြုထားတဲ့အတွက် မြင်ကွင်းတွေကို ရှင်းရှင်းလင်းလင်းမြင်တွေ့ရပြီး တိုက်ပွဲကို ပိုမိုအသက်ဝင်စေတဲ့ နောက်ခံအသံတွေကို ထည့်သွင်းပေးထားပါတယ်။ Mobile devices တွေနဲ့ အကောင်းဆုံး ထိန်းချုပ်ကစားနိုင်အောင် ပြုလုပ်ပေးထားပြီး Game controller ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ ဒီလိုအဆင့်မြင့်တိုက်ခိုက်ရေးဂိမ်းတစ်ခုဖြစ်တဲ့ Terminal Velocity ဂိမ်းကို ကစားချင်တယ်ဆိုရင်တော့ သင့်ရဲ့ device မှာ iOS 7.0 နဲ့အထက် ရှိရမှာပဲ ဖြစ်ပါတယ်။




## Zombie Tsunami



Zombie Tsunami မှာတော့ မကောင်းဆိုးဝါး zombie တွေကို တိုက်ခိုက် ချေမှုန်းရတာမျိုး မဟုတ်ဘဲ ကိုယ်တိုင် zombie အဖြစ် ကစားရမယ့်ပုံစံဖြစ်ပါတယ်။ အရင်ဆုံး zombie တစ်ကောင်ကနေစတင်ကာ တဖြည်းဖြည်းနဲ့ zombie တွေ တသီတသန်းကြီးဖြစ်လာအောင် လုပ်ရမှာဖြစ်ပါတယ်။ တွေ့သမျှသက်ရှိတွေကို ကိုက်သတ်စားပြီးတော့ zombie တွေဖြစ်လာအောင် ဖန်တီးရတာပဲဖြစ်ပါတယ်။ သင်လုပ်ရမယ့်တာဝန်က လမ်းကြောင်းတစ်လျှောက်မှာ တွေ့ရသမျှအရာအားလုံးကို တိုက်ခိုက်သတ်ဖြတ်သွားရမှာဖြစ်ပါတယ်။ လမ်းကြောင်းတွေကိုလည်း အတားအဆီးတွေ အမျိုးမျိုးနဲ့ ဖန်တီးပေးထားပါတယ်။ မြင်မြင်သမျှကို ကိုက်သတ်ပြီးတော့ ရွှေဒင်္ဂါးတွေကိုလည်း ရယူသွားရပါမယ်။ လူတွေပိုပြီးကိုက်သတ်ကာ အဖွဲ့ထဲမှာထည့်သွင်းနိုင်လေ ပိုမိုရှည်လျားတဲ့ zombie Tsunami ကို ဖန်တီးနိုင်လေဖြစ်ပါတယ်။ မတူညီတဲ့ Power-ups တွေနဲ့ bonus ၈ မျိုးကို ရယူပြီး ပိုမိုပြေးလွှားနိုင်အောင်နဲ့ ပိုမိုအဖျက်စွမ်းအား ကြီးမားအောင် အသုံးပြုနိုင်ပါတယ်။ ကားတွေ၊ ဘတ်စ်ကားတွေ၊ ယာဉ်ကြီးတွေနဲ့ တင့်ကားတွေကို မှောက်လှန်ပစ်ပြီးတော့ အထဲမှာရှိနေတဲ့လူတွေကို ကိုက်သတ်စားတာတွေလည်း ပြုလုပ်ရမှာပါ။ မတူညီတဲ့မစ်ရှင်ပေါင်း ၃၀၀ကျော်ပါပြီး ဂိမ်းမြေပုံ ၉ ခုအတွင်းမှာ ကစားရမှာဖြစ်ပါတယ်။ ဒီဂိမ်းကိုတော့ Android 2.3 နဲ့အထက်မှာ ကစားနိုင်ပါတယ်။




## Looney Tunes Dash



Looney Tunes ကာတွန်းဇာတ်လမ်းတွဲတွေ ကြိုက်နှစ်သက်သူတွေအတွက် အဲဒီဇာတ်လမ်းတွဲထဲက ကာတွန်းဇာတ်ကောင်လေးတွေကို ထိန်းချုပ်ပြီး ပြေးလွှားကစားသွားရမယ့် running ဂိမ်းဖြစ်ပါတယ်။ Bugs Bunny ၊ Road Runner ၊ Tweety Bird နဲ့ အခြား Looney Tunes ဇာတ်ကောင်တွေကို ထိန်းချုပ်ပြေးလွှားတာ၊ ခုန်ပျံတာတို့ ပြုလုပ်ရမှာဖြစ်ပါတယ်။ Level တစ်ခုစီမှာ ပေးထားတဲ့ရည်ရွယ်ချက်တွေကို ပြီးမြောက်အောင် ကြိုးစားပြီးတော့ အဆင့်တွေ တက်သွားရမှာ ဖြစ်ပါတယ်။ Looney Tunes ဇာတ်ကောင်တွေနဲ့ Looney Zones ဇာတ်လမ်းထဲက ရှုခင်းတွေကိုအခြေခံပြီး ဖန်တီးထားတဲ့ဇုန်တွေကို unlock လုပ်သွားရမှာ ဖြစ်ပါတယ်။ ပြေးလမ်းတစ်လျှောက်အခက်အခဲ၊ အတားအဆီးတွေနဲ့ ပြည့်နှက်နေတဲ့အတွက် သတိထားဖို့လိုပါတယ်။ ဇာတ်ကောင်တစ်ကောင်ချင်းစီရဲ့ အထူးစွမ်းရည် Special Ability ကို ရရှိပါက အပြေးစွမ်းအားတွေ ပိုမိုရရှိလာပြီး အပြေးစွမ်းရည် ပိုကောင်းလာမှာဖြစ်ပါတယ်။ ဒါ့အပြင် Power-ups တွေ ရရှိနိုင်ပါက စူပါသူရဲကောင်းတစ်ယောက်လို ပျံသန်းနိုင်မယ်၊ ပြီးရင်အတားအဆီးတွေကို ဖောက်ခွဲဖျက်ဆီးနိုင်ပါမယ်။ ဂိမ်းမြေပုံတွေကိုတော့ ကာတွန်းဇာတ်လမ်းထဲက Painted Desert ၊ Tweety's Neighbourhood စတဲ့ နေရာတွေလိုပုံစံမျိုး ဖန်တီးထားပါတယ်။ ဒီဂိမ်းကိုတော့ Android 2.2 နဲ့ အထက်တွေမှာ ကစားနိုင်ပါတယ်။

Vol . 4, Issue . 24

# Latest Gadgets & Mobile Accessories

New Products

## Philips BT2500B

### Wireless Portable Speaker

➲ **49,000 Ks**






ကိုယ်ထည်ပိုင်းကို Aluminium ဖြင့် ဖန်တီးပြုလုပ်ပေးထားတဲ့ Wireless Portable Speaker တစ်ခု ဖြစ်ပါတယ်။ Bluetooth Function ပါရှိတဲ့ Smart-phone, Tablet, Laptop စတာတွေနဲ့ အဆင်ပြေစွာ ချိတ်ဆက် တွဲဖက်အသုံးပြုနိုင်မှာပါ။ အသံထွက်အားက ကြည်လင်ပြတ်သား ကောင်းမွန်မှုရှိပြီး Output Power 3 Watts ရှိတဲ့ Speaker ၁ လုံး တပ်ဆင်ပေးထားပါတယ်။ Built-in Micorphone System ပါရှိတာကြောင့် အသုံးပြုနေစဉ် ဖုန်းဝင်လာရင် ဒီ Speaker ကနေပဲ ဖုန်းလက်ခံစကားပြောလို့ ရမှာပါ။ တစ်ခါအားသွင်းထားရင် ၅ နာရီခန့် အသုံးပြုနိုင်ပါလိမ့်မယ်။

**Unique : 09-73171214**

## Computer Remote Control

➲ **9,000 Ks**




PC, Laptop, Android TV Box စတာတွေနဲ့ အဆင်ပြေစွာ ချိတ်ဆက်အသုံးပြုနိုင်တဲ့ Remote Control ဖြစ်ပါတယ်။ Presen-tation လုပ်တဲ့အခါ Slide Show တွေ အပြောင်းအလဲပြုလုပ်ရာမှာ အဆင်ပြေစေဖို့ ဒီပစ္စည်းလေးက ကူညီပေးဦးမှာပါ။ Computer တွေမှာ Music Function အသုံးပြုတဲ့အခါ သီချင်းတွေအပုဒ်ကျော်ခြင်းများ ပြုလုပ်နိုင်သလို အသံတိုးခြင်း၊ ကျယ်ခြင်း စတာတွေလည်း ပြုလုပ်နိုင်ပါလိမ့်မယ်။ PC , Laptop တို့ကို Remote Control နဲ့ ထိန်းချုပ်အသုံးပြုလိုတဲ့သူတွေအတွက် အသုံးတည့်စေမယ့် Product တစ်ခုပဲ ဖြစ်ပါတယ်။

**8 Ray Shopping Center : 09-450127303**

## Prolink PRT7006H

### 21.6Mbps Portable HSPA+WiFi Hotspot

➲ **59,000 Ks**




Internet အသုံးပြုခြင်း၊ Wireless Sharing စနစ်ဖြင့် Movie, Music , Document File များ မျှဝေသုံးစွဲခြင်း စတာတွေ အသုံးပြုနိုင်ဖို့ ကူညီပေးမယ့် Prolink အမှတ်တံဆိပ် Wireless Router လေးနဲ့ မိတ်ဆက်ပေးပါရစေ။ MPT, Telenor, Ooredoo စတဲ့ SIM Card များနဲ့ ချိတ်ဆက်ကာ Upload Speed 5.76Mbps နဲ့ Download Speed 21.6Mbps နှုန်းတို့ဖြင့် အသုံးပြုနိုင်မှာပါ။ Users ၁၀ ဦးအထိ Wireless Data Sharing ပြုလုပ်နိုင်ပြီး OLED Display ကို အသုံးပြုပေးထားတာကြောင့် Wi-Fi Status, Traffic Statistics, Roaming Status နဲ့ Battery ပမာဏတို့ကိုပါ ကြည့်ရှုနိုင်ပါလိမ့်မယ်။ ဒါ့အပြင် Auto APN System ပါဝင်တာကြောင့် Wi-Fi Setting ကို ချိန်ညှိစရာမလိုတဲ့ တိုက်ရိုက်ချိတ်ဆက် အသုံးပြုနိုင်မှာလည်း ဖြစ်ပါတယ်။

**Unique : 01-398436**

## Philips M3351B Linea Retro

### Cordless Phone with Answering Machine

➲ **75,000 Ks**



လိုင်းခွဲအားကောင်းမွန်စွာဖြင့် ကြိုးဖုန်းအသုံးပြုချင်တဲ့သူတွေအတွက် အဆင်ပြေစေမယ့် Gudget တစ်ခုပါ။ ဖုန်းခလုတ်တွေကိုလည်း ကောင်းမွန်သေသပ်စွာ စနစ်တကျပြုလုပ်ပေးထားပါတယ်။ ကြိုးရှုပ်ထွေးမှုမှ ကင်းဝေးစေဖို့ ဆန်းသစ်တဲ့ပုံစံဒီဇိုင်းနဲ့ ပြုလုပ်ပေးထားတဲ့အပြင် အောက်ခံဖုန်းအထိုင်ကလည်း ခိုင်ခံ့တည်ငြိမ်မှု ရှိပါတယ်။ ဒါ့အပြင် 1.6 လက်မအရွယ်အစားရှိ LED Display ကိုပါ တပ်ဆင်ပေးထားတာကြောင့် မိမိနဲ့ဖုန်းပြောနေတဲ့ တစ်ဖက်က ဖုန်းနံပါတ်ကို ပြန်လည်ကြည့်ရှုနိုင်တဲ့အပြင် Phone Contacts ၅၀ ထိ မှတ်သားထားလို့ ရပါတယ်။ Caller ID ပါဝင်တာကြောင့်လည်း Call Log ၂၀ ထိ ဖုန်းခေါ်ဆိုထားတာတွေကို ပြန်လည်ကြည့်ရှုနိုင်မှာပါ။

**Unique : 09-73171214**

## 12x Telephoto Lens

### Fisheye Lens, Wide Angle & Macro Lens

➲ **25,000 Ks**



မိုဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်တာ ဝါသနာပါတဲ့သူတွေအတွက် ဓာတ်ပုံကောင်းတွေရရှိဖို့ ပိုမိုအထောက်အကူဖြစ်စေမယ့် Product တစ်ခု ဖြစ်ပါတယ်။ ကိုယ်ထည်ပိုင်းကို Metal နဲ့ ပြုလုပ်ဖန်တီးပေးထားကာ Original Tripod လည်း ပါရှိပါတယ်။ iPhone, Android Phone စတာတွေနဲ့ အဆင်ပြေစွာ တွဲဖက်အသုံးပြုနိုင်ပါတယ်။ ဒီ Lens ကို တပ်ဆင်အသုံးပြုတဲ့အခါ အဝေးမှာရှိတဲ့ ပုံရိပ်တွေကို ၁၂ ဆအထိ ချဲ့ယူရိုက်ကူးနိုင်မှာပါ။ ဒါ့အပြင် Angle of view က ၇၀ ဒီဂရီအထိ ရပါတယ်။

**CTM : 01-224502**

## Monster Off-Road Self-balancing

### Smart Electric Scooter with big two wheel

➲ **390,000 Ks**



လူငယ်တွေနဲ့ကလေးတွေအကြား ရေပန်းစား လူကြိုက်များနေတဲ့ Product လေး တစ်ခု ဖြစ်ပါတယ်။ ဒီ Two Wheel Scooter လေးမှာ အရည်အသွေးမြင့် Samsung Battery ကို အသုံးပြုပေးထားပြီး Wheel Size ကတော့ ၁၀ လက်မ ဖြစ်ပါတယ်။ ပိတ်ရ၊ ဖွင့်ရ လွယ်ကူစေဖို့အတွက် Smart Key ကိုလည်း ထည့်သွင်းပေးထားပါသေးတယ်။ ဒါ့အပြင် အသုံးပြုနေစဉ် ဖုန်းဖြင့်ချိတ်ဆက်ပြီး သီချင်းနားထောင်နိုင်ဖို့ Bluetooth Speaker လည်း ပါရှိပါတယ်။ ဒီ Smart Electric Scooter ကို ထည့်ဖို့အိတ်လည်း ပါရှိတာကြောင့် တစ်နေရာကနေ တစ်နေရာကို သယ်ဆောင်အသုံးပြုဖို့အတွက် လွယ်ကူအဆင်ပြေစေမှာ ဖြစ်ပါတယ်။

**8 Ray Shopping Center : 09-450127303**

## Samsung Gear Circle

### Bluetooth Headset

➲ **23,000 Ks**






Samsung အမှတ်တံဆိပ် အရည်အသွေးမြင့် Bluetooth Headset တစ်ခု ဖြစ်ပါတယ်။ ဒီဇိုင်းပိုင်းကို ဆန်းသစ်လှပစွာ ဖန်တီးပေးထားကာ ကိုယ်ထည်ပိုင်းကို ဗိုင်ဘာနဲ့ ပြုလုပ်ပေးထားပါတယ်။ Bluetooth Function ပါရှိတဲ့ မည်သည့် Mobile Device နဲ့မဆို အဆင်ပြေစွာ တွဲဖက်အသုံးပြုလို့ရပါတယ်။ အသံထွက်ပိုင်း ကြည်လင်ပြတ်သား ကောင်းမွန်မှုရှိကာ ဖုန်းဝင်လာတဲ့အခါမှာလည်း ဒီ Headset ကနေပဲ ဖုန်းလက်ခံ စကားပြောဆိုနိုင်ပါလိမ့်မယ်။ ဒါ့အပြင် MicroSD Card Slot ပါရှိတာကြောင့် Memory ကို 8GB အထိ ထည့်သွင်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

**CTM : 01-224502**

Part 1







# 50 NEXT BIG THINGS

## THE MOST AMAZING TECH INNOVATIONS ARRIVING IN 2016






လွန်ခဲ့တဲ့ ၅ နှစ်လောက်ကိုပြန်ကြည့်ရင်ထူးထူးခြားခြားသုံးနိုင်တဲ့ Gadget တွေရှားပါးခဲ့ဖြစ်တာကိုတွေ့ကြရမှာပါ။ ဒီခေတ်မှာတော့ Crowdfunding တွေခေတ်စားလာခဲ့တာကြောင့် Kickstarter နဲ့ Indiegogo လိုနေရာတွေကနေ တီထွင်သူတွေဟာ ပစ္စည်းတွေကို စိတ်ဝင်စားသူများစွာထံ ရောက်အောင်ပို့ဆောင်လာနိုင်ခဲ့ပါတယ်။ အကြီးမားဆုံးနည်းပညာတိုးတက်မှုကိုတော့ စမတ်ဖုန်းနဲ့ Robot နည်းပညာတွေမှာမြင်နိုင်ပါတယ်။ ရွေးချယ်စရာများစွာရှိတဲ့နည်းပညာပစ္စည်းတွေထဲက ၂၀၁၆ မှာခေတ်စားလာဖို့ရှိတဲ့ ထူးခြားတဲ့ပစ္စည်းတွေကို အဓိကရွေးချယ်တင်ဆက်ပေးဖြစ်ပါတယ်။

## သူငယ်ချင်းအစစ်ဖြစ်နိုင်တဲ့ BUDDY

သိပ္ပံရုပ်ရှင်ဇာတ်လမ်းတွေကိုနှစ်သက်သူတွေအတွက် လူပုံစံစက်ရုပ်တွေဟာ အနည်းငယ်ကြောက်စရာကောင်းချင်ကောင်းနေနိုင်ပါတယ်။ ဒါပေမဲ့ BUDDY ဟာ ဒီခံစားချက်ကိုပြောင်းလဲပေးနိုင်တဲ့စက်ရုပ်တစ်ရုပ်ဖြစ်ပြီး E-T နဲ့ပုံစံချင်းဆင်တူတဲ့ဒီစက်ရုပ်လေးဟာ မိသားစုအတွက် အထူးအရေးပါတဲ့အနေအထားမှာရှိပါတယ်။ လူကြီးတွေအတွက် Buddy ဟာ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ အထောက်အကူပေးနိုင်ပြီး ပရိုဂရမ်ဖန်တီးနိုင်တဲ့ memory ပါဝင်သလို ညဘက်မှာလည်း သင့်အိမ်ကို စောင့်ကြည့်ပေးနိုင်ပါတယ်။ ကလေးတွေကိုလည်းထိန်းကြောင်းပေးနိုင်စွမ်းရှိပြီး ဂိမ်းကစားတာ၊ ပုံပြင်ပြောတာ၊ စာလုံးပေါင်းပေးတာတွေကိုလုပ်ဆောင်နိုင်ပါတယ်။ Buddy ရဲ့စိတ်ဝင်စားစရာအကောင်းဆုံးအချက်ကတော့ complet modular platform မှာအခြေခံထားတာမို့ သုံးစွဲသူစိတ်ကြိုက်တာဝန်တွေကို ချမှတ်ပေးနိုင်ပါတယ်။ Buddy အတွက် ထပ်မံဖြည့်စွက်ပေးနိုင်တဲ့ accessories များစွာလည်းရှိနေပြီး လုပ်ဆောင်နိုင်စွမ်းကိုပိုမိုတိုးတက်စေပါတယ်။ Buddy ဟာ အနာဂတ်အတွက် အလွန်အသုံးဝင်တဲ့ တီထွင်မှုတစ်ခုပါ။



## BUDDY'S BEST FEATURES



### Human recognition

Buddy မှာပါတဲ့ ရှေ့ကင်မရာဟာ လူနဲ့အရာဝတ္ထုတွေကို ခွဲခြားနိုင်စွမ်းရှိပါတယ်။ ဒါကြောင့် သင့်ကိုခြေရာခံနိုင်ပြီး သုံးစွဲရအဆင်ပြေစေပါတယ်။

### Avoids collisions

Buddy ဟာ အိမ်ထဲမှာသွားလာနိုင်ဖို့အတွက် motion sensors ကိုသုံးပြီး အတားအဆီးတွေကိုရှောင်ရှားပါတယ်။



### Voice control

Buddy ဟာ smartphone hub တစ်ခုအဖြစ်သာမက smart devices အားလုံးနဲ့လည်းချိတ်ဆက်နိုင်ပါတယ်။ Smarthome ဆိုင်ရာကိစ္စအားလုံးကို အသံနဲ့အမိန့်ပေးပြီး Buddy ကိုစေခိုင်းနိုင်ပါတယ်။



### Phiro

ကလေးတွေအတွက် စစချင်းသုံးစွဲဖို့ အသင့်ဆုံး robot ကတော့ Phiro ပါ။ Lego အတုံးလေးတွေနဲ့လုပ်ထားတာဖြစ်ပါတယ်။



### Volta Flyer

Volta Flyer ဟာ ကလေးတွေသုံးနိုင်တဲ့ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်လေးဖြစ်ပြီး လေထဲမှာဝဲပျံနိုင်ပါတယ်။



### Tiny Arcade

ခေတ်ဟောင်းဗီဒီယိုဂိမ်းကိုအလွန်သေးငယ်တဲ့ DIY arcade cabinet လေးထဲမှာကစားနိုင်မှာဖြစ်ပါတယ်။

Vol . 4, Issue . 24



### Puppy dog eyes

ULO ရဲ့ကြီးမားတဲ့မျက်လုံးတွေဟာ 1.22" LCD screen တွေဖြစ်ပြီး စမတ်နာရီတွေလို ဒီဇိုင်းကို ဖန်တီးထားပါတယ်။ မြင်ကွင်းထဲက ဘယ်အရာကိုမဆိုခြေရာခံပေးနိုင်ပါတယ်။

### Say cheese

ULO ရဲ့ရှေ့မှာ two-way mirror ပါဝင်ပြီး ကင်မရာတပ်ဆင်ထားတာမို့မျက်နှာမူရာဘက်ကို ရိုက်ကူးပေးနိုင်မှာဖြစ်ပါတယ်။

## ပိုမိုအမြင်ဆန်းလာသည့် လုံခြုံရေးစနစ် ULO

ULO ဟာအမြင်ဆန်းသလို ချစ်စရာလည်းကောင်းတဲ့ စက်ရုပ်လေးဖြစ်ပေမယ့် သူ့ရဲ့ အဓိကတာဝန်က လုံခြုံရေးပါ။ ULO ဟာလုံခြုံရေးစနစ်ပါဝင်ပြီး စောင့်ကြည့်နိုင်သလို Footage ကိုမှတ်တမ်းတင်ပြီး ပြန်လည်ပြသပေးနိုင်ပါတယ်။ မျက်လုံးအမူအရာနဲ့ တစ်ခုခုထူးခြားရင် သင့်ကို ဆက်သွယ်နိုင်မှာဖြစ်ပါတယ်။ မသင်္ကာစရာတစ်ခုခုကိုတွေ့ရင် GIF File အဖြစ်ပြောင်းပြီး သုံးစွဲသူထံပေးပို့သတိပေးမှာဖြစ်ပါတယ်။



### The Polycade

ခေတ်ဟောင်းဂိမ်းတွေကို ခံစားချင်သူတွေအတွက်ပြန်လည်ဖန်တီးပေးထားတာဖြစ်ပြီး တစ်ချိန်က အကောင်းဆုံး arcade ဂိမ်းတွေကို ကလေးတွေနဲ့အတူ ကစားနိုင်ပါတယ်။



### O Watch

ကလေးတွေကို Arduino-based 3D printing နဲ့ ပရိုဂရမ်ရေးဆွဲပုံကို လေ့လာခွင့်ပေးမယ့် ကမ္ဘာ့ပထမဆုံး Fully 3D printed စမတ်နာရီဖြစ်ပါတယ်။

## လမ်းလျှောက်ဖို့ထက် Hoverboa

တကယ်လေထဲမှာဝဲပျံနိုင်တဲ့ hoverboard စစ်စစ်တွေမရနိုင်သေးခင် မယ်လို့မထင်ရပေမယ့် ဘီးတစ်ဘီးထဲမှာ weight-detection system ပါဝင်လို မြန်ဆုံး တစ်နာရီ ၁၆ မိုင်နှုန်းနဲ့အကွာအဝေး ၁၂ မိုင်ထိသွားနိုင်ပါတယ်။ ထိန်းဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့်လိုအပ်ချိန်မှာ ဟန်ချက်ထိန်းနိုင်ဖို့ sonar အမျိုးမျိုးနဲ့ရရှိနိုင်တာကလည်း စိတ်ဝင်စားစရာအချက်တစ်ချက်ပါ။ ဒါ့အ အားလုံးအတွက်အဆင်ပြေစေပါတယ်။



### Ground sensors

Hoverboard ရဲ့အောက်မှာ ground sensor ပါဝင်ပြီး မြေပြင်မညီညာတာတွေကို တတ်နိုင်သမျှတည်ငြိမ်စေဖို့ ထိန်းသိမ်းပေးပါတယ်။

### Go the distance

Hoverboard ဟာ လျှပ်စစ် နိုင်ပြီး အားတစ်ခါသွင်းထားရင် နိုင်ပါတယ်။









## Transformer အစစ်ဖြစ်လာတဲ့ RERO

စက်ရုပ်တစ်ရုပ်ဖန်တီးတာ ဒီခေတ်ထဲမှာမထူးခြားပေမယ့် စိတ်ကြိုက်ပုံစံပြောင်းနိုင်တဲ့စက်ရုပ်ကို ဖန်တီးနိုင်တာကတော့ ထူးခြားပါတယ်။ Rero ဟာ ကိုယ်ပိုင်ဝယ်ယူထားနိုင်တဲ့ Transformer လို့ဆိုနိုင်ပြီး နှစ်သက်ရာပုံစံကို ဖန်တီးနိုင်ပါတယ်။ Rero ကို sliding block တွေနဲ့ဖန်တီးထားပြီး သင်လိုချင်တဲ့စက်ရုပ်ပုံစံရအောင် ဖန်တီးနိုင်ပါတယ်။ စိတ်ကူးယဉ်ပုံစံတွေကို ဖန်တီးချင်သူတွေအတွက် Rero ဟာ အကောင်းဆုံးရွေးချယ်မှုပါ။



## စက်ရုပ်ဖန်တီးချင်သူများအတွက် STEMI

ကိုယ်ပိုင်စက်ရုပ်တစ်ရုပ်ကို အစအဆုံးဖန်တီးချင်သူတွေအတွက် အခွင့်အရေးကို STEMI က ပေးလာပါတယ်။ STEMI ဟာ hexapad ပုံစံစက်ရုပ်တစ်ရုပ်သာဖြစ်ပေမယ့် လွယ်လွယ်နဲ့ တပ်ဆင်နိုင်မှာမဟုတ်ပါဘူး။ ကံကောင်းတာက ညွှန်ကြားချက်ပါဝင်လို့ သိပ်မခက်ခဲဘဲ တပ်ဆင်နိုင်ပါတယ်။ ဒါ့အပြင် သင်ဟာ သင့်စက်ရုပ်ကိုလမ်းလျှောက်ဖို့၊ အသံထွက်ဖို့၊ ခံစားချက်တွေဖော်ပြနိုင်ဖို့ program ကိုပါရေးဆွဲပေးရဦးမှာဖြစ်ပါတယ်။

### Cast



အိမ်ထဲမှာရှိသမျှ TV တွေကိုစုစည်းပြီး smart ဖြစ်အောင် Cast က ဖန်တီးပေးနိုင်ပါတယ်။

### Guitar Triller

Guitar Triller ဟာမြေဆွဲအားနဲ့ လက်ချောင်းတွေရဲ့လှုပ်ရှားမှုကိုမှုတည်ပြီး ဂစ်တာကြိုးကိုလှုပ်ခတ်စေတာကြောင့် အသစ်တွေကို ဖန်တီးနိုင်ပါတယ်။



### The Light Clock

Light Clock ကို နံရံမှာကပ်ထားရင် အရောင်ကိုကြည့်ရုံနဲ့ အချိန်ကိုသိနိုင်မှာဖြစ်ပါတယ်။



# rd စီးတာ ပိုအဆင်ပြေမှာလား . . .

လက်ရှိရှိနေတဲ့ hoverboard တွေကိုပဲ အစားထိုးသုံးရဖို့ရှိပါတယ်။ ရုတ်တရက်ကြည့်ရင် ဘယ်လိုမှဟန်ချက်ညီ
: မြေပြင်နဲ့ဟန်ချက်ညီဖို့ကို ထိန်းသိမ်းပေးထားနိုင်ပါတယ်။ Hoverboard တွေဟာ အားတစ်ခါသွင်းထားရင် အ
Weight-detection ပါပေမယ့် မြန်မြန်သွားတဲ့အခါမှာ ဒီတစ်ခုနဲ့ ဟန်ချက်
နည်းပညာကိုပါထည့်သွင်းခဲ့ပါတယ်။ Hoverboard တွေကိုစတိုင်လ်
ပြင် Hoverboard ကိုထိန်းသိမ်းရတာကလည်း လွယ်ကူတာမို



ယာဉ်တစ်ခုလို့တင်စား
င် ၁၂ မိုင်ထိ ခရီးသွား









Follow the compass

## လမ်းမပျောက်စေဖို့ အသုံးတည့်မယ့် BEELINE

စက်ဘီးနဲ့ခရီးရှည်သွားမယ်ဆိုရင်လမ်းပျောက်တဲ့ကိစ္စဟာ မကြာမကြာကြုံရတတ်ပါတယ်။ Beeline ကိုသာ သင့်ရဲ့စက်ဘီးလက်ကိုင်မှာချိတ်ထားခဲ့ရင် သင်သွားလိုရာနေရာကို တစ်ဆင့်ချင်းဆီလမ်းညွှန်ပေးပါလိမ့်မယ်။ သမားရိုးကျလမ်းညွှန် app တွေလိုပဲအလုပ်လုပ်ပေးပြီး LED screen ကနေလမ်းညွှန်ပြပေးနေမှာမို့စက်ဘီးစီးရင်းဖုန်းကိုထုတ်ကြည့်နေစရာမလိုတော့ပါဘူး။ အသုံးမလိုတဲ့ အချိန်မှာလည်း Beeline ဟာသင့်ရဲ့ သော့ချိတ်မှာ ချိတ်ထားနိုင်လောက်အောင်သေးငယ်ပါတယ်။



Safety first

Phone Drone casing မှာ သင့်ရဲ့စမတ်ဖုန်းကို အကာအကွယ်ပေးထားပြီး ပန်ကာတွေကြောင့်ဖြစ်တဲ့ တုန်ခါမှုကိုလည်း အနိမ့်ဆုံးထိ လျှော့ချပေးထားပါတယ်။



## ZBoard 2 Pearl

လျှပ်စစ်စကိတ်တွေထဲမှာ ZBoard 2 Pearl ဟာ အထူးစိတ်ဝင်စားစရာကောင်းပြီး အမြင့်ဆုံးအမြန်နှုန်းဟာ တစ်နာရီမိုင် ၂၀ ရှိပါတယ်။

## စမတ်ဖုန်းများအတွက် PHONEDRONE

Drone တွေဟာစိတ်ဝင်စားစရာကောင်းပြီး သင့်ရဲ့စမတ်ဖုန်းကို drone အဖြစ်ပြောင်းလဲနိုင်မယ်ဆိုရင် ဒီ့ထက်ပိုပြီး စိတ်ဝင်စားစရာကောင်းပါလိမ့်မယ်။ Phone Drone ဟာ iPhone (သို့) Android ဖုန်းကို လေထဲကနေ ပျံဝဲရိုက်ကူးနိုင်တဲ့ acrial camera drone အဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ စမတ်ဖုန်းတိုင်းမှာပါတဲ့ sensor, processor နဲ့ wireless တို့ကိုအားယူထားပြီး ပျံသန်းနိုင်အောင်ဖန်တီးထားပါတယ်။ Drone တစ်ခုကိုဝယ်ယူရတာထက်ဈေးသက်သာပြီး ပိုပြီးစိတ်ဝင်စားစရာလည်းကောင်းပါလိမ့်မယ်။ Phone Drone ကို Apple Watch နဲ့လည်းထိန်းချုပ်နိုင်ပါတယ်။







## FlyKly SmartPed

FlyKly Smart Ped ဟာ ခေါက်သိမ်းနိုင်တဲ့ လျှပ်စစ်စကူတာဖြစ်ပြီး ဒီဇိုင်းအရ လုပရုံမက အလွန်လွယ်ကူစွာထိန်းသိမ်းနိုင်ပါတယ်။



## Me-Mover FIT

ခရီးသွားရင်းနဲ့ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ချင်ခဲ့ရင် FIT ကိုသုံးစွဲနိုင်ပြီး ဘီးတပ် step machine တစ်ခုဖြစ်ပါတယ်။

## Cargo Node

Cargo Node ဟာ သုံးပုံတစ်ပုံအရွယ်ပဲကျန်တဲ့အထိခေါက်သိမ်းနိုင်ပြီး အလွယ်တကူသယ်ယူနိုင်ဖို့တည်ဆောက်ထားတဲ့စက်ဘီးဖြစ်ပါတယ်။





## ACPAD

Acoustic guitars တွေအတွက် ကမ္ဘာ့ပထမဆုံး wireless MIDI controller ဖြစ်ပြီး electronic နဲ့ aco ustic music နှစ်ခုကြားကို ဆက်စပ်ပေးမှာဖြစ်ပါတယ်။



## Arpeggio

ဂီတဖန်တီးဖို့ ရိုးရှင်းတဲ့ပစ္စည်းတစ်ခုဖြစ်ပါတယ်။





## Kurv Guitar

Kurv Guitar မှာဂစ်တာဆိုတဲ့အသုံးအနှုန်းဟာ ပုံစံပြောင်းလာခဲ့ပြီး လက်ပုံစံ gesteres နဲ့ sensors ကိုသုံးပြီး ဂီတကိုဖန်တီးနိုင်ပါတယ်။






# ဂီတသံကို ဖန်တီးပေးနိုင်မယ့် OVAL

OVAL ဟာ ဂီတဝါသနာရှင်တွေအတွက်ဖြစ်ပြီး သုံးစွဲသူရဲ့ touch ပေါ်မှာမူတည်ကာ ကွဲပြားတဲ့ sensor တွေက တုံ့ပြန်ပေးနိုင်ပါတယ်။ Notes တစ်ခုကို တီးခတ်တဲ့အချိန်မှာ sensor တစ်ခုချင်းစီရဲ့တုံ့ပြန်မှုကိုလိုက်ကာဖန်တီးနိုင်ပြီး မကြာခင်မှာ အကောင်းဆုံးတေးသွားကို ဖန်တီးနိုင်ဖို့ရှိပါတယ်။ Pitch နဲ့ scale တွေကိုပြောင်းလဲပေးတာနဲ့ Oval ရဲ့အသံဟာ လုံးဝပြောင်းလဲသွားမှာဖြစ်ပါတယ်။ သင်ဖန်တီးတဲ့တီးလုံးတွေကို စမတ်ဖုန်း (သို့) editing software ဆီပေးပို့နိုင်မှာဖြစ်ပြီး Logic (သို့) Garage Band စတာတွေဆီ ပေးပို့နိုင်မှာဖြစ်ပါတယ်။




# ပါတီပွဲများအတွက် အကောင်းဆုံးဖြစ်မယ့် CORE

အကောင်းဆုံးစပီကာတစ်ခုကိုရဖို့မလွယ်ပေမယ့် CORE ဟာ သင်ရှာနေတဲ့ အကောင်းဆုံးစပီကာဖြစ်လာနိုင်ပါတယ်။ Core ဟာ portable အရွယ်သာရှိပေမယ့် Full-sized စပီကာနှစ်ခုစာစွမ်းဆောင်ပေးနိုင်ပါတယ်။ သီချင်းအားလုံးအတွက် bass နဲ့ treble levels ကိုလည်းအကောင်းဆုံးချိန်ညှိပေးနိုင်ပါတယ်။ Power 12 watt ရှိတဲ့ woofer ပါဝင်ပါတယ်။



# Oculus Rift ထက် အသုံးတည့်နိုင်တဲ့ AURAVISOR

Oculus Rift ရဲ့နာမည်ကျော်ကြားမှုနဲ့အတူ VR headset သုံးချင်သူတွေပိုမိုပေါ်များလာခဲ့ပါတယ်။ Auravisior ဟာ ဂိမ်းကစားရုံသာမက ဒီ့ထက်ပိုမိုတဲ့ လုပ်ဆောင်နိုင်စွမ်းတွေပါဝင်လာပါတယ်။ Auravisor ကို စမတ်ဖုန်း (သို့) PC မလိုဘဲ သုံးစွဲနိုင်မှာဖြစ်ပြီး headset ထဲမှာ ၅ လက်မအရွယ် Android ကွန်ပျူတာတစ်ပါတည်းပါဝင်ပါတယ်။ ဒါကြောင့် apps တွေ download ရယူနိုင်သလို ရုပ်ရှင်ကြည့်နိုင်၊ ဂိမ်းကစားနိုင်တဲ့ VR headset တစ်ခုဖြစ်လာပါတယ်။ Content တွေကိုကြည့်ရှုဖို့အတွက် ၁၀၀ ဒီဂရီမြင်ကွင်းရှိပြီး 1080 p Full HD နဲ့ ခံစားနိုင်မှာဖြစ်ပါတယ်။ ဒါဟာ မျက်လုံးနားမှာ ရုပ်ရှင်ပိတ်ကားရှိနေတာနဲ့အတူတူပဲဖြစ်ပြီး ဂိမ်းကောင်းကောင်းကစားနိုင်ဖို့အတွက်လည်း quad-core processor ထည့်သွင်းပေးထားသလို Unity 4 နဲ့ Unity 5 engine နှစ်မျိုးစလုံးကိုလည်းထောက်ပံ့မှုပေးထားပါတယ်။ Auravisor ဟာ စွယ်စုံသုံးနိုင်တဲ့ VR headset တစ်ခုဖြစ်ပြီး အနာဂတ်မှာ လူသိများလာနိုင်ပါတယ်။

# Oculus Rift Auravisor






## Gloveone

Virtual sensor ကို သုံးထားတာကြောင့် Gloveone ဟာ သင့်ကို Feed-back ကာတစ်ဆင့် virtual ကမ္ဘာကိုလက်တွေ့ခံစားရတဲ့ခံစားချက်ကို ပေးနိုင်ပါတယ်။



## FOVE

VR headset ထဲမှာ မျက်လုံးကိုခြေရာခံနိုင်တဲ့ eyetracking ဟာ Fove မှာပါဝင်ခဲ့ပြီး ပိုမိုတိကျစွာ ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။



## PowerUP FPV

ဒီလေယာဉ်လေးကို ဖုန်းနဲ့ ထိန်းချုပ်နိုင်ရုံမက ပျံသန်းမှုကိုလည်း Google Cardboard headset ကနေကြည့်ရှုနိုင်မှာဖြစ်ပါတယ်။



## Gest

Gest ဟာကွန်ပျူတာနဲ့စမတ်ဖုန်းတွေကို wireless ထိန်းချုပ်နိုင်မယ့် gesture system တစ်ခုဖြစ်ပါတယ်။



## Tesseract

Tesseract ဟာ 6 Axis ပါဝင်တဲ့ Mouse တစ်ခုဖြစ်ပြီး လှည့်ပတ်ထိန်းချုပ်မှုကိုပါပေးပါတယ်။



နောက်အပတ်ဆက်လက်ဖော်ပြပါမည်။

# Buying Guide

OUR SELECTED MARKET COLLECTIONS

Laptop Collection | Mobile Collection | Electronic Collection | Related Collection



## Magnifier Lamp

**36,800/-**

Mobile phone service technician တွေ mobile training သင်တန်းတွေမှာ အလုပ်တွေကို professional တစ်ယောက်လို လက်တွေ့ကျကျ မြန်မြန်ဆန်ဆန်နဲ့ပြီးမြောက်စေနိုင်ဖို့အတွက် အသုံးပြုနိုင်တဲ့ New product ပစ္စည်းလေးပဲဖြစ်ပါတယ်။ သည့် product လေးက သေးငယ်လှတဲ့ Phone circuit board လေးတွေကို ပြုပြင်ထိန်းသိမ်းရာမှာ အလွယ်တကူဖြစ်စေနိုင်ဖို့ ကူညီပေးသွားမှာဖြစ်ပါတယ်။ Optical zoom 5 X ထိချဲ့ပေးနိုင်တဲ့အတွက် circuit board ပေါ်မှာရှိတဲ့ပြစ်ချက်တွေကို အကောင်းဆုံးရှာဖွေပြုပြင်နိုင်မှာပဲဖြစ်ပါတယ်။ 22 watt ရှိတဲ့ fluorescent circling tube ကိုအသုံးပြုထားတာကြောင့် board ပေါ်မှာ အရိပ်မကျတော့ဘဲ repair လုပ်ရာမှာ အဆင်ပြေဆုံးဖြစ်စေမှာပါ။

Fax Computer I 01-252527, 09-91039206

## DIR - 605L

**USD 25**

Wireless N300 Cloud Router အမျိုးအစားဖြစ်ပါတယ်။ 802.11 b/g/n wireless standards ဖြစ်ပြီး up to 300 mbps အထိသုံးနိုင်ပါတယ်။ Wireless frequency အနေနဲ့ 2.4 GHz to 2.4835 GHz အထိ ပါဝင်ပါတယ်။ 5 dbi External Antennas နှစ်ခု ပါဝင်ပါတယ်။ 10/100 Networks Lan 4 ports ပါဝင်ပြီး Advanced feature အနေနဲ့ကတော့ mydlink cloud နဲ့ ချိတ်ဆက်အသုံးပြုနိုင်ခြင်း MAC Address filtering, URL filtering များ ပါရှိမှာဖြစ်ပါတယ်။

D-Link I 09-791546882




## Dell DT V3252-P3700-4-500-UBT-U

**USD 359**

ဒီတစ်ပတ်အတွက် Dell မှ နောက်ဆုံးထွက်ရှိထားတဲ့ Vostro series ဖြစ်တဲ့ Dell Vostro 3252 Branded PC ကိုပြောပြပေးပါမယ်။ Processor အနေနဲ့ Pentium N3700 ဖြစ်သည့်အပြင် သူ့ရဲ့ CPU speed ကလည်း (2M Cache , up to 1.6 GHz)လောက်အထိအမြန်နှုန်းမြင့်ပါတယ်။ သူ့ရဲ့မှတ်ဉာဏ်ကိုလည်း 4GD3L/1600 MHz ထည့်ပေးထားတဲ့အတွက် data တွေကို အမြန်ဆုံးနှုန်းနဲ့ မှတ်ပေးမှာဖြစ်ပါတယ်။ 1 မိနစ်ကို 7200 rpm နှုန်းနဲ့ 500 GB HDD ဖြစ်တဲ့အတွက်လည်း မိမိတို့၏ video files များ၊ photos များ၊ အခြားအရေးကြီး data များနှင့် games များစွာကိုလည်း လုံလုံလောက်လောက်ထည့်သွင်းနိုင်မှာဖြစ်ပါတယ်။ Intel ® HD Integrated Garphics ဖြစ်တဲ့အတွက် သာမန် game ဆော့ချင်သူတွေနဲ့ Video များ၊ ပုံမှန် software လောက်သုံးချင်သူတွေအတွက်အဆင်ပြေစေပါတယ်၊ DVD+/-RW Optical Drive ကိုလည်း Read & Write အသုံးပြုလို့ရပြီး Dell Mouse & Keyboard ကိုလည်းထည့်ပေးထားပါတယ်။ Bluetooth လည်းပါဝင်ပြီး External port တွေဖြစ်တဲ့ HDMI, LAN, USB ports တွေလည်း စုံလင်စွာထည့်ပေးထားပါတယ်။ size အနေနဲ့လည်း mini size လောက်ဖြစ်သည့်အတွက် ပေါ့ပေါ့ပါးပါးနဲ့ သယ်ဆောင်ရလွယ်ကူပါတယ်။ Warranty အားဖြင့် 2 years parts & service ပေးထားပါတယ်။

Golden Power Technology I 01-2304848, 02-2000117-118




## The best we've tested Mobiles, Electronics gear, Gadgets, Computer & more



## Dual Audio Cable

**9,00/-**

အကြောင်းအမျိုးမျိုးကြောင့် Audio Jack Ports ကို Extention ပြုလုပ်ချင်သူများအတွက် 2 ports ပြန်လည်ထပ်မံပွားပေးမယ့် cable လေးပဲဖြစ်ပါတယ်။ mobile Phone တစ်ခုထဲမှ သီချင်းများကို earphone နှစ်ခုဖြင့် အချင်းချင်းမျှဝေခံစားနားထောင်ချင်တဲ့ အချိန်တွေမှာဆိုရင်တော့ အရမ်းကို အဆင်ပြေစေနိုင်မယ့် cable လေးပဲဖြစ်ပါတယ်။ input တစ်ခုမှ output နှစ်ခုပြန်လည်ထုတ်ပေးတာမို့ speaker နှစ်လုံးကို တစ်ပြိုင်တည်းတွဲသုံးချင်တဲ့အခါမျိုးတွေအတွက်လည်း အသုံးဝင်စေနိုင်မှာဖြစ်ပါတယ်။ cable အတိုလေးမို့ အလွယ်တကူသယ်ဆောင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ သက်သာဆုံးဈေးနှုန်းမို့လည်း လိုအပ်တဲ့အချိန် အသုံးပြုဖို့အတွက် ဆောင်ယူထားသင့်တဲ့ Gadget လေးတစ်ခုပဲဖြစ်ပါတယ်။

fax II I 01-252627, 09-91039206



## SP/Sillicon Power (OTG Flash Drive-Mobile X31)

**USD 5.65(8GB), USD 8.05(16GB), USD 13.85(32GB)**

Silicon Power မှ အသစ်ထွက်ရှိလာသည့် Mobile X31 ကို မိတ်ဆက်ပေးလိုက်ပါသည်။ Memory cards နှင့် USB cables flash drives ကဲ့သို့ လုပ်ဆောင်နိုင်စွမ်းတွေ ပါဝင်သော Mobile X31 တစ်ခုတည်းဖြင့် အမျိုးမျိုးသော Data တွေသိမ်းဆည်းရန်အတွက် အသုံးပြုနိုင်သော device တစ်ခုဖြစ်ပါတယ်။ USB 3.0 လည်း ပါဝင်တဲ့အတွက် Data တွေ transfer လုပ်တဲ့အခါလည်း မြန်ဆန်စေပါသည်။ သေးငယ်ပေါ့ပါးခြင်း၊ တုန်ခါမှုဒဏ်ကိုခံနိုင်ရည်ရှိခြင်း၊ ထို့အပြင် လက်မဖြင့်တွန်းလှည့်၍ အဖုံးကို 360 degree ဆုံလည်ဖွင့်လို့ရသော ဒီဇိုင်းဖြင့်ပြုလုပ်ထားခြင်းတို့ကြောင့် Design ဆန်းသစ်မှုနှင့်အတူ သုံးစွဲရလွယ်ကူစေမည့် OTG flash drive တစ်ခုဖြစ်ပါတယ်။ Warranty အားဖြင့်လည်း Lifetime ပေးထားတဲ့အတွက်သုံးစွဲသူတွေကို ယုံကြည်စိတ်ချမှုရရှိစေမှာဖြစ်ပါတယ်။

Golden Power Technology I 01-2304848-52

## Maxell Air Stash (Wire-less Flash Drive) Model No : A02 16GB

**42,000/-**

Maxell (Japan )တံဆိပ်မှ ကုမ္ပဏီ၊ ရုံးခန်းနှင့် ပြင်ပအဖွဲ့အစည်း များအတွက်သုံးရန် အထူးသင့်လျော်သော Wireless USB Flash Drive ကိုထုတ်လုပ်လိုက်ပါတယ်။ အခန်းတစ်ခုအတွင်း Internet/Email သုံး ရန်မလိုဘဲ သတင်းအချက်လက်များကို တစ်ယောက်မှ အခြားတစ်ယောက်ထံသို့ပေးပို့မျှဝေ သုံးစွဲနိုင်သော Drive ဖြစ်ပါသည်။ Maxell Air Stash ဖွင့်ထားလျှင် ထို Drive အတွင်းမှ သတင်းအချက်အလက်များကို 50 m (160 ပေ)အတွင်းရှိ Smart Phone/Tablet/ Computer/iPad/iPhone/iPod ဖြင့် လူ(၈)ဦးတစ်ပြိုင်နက်ကြည့်ရှုနိုင်သည်။ အဆင့်မြင့် HD Video & Audio File များကို Drive ဖြင့် လူ(၃)ဦးကိုတစ်ပြိုင်နက်ကြည့်ရှုနိုင်သည်။ SD Card Slot တွင် အခြား SD Card တပ်ဆက်ပြီး Card အတွင်းမှ သတင်းအချက်အလက်များ၊ ရုပ်ရှင်များ၊ ဓာတ်ပုံများကိုကြည့်ရှုခြင်း၊ ကူးယူခြင်း၊ မျှဝေခြင်းများတစ်ဆင့်ပြုလုပ်နိုင်သည်။ လျှပ်စစ်သို့လျှောင်မှု 500 mA နှင့် နောက်ဆုံးပေါ်ထူးခြားသော Lithium Polymer ဓာတ်ခဲခြောက်ကို အသုံးပြုထားသောကြောင့် တစ်ခါအားဖြည့်ပြီးလျှင် (၇)နာရီကြာအသုံးပြုနိုင်သည်။ WiFi အသုံးပြုရန် 802.11 b/g/n (2.4 GHz) နှုန်းရှိသည်။ Security -WEP 128 bit ဖြစ်သည်။ အရွယ်အစားမှာ 93 x 32 x 13 mm (3.6" x 1.1" x 0.5") နှင့် အလေးချိန် 41 g သာရှိသောကြောင့်သေးငယ်ကျစ်လစ်မှုရှိပြီး အလွယ်တကူယူဆောင်သွားနိုင်သော အိတ်ဆောင်ကြိုးမဲ့ Drive ဖြစ်သည်။

Multi World Electronics I 01-374188, 01-389988, 01-387908



# LAPTOP COLLECTION

## 1. ACER Aspire ES1-431

- Intel® Pentium® N3700 1.6GHz
- 4GB DDR3 1333MHz, 500GB SATA 5400rpm
- Intel® HD Graphics, 14.0" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (AC)
- GbLAN, HDMI, USB3.0
- Intel® HM77 Express Chipset
- 4 Cells Li-ion Battery
- Weight : 1.29kg

Phone : 01-398436



USD 355

## 2. ACER Aspire E5-473

- Intel® Core™ i3-5005U 2.0GHz
- 4GB DDR3L 1600MHz, 500GB SATA 5400rpm
- Intel® HD Graphics, 14.0" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (AC)
- GbLAN, HDMI, USB3.0
- Intel® HM97 Express Chipset
- 4 Cells Li-ion Battery
- Weight : 2.3kg

Phone : 01-398436



USD 449

## 3. ACER Aspire E5-473G

- Intel® Core™ i5-5200U 2.2GHz
- 4GB DDR3 1600MHz, 500GB SATA 5400rpm
- NVIDIA® Geforce® GT920M 2GB
- 14.0" HD LED LCD (1366×768), DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (AC), GbLAN, HDMI, USB3.0
- Intel® HM97 Express Chipset
- 4 Cells Li-ion Battery
- Weight : 2.3kg

Phone : 01-398436



USD 589

## 4. ACER Aspire V3-575G

- Intel® Core™ i7-6500U 2.5GHz
- 4GB DDR3 1600MHz, 500GB SATA 5400rpm
- NVIDIA® Geforce® GT920M 2GB
- 15.6" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (AC)
- GbLAN, HDMI, USB3.0
- Intel® HM97 Express Chipset
- 4 Cells Li-ion Battery
- Weight : 2.4kg

Phone : 01-398436



USD 699

USD 449




## 1. HP Pavilion 14-ac144TU

- Intel® Core™ i3-5005U 2.0GHz
- 4GB DDR3L 1600MHz, 500GB SATA 5400rpm
- Intel® HD Graphics 5500
- 14.0" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (N), LAN, HDMI, USB 3.0
- Intel® HM97 Express Chipset
- 4 Cells Li-ion Battery, Weight : 2.1kg

Phone : 01-398436

USD 560




## 2. HP Pavilion 15-ab201TX

- Intel® Core™ i3-6100U 2.1GHz
- 4GB DDR3L 1600MHz, 500GB SATA 5400rpm
- AMD Radeon R7 M360 2GB DDR3
- 15.6" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (N), LAN, HDMI, USB 3.0
- Intel® HM97 Express Chipset
- 4 Cells Li-ion Battery, Weight : 2.1kg

Phone : 01-398436

USD 629



## 3. HP Pavilion 14-ab165TX

- Intel® Core™ i5-6200U 2.3GHz
- 4GB DDR3L 1600MHz, 500GB SATA 5400rpm
- NVIDIA® Geforce® GT920M 2GB
- 14.0" HD LED LCD (1366×768)
- DVD Writer Super Multi DL
- Bluetooth, Web Camera, Card Reader
- Wireless LAN (N), LAN, HDMI, USB 3.0
- Intel® HM87 Express Chipset
- 4 Cells Li-ion Battery, Weight : 2.1kg

Phone : 01-398436

USD 349



## 4. ASUS X453SA Wx065D

- Pentium N3700-1.6GHz
- Intel HD Graphics
- 4GB DDR3L RAM
- 500GB HDD
- DVD R/W, Webcam
- VGA, HDMI

Phone : 01-2315353

USD 359



## 5. ASUS X540SA XX015D

- Pentium N3700-1.6GHz
- Intel HD Graphics
- 15.6 inch
- 4GB DDR3L RAM
- 500GB HDD
- DVD R/W, Webcam
- VGA, HDMI

Phone : 01-2315353

USD 379




## 6. ASUS X453MA Wx305D

- Pentium N3540-1.7GHz
- Intel HD Graphics
- 14 inch
- 4GB DDR3L RAM
- 500GB HDD
- DVD R/W, Webcam, HDMI

Phone : 01-2315353

USD 990




## 7. MSI GL62 6QD

- Core i7 6700HQ 2.6GHz
- Nvidia GTX950M - 2GB
- 15.6 inch Full HD
- 8GB DDR4L RAM (2133)
- 1TB HDD, DVD R/W, Webcam, WiFi
- Killer E2200-LAN, Bluetooth 4.0
- Cardreader, USB3.0
- Matrix Display, HDMI
- Nahimic Sound Technology

Phone : 01-2315353

USD 1,100




## 8. MSI GP62 6QE

- Core i7 6700HQ 2.6GHz
- Nvidia GTX950M - 2GB
- 15.6 inch Full HD, 8GB DDR4L RAM (2133)
- 1TB HDD, DVD R/W, Webcam, WiFi
- Killer E2200-LAN, Bluetooth 4.0
- Cardreader, USB3.0
- Matrix Display, HDMI, Sound Blaster Cinema

Phone : 01-2315353

USD 1,430




## 9. MSI GE62 6QF

- Core i7 6700HQ 2.6GHz
- Nvidia GTX970M - 3GB D5
- 15.6 inch FHD
- 8GB DDR4 (2133 MHZ)
- 1TB HDD, DVD R/W, Webcam, WiFi
- Killer -LAN, Bluetooth 4.0
- Cardreader, USB3.0
- Matrix Display, HDMI
- NAHIMIC SOUND

Phone : 01-2315353

USD 729




## 10. LENOVO Ideapad S410p

- Core i7 4210U 1.7GHz
- Nvidia GT820M - 2GB
- 14 inch, 4GB DDR4L RAM
- 500GB HDD, DVD R/W, Webcam
- WiFi, G-LAN, Bluetooth 4.0
- Cardreader, USB2,3, HDMI
- Windows 8.1

Phone : 01-2315353

USD 1,339



## 11. LENOVO Yoga 3 Pro

- Core M5 Y71-1.2GHz
- Intel HD Graphics 5300
- 13.3 inch QHD TOUCH
- 8GB DDR4L RAM
- 256GB SSD
- Webcam, WiFi, G-LAN
- Bluetooth 4.0
- Cardreader, USB2,3, HDMI
- Windows 8.1

Phone : 01-2315353

USD 1,679



## 12. LENOVO Ideapad Y700

- Core i7 6700HQ 2.6GHz
- N16P-GX (Hybrid) 4GB (D5)
- 15.6 inch FHD
- 16GB DDR4 RAM (2133)
- 1TB HDD + 128GB SSD
- Webcam, Ext-DVD R/W
- DVD R/W, Webcam
- WiFi, G-LAN, Bluetooth 4.0
- Cardreader, USB2,3, HDMI
- Windows 10 Home

Phone : 01-2315353

# RELATED COLLECTION

USD 177



## 1. MSI GTX 750 Ti Gaming

- Boost Clock / Base Clock
- D1163 MHz / 1085 MHz (OC mode)
- D1137 MHz / 1059 MHz (Gaming mode)
- D1085 MHz / 1020 MHz (Silent mode)
- 2048 MB GDDR5 / 5400MHz Memory
- DDual-link DVI-D x 1
- DD-Sub x 1
- DHDMI x 1 (Version 1.4a)

Phone : 01-2316484

Ks 29,000



## 2. Lepow Modre Bluetooth Speaker

- Li-ion Battery
- Bluetooth Version 3.0 A2DP
- Bluetooth Portable Speaker
- Music Time : Up to 10 hour(s)
- Charge Time : 4 Hours
- Bluetooth Version : 3.0
- Battery : Li-ion Battery
- Voltage Output : 3.7V / 3W

Phone : 09-421169188

Ks 39,000



## 3. Lepow P16 10000mAh Power Bank

- Model : LEPOW-P16
- Cell type : Li-Polymer
- Capacity : 10000mAh
- Dimensions : 54.3 in* 27.6 in* 6.3in
- 138mm x 70mm x 16mm
- Operating temp : 41ºF ~ 113ºF (5ºC ~ 45ºC)
- Weight : 218g
- Output voltage : DC5V
- Output Current : 2100mA

Phone : 09-421152251

Ks 360,000



## 4. Ben Q MS524 Projector

- Brightness of 3200 Lumens
- SVGA (800 x 600) Native Resolution
- 1.1 x Zoom and 1.86 to 2.04 : 1 Throw Ratio
- 2 VGA, HDMI, S-Video + Compostie Inputs
- VGA Supports Component Signal
- VGA Output for Loop-|Through
- Analog Audio Input and Output
- Supports 3D at HD Resolution
- Single 2-Watt Speaker
- IR Remote Included / RS -232 Controllable

Phone : 09-263119227

USD 345



## 5. Epson EB-S04 Projector

- SVGA Resolution
- 3000 lumens
- 15,000 : 1 contrast
- HDMI input
- 1 watt speaker
- Vert & horiz . Keystone correction +/- 30degrees
- USB Display (USB Type B)
- Optional WLAN
- 10,000 hours lamp life
- Softbag included

Phone : 09-263119227

USD 534



## 6. Vivitek Qumi Q6 Projector

- Native WXGA resolution with high definition 720p compatibility
- Up to 800 ANSI lumens of brightness with a 30,000 :1 contrast ratio
- Project a large and wide screen image up to 2.3m (90")in diameter
- LED light source with up to 30,000 hours of operation
- Weighs just 475 grams and is 34mm thick

Phone : 09-263119227

Ks 9,100



## 7. Transcend JF 820 USB 3.0 Luxury Series (16GB)

- Fully compatible with SuperSpeed USB 3.0 & Hi-Speed USB 2.0
- High-quality durable metallic texture
- Easy Plug and Play installation
- Lightweight and compact
- Exclusive data management software
- USB powered. No external power or battery needed
- Lanyard / Key ring attachment loop

Phone : 01-2301797

Ks 9,950



## 8. Transcend JF360 (32GB)

- Fully Compatible with High-Speed USB 2.0interface
- USB Powered
- Chip on Board design
- Easy Plug and Play installation

Phone : 01-217233

Ks 12,800



## 9. Transcend JF 380 (32GB)

- Up to 17/7 MB / s Read / Write
- Resistant to dust, shock and water
- Size : 28.1mm x 12.25mm x 4.5mm
- Weight : 3.2g
- Interface : USB 2.0 (standard A / Micro B)
- Certificates : CE, FCC, BSMI

Phone : 01-226931

Ks 6,700



## 10. Transcend JF770 (16GB)

- Fully compatible with SuperSpeed USB 3.0 & Hi-Speed USB 2.0
- Lightweight and compact
- Size : 69.6mm x 20.9mm x 8.9mm
- Weight : 12g
- Interface : USB 3.0 (backwards compatible with USB 2.0)
- Certificates : CE, FCC, BSMI

Phone : 01-2301798

## 1. iDrive/iReader 32GB



- External memory expansion for iPad/iPhone/iPod touch
- Secure file encryption for private files. Playback Videos/Music directly from external memory
- Manage all your Data directly on the IOS-Device (Create, copy, move, delete, rename, open in and many more)
- Backup and restore your contact list, Document viewer for all major file formats. Voice recorder/Text Editor, Dropbox support
- 32GB external memory to expand your iphone ipad

Phone : 01-2314808

Ks 35,000

## 2. Canon G1000 Printer

- Maximum Printing Resolution : 4800(horizontal) x 1 x 1200 (vertical)dpi
- Type : Individual Ink Bottle
- Interface : Hi-Speed USB
- Temperature : 5-35°C
- Power : AC 100-240V ; 50/ 60Hz
- Dimension (WxDxH) : Approx.445 x 330 x 135mm
- Weight : Approx . 4.3kg

Phone : 01-2315353



USD 125

## 3. Canon G3000 3in 1 Printer (WiFi)

- Maximum Printing Resolution : 4800(horizontal)*1 x 1200(vertical)dpi
- Type : Individual Ink Bottle
- Maximum Document Size : A4/ Letter(216 x 297mm)
- Interface : Hi-Speed USB
- Paper Output Tray : A4, Letter = 50, Legal = 10
- Dimension (WxDxH) : Approx.445 x 330 x 163mm
- Weight : Approx . 5.8kg

Phone : 01-2316484



USD 200

## 4. Canon G2000 3in1 Printer

- Maximum Printing Resolution : 4800(horizontal)*1 x 1200(vertical)dpi
- Type : Individual Ink Bottle
- Maximum Document Size : A4/ Letter (216 x 297mm)
- Interface : Hi-Speed USB
- Acoustic Noise (PC Print) Photo (4x6")*12
- Power : AC 100-240V ; 50 / 60Hz
- Dimension (WxDxH) : Approx . 445 x 330 x 163mm
- Weight : Approx . 5.8kg

Phone : 01-218202



USD 150

## 5. HP 1050 3 in 1 Printer

- Easy to install and use
- color depth of 24-bit
- Print up to 1000 sheets in a month
- All-in-one printer
- 3.6kg weight
- Maximum : 4800 x 1200dpi
- Copy Resolution : 600 x 300 dpi
- Rated Voltage : 100-240V
- Rated Frequency : 50hertz
- Dimensions(W x D x H) : 427 x 406 x 249mm
- Weight : 3.6kg

Phone : 01-2314808



Ks 45,000

## 6. Huawei B683 Router

- Tri-band 850/1900/1700 AWS
- Fit for all American 3G wireless broadband networks
- designed for AT & T T-mobile Bell Telus Roger Wind Etc.
- Using the USB port
- Wi-Fi / WPS active network
- Internet connection through mobile
- Power
- LAN status
- MAC address filtering
- IP address filtering

Phone : 01-2315353



Ks 48,000

USD 375



## 11. Acer Aspire TC-703 (Pen) with Graphic

- Intel Pentium Processor J2900(241GHz)
- ADM RedonTM R5 235 1GB
- 4GB DDR 3 Memory , 500GB HDD
- DVD Super Multi Driver
- GBLAN, Card Reader, USB 3.0, HDMI, VGA
- USB Keyboard, USB Mouse, USB Speaker

Phone : 01-388918

USD 449



## 12. Dell Vostro 3900 HT Bose(B)

- 4th Gen Intel Core i3 4170(3.7GHz)
- Nvidia Geforce GT 705 2GB DDR3
- 4GB DDR 3L Memory, 500GB HDD
- DVD R/W Optical Drive
- No Wireless, Bluetooth, Black
- Dell Mouse, Keyboard, 2 year warranty

Phone : 01-388918

USD 499



## 13. Lenovo H3050(B) Desktop(W/O)

- Intel Core i3 4160U
- (3.6GHz)
- Nivdia GT705 2GB Graphic
- 4GB DDR 3L Memory
- 500GB HDD
- DVD RAMBO
- Mouse
- Keyboard
- 1 year warranty

Phone : 01-388918

USD 575



## 14. HP Prodesk 400 G1 MT (i3)

- Intel Core i3 4150T (3.4GHz), Window 81
- Nvidia Geforce GT 630 2GB
- 4GB DDR 3L Memory , 500GB HDD
- HP Super Multi 1st Optical Drive
- 1 year Local warranty

Phone : 01-388918

USD 620



## 15. Acer Aspire TC-705(i5) with Graphic

- 4th Gen Intel Core i5 4460 (3.2GHz)
- Nvidia Geforce CT 710 2GB
- 8GB DDR3 Memory, 1TB HDD
- DVD Super Multi Driver, GBLAN
- WLAN, Card Reader, USB 3.0, HDMI, DVI
- Acer Keyboard Mouse, Speaker

Phone : 01-388918

ဈေးနှုန်းများဖြစ်ပြီး အပြောင်းအလဲများရှိနိုင်ပါသည်။

NETGUIDE'S SPECIAL

# Education Guide

FOR BRIGHTER FUTURE OF YOUR EDUCATION

University Scholarship + Student Life Education News Guide Line (Table)

## Certified Java Web Developer (J2EE) သင်တန်းကို ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်




Java Programming (J2SE) ကို လေ့လာသင်ယူပြီးသူများ ဆက်လက်တက်ရောက်သင့်သော Certified Java Web Developer (J2EE) သင်တန်းကို ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါသင်တန်းတွင် Java Enterprise Edition (J2EE) နှင့်ပတ်သက်သော နည်းပညာများအား သင်ယူရမည်ဖြစ်ပြီး Java Web Developer တစ်ယောက်ဖြစ်စေရန်အတွက် အဓိကလိုအပ်သော Servlet နှင့် Java server Pages (JSP) နည်းပညာများ၊ Web Server အသုံးချပုံ၊ Database ချိတ်ဆက်သုံးစွဲပုံတို့အပြင် Software ကောင်းတစ်ခုဖြစ်စေရန်အတွက် အဓိကလိုအပ်သော Design Pattern များအားအသုံးပြုပုံတို့ကိုလည်း ကျွမ်းကျင်စွာတတ်မြောက်သည် အထိ စနစ်တကျ သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် Module တစ်ခုပြီးတိုင်း Quizz များဖြေဆိုပေးခြင်း၊ ကျွမ်းကျင်မှု ပိုမိုရရှိစေရန်အတွက် Assignment များပြုလုပ်ပေးခြင်း၊ သင်တန်းကာလတစ်ဝက်ပြီးဆုံးပါကMidterm Exam၊ သင်တန်းကာလအားလုံးပြီးဆုံးပါက Final Exam များကို ဖြေဆိုရမည့်အပြင် Project လည်း ကိုယ်တိုင်ပြုလုပ်ရမည်ဖြစ်ပြီး သတ်မှတ်ချိန်အတွင်း အချိန်မီတင်ပြနိုင်ရမည်ဖြစ်ကြောင်း သိရသည်။ မိမိရရှိထားသောQuizz၊ Assigment၊ Exam၊ Project ရမှတ်များအပေါ်မူတည်၍ Certificate တွင် အဆင့် သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းတွင် သင်ကြားရမည့် ဘာသာရပ်များအနေဖြင့် Servlets Technology (Request & Response Method), Attmibutes and Listeners, Session Management, Java Server Pages (JSP), Scriptless JSP, JSTL (JSP Standard Tag Library), Custom Tags Development, Web Applications Deployment, J2EE Security,My Sql Databse Management, Expression Language-EL, Filters and Wrappers, Enterprise Design Petterns (MVC,Front Controller(Struts Fromwork) စသည်တို့ကို သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ် သိရှိလိုပါက အဆောင် (၅)၊ အခန်း(၄)၊ MICT Park လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန် ဖုန်း 01-652288, 521125, 09-792514103 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

# The variety of Educational information for this week

## HND Diploma in Corpating (UK) Summer Intake အတွက် သင်တန်းသားများ လျှောက်ထားနိုင်



မြန်မာပြည်၏ ပထမဦးဆုံးသော Cisco Leaming Partner ဖြစ်သော YOUTH International College မှ HND Diploma in Computing (UK) Summer Intake အတွက် သင်တန်းသားသစ်များကို ခေါ်ယူနေပြီဖြစ်ကြောင်း သိရသည်။ Summer Intake ကို March တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး Intake တစ်ခုလျှင် အယောက်(၂၀)သာလက်ခံသွားမည်ဖြစ်သောကြောင့် ကြိုတင်အပ်နှံရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သင်တန်းကို (၁၀) တန်းအောင်မြင်ပြီးသူများ။ ဘွဲ့ရပြီးသူများတက်ရောက်နိုင်ပြီး အသက် (၁၆)နှစ်မှ (၃၀)ဝန်းကျင်အထိ လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်ထပ်မံသိရှိပါက MICT Park၊ ဖုန်း 09-785003596, 09-31560855, 01-254893 သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## The University of Vermont ၏ ဘွဲ့လွန်ဒီပလိုမာ (2) Term အတွက် စကောလားရှစ်ကို ယူအက်စ်ဒေါ်လာ (10,000) အထိ ပေးအပ်မည်

The University of Vermont ၏ ဘွဲ့လွန်ဒီပလိုမာ (2) Term အတွက် စကော့လားရှစ် ယူအက်စ်ဒေါ်လာ(10,000)ကို မေလနှင့် ဩဂုတ်လကျောင်းဖွင့်ချိန်တွင် လျှောက်ထားမည့် မြန်မာကျောင်းသား/သူများကို ပညာအရည်အချင်းအလိုက် ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံမှ BSc, BcSc နှင့် Bachelor of Enginnering ဖြင့် အောင်မြင်ထားသူများသည် ယူအက်(စ်)အေနိုင်ငံရှိ The University of Vermont တွင် ဘွဲ့လွန်ဒီပလိုမာမှတစ်ဆင့် ဘွဲ့လွန်ဒီဂရီကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်းသိရသည်။ The University of Vermont ၏ ဘွဲ့လွန်ဒီပလိုမာသည် (2)Term တက်ရောက်ရမည်ဖြစ်ပြီး Engineering and Methe Matical Sciences ကောလိပ်အောက်တွင်ရှိသော ဘွဲ့လွန်ဒီဂရီ (၆)ခုအနက် မိမိနှစ်သက်ရာကို တက်ရောက်နိုင်မည်ဖြစ်ပြီး MSc Civil and Environment, MSc Computer Science, MSc Mathematics နှင့် MSc Statistics စသည့် ဘွဲ့လွန်ဒီဂရီတို့ကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပညာသင်ဆုများအတွက် ကျောင်းလျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုသည်များရှိပါ က STUDY ABROAD Imformation Centre ဒိုင်းမွန်းကွန်ဒို၊ တိုက်(အေ)၊ ၁၁ လွှာ၊ အခန်းအမှတ် (၁၁၀၃)၊ ပြည်လမ်း(မေတ္တာဦးဆေးခန်းအနီး) ကမာရွတ်မြို့နယ်၊ ရန်ကုန် ဖုန်း 09-5151008, 09-73242404 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

## BBM နှင့် MBA Programme များကို ဖေဖော်ဝါရီလ ၂၉ရက်နေ့တွင် စတင်ဖွင့်လှစ်မည်



Myanmar Imperial College ၏ 2016 ခုနှစ်အတွက် ဒုတိယအကြိမ်မြောက်အတန်းသစ်များအဖြစ် BBM နှင့် MBA Programme များကို ဖေဖော်ဝါရီလ(၂၉)ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် အဝေးသင်တက်ရောက်ဆဲလူငယ်များ စတင်တက်ရောက်ရန် အသင့်လျော်ဆုံးဖြစ်သည့် BA (Hons) Business and Management, University of Northampton, UK ကို (၂၉)ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှုပညာကို သင်ကြားလိုသူများ၊ ပိုမိုအောင်မြင်သော စီးပွားရေးစီမံခန့်ခွဲမှုပညာရှင်ဖြစ်လိုသူများအတွက် MBA, University of Narthampton, (UK) ကို မတ်လ(၅)ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက MIC ဖုန်း 09-73210001, 09-421100222 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

## Certificate and Diploma Class အတန်းသစ်များအတွက် အထူး Discount ပေးအပ်သွားမည်

F.A.M.E သင်တန်းကျောင်းမှ February လတွင် ဖွင့်လှစ်ပေးသွားမည့် Certificate and Diploma Class အတန်းသစ်များအတွက် အထူး Discount အစီအစဉ်များကို 21 ရက်နေ့အထိ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းများကို တက်ရောက်လိုသော ကျောင်းသားများသည် February 19 မှ 21 ရက်နေ့အထိ တပ်မတော်ခန်းမတွင် ကျင်းပမည့် (8th Job Fair 2016)ပြပွဲတွင် လာရောက်အပ်နှံနိုင်မည့်အပြင် F.A.M.E သင်တန်း ကျောင်းသို့လည်း လာရောက်အပ်နှံနိုင်ကြောင်းသိရသည်။ ထို့ပြင် IQN-UK & Edinburgh Napier University တို့မှ ပေးအပ်သည့် Diploma သင်တန်းတက်ရောက်မည့် ကျောင်းသား/သူများသည် F.A.M.E မှ ဖွင့်လှစ်သော Certificate အတန်းများကို 50% Discount ဖြင့် တက်ရောက်နိုင်မည်ဖြစ်ကြောင်းသိရသည်။ F.A.M.E မှ ဖွင့်လှစ်မည့် ဘာသာရပ်များအနေဖြင့် Diploma Class တွင် (Human Resource Management, Hospitality Management, Strategic Management, Marketing) Certificate Class တွင် Human Resource Management, Business Mangement, Sales and Marketing Mangement အတန်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက No.124, 1 -B, 21st (Upper Block), Latha Tsp. 09-73081131, 09-30360680, 09-253868172 သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

# Webster University





## Overview

Webster University Thailand ကို ၁၉၉၉ ခုနှစ်က အမေရိကန်နိုင်ငံတွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ World Wide Campus အနေဖြင့် USA, UK, Switzerland, The Netherlands, Australia, Thailand တို့ဖြစ်ပြီး ထိုအထဲကမှ Webster University (Thailand) သည် အမေရိကန်အသိအမှတ်ပြု Higher Learning Commission, USD, Thailand ပညာရေးအဖွဲ့အစည်းမှ Commission of Higher Education (CHE) America's Forbes Magazines တွင် Top College 2014 တွင်ပါဝင်ပြီး US. New Best College Thailand တွင် ပါဝင်ကြောင်း သိရသည်။ Council for Business Schools and Programs မှလည်း အသိအမှတ်ပြုလက်မှတ်များ ရရှိထားကြောင်းသိရသည်။

Webster University Thailand တွင် တက်ရောက်သင်ကြားနိုင်သော Undergraduate အနေဖြင့် BA (Animation), BA (Management), BA (International Business Management), BS.c (Computer Science), BA (Human Resource Management), BA (Marketing), BA (Psychology), BA (International Relations), BA (Media Communications), BA (Advertising and Communication) အစရှိသည့် ဘာသာရပ်များနှင့် မိမိနှစ်သက်ရာ ဘာသာရပ်အလိုက် ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ပြီး ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် US 12,000 အတွင်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

Duration အနေဖြင့် Full Scholarship နှင့် Partial Scholarship Program များလည်းရှိကြောင်းသိရသည်။ Entry Requirements အနေဖြင့် တက္ကသိုလ်ဝင်တန်းအောင်/GCE (O) Level, IELTS (6.0), TOEFL (550 Paper Based Test), (213 Computer Based Test) ရှိရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသတ်မှတ်ချက်များထက်နည်းသော ကျောင်းသားများအနေဖြင့် English Program ကို မိမိလိုအပ်ချက်အလိုက် တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

ဘွဲ့ရရှိထားသော ကျောင်းသားများအနေဖြင့် Graduate Programs ဖြစ်သော MBA (General), MBA (Marketing), (Finance), Human Resource Management, Information Technology, MA (International Relations) and Media Communication အစရှိသည့် ဘာသာရပ်ကိုလည်း မိမိနှစ်သက်ရာဘာသာရပ်အလိုက် ရွေးချယ်တက်ရောက်နိုင်ပြီး US 12,000 မှ US 22,000 အတွင်း မိမိရွေးချယ်သောဘာသာရပ်ပေါ် မူတည်၍ ကုန်ကျမည်ဖြစ်ပြီး Entry Requirements အနေဖြင့် ဘွဲ့တစ်ခုခုရရှိထားသော ကျောင်းသားများ ဖြစ်ရမည်ဖြစ်ပြီး IELTS (6.5) လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် TOFEL (575 Paper Based Test, Computer Based Test 235) လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ ABE (Association of Business Executive) မှ Post Graduate Diploma ရရှိထားသော ကျောင်းသားများအနေဖြင့်လည်း ဘာသာရပ်ကင်းလွတ်ခွင့်များ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Webster University Thailand တွင် America မှ ကျောင်းသား 29% နှင့် Europe မှ 12%, Thailand မှ 23%၊ တခြားအရှေ့တောင်အာရှနိုင်ငံများမှ 27% နှင့် အခြားနိုင်ငံများမှ 9% ကျောင်းသားများ သင်ယူလျက်ရှိသောကြောင့် ကျောင်းသားများအချင်းချင်း မတူညီသောရှုထောင့်မှ ဆွေးနွေးဖလှယ်ခြင်းနှင့် Master တက်ရောက်မည့် ကျောင်းသားများအနေဖြင့် Global Network များ ရရှိနိုင်ပါသည်။

ထို့အပြင် Thailand မှ Webster University ရှိရာ USA, UK, Switzerland, The Netherlands, Austria အစရှိသည့်နိုင်ငံများသို့ ရွှေ့ပြောင်းလိုသောကျောင်းသားများအနေဖြင့် အလွယ်တကူရွှေ့ပြောင်းသင်ယူနိုင်ကြောင်း သိရသည်။ ထို့အပြင် Webster မှ Bachelor, Master ရရှိထားသော ကျောင်းသားကျောင်းသူများကို Multinational Company များမှ ကျောင်းသို့ Interview ကမ်းလှမ်းကာ နှစ်စဉ်ခေါ်ယူလျက်ရှိကြောင်း သိရသည်။ ထို့ပြင် Webster University Thailand တွင် Scholarship လျှောက်ထားလိုသူများအတွက် International Relationship ဘာသာရပ်များအတွက် Degree ကို 30% မှ 50% အထိ လျှောက်ထားနိုင်ကြောင်း သိရသည်။

Website : www.webster.ac.th
Facebook : www.facebook.com/websterthailand

**F.A.M.E International Consultancy and Services**
အမှတ် (၁၂၄)၊ ၂ (ဆီ)၊ ၂၁ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-5040663, 09-73081131

# PSB Academy





## Overview

PSB Academy သည် စင်ကာပူထိပ်တန်းပုဂ္ဂလိက ကျောင်းတစ်ကျောင်းဖြစ်သည့်အပြင် ပညာသင်ကြားရေးသက်တမ်း နှစ်ပေါင်း (၅၀) ရှိကြောင်း သိရသည်။ ပုဂ္ဂလိကကျောင်းများအတွက် စင်ကာပူအစိုးရမှ အမြင့်ဆုံးပေးအပ်သည့် (4) Years Edu Trust လက်မှတ်ရရှိထားသည့်အတွက် ကျောင်းသား၊ ကျောင်းသူများ စိတ်ချယုံကြည်စွာ ပညာသင်ကြားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ PSB နှင့် ချိတ်ဆက်ထားသည့် Coventry University နှင့် Edinburgh Napier University (ENU) တို့သည် အင်္ဂလိပ် ထိပ်တန်းတက္ကသိုလ်အဆင့်စာရင်းတွင် ပါဝင်သော ထိပ်တန်းတက္ကသိုလ်ကြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် B Tech Level (5) Higher National Diploma (HND) in Business အောင်မြင်ထားပြီး နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများနှင့် အဆင့်မီ လစာခံစားခွင့်များ ရယူလိုသူများအတွက် အင်္ဂလိပ်ထိပ်တန်းတက္ကသိုလ်ကြီးများဖြစ်သော Conventry University ၏ စီးပွားရေးနှင့် ဈေးကွက်ဆိုင်ရာဘွဲ့ဒီဂရီ၊ စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာဘွဲ့ဒီဂရီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာဘွဲ့ဒီဂရီ၊ စီးပွားရေးနှင့်ကြော်ငြာလုပ်ငန်းဆိုင်ရာဘွဲ့ဒီဂရီ၊ ကြော်ငြာနှင့်ဈေးကွက်ဆိုင်ရာဘွဲ့ဒီဂရီစသည့် စီးပွားရေးဘွဲ့ဒီဂရီများနှင့် Edinburgh Napier University (ENU) ၏ ဧည့်လုပ်ငန်းဝန်ဆောင်မှုနှင့် ဈေးကွက်ရေးရာစီမံခန့်ခွဲမှုဘွဲ့ဒီဂရီ၊ ဟိုတယ်နှင့်ခရီးသွားလာရေး စီမံခန့်ခွဲမှုဘွဲ့ဒီဂရီ၊ ဧည့်လုပ်ငန်းနှင့်လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဘွဲ့ဒီဂရီ၊ ခရီးသွားလာရေးနှင့် ဈေးကွက်ရေးရာစီမံခန့်ခွဲမှုဘွဲ့ဒီဂရီ၊ ခရီးသွားလာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးဘွဲ့ဒီဂရီ၊ အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများစီမံခန့်ခွဲမှုဒီဂရီစသည့် နိုင်ငံတကာအသိအမှတ်ပြု ဟိုတယ်နှင့်ခရီးသွားလာရေးဘွဲ့ဒီဂရီများအတွက် နောက်ဆုံးနှစ် (Top Up) (၁၂) လတန်းများသို့ စင်ကာပူနိုင်ငံရှိ PSB Academy တွင် တက်ရောက်ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် B Tech Level (5) Higher National Diploma (HND) in Engineering အောင်မြင်ထားသူများအတွက် Coventry University ၏ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ဒီဂရီနှင့် စက်မှုအင်ဂျင်နီယာ ဘွဲ့ဒီဂရီများကို (၁၆) လ တက်ရောက်ရုံဖြင့်ရရှိနိုင်ပြီး B Tech National Diploma (HND) in Computing အောင်မြင်ထားသူများမှာ Coventry University ၏ ကွန်ပျူတာသိပ္ပံဘွဲ့ဒီဂရီတန်းသို့ (၁၆) လကြာ တက်ရောက်ပြီးရယူနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် HND အောင်မြင်ထားသည့် ကျောင်းသားများမှာ ဘွဲ့ဒီဂရီတန်းသို့ တိုက်ရိုက်ကျောင်းလျှောက်ရန် English စာ လိုအပ်ချက်ဖြစ်သော IELTS (6.0) ကို ကင်းလွတ်ခွင့် လျှောက်ထားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ PSB Academy အကြောင်းနှင့် ကျောင်းဝင်ခွင့်အကြောင်း အသေးစိတ်သိရှိလိုပါက AT&S Co.,Ltd တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

Website : www.psb-academy.edu.sg/
Facebook : www.facebook.com/psbacademy

**AT & S Co., Ltd.**
ရုံးချုပ် – အဆောင် (၅)၊ အခန်း (၄)၊ MICT ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-521125, 01-652288, 01-652320, 09-799595949
မန္တလေး – အမှတ် (၈၂)၊ (၇၂) လမ်း၊ ၃၁ နှင့် ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
Ph : 02-74435, 02-74436, 09-5062161









# One Dollar For Life (ODFL) Founder တစ်ယောက်က ပေးလိုက်တဲ့ ဘဝအတွက် စွမ်းဆောင်ရည်နဲ့ လူသားတွေအတွက် စိတ်ဓာတ်ခွန်အား ...

ဆောင်းပါးရှင် – ခေတ်

လူငယ်တစ်ယောက်မှာ ယုံကြည်အားကိုးရာ တစ်ခုမဟုတ် တစ်ခုတော့ ရှိထားသင့်ပါတယ်။ ကျွန်မတို့နေထိုင်တဲ့ကမ္ဘာကြီးကို မကောင်းမြင်စိတ်တွေနဲ့ စက်ဆုပ်ရွံရှာနေမှာထက်စာရင် စိတ်ကူးစိတ်သန်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားရပါမယ်။ လူတစ်ယောက်ပေါ်တစ်ယောက် ငဲ့ညှာသနားစိတ်နဲ့ အချင်းအချင်းလည်း ဂရုတစိုက်နဲ့ စိတ်ရှည်သည်းခံပြီး ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်သွားရင် ဘဝဆိုတာအမုန်းတွေနဲ့ ခါးသီးမှုတွေရှိမှာ မဟုတ်ဘဲ သာယာစိုပြေနေပါလိမ့်မယ်။

လွန်ခဲ့တဲ့ ၃ နှစ်လောက်က နွေရာသီအားလပ်ရက်အတွက် အပန်းဖြေခရီးကို Kenya မြို့က ရွာလေးတစ်ရွာကို သွားရောက်ဖြစ်ခဲ့ပါတယ်။ ရွာလေးထဲကကျောင်းမှာတော့ ကျွန်မနဲ့ တစ်ခါမှမမြင်တွေ့ဖူးတဲ့ ကလေးတွေနဲ့ ကျွန်မတွေ့ဆုံခဲ့ပြီး ကံကောင်းစွာနဲ့ပဲ ဘာဆိုဘာမှမရှိတဲ့ ကလေးတွေရဲ့ဘဝကို ပြောင်းလဲလာအောင် ကျွန်မပြုလုပ်နိုင်ခဲ့တဲ့အတွက်ကြောင့်လည်း ကျွန်မ ပီတိဖြစ်ခဲ့ရပါတယ်။

ရွာထဲကို ကျွန်မတို့ဘတ်စ်ကား ဆိုက်ရောက်ရောက်ချင်း ကလေးတစ်အုပ်လိုက်ကြီးက သီချင်းတွေဆိုကာ ကခုန်ရင်း ကျွန်မတို့ကို ကြိုဆိုခဲ့ကြပါတယ်။ ပြတင်းပေါက်တွေကနေ သူတို့လေးတွေ လက်ပြနှုတ်ဆက်ရင်းနဲ့လည်း ကျွန်မတို့ကို စူးစူးစိုက်စိုက် ကြည့်နေခဲ့ကြပါတယ်။ကျွန်မလည်း ကလေးတွေရဲ့ စိတ်အားထက်သန်စွာ နွေးထွေးတဲ့ကြိုဆိုမှုကြောင့် အတိုင်းမသိ ဝမ်းသာခဲ့ရပါတယ်။ သူတို့ဆီကနေ ဘာမှမျှော်လင့်တောင့်တမှုမရှိဘဲ ဒီကလေးတွေကို ကူညီချင်ရုံသက်သက် သွားရောက်ခဲ့တာဖြစ်ပါတယ်။

သေချာတာက ကလေးတွေဆီမှာ iPods တွေ ဟန်းဖုန်းတွေ မရှိကြပါဘူး။ ဗီဒီယိုဂိမ်းနဲ့ ကွန်ပျူတာတွေဆိုတာလည်း ပြောစရာတောင် မလိုတော့ပါဘူး။ တချို့ကလေးတွေမှာ ဖိနပ်တစ်ရံ မဝတ်ထားနိုင်လောက်အောင် ချို့တဲ့သလို သူတို့ရွာလေးမှာ လျှပ်စစ်မီးဟာ အရမ်းရှားပါတယ်။ ကားတွေ အရသာရှိတဲ့အစားအစာတွေ ရှော့ပင်းစင်တာတွေနဲ့ ကြိုဟ်တုစလောင်းတွေဆိုတာလည်း သူတို့လေးတွေနဲ့ မသက်ဆိုင်သလို ဘာမှမတွေ့မမြင်ရခဲ့ပါဘူး။ တစ်နည်းပြောရရင် ဘဝမှာ ကျွန်မတို့အတွက် မရှိမဖြစ် အသုံးလိုပါတယ်ဆိုတဲ့အရာတွေ ကလေးတွေဆီမှာ ဘာမှမရှိခဲ့ကြပါဘူး။ ဒါပေမဲ့ သူတို့ဆီမှာ စွဲစွဲမြဲမြဲ ယုံကြည်ချက်တစ်ခုတော့ သေချာပေါက် ရှိပါတယ်။

Ebukoolo မူလတန်းကျောင်း တက်ရောက်နေတဲ့ ကလေးတွေဆီမှာ သူတို့ရဲ့အခြေအနေတွေ တစ်နေ့နေ့တော့ ကောင်းမွန်လာလိမ့်မယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်ရှိနေတာ တွေ့ခဲ့ရပါတယ်။ သူတို့အတွက်လည်း အခွင့်အရေးတွေ ရောက်ရှိလာလိမ့်ဆိုတာ ယုံကြည်မျှော်လင့်ခဲ့ကြပါတယ်။ တကယ်လို့များ မျှော်လင့်နေတဲ့အခွင့်အရေးတွေ သူတို့ဆီ ဝင်ရောက်လာခဲ့မယ်ဆိုရင် ဘဝရဲ့အကောင်းဆုံးအနှစ်သာရတွေကို ထိုက်ထိုက်တန်တန် နလုံးသားနဲ့ခံစားပြီး ကမ္ဘာကြီးကို ဖွင့်ဟပြောပြဖို့အတွက်လည်း စိတ်ကူးထားပုံရပါတယ်။ ကံကြမ္မာရဲ့အလှည့်အပြောင်းတွေကို ကျွန်မလိုပဲ သူတို့တွေလည်း ယုံကြည်ခဲ့ကြပါတယ်။

ကလေးတွေအတွက် ကျောင်းအသစ်ဆောက်လုပ်ပေးခြင်း၊ ဂိမ်းတွေအတူတူကစားပေးခြင်း၊ သူတို့လေးတွေနဲ့အတူ သီချင်းတွေ အော်ဟစ်သီဆိုခြင်း၊ သင်္ချာဂဏန်းတွေ သင်ပြပေးပြီး ပုံပြင်တွေပြောကြနဲ့ အချိန်၅ ပတ်ဆိုတာ ဘယ်လိုကုန်သွားမှန်းတောင် မသိခဲ့ပါဘူး။ တကယ့်ကို အချိန်နည်းနည်းလောက်နဲ့ အံ့သြစရာကောင်းတဲ့ အပေါင်းအဖော်ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ပါတယ်။

ကျောင်းအသစ်ကြီးဆောက်လုပ်ဖို့ အုတ်သယ်၊ ဘိလပ်မြေဖို့ စသဖြင့် လုပ်ခဲ့တာတွေဟာ ကျွန်မတို့ကြိုးစားမှုရဲ့ အဓိကအုတ်မြစ်မဟုတ်ဘဲ ကျောင်းရဲ့ပရောဂျက်တစ်ခု ပြီးမြောက်သွားတယ်ဆိုရုံသလောက်ပဲ ရှိပါတယ်။ အံ့အားသင့်စရာကောင်းတာက ချမ်းသာကြွယ်ဝမှုဆိုတာ အရည်အချင်းတစ်ခုလို့ မသတ်မှတ်နိုင်သလို ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုလည်း အပေါစားဆန်ဆန် ပစ္စည်းတစ်ခုလို့ မခံယူထားသင့်ပါဘူး။ တကယ်တမ်းကျတော့ လူတစ်ယောက်နဲ့တစ်ယောက် အားကိုးယုံကြည်တဲ့စွမ်းအားတွေကနေ မြင့်မြတ်တဲ့စိတ်ခွန်အားတွေ ပေါ်ပေါက်လာပြီး အဲဒီကနေတစ်ဆင့် ပိုမိုတိုးတက်ကောင်းမွန်လာမယ့် အခြေအနေတစ်ခုကို အတူတူပေါင်းစပ်လုပ်ကိုင်လိုက်ကြတာ ဖြစ်ပါတယ်။

Kenya မှာ ရက်ပေါင်း ၃၆ ရက်လောက် နေထိုင်ခဲ့ပြီးနောက် ကျွန်မမွေးရပ်မြေ အမေရိကန်နိုင်ငံကို ပြန်သွားခဲ့ပါတယ်။ မတူညီတဲ့ပြောင်းလဲမှုတစ်ခုကို လုပ်ပြနိုင်ခဲ့တဲ့နောက်တော့ ကျွန်မတတ်နိုင်တဲ့ဘက်ကနေ နောက်ထပ်လုပ်စရာလေးတွေကိုလည်း အားထည့်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မကြောင့် ဘာတွေပြောင်းလဲသွားမလဲ ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာတော့ ကျွန်မ သေချာမသိခဲ့ပါဘူး။ ဒါပေမဲ့ တစ်ကြိမ်နဲ့တစ်ကြိမ်တော့ ပုံသေအတိုင်း ဖြစ်လာမှာမဟုတ်တာတော့ ကျိန်းသေပြောနိုင်ပါတယ်။

'အလွန်နက်ရှိုင်းတဲ့ရေတံခွန်တွေဟာ ရေစက်ကလေးတစ်ပေါက်ကနေ စတင်ကြတယ်'ဆိုပြီး ၉ တန်းသမိုင်းဆရာ Mr. Freeman ရဲ့ အာဖရိကစကားပုံလေးတစ်ခုကို ကျွန်မ အမှတ်ရမိခဲ့ပါတယ်။ ရေတံခွန်ရဲ့အတိမ်အနက်ကို ကျွန်မ မသိပေမယ့် မကြာခင်မှာ ရေတံခွန်ကြီးတစ်ခုဖြစ်လာနိုင်တဲ့ ရေပေါက်လေးတစ်ပေါက်တော့ ကျွန်မဖြစ်ချင်ခဲ့ပါတယ်။ လမ်းကြောင်းမှန်မှန် လှုပ်ရှားပြီး အခြားရေစက်တွေ အများကြီးရဲ့လည်း ပထမဆုံး ရေစက်ရေပေါက်လေးဖြစ်အောင် ကျွန်မကြိုးစားခဲ့ပါတယ်။

လိုအပ်တဲ့အကူအညီကို Mr. Freeman ဆီက ရယူခဲ့ပြီး အမြတ်အစွန်းမတွက်မဟုတ်ဘဲ ပရဟိတလုပ်ငန်းတွေကို ကျွန်မရဲ့ ဇီဝဗေဒဆရာမ Ms. Bolton နဲ့အတူတူ လုပ်ကိုင်ခဲ့ပါတယ်။ အဖွဲ့အစည်းကို ODFL (One Dollar For Life) လို့ နာမည်ပေးခဲ့ပြီး ယုံကြည်မှုခိုင်မာသူတွေ စုစည်းလက်တွဲထားတဲ့ အုပ်စုလေးလည်း ဖြစ်ပါတယ်။ အရင်တုန်းကအာဖရိကမှာ ကျောင်းဆောက်လုပ်ဖူးခဲ့အတိုင်း ဆင်းရဲချို့တဲ့တဲ့နေရာတွေမှာလည်း စာသင်ကျောင်းတွေ ဆောက်လုပ်ပေးမယ့်အခါ အထောက်အပံ့ဖြစ်စေဖို့အတွက် ODFL အဖွဲ့အစည်းကနေမှတစ်ဆင့် အမေရိကားမှာရှိတဲ့ ကျောင်းသားတွေဆီကနေ ဒေါ်လာတစ်ကျပ်စီ လှူဒါန်းပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။

ODFL ကို ယုံကြည်ပြီး ကယ်လီဖိုးနီးယားမှာရှိတဲ့ ကျောင်း ၅ ကျောင်းကနေ ရန်ပုံငွေထောက်ပံ့ပေးမယ့်သူတွေ ရရှိခဲ့ပြီး ကျောင်းသားတစ်ယောက်စီတိုင်းကနေ ၁ ဒေါ်လာစာစီ လှူဒါန်းခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့ ဒေါ်လာ ၉၀၀၀ နီးပါး အလှူငွေ ရှာဖွေနိုင်ခဲ့ပြီး အဲဒီရန်ပုံငွေတွေနဲ့ Kenya မှာရှိတဲ့ Naro Moru မြို့ငယ်လေးမှာ ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ အရင်က ကောက်ရိုးပုံမြင်းခြံထဲမှာ စာသင်နေခဲ့ရတဲ့ကျောင်းသား ၄၅ ယောက်လောက်ဟာ ကျွန်မတို့ရဲ့အကူအညီနဲ့ ပညာရေးကို ကောင်းကောင်းမွန်မွန် သင်ကြားသွားနိုင်ခဲ့ပါတယ်။

ပညာကို စိတ်အေးလက်အေးနဲ့ သင်ကြားနိုင်အောင် အလှူငွေထည့်ပေးကြသူတွေဟာ ဒေါ်လာတစ်ကျပ်ကို ပြီးစလွယ်လှူလိုက်တာမျိုး မဟုတ်ဘဲ ကလေးတွေရဲ့အနာဂတ်ဘဝလေး သာယာချောမွေ့နေဖို့ ရည်ရွယ်ချက်နဲ့ လှူဒါန်းပေးထားတာဖြစ်တယ်ဆိုတာလည်း ကျောင်းသားတွေအားလုံး နားလည်အောင် ကျွန်မတို့ ရှင်းပြပေးခဲ့ကြပါတယ်။ ဒေါ်လာတွေ အကုန်ပေါင်းလိုက်ရင်တောင် ဒီလိုစိတ်ထားနဲ့ လှူဒါန်းလိုက်တဲ့ တစ်ဒေါ်လာရဲ့ တန်ဖိုးကိုမယှဉ်နိုင်ပါဘူး။ ပြောရရင် ဒါဟာငွေပမာဏမဟုတ်ဘဲ ခိုင်မာတဲ့ဆုံးဖြတ်ချက်တစ်ချက် ဖြစ်ပါတယ်။ ကျွန်မတစ်ယောက်တည်းရဲ့ကြိုးစားမှုနဲ့သာဆို မပြည့်စုံနိုင်ဘဲ အားလုံးရဲ့ဝီရိယစိုက် အားထုတ်မှုကြောင့်မို့သာ ဒီအခြေအနေထိ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့လိုခိုင်မာတဲ့ယုံကြည်ချက်ရှိတဲ့ စိတ်ဓာတ်ခွန်အားတွေ လူငယ်တွေရဲ့နှလုံးသားထဲ စီးဆင်းသွားအောင် တွန်းအားပေးနိုင်ရင် နောင်တစ်ချိန်မှာ ကမ္ဘာကြီးကို အုပ်စိုးနိုင်မယ့် ရတနာလေးတွေဖြစ်ပေါ်လာဖို့ စိတ်ဝင်တစားနဲ့ မျှော်လင့်လို့ရပါတယ်။

ပထမနှစ်ကတည်းက အာဖရိကနိုင်ငံ Malawi မြို့ကကျောင်းအတွက် စာရေးစားပွဲတွေကို ဝယ်ယူဖို့ငွေတွေ စုဆောင်းခဲ့ပါသေးတယ်။ အသုံးပြုပြီးသား စက်ဘီးပေါင်း ၄၅၂ စီးကိုလည်း အာဖရိကကို ပေးပို့နိုင်ခဲ့ပါတယ်။ မိဘမဲ့ကလေးတွေ ပရိုတင်းဓာတ် ပြည့်ပြည့်ဝဝနဲ့ စားသုံးနိုင်အောင် နွားတွေဝယ်ယူ လှူဒါန်းခဲ့ပြီး မိသားစုတွေအတွက်လည်း ဝက်ပေါက်လေးတွေ ဝေမျှပေးခဲ့တာကြောင့် နီပေါမိန်းကလေးတွေ ပြည့်တန်ဆာအဖြစ် ရောင်းချမခံရတော့ပါဘူး။ တရုတ်ပြည်မှာ ဖြစ်ပျက်ခဲ့တဲ့ မြေငလျင်ဒဏ်သင့်ပြည်သူတွေကို ကူညီပေးဖို့ ကြက်ခြေနီအသင်းကို ရန်ပုံငွေဒေါ်လာ ၃၀၀၀ လှူဒါန်းနိုင်ခဲ့ပါတယ်။ ပန်းခြံအနီးနားမှာရှိတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ စာသင်ကြားနေရတဲ့ နီပေါနိုင်ငံက ကလေးပေါင်း ၈၄ ယောက်အတွက် အခန်း ၃ ခန်းပါတဲ့ ကျောင်းတစ်ကျောင်းကို ပြီးခဲ့တဲ့နွေရာသီက ဆောက်လုပ်ပေးခဲ့ပါတယ်။

ဒါတွေအားလုံးဟာ ကျွန်မတို့တတ်နိုင်သလောက် ပြီးမြောက်အောင် လုပ်ဆောင်ခဲ့တဲ့ပရောဂျက်အချို့ပဲ ရှိသေးတာဖြစ်ပြီး ဒီထက်မက လုပ်ပြချင်တဲ့စိတ်ဆန္ဒတွေလည်း ရှိပါတယ်။ အမေရိကမှာ အထက်တန်းကျောင်းသားပေါင်း ၂၀ မီလီယံနဲ့အထက်ရှိပြီး တစ်ယောက်ချင်းစီတိုင်းကနေ ၁ ဒေါ်လာသာ ကျွန်မတို့ကို လှူဒါန်းပေးနိုင်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေမှာ တစ်နှစ်ကို ကျောင်းပေါင်း ၁၀၀၀ ကျော်လောက် ဆောက်လုပ်ပေးနိုင်ပါလိမ့်မယ်။ ကျောင်းတွေ ဆောက်လုပ်ပြီးသွားမယ်ဆိုရင်တော့ ရေတွင်း၊ စိုက်ပျိုးရေးအတွက် ရေသွင်းဆည်မြောင်း၊ ကျန်းမာရေးဆေးခန်းနဲ့ ရေဆိုးရေညစ်တွေ ဖယ်ရှားပေးနိုင်တဲ့စနစ်တွေကို ဆက်လက် အကောင်အထည်ဖော်နိုင်အောင် ကြိုးစားပေးသွားမှာဖြစ်ပါတယ်။

ကမ္ဘာကြီးကို ကောင်းမွန်အောင်ပြောင်းလဲဖို့ ကြိုးစားနေတဲ့အချိန်မှာ အပြင်ပိုင်းအခြေအနေတွေသာမက ကျွန်မတို့ရဲ့ အတွင်းစိတ်တွေကိုလည်း ပြုပြင်ဖို့ လိုအပ်ပါတယ်။ ကျောင်းတွေဆောက်လုပ်ပေးတဲ့ ပရောဂျက်ဆိုတာလည်း အဓိကရည်ရွယ်ထားတာက လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ တန်ဖိုးကို မြှင့်တင်ပေးချင်တာ ဖြစ်ပါတယ်။ လူသားအချင်းချင်း ငဲ့ညှာသနားပြီး ပိုမိုကောင်းမွန်တဲ့အဆင့်ကို တက်လှမ်းနိုင်ဖို့ ရိုင်းပင်းကူညီတတ်တဲ့စိတ်ထားတွေ ရရှိလာစေချင်တဲ့ဆန္ဒနဲ့ ODFL ကို တည်ထောင်ဖြစ်ခဲ့တာပါ။ ကမ္ဘာကြီးမှာဖြစ်ပေါ်နေတဲ့ အိုဇုန်းလွှာပါးလာခြင်း၊ မျိုးစိတ်တွေပျောက်ကွယ်ခြင်း၊ သက်ရှိတွေ လျော့နည်းပျက်သုဉ်းလာခြင်းနဲ့ ကူးစက်ရောဂါတွေဟာ အလွန်ကြီးမားတဲ့ပြဿနာတွေ ဖြစ်ပါတယ်။ ဒီပြဿနာတွေကို တစ်ယောက်တည်း တစ်နိုင်ငံတည်း စိတ်တစ်စိတ်တည်းနဲ့ မဖြေရှင်းနိုင်ဘဲ လူသားတွေအားလုံး ညီညီညွတ်ညွတ်နဲ့ စုပေါင်းဖြေရှင်းပြီး ကောင်းမွန်တဲ့မနက်ဖြန်တွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။



# Wink & Grow Rich

## Part (10)

ဆောင်းပါးရှင် – ဝတ်ရည်

''ရှုံးနိမ့်ခဲ့တာက ငါ့အတွက်ပိုပြီးကောင်းခဲ့တာပေါ့ကွာ။ အဲဒီလိုဖြစ်လာတော့ ပိုပြီးကောင်းတဲ့ လှေလှော်သမားတစ်ယောက်ဖြစ်ဖို့ တွန်းအားပေးခဲ့တာပေါ့။ လှေလည်း စလှော်ရော ဒီလှော်တက်ရဲ့ စွမ်းအားကတော်တော်စိတ်ကျေနပ်စရာကောင်းတာသိလာရတယ်။ ဒါပေမဲ့ စီမံခန့်ခွဲဖို့တော့ အရမ်းခက်တာပေါ့ကွာ၊ ပိုပြီးလှော်တက်ကို ဆွဲလေလေ၊ လှေကဟန်ချက်ညီညီမဖြစ်လေ၊ လှေကဖြေးဖြေးသွားလေပဲ။ ပိုပြီးကောင်းတဲ့ လှေလှော်သမား တစ်ယောက်ဖြစ်တော့ ထူးဆန်းတဲ့အရာတစ်ခုဖြစ်လာတယ်။ ငါသတိထား မိတာကလှော်တက်ဟာ ရေထဲမှာရှိနေတုန်း ငါသုံးရတာထက် ရေပြင်မှာရှိနေတဲ့အခါ သုံးရတာပိုပြီး အရေးကြီးတယ်ဆိုတာကိုပဲ။

ရစ်ချတ်က ထူးထူးဆန်းဆန်း ခံစားရပြီး လှေလှော်သမားပြောတာကို ရေရွတ်လိုက်ပါတယ်။''လှော်တက်က ရေအပြင်မှာရှိတဲ့အခါ...''

''မင်းရဲ့အဖေ ...ငါထင်တာကတော့ သူကဘယ်တုန်းကမှ အကျိုးအမြတ်၊ အခွင့်အလမ်းတွေကို ရအောင်မယူတတ်ခဲ့ဘူးလို့ ထင်တယ်''

''ဟုတ်တာပေါ့ ခင်ဗျ'' ရစ်ချတ်က ဝန်ခံပါတယ်။

''ဒါအဓိကအချက်ပဲလေ။ မင်းစဉ်းစားကြည့်စမ်း။ လှေကို လှော်တက်နဲ့ လှော်မယ့်အစား လက်နဲ့လှော်ရင် ဘယ်လောက်ပင်ပန်းမလဲ ဆိုတာကိုပေါ့''

ရစ်ချတ်ကတော့ ခေါင်းတငြိမ့်ငြိမ့်ပါပဲ။ လှေလှော်သမားက ရစ်ချတ်ရဲ့ မှတ်စုစာအုပ်ထဲမှာ ၀ ကနေ ၂၀ အထိ Scale တစ်ခုကို ဆွဲပါတယ်။ ပြီးတော့ ရစ်ချတ်ကိုလည်း မေးလိုက်ပါသေးတယ်။

''မင်းအဖေအလုပ်လုပ်တဲ့အခါသူ့ရဲ့ လုပ်ဆောင်နိုင်စွမ်း ဘယ်လောက်ကို အပြည့်အဝအသုံးချမယ်ထင်လဲ''

ရစ်ချတ်က ၆ ကို ထောက်လိုက်ပါတယ်။ ''သူ့အရမ်းတော့ အလုပ်လုပ်တယ်။ ဒါပေမဲ့ လုပ်ဆောင်နိုင်စွမ်း အပြည့်အဝတော့ လုပ်မယ်မထင်ဘူး။ ရစ်ချတ်က လှေလှော်သမားအမေးကို ပြန်ဖြေပါတယ်။

''ကောင်းပြီလေ။ ဒါဆို သူ့ရဲ့လုပ်ဆောင်နိုင်စွမ်းကို အပြည့်အဝအသုံးမချတဲ့အချိန်တွေမှာ သူအနားယူနေသလား။ ကိုယ့်ဘဝကိုယ်ကျေနပ်ပျော်ရွှင်ပြီး ကောင်းကောင်းအနားယူခဲ့သလား''

လှေလှော်သမားကမေးတော့ ရစ်ချတ်က နံပါတ် ၄ ကို ထောက်ပြပါတယ်။

''ဒါအဓိကအချက်ပဲ။ နံပါတ် ၄ မှာပဲရှိတယ်ဆိုရင်သူကောင်းကောင်းအနားယူနေတာမဟုတ်ဘူး။ ပိုပြီးကောင်းတဲ့ လှေလှော်သမားဖြစ်လာတော့ အားလပ်တဲ့အချိန်တွေမှာတောင် အနားယူတယ်။ ဒါမှ အလုပ်လုပ်တဲ့အခါ ပိုပြီးအာရုံစူးစိုက်နိုင်တာတွေ့ရတယ်။ ဘဝကို မျှမျှတတနဲ့ နေတတ်တာကလည်း အရှည်အချင်းတစ်ခုပဲကွ။ ငါအခု အားကစားကွင်းကြီးတစ်ခုရယ်၊ ခရီးသွားလုပ်ငန်းရယ်၊ အပန်းဖြေစခန်းတစ်ခုရယ်ပိုင်တယ်။ ငါတစ်လလုံးမှာမှ အလုပ်ကို တစ်ပတ်ပဲလုပ်လုပ်တယ်။ ငါ့ရဲ့ ကျန်တဲ့အချိန်တွေကို ခရီးသွားတာတွေ၊ သဘာဝကို ခံစားကြည့်ရှုရင်းနဲ့ မျှမျှတတ ဖြစ်အောင်နေတယ်။ ငါအနားယူတဲ့အခါလည်း လုံးဝကို အနားယူလိုက်တယ်။ ဘယ်လိုစိန်ခေါ်မှုပဲဖြစ်ဖြစ် ငါကောင်းကောင်းစီမံခန့်ခွဲနိုင်တယ်။ အလုပ်လုပ်ရင်လည်း လုံးဝစိတ်နှစ်ပြီးလုပ်တယ်။ အနားယူရင်လည်း လုံးဝအနားယူတယ်။ ဒါတွေဟာ ငါ့ရဲ့ ချမ်းသာကြွယ်ဝမှုတွေ တည်တံ့နေစေဖို့ အဓိကအရေးကြီးတဲ့ မှုတာမှုပဲ''

ရစ်ချတ်ကသေချာစဉ်းစားပြီး ခေါင်းငြိမ့်ပါတယ်။ သူ့အဖေအကြောင်းကိုလည်း တွေးနေမိပါတယ်။

"19, Sustainable wealth follows a rhythm"

ပြီးတော့ သူလိုချင်တဲ့ Scale ကို အောက်ပါအတိုင်းရေးဆွဲလိုက်ပါတယ်။




နှစ်ယောက်သားဆောင်ဦးရဲ့ လေပြည်လေညှင်းလေးကို ခံစားရင်း ခဏလောက်ထိုင်နေပါတယ်။ စမ်းချောင်းလေးက သူတို့ကို ပင်လယ်ဘက်ကို ခေါ်ဆောင်သွားပါတယ်။ ရစ်ချတ်ကတော့ အိပ်ယာထဲ လဲနေတဲ့ သူ့အဖေကို သတိရရင်းအတွေးတွေနဲ့ နယ်ကျွံနေပါတယ်။

''ဒါဆို ခင်ဗျားပြောပုံအရဆို ကျွန်တော်တို့ အလုပ်လုပ်ချိန်မှာ ဘာတွေလုပ်နေသလဲဆိုတာက အရေးကြီးသလို အလုပ်မလုပ်တဲ့ အချိန်မှာ ဘာလုပ်နေသလဲဆိုတာကလည်း အရေးကြီးတယ်ပေါ့''

လှေလှော်သမားက ရစ်ချတ်အမေးကို ခေါင်းညိတ်ပြပါတယ်။''မှန်တာပေါ့ကွာ။ ပိုပြီး အရေးကြီးတဲ့အချက်က မင်းမှာ Vision နဲ့ Focus ရှိလာတဲ့အခါ မင်းရဲ့ အကောင်းဆုံးသော အလုပ်တွေဟာ မင်းအလုပ်လုပ်မနေတဲ့အချိန်မှာ ထွက်လာတာပဲ။ ဒါပေမဲ့ သတိရနေမယ့်အရာကတော့ သူဌေးတွေဟာ အလုပ်မလုပ်ဘူးဆိုတာပဲ။ သူတို့တွေက သူတို့ရဲ့ စိတ်ပါဝင်စားမှုနဲ့ ရှုးသွပ်မှုနောက်ကိုသာ လိုက်လာကြတာကွ''

ရစ်ချတ်က ပိုက်ပြင်ဆရာ ကခုန်နေပြီး ဥယျာဉ်မှူးပျော်ပွဲစားထွက်နေတာကိုသွားသတိရပါတယ်။ သူတို့လုပ်နေတဲ့အရာက သူတို့ရဲ့ချမ်းသာကြွယ်ဝမှုကို အထောက်အပံ့မပေးနိုင်ဘူးထင်ရပေမယ့် တကယ်တော့ အဲ့ဒီအရာတွေက အများကြီးအထောက်အပံ့ပေးနိုင်တာကို။ သူတို့ကိုယ်သူတို့အားဖြည့်ပေးပြီးတော့မှ သူတို့တွေ ကြွယ်ဝချမ်းသာလာကြတာကို ရစ်ချတ်သဘောပေါက်လာပါတယ်။ သူတို့တွေဟာ ၂၀ မှာ အနားယူနေကြတာဖြစ်တယ်။ သူတို့တွေက သူတို့ရဲ့ အချိန်တွေကို ၂၀ မှာပဲ ရင်းနှီးမြှုပ်နှံပြန်တယ်။ သူတို့မှာ ၂၀/၂၀ vision ရှိကြတယ်။ ရစ်ချတ်ပုံတစ်ခု ဆွဲပြန်ပါတယ်။




လေထဲမှာ လွင့်ပျံလာတဲ့ ပလွေသံကို ရစ်ချတ်တစ်ယောက်ကြားလိုက်ပါတယ်။ အဲ့အသံက မြစ်ဘက်ကလာတာဖြစ်ပြီး သူတို့နှစ်ယောက်စလုံးသောင်ပြင်ပေါ်က သစ်သားအိမ်ကလေးကို ကြည့်လိုက်ပါတယ်။ မိန်းမပျိုလေးတစ်ယောက်ကထိုင်ပြီးနေပါတယ်။ လှေလှော်သမားက ရစ်ချတ်ကိုပြောလိုက်ပါတယ်။ ''အဲဒီဂီတပညာရှင်လေ။ မင်းတကယ့်ချမ်းသာအစစ်ကို ခံစားကြည့်ချင်ရင် အဲ့မိန်းကလေးနဲ့အတူ အချိန်ဖြုန်းသင့်တယ်လို့ ငါအကြံပေးချင်တယ်''

ဂီတအသံကို နားထောင်ပြီးတော့ ဥယျာဉ်မှူးပြောတဲ့စကားတွေကို ရစ်ချတ်တစ်ယောက် သတိရမိပါတယ်။

"11. Your Passion is your compass"

(မင်းရဲ့ ဝါသနာနဲ့ ရူးသွပ်မှုဟာ မင်းရဲ့သံလိုက်အိမ်မြှောင်ပဲ)

ရစ်ချတ်က လှေလှော်သမားဆီလှည့်လိုက်ပြီး ''ကောင်းပြီလေ ... ဒါက ကျွန်တော့်ရဲ့နံပါတ်ပါ။ ခင်ဗျားရဲ့ လှေကို ပိုပြီးကောင်းအောင် အရောင်တင်ပေးခွင့်ရမယ်ဆို ကျွန်တော်ပျော်မိမှာပါ'' လှေလှော်သမားကပြုံးပါတယ်။ ''ကျေးဇူးတင်ပါတယ်။ ငါ့ဆီမှာ အရောင်တင်ဖို့လိုနေတဲ့ လှေတွေအများကြီးရှိပါတယ်။ မင်းဆီကို သယ်လာဖို့ မင်းအကူအညီများ လိုဦးမယ်နဲ့တူတယ်''

### Chapter (9) The Musican

### အပိုင်း (၉)ဂီတပညာရှင်

ရှခင်းကြည့်ဖို့ သီးသန့်လုပ်ထားတဲ့ အဆောက်အအုံသေးသေးလေးထဲကို ဝင်သွားပါတယ်။

''ဟယ်လို ကျွန်တော်ကရစ်ချတ်ပါ။ အရည်အသွေးကောင်းမွန်တဲ့ သစ်သားနဲ့ဆိုင်တဲ့ ဝန်ဆောင်မှုတွေကိုပေးပါတယ်။ ကျွန်တော်ခင်ဗျားကို တစ်ခုခုကူညီချင်ပါတယ်ခင်ဗျ''

ဂီတပညာရှင်က ရယ်ပြီးပြန်ပြောပါတယ်။ ''မင်းက တကယ့်ကိုစွန့်ဦးတီထွင်လူငယ်လေးပဲ။ စိတ်မကောင်းစွာနဲ့ပဲ ဒီအဆောက်အအုံဟာ ငါ့ဟာမဟုတ်ဘူးကွယ်။ ဒါပေမဲ့ ငါ့ရဲ့ပလွေကိုတော့ အရောင်တင်ချင်ပါတယ်'' ရစ်ချတ်က ထိုင်လိုက်ပြီး ပင်လယ်ဘက်ဆီကို ကြည့်လိုက်ပါတယ်။ ပင်လယ်က ဒီလောက်ကျယ်တယ်ဆိုတာ သူတစ်ခါမှသတိမထားခဲ့မိဘူးပါဘူး။

''ကျွန်တော့်ရဲ့ vision ကို ပြောပြလို့ရမလားခင်ဗျ'' ရစ်ချတ်ကစကားစပါတယ်။

ဂီတပညာရှင်က သူ့ရဲ့ ပုလွေကို ငြင်ငြင်သာသာလေး မှုတ်နေရာကနေရပ်ပြီး ''ကောင်းပြီလေ။ ပြောပါလို့ ပြောလိုက်ပါတယ်''

နောက်ထပ် မိနစ် ၂၀ လုံးလုံး ရစ်ချတ်တစ်ယောက်ပုံဆွဲနေပြီး သူမကလည်းပုလွေကို ဆက်မှုတ်နေခဲ့ပါတယ်။




''ပြောစမ်းပါဦး။ မင်းကိုယ်မင်း ကျရှုံးလိမ့်မယ်လို့ ဘာကြောင့်ထင်ရတာလဲ''ဂီတပညာရှင်မေးတော့ ရစ်ချတ်ကစဉ်းစားပါတယ်။ တကယ်တမ်းတော့သူ့အမှားတွေလုပ်လိမ့်မယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျရှုံးဖို့အတွက် ကြိုတင်ပြင်ဆင်ထားခြင်းသာဖြစ်ပါတယ်။ တကယ်တမ်းတော့ သူ့အချိန်နဲ့ ငွေတွေကို ဖြုန်းတီးပစ်နေတာမဟုတ်ဘဲ ရင်းနှီးမြှုပ်နှံနေတာဖြစ်ပါတယ်။ သူမြန်မြန်(သို့မဟုတ်) နှေးနှေးလေးရွေ့လျားနေတာမဟုတ်သလို သူတကယ်တမ်းတော့ စည်းချက်ညီညီ လျှောက်လှမ်းနေခြင်းသာဖြစ်ပါတယ်။

''မသိဘူးခင်ဗျ။ ကျွန်တော်ဘယ်လိုမျိုး ကျရှုံးရမှာပါလိမ့်'' ရစ်ချတ်ကတကယ့်ကို ဖဝေဖဝါနဲ့ပြန်ဖြေပါတယ်။

''မင်းတကယ်လို့ နွေရာသီမှာ စိုက်ပျိုးပြီးနွေဦးမှာရိတ်သိမ်းမယ်ဆိုရင် ...မင်းတကယ်လို့ မေ့သွားမယ်ဆိုရင် ...''ဂီတပညာရှင်က သူ့ရဲ့ဂီတမှာ စီးမျောခံစားနေပါတယ်။

သူမက ရစ်ချတ်ကို ကြည့်လိုက်တဲ့အခါ အရည်လဲ့နေတဲ့ သူမရဲ့မျက်ဝန်းကို ရစ်ချတ်တစ်ယောက်သတိထားမိသွားပါတယ်။

''ပြောစမ်းပါဦး ရစ်ချတ်ရေ မင်းအချိန်အကြောင်း ဘယ်လောက်သိ သလဲဆိုတာ''

ဂီတပညာရှင်က ရစ်ချတ်ကို လှမ်းမေးလိုက်ပါတယ်။

နောက်အပတ်တွင် ဆက်လက်ဖော်ပြပါမည်။

# MOBILE IT ကိုအေားမင်း

Good Second Hand Phone and Laptop များကို ရောင်း၊ ဝယ်၊ အလဲအထပ်လုပ်ပေးသည်။

* လူကြီးမင်းတို့၏ Used iPh 6s, 6s Plus, 6, 6 Plus, 5S, 5C, 4S, 4, iPad Air 2, 1, Mini 3, 2, 1, iPad 4, 3, 2, 1, Samsung S6, S6 Edge, Edge Plus, Note 5, A5, A3, S5, S4, S3, S2, Note 4, 3, 2, 1, TAB S, 4, 3, 2, 1, 5, Note 10.1, HTC M8, One Max, One, Butter Fly, 816, 700C, 600C, Sony Z3, Z2, Z1, Z, Ultra, and other Model အမြင့် Phone များကို အထူးဈေးကောင်းပေးဝယ်သည်။

* MAC PRO, Air, IMAC, DELL, ACER, LENOVO, HP, ASUS စသော Core i3, i5, i7 များကို အထူးဈေးကောင်း ပေးဝယ်သည်။

**Brand New (1 Year Warranty)**

(အခြားဆိုင်ဈေးထက် သက်သာပါမည်)

1. iPhone 6S Plus 64GB (Rose / Gold) - 1,080,000/-
2. Samsung Galaxy Tab S 8.4 - 430,000/-
3. iPAD Pro 128GB 4G (Gold) - 1,350,000/-
4. iPAD Air WiFi 16GB - 480,000/-, 64GB - 570,000/-
5. iPad Mini 3 16GB WiFi - 390,000/-
6. iPad Mini 4 16GB WiFi - 450,000/-

**Used LAPTOP**

1. NEW MAC BOOK GOLD CORE M, 8GB, 256GB, 20 = 13xxxxx
2. MAC Air 2015, Core i5, 4GB, 128GB, 13.3" = 9xxxxxx
3. MAC AIR 2014, Core i5, 4GB, 128GB, 13.3" = 8xxxxxx

အမှတ် S/1၊ ဆူးလေစေတီအပိုင်း(တောင်ဘက်မုခ်ဘေး)၊ ကျောက်တံတား။

To Buy - 09 5412384 , To Sell - 0973052197, 0973052198





# University of Northampton, UK မှ MBA ကို ပြည်တွင်း၌ပင် ရယူနိုင်မည့်လမ်းကြောင်းနှင့် အနာဂတ်စီးပွားရေးခေါင်းဆောင်ဖြစ်လိုသူ လူငယ်များအတွက် ပညာရေးဆွေးနွေးပွဲကျင်းပမည်



Myanmar Imperial College ၌ လာမည့် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ပညာရေးဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲ၌ လက်တလောတွင် အဝေးသင်ပညာရေးပြီးမြောက်ထားပြီး စီးပွားရေးနယ်ပယ်တွင် မြင့်မားသော ရာထူးတာဝန်များကို ဆောင်ရွက်လုပ်ကိုင်လိုသူများအတွက် အကောင်းဆုံးသော ရွေးချယ်သင်ယူမှုဖြစ်စေမည့် University of Northampton , UK မှ MBA (Master of Business Administration) ကို ပြည်တွင်း၌ပင်ရယူနိုင်မည့် လမ်းကြောင်းနှင့် အနာဂတ်စီးပွားရေးခေါင်းဆောင်ဖြစ်လိုသူ လူငယ်များအတွက် အကောင်းဆုံးသော စတင်မှုဖြစ်သော BBM, (Bachelor of Business & Management ) ကို သင်ယူရရှိနိုင်မည့် လမ်းကြောင်းများကို အဓိကအကြံပြုဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် မြန်မာနိုင်ငံလူငယ်များအတွက် အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိစေရန် နိုင်ငံတကာအဆင့်မီ ပညာရေးဖြင့် ကြိုတင်ပြင်ဆင်သင့်ပုံများ၊ ဘာသာရပ်ရွေးချယ်မှုများနှင့် သင်ကြားရမည့်ပုံစံများကိုပါ ဆွေးနွေးပြောကြားပေးသွားမည်ဖြစ်ပြီး တက်ရောက်သူများမှ အခြားသိရှိဆွေးနွေးလိုသည်များကို MIC မှသက်ဆိုင်ရာ Programme Manager များ၊ တာဝန်ရှိသူများနှင့် ဆွေးနွေးပြောကြားနိုင်ရန် စီစဉ်ပေးထားကြောင်းလည်း သိရသည်။

ပညာရေး ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် Myanmar Imperial College သည် ၂၀၀၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီးဘွဲ့ရကျောင်းသား၊ ကျောင်းသူ (၁၀၀၀) ကျော်အား အောင်မြင်စွာမွေးထုတ်ပေးပြီးဖြစ်သည့် ကောလိပ်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် MIC၊ အမှတ် (၁)၊ ဈေးမြောက်လမ်း (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 09-73210001 နှင့် 09-421100222 သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင်

# NetGuide ဆုဒိုခုဂိမ်းပြိုင်ပွဲ အမှတ်စဉ် (၂၉၁)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | 5 | 9 | 1 | |
| | | 2 | | 1 | | | | |
| | 9 | | | 6 | | | 7 | |
| 6 | | | | | | | | 4 |
| 3 | | 9 | 7 | | 2 | | | |
| | | 4 | | | | | 3 | |
| | 8 | | | | 7 | | | 9 |
| | 1 | | 3 | | | | | 5 |
| 2 | | | | | | 6 | | |

ဆုဒိုခုအဖြေလွှာများကို **အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီမှ တနင်္ဂနွေနေ့ နေ့လယ် ၂ နာရီအထိ** နောက်ဆုံးထားပြီး **NetGuide ဂျာနယ်**တိုက်သို့ ပေးပို့ပေးရပါမည်။

၁။ အဖြေမှန်သူ ၁ ဦးတည်းရှိပါက ကုမ္ပဏီများမှပေးအပ်ထားသော အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

၂။ အဖြေမှန်သူ တစ်ဦးထက်ပိုပါက ၃ ဦးကို မဲနှိုက်ရွေးချယ်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

**ဆုဒိုခု ဂိမ်းစည်းမျဉ်းစည်းကမ်းများ**

၁။ အတိုင် (Column) တစ်ခုချင်းစီတွင် "၁" မှ "၉" အထိ ဂဏန်း ၉ လုံးကို မထပ်အောင်ထည့်ရပါမည်။ မည်သည့်အစီအစဉ်နှင့်မဆို ထည့်နိုင်ပါသည်။

၂။ အတန်းများ (Row) တွင်လည်း အထက်ပါအတိုင်း ထည့်သွားရပါမည်။

၃။ အကွက် ၉ ကွက်စီပါသော ဖုန်တစ်ခုချင်းစီအတွင်းတွင်လည်း ဂဏန်း ၉ လုံးကို မထပ်အောင် ထည့်ရပါမည်။

၄။ ဤနည်းအတိုင်း အကွက်အားလုံးကို ကုန်အောင်ဖြည့်စွက်ရပါမည်။

၅။ **SUDOKU ဂျာနယ်မေးခွန်းစာရွက်ဖြင့်သာ ဖြေဆိုရမည်ဖြစ်ပြီး မိတ္တူ (သို့) အီးမေးလ်ဖြင့် ပေးပို့ခြင်းသည်းခံပါ။**

အမည် ..............................................................

နေရပ်လိပ်စာ ..............................................................

..............................................................

မှတ်ပုံတင်နံပါတ် ..............................................................

ဖုန်းနံပါတ် ..............................................................

အီးမေးလ် ..............................................................

**NetGuide IT, Electronic & Communication Journal**
အမှတ် ၉၆၊ ပထမထပ်၊ ၁၁ လမ်း(ပေါ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

acer
Access Spectrum
AOpen
ASUS
brother at your side
CLIPtec
Ansus
lenovo
GANDAMAR
GIGABYTE
eset
IDEA LINK
InFocus Bright Ideas Made Brilliant
KING POWER
KSW
SONICGEAR
Lin Thuzar
ELECOM
ViewSonic
NEW PLACE Console Game Sales & Service
ASRock
CyberPower
POWERLOGIC
PISEN Leader of Mobile Digital IT Accessories
TOSHIBA
TP-LINK
1.2.3 it
anitech アニテック

## NetGuide ဆုဒိုခု အမှတ်စဉ် (၂၉၀) အဖြေမှန်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 1 | 7 | 4 | 2 | 6 | 8 | 9 | 3 | 5 |
| 9 | 6 | 3 | 5 | 7 | 1 | 4 | 8 | 2 |
| 5 | 2 | 8 | 9 | 3 | 4 | 1 | 6 | 7 |
| 4 | 9 | 2 | 3 | 8 | 5 | 7 | 1 | 6 |
| 3 | 5 | 7 | 6 | 1 | 9 | 2 | 4 | 8 |
| 8 | 1 | 6 | 7 | 4 | 2 | 5 | 9 | 3 |
| 7 | 4 | 1 | 8 | 2 | 6 | 3 | 5 | 9 |
| 2 | 8 | 5 | 4 | 9 | 3 | 6 | 7 | 1 |
| 6 | 3 | 9 | 1 | 5 | 7 | 8 | 2 | 4 |

## NetGuide ဆုဒိုခုပြိုင်ပွဲ ပွဲစဉ် (၂၉၀) ဆုရရှိသူများ

| | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
|---|---|---|---|
| ၁။ | ကိုကျော်စွာဝင်း | ၇/တငန (နိုင်) ၀၀၉၃၂၅ | ၇/၁၆၂၊ ဦးပန်းဖြူလမ်း၊ တောင်ငူ။ |
| ၂။ | ဦးဌေးနိုင် | ၁၀/သထန (နိုင်) ၀၅၂၂၅၁ | အမှတ် ၇၊ ကြို့ကုန်းသစ်တောဝင်း၊ အင်းစိန်။ |
| ၃။ | ကိုလင်းစုထွန်း | ၁၂/ကတတ (နိုင်) ၀၂၅၈၃၄ | ၂၇၇၊ ပန်းဆိုးတန်းလမ်း၊ ၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ |

ဆုရရှိသူများကို NetGuide ဂျာနယ်မှ ဖုန်းဆက်အကြောင်းကြားပေးမည်ဖြစ်ပြီး တစ်ပတ်အတွင်း NetGuide ဂျာနယ်သို့ မှတ်ပုံတင်ဖြင့် ဆုလက်ဆောင်များ လာရောက်ထုတ်ယူနိုင်ပါသည်။

## အမှတ်စဉ် (၂၈၉) ဆုရရှိသူများ

အထူးဆု-၁ ဦးပညာဇောတ
NetGuide Keyboard, 123 it Cardreader, Idealink Mousepad, Technovision Headphone, MMA Calendar

အထူးဆု-၂ ဦးဣန္ဒာစာရ
NetGuide Speaker, 123 it MP3, NewPlace Cup, TP Link Pen, MPT Calendar

အထူးဆု-၃ မစန်းစန်းဝင်း
NetGuide Headphone, 123 it hub, Idealink Mousepad, Citicom Mouse, MPT Calendar

CS CYBER SPACE _ LCD-Repair-Service
No,163.38th Street, Middle Block Kyauktada Township, Yangon
Ph: 09.73120504,0973216534
အမှတ် (၁၈၁) မှ အမှတ် (၁၆၃) သို့ ၃၈လမ်း(အလယ်) သို့ပြောင်းရွှေ့ ဖွင့်လှစ်ထားပါသည်။
LCD Panel Special Repair Service
LCD TV, LED TV
Panel မှန်ချပ် အမျိုးမျိုးကို
အထူးအမြန် ပြုပြင်ပေးပါသည်။

အမေကြီး
ချက်တဲ့
ရွှေဇီးကွက်
ဆန်
"အိမ်အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါပြီ"



အမှတ် (၃၁/၂၇)၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၁-၅၄၃၂၂၈၊ ၅၆၄၇၇ ၄၀၅၄၈

NetGuidE
IT, Electronics & Communication Journal

Patron
ဦးမြင့်ဦး

Chief Executive Officer
ရဲမင်းအောင်

Editor-in-Charge
ဥက္ကာသန်း

Executive Editor
မိုးထက် (အေး-၂)

Reporter
ပြည့်ဖြိုး၊ တင်မျိုးသွင်၊ သန်းထိုက်အောင်

Layout Team
နွေးလယ်လယ်လင်း၊ တန်နီထွန်း
နှင်းငယ်ငယ်လင်း၊ ကေးခိုင်ဇင်၊ ခိုင်ဇာလွင်၊ ခင်ဥက္ကာသန်း

Deputy Marketing Manager
စန္ဒီမင်းမင်းထွေး

Marketing Staff
မေလှအောင်၊ မြဖြိုး၊ ဆုမွန်သစ်၊ သက်သက်အောင်၊ ခိုင်ဇာသင်း

Office Staff
ခင်သန့်သန့်၊ ကေသွယ်ဦး၊ စွမ်းထက်နိုင်၊
သက်နွေ၊ ခင်သန္တာစိုး

Distribution
အောင်နိုင်

Mandalay Officer
သီတာနောင်၊ ဥက္ကာစိုး

Press
U Toe Win (Nay La Yaung Press - 00830)
အမှတ် ၉၃၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Publisher
ဒေါ်ဝင်းမေ (၀၀၉၀၄)

Office
အမှတ် ၉၆၊ ဒုတိယထပ်၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၂၅၇၁၁၊ ၀၉-၇၃၀၃၂၇၂၆
netguidemyanmar@gmail.com, netguideclassified@gmail.com

# Electronic Guide

Audio Collection | Electronic Collection | Electronic Gadgets & Prices

OUR SELECTED MARKET COLLECTIONS



## Master Air Cooler
## Model No. MAC - 6586 CR (W/GY)

77,000/-

Master Brand မှ ဂျပန်နည်းပညာကို အသုံးပြု၍ထုတ်လုပ်လိုက်သော လေအေးပန်ကာအမျိုးအစား ဖြစ်ပါတယ်။ယခင်ထက်ပိုကြီးသော ကိုယ်ထည်ရဲ့ စွမ်းအားကြောင့်လေထွက်အားပိုမို ကောင်းမွန်စေမှာဖြစ်ပါတယ်။ လေအေးထုတ်လွှတ်မှုမှာ အအေးဓာတ် 65 W အထိ ထုတ်လွှတ်မှုရှိပြီး လေ၏အရှိန်နှုန်းကို အနိမ့်၊ အလတ်၊ အမြင့် လိုသလိုချိန်ညှိယူနိုင်သည်။ စက်လည်ပတ်ချိန်ကို နာရီဝက်မှ ၇ နာရီ ၃၀ မိ နစ်အထိ သတ်မှတ်ထားနိုင်ပြီး ရိုးရိုးရေ(သို့)ရေခဲရေ အသုံးပြုခြင်းဖြင့် ပိုမိုအေးမြသောလေကို ရရှိစေနိုင်ပါတယ်။ လေထွက်ရာလမ်းကြောင်းကို အလိုအလျောက် ဘယ်မှညာသို့လိုသလို လှည့်ပေးနိုင်တဲ့အပြင် အထက်၊ အောက်ကိုလည်း ရွေ့လျားစေနိုင်ပါတယ်။

နှိပ်ခလုတ်နှင့် အဝေးထိန်းခလုတ်(Remote Control)ဖြင့် အလွယ်တကူအသုံးပြုနိုင်သည့်အပြင် ရေခဲခြောက်ဘူး နှစ်ဘူးလည်း ပါရှိမှာဖြစ်ပါတယ်။ ပန့်ဖြင့် ရေကိုစုပ်ယူပြီး အေးမြသောလေကို ပေးစွမ်းနိုင်သည့် Functiion နှင့်အတူ လေကို ပျားအုံလေစစ်ဇကာဖြင့် စစ်ထုတ်ပေးသောကြောင့် ပိုမိုအေးမြမှုကို ခံစားရရှိနိုင်ပါတယ်။ ရေထည့်အသုံးပြုနိုင်ရန် ၈.၅ လီတာဝင်ဆန့်သည့် ရေလှောင်ကန်ပါရှိပြီး Ionizer စနစ်လည်းပါရှိတယ်။ စက်ကို အသုံးပြုချိန်တွင် တစ်နာရီကို ရေ ဝ.၉ လီတာသာကုန်သောကြောင့် ရေတစ်ကြိမ်ထည့်လျှင် ၉ နာရီကျော်အသုံးပြုနိုင်ပြီး အလွယ်တကူရွေ့ပြောင်းနိုင်စေရန် အောက်ခြေဘီးပါရှိမှာဖြစ်တယ်။ လေအေးပန်ကာကို လုပဆန်းသစ်သော အဖြူရောင်နှင့် မီးခိုးရောင်တို့ဖြင့် ထုတ်လုပ်ထားပြီး အာမခံတစ်နှစ်ပါရှိပါတယ်။

Multi World Electronics | 01-374188, 389688, 387908



## Midea Beverage Cooler Showcase
## Model No. SC - 216 GW

368,000/-

ဈေးကွက်အတွင်းကို Product အသစ်အနေဖြင့် ဝင်ရောက်လာသော Midea အမှတ်တံဆိပ် Beverage Cooler Showcase အမျိုးအစားဖြစ်ပါတယ်။ အဖျော်ယမကာပုလင်း၊ အအေးပုလင်းနှင့်အသီးအနှံများကို အအေးနှုန်းအသင့်အတင့်ဖြင့် သိမ်းဆည်းထားနိုင်တဲ့အပြင် အေးမြမှုကို ကြာရှည်စွာ ပေးစွမ်းနိုင်ပါတယ်။ Literများများ ဝင်ဆန့်နိုင်သောကြောင့် ကုန်စုံဆိုင်များတွင်အသုံးပြုနိုင်ပြီး မိမိလိုအပ်သော အအေးနှုန်းကို အနိမ့်၊ အလတ်၊ အမြင့်ဖြင့် မိမိစိတ်ကြိုက် အတိုးအလျှော့ပြုလုပ်နိုင်မှာ ဖြစ်တယ်။ Voltage 220 V ကို အသုံးပြုနိုင်ပြီး Frequency 50 Hz ရှိမှာဖြစ်ပါတယ်။ အအေးနှုန်းအသင့်အတင့်ကိုသာ ပေးစွမ်းသည့်အတွက် အအေးပုလင်းများ အလွန်အကျွံအေးခဲခြင်းမှ ကင်းဝေးစေမှာဖြစ်ပါတယ်။ ဝယ်ယူအားပေးသော မိတ်ဆွေသူများကို Midea Showroom တိုင်းမှ အာမခံ (၃)နှစ်ဖြင့် ရောင်းချပေးသွားမှာဖြစ်ပါတယ်။

Midea Showroom | 01-224752, 210758 (Ext : 123, 124)

**The best we've tested Mobiles, Electronics gear, Gadgets, Computer & more**



## CHIGO Portable Mobile Air Con
## Model No. CP-25 (1HP)

257,000/-

CHIGO မှထုတ်လုပ်သော PORTABLE AIR CON ဖြစ်ပါတယ်။ Portable Mobile Air Con အမျိုးအစားဖြစ်သောကြောင့် ကြိုက်နှစ်သက်သည့်နေရာကို လိုသလိုရွှေ့ပြောင်းအသုံးပြုနိုင်ပါတယ်။ Air Con ၏ အဓိကအစိတ်အပိုင်းဖြစ်သော Compressor ကို Japanese Branded Compressor အသုံးပြုထားသောကြောင့် အရည်အသွေးကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ပါတယ်။ Air Swing ပါရှိပြီး Temperature အတိုးအလျှော့ပြုလုပ်နိုင်ပါတယ်။ ထူးခြားချက်မှာ Indoor / Outdoor ချိတ်ဆက်တပ်ဆင်စရာမလိုဘဲ အသုံးပြုနိုင်သောကြောင့် ကုန်ကျစရိတ်သက်သာစေမှာဖြစ်ပြီး အာမခံ ၃ နှစ်ပေးထားခြင်းနှင့် အပိုပစ္စည်းစုံလင်စွာထားရှိခြင်း၊ စက်ချို့ယွင်းပါက အမြန်ဆုံးလာရောက်ပြုပြင်ပေးခြင်းတို့ကြောင့် ဝယ်ယူပြီးနောက်ပိုင်း စိတ်ချမ်းမြေ့စွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Multi Generation Electronics Wholesales Centre | 09 73240123



## Epson All in One Colour Printer
## Model No. L220

155,000/-

EPSON အမှတ်တံဆိပ် ALL IN ONE (PRINT, COPY/ SCAN) သုံးမျိုး စိတ်ကြိုက်အသုံးပြုနိုင်သော COLOUR PRINTER အမျိုးအစားဖြစ်ပါတယ်၊ EPSON INK BOOTLE (BLACK/ MAGENTA/ YELLOW/CYAN) COLOUR လေးရောင်အသုံးပြုနိုင်ပါတယ်၊ PRINT RESOLUTION (5760 x 1440) DPI အမျိုးအစားဖြစ်ပြီး SCAN RESOLUTION (600 x 1200) DPI အမျိုးအစားဖြစ်ပါတယ်။ PRINT SPEED မှာ ကာလာဖြင့်ထုတ်လျှင် 3.5 PAGES/ MIN ဖြစ်ပြီး MONO CHROME ဖြင့်ထုတ်လျှင် 7 PAGES/ MIN ဖြစ်ပါတယ်။ COMPACT DESIGN ဖြစ်သောကြောင့်နေရာစားသက်သာစေပြီး၊ အိမ်သုံးရုံးသုံးအတွက်သင့်လျော်ပါတယ်။

Multi Generation Electronic Wholesales Centre | 09 73240123



## LG 32" HD LED (DVB-T2) TV
## Model No. 32LF520

270,000/-

TRIPLE XD ENGINE အမျိုးအစားဖြစ်သောကြောင့် ရုပ်ထွက် ကောင်းမွန်ပြီး 2.0 CH SPEAKER SYSTEM ပါရှိတဲ့အတွက် အသံထွက်ကောင်းမွန်မှာဖြစ်ပါတယ်။ MOTION ECO SENSOR ပါရှိသောကြောင့် မီးအားစားအထူးသက်သာတဲ့အပြင် USB PLAYBACK ပါရှိသောကြောင့် VIDEO, MUSIC, PHOTO အစရှိသည်များကို အသုံးပြုနိုင်မှာဖြစ်တယ်။ အခမဲ့ရုပ်သံလိုင်းကို ဖမ်းယူကြည့်ရှုနိုင်တဲ့ DIGITAL TUNER FUNCTION (DVB-T2) ပါရှိပါတယ်။ BUILT IN GAMES FUNCTION ပါရှိပြီး သေသပ်လှပသော နောက်ဆုံးပေါ် ဒီဇိုင်းအသွင်ပြင်ဖြင့် တည်ဆောက်ထားပါတယ်။

Multi Generation Electronics Wholesales Centre | 09 73240123



## Midea Beverage Cooler Showcase
## Model No. SC - 316 GW

455,000/-

အအေးနှုန်းကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်သော Midea အမှတ်တံဆိပ် Beverage Cooler Showcase အမျိုးအစားဖြစ်ပါတယ်။ တရုတ်နိုင်ငံထုတ်ဖြစ်ပြီး showcase အပေါ်ဘက်ပိုင်းကို အပြာရောင် LED မီးဖြင့် ထည့်သွင်းပေးထားပါတယ်။ အအေးပုလင်း၊ ဗိုင်၊ ယမကာပုလင်း၊ အသီးအနှံများအား ပုပ်သိုးပျက်ဆီးမှုမရှိစေရန်အတွက် သိမ်းဆည်းထားနိုင်မှာဖြစ်ပါတယ်။ အအေးနှုန်းကို မိမိစိတ်ကြိုက်အတိုးအလျှော့ပြုလုပ်ပြီး အသုံးပြုနိုင်တဲ့အပြင် Liter များများ ဝင်ဆန့်နိုင်သောကြောင့် ကုန်စုံဆိုင်များ၊ အရောင်းဆိုင်များ၊ စားသောက်ဆိုင်များတွင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဝယ်ယူအားပေးတဲ့မိတ်ဆွေသူများကို အာမခံ (၃) နှစ်ဖြင့် ရောင်းချပေးသွားမှာဖြစ်ပါတယ်။

Midea Showroom | 01-224752, 210758 (Ext : 123, 124)

USD 365



1. ViewSonic Projector
Model : PJD5153
- Brightness of 3300 Lumens
- SVGA (800 x 600) Native Resolution
- 1.86 to 2.04 : 1 Throw Ratio
- Analog Audio Input
- 2- Watt Mono Speaker
- RS-232 Controllable

Phone : 01-384850, 01-394494
(ViewSonic Showroom)

USD 375



2. Viewsonic Projector
Model : PJD5155
- Brightness of 3300 lumens
- SVGA (800 x 600) Native Resolution
- 1.86 to to 2.04 : 1 Throw ratio
- Analog audio input
- 2 att Mono speaker
- RS-232 Controllable

Phone : 01-384850, 01-394494
(ViewSonic Showroom)

USD 460



3. Viewsonic Projector
Model : PJD5232L
- XGA 1024 x 768 Native resolution
- Brightness of 3000 ANSI Lumens
- Lamp Life up to 10,000 Hours
- 3D Ready DLP Link Technology
- Brilliant Color Technology

Phone : 01-384850, 01-394494
(ViewSonic Showroom)

USD 515



4. Viewsonic Projector
Model : PJD5255
- Brightness of 3300 Lumens
- VGA (1024 x 768) Native resolution
- 1.86 to 2.04 : 1 Throw ratio
- Analog audio input
- 2- Watt mono speaker

Phone : 01-384850, 01-394494
(ViewSonic Showroom)

Ks 215,000



5. Midea Refrigerator
Model : HD - 172F
- Voltage : 220 ~ 240 V
- Frequency : 50 Hz
- Input Power : 67W
- LAMP Power : 10W
- Weight : 35kg

Phone : 01-224752, 210758 (Ext : 123, 124)
(Midea Showroom)

# ELECTRONIC COLLECTION

1. Master Air Cooler
Model : MAC - 6565C
- Voltage : 220 ~ 240V
- Power : 65W
- 3 Speeds : Low, Medium, High
- Honey Comb, Two ice Pad
- 8 Liter Water Tank
- 1 Year Warranty

Phone : 01-389688, 387908
(Multi World Electronics Showroom)



Ks 52,000

2. Master Air Cooler
Model : MAC - 6505C
- Voltage : 220 ~ 240V
- Power : 65W
- 3 Speeds : Low, Medium, High
- Honey Comb, Two Ice Pad
- 5 Liter Water Tank
- 1 Year Warranty

Phone : 01-389688, 387908
(Multi World Electronics Showroom)



Ks 57,000

3. Master Air Cooler
Model : MAC - 651CR
- Voltage : 220 ~ 240V
- Power : 65W
- 3 Speeds : Low, Medium, High
- Honey Comb, Two Ice Pad
- Remote Control
- 10 Liter Water Tank
- 1 Year Warranty

Phone : 01-389688, 387908
(Multi World Electronics Showroom)



Ks 67,000

4. Midea Refrigerator
Model : HD-366FW
- Voltage : 220-240V~
- Frequency : 50Hz
- Input Power : 110W
- Refrigerant : R600a, 45g
- Total Gross Volume : 292L
- Total Storage Volume : 280L
- Weight : 57kg

Phone : 01-224752, 210758 (Ext : 123, 124)
(Midea Showroom)



Ks 409,000

5. Master Air Cooler
Model : MAC - 6575CR
- Voltage : 220 ~ 240V
- Power : 65W
- 3 Speeds : Low, Medium, High
- Honey Comb, Two Ice Pad
- Remote Control
- 7.5 Liter water tank
- 1 Year Warranty

Phone : 01-389688, 387908
(Multi World Electronics Showroom)



Ks 67,000

6. Master Air Cooler
Model : MAC - 107CR (W/SL)
- Voltage : 220 ~ 240V
- Power : 110W
- 3 Speed : 360° round
- Ionizer and Remote Control
- Timer : (0.5 ~ 7.5 hours)
- 6 Liter Water Tank
- Touch Switch and remote control
- Honey Comb, Two Ice Pad
- 1 Year Warranty

Phone : 01-389688, 387908
(Multi World Electronics Showroom)



Ks 85,000 (W)
67,000 (SL)

Ks 315,000



8. Panasonic
Split Type Aircon
Model : CS-PC9QKH (1.0HP)
- INTELLIGENT AUTO MODE
- AUTO RESTART, FAST COOLING
- Cooling Comfort, Automatic Fan Speed
- R22 GAS, 1 Year Warranty
- Free Installation

Phone : 09-73240123 (Multi Generation)

Ks 221,000



8. Midea Refrigerator
Model : HS - 235SS
- Voltage : 220 ~ 240V
- Frequency : 50 - 60Hz
- Rated Power : 120W
- lamp Power : 10W
- Net Capacity : 181 L

Phone : 01-224752, 210758 (Ext : 123, 124)
(Midea Showroom)

Ks 350,000



10. Samsung 32"
Flat Smart LED TV
Model : UA32J4303
- HD (1366×768 Pixels)
- Smart Internet TV, Facebook, Youtube
- Built in WiFi, Screen Mirroring
- USB Movie Playback
- Ditital Tuner (DVB-T2)

Phone : 09-73240123 (Multi Generation)

Ks 235,000



12. TCL 32" HD LED TV
Model : 32D2720 (DVB-T2)
- HD (1366×768) Resolution
- Ultra Slim Design, Natural Light 2 Engine
- Media Format (Music, Pciture, Video)
- Superior Energy Efficiency
- Digital Tuner (DVB-T2)
- VGA×1 / HDMI × 2 Input, Made in Thailand

Phone : 09-73240123 (Multi Generation)

Ks 380,000



14. Samsung 40" Full HD
LED (DVB-T2) TV
Model : UA40H5003 (Series 5)
- Full HD (1920×1080) pixels
- Hyper Real Engine
- 100Hz Clear Motion Rate
- Digital Tuner Function (DVB-T2)
- PIP (Picture in Picture)

Phone : 09-73240123 (Multi Generation)

Ks 455,000



7. Midea Beverage
Cooler Showcase
Model : SC - 316GW
- Voltage : 220V
- Frequency : 50 Hz
- Rated Current : 1.7A
- Storage Volume : 309L
- Weight : 72kg

Phone : 01-224752, 210758 (Ext : 123, 124)
(Midea Showroom)

Ks 400,000



9. Panasonic
Split Type Aircon
Model : CS-PC12QKH (1.5HP)
- INTELLIGENT AUTO MODE
- AUTO RESTART, FAST COOLING
- Cooling Comfort, Automatic Fan Speed
- R22 GAS, 1 Year Warranty
- Free Installation

Phone : 09-73240123 (Multi Generation)

Ks 330,000



11. Midea Vertical
Disinfecting Cabinet
Model : MXV-ZLP 380LG501
- Rated Voltage : 220V
- Rated Power : 1400W
- Rated Frequency : 50Hz
- Rated Volume : 259L

Phone : 01-224752, 210758 (Ext : 123, 124)
(Midea Showroom)

Ks 230,000



13. Midea Vertical
Disinfecting Cabinet
Model : MXV-ZLP200LG501
- Rated Voltage : 220V
- Rated Power : 1000W
- Rated Frequency : 50Hz
- Rated Volume : 143L

Phone : 01-224752, 210758 (Ext : 123, 124)
(Midea Showroom)

Ks 368,000



15. Midea Beverage
Cooler Showcase
Model : SC - 216GW
- Voltage : 220V
- Frequency : 50Hz
- Rated Current : 1.2A
- Storage Volume : 211L
- Weight : 57.5kg

Phone : 01-224752, 210758 (Ext : 123, 124)
(Midea Showroom)




**Yangon :** Innwa Premium Shop, City Star, Eastern (SKT Middle Block), KMD(ChinaTown), H.H Mobile, Global Light (North Okkalapa), Technoland, Linn Latt Mobile (TMW), Point Mobile, Tech Republic (San Chaung),i Feel Mobile (Latha), Easy One, Idea Link, IT Box Mobile, Unique PSD, Unique (SKT), King Power (Seikkanthar Lower Block), Unique (Tamwe), Choice Mobile, KMD Tamwe, J Mobile, KMD (MNG), KMD (PSD).Mobile House (Latha), Like Mobile, E City, Htay Mobile L **Mandalay :** 77 Mobile & IT Mall, SS Computer (Pyay), Shwe Na Gar (MDY), Orange Mobile (MDY) N.Star Electronic (Pyin Oo Lwin), Kyal Sin (Mogok), Ngwe Sandar Electronic (MDY), Mobile Like (MDY), T.No Mobile (MDY), National Mobile (Bamaw) C/O, One Mobile (Kyaukpadaung) C/O MDY. Any Call, Super Mobile, Mobile Mother, Guru Mobile, i-Phone, Hein Mobile, Mobistar, Super Cell. **Naypyitaw** : KMD NPT II, **Larsho** : KMD Larsho II, **Myeik** : C4E, **Meikhtila** : KMD Mobile Retail, **Mawlamyine** : KMD Mobile Retail, **Kalay** : Hello **Tharyarwadi** : Home Mobile, **Kyan Khin** : Evasion Mobile. **Sittway** : N.X Mobile, **Loi Kaw** : J & K Mobile, **Pyin Ma Nar** Lu Gyi Min, **Pu Law** : Edison Mobile, Win Mobile, **Dawei** : Padetha D.Com Mobile, Nyi Nyi Mobile, BSM Mobile, idea Mobile, **Myeik** : C4E, ZarNi Mobile , Gentlemen Mobile, YC Mobile, Mahar Myanmar Mobile, 12 call Mobile, Nandar Win Mobile, Wai Phyo Mobile, Golden land Mobile, **Pyay** : Wise Power, NSM, Soe San, Fevo Mobile, Respect Mobile, Shwe Tike Mobile, A1 Mobile, Dr. Mobile, Palae Shwe Wah, **TaungTwinGyi** : Palae Mobile, **Lett Puttar** - Shwe Nadi Mobile, **Pha-An** : Zenith, Tresure Net, **Sittway** : Super Hut Mobile, Palae ShweWah Mobile, **Padan** : La Minn Thit Mobile, **Taunggyi** : Myint Mo

DEALER WELCOME: 01 385077

**Authorised Distributor**

DCD (လိုင်းခွဲ ၁၄၂)

၃၈၄၁၀၉၊ ၃၈၁၀၃၅၊ ၃၈၁၁၂၉



Vol . 4, Issue . 24

# Canon XA35 (Camcorder)




1/2.84" HD CMOS Pro Sensor ကို ထည့်သွင်းပေးထားတာကြောင့် အလင်းရောင်အားနည်းတဲ့အနေအထားတွေမှာတောင်စိတ်တိုင်းကျရိုက်ကူးနိုင်တဲ့ Canon အမှတ်တံဆိပ် Camcorder ဖြစ်ပါတယ်။ နိုင်ခံ့ကျစ်လျစ်ပြီး Broadcast-quality Camera ဖြစ်ကာ 1920 x 1080 Video တွေကို 23.98p, 29.97p, 59.94p နှင့် 59.94i Frame Rates အသီးသီးဖြင့် စိတ်တိုင်းကျရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ 10,000:1 Contrast, Ratio နဲ့အတူ 3.5 OLED Touch Panel View Screen နဲ့ 1,560,000 dots Resolution ရှိတဲ့ Electronic Viewfinder တို့လည်းပါရှိတာကြောင့် သင့်ရဲ့ပုံရိပ်တွေကိုစိတ်တိုင်းကျပြန်လည်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Zoom Speed ကိုလည်း လိုသလိုချိန်ညှိနိုင်ပြီး အဝေးကပုံရိပ်တွေကိုကြည်လင်ပြတ်သားစွာရိုက်ကူးပေးနိုင်ရန်အတွက် 20x Canon Optical Zoom Lens ပါရှိပါတယ်။ ၎င်းမှာ Built in Headphone Jack နဲ့ Mini-HDMI Connector များပါရှိပြီး 3.5mm Four Pole Mini Jack လည်းပါရှိပါတယ်။ တစ်ပြိုင်နက်တည်း Slots ၂ ခုမှာ Record လုပ်နိုင်ဖို့အတွက် Two Built in SD / SDHC / SDXC Memory Card Slots တွေထည့်သွင်းပေးထားပါတယ်။ Built in Dual Band Wi-Fi ကလည်း FTP Video Files တွေကိုတိုက်ရိုက်မျှဝေနိုင်ပြီး Wi-Fi Enabled TVs နှင့် ကွန်ပျူတာများဖြင့်ချိတ်ဆက်ကာ ဓာတ်ပုံနဲ့ဗီဒီယိုတွေကိုစိတ်တိုင်းကျမျှဝေနိုင်မှာဖြစ်ပါတယ်။ လက်တုန်ခါမှုကြောင့်ဖြစ်တတ်တဲ့ပုံရိပ်များဝေဝါးခြင်းကနေကာကွယ်ပေးဖို့အတွက် Image Stabilization ကိုထည့်သွင်းပေးထားပါတယ်။ ဈေးနှုန်းကတော့ ၂၄၉၉ ဒေါ်လာဖြစ်ပါတယ်။

# Nikon Coolpix L840




16MP 1/2.3" CMOS Image Sensor ပါဝင်ပြီး အရည်အသွေးမြင့်မားတဲ့ဓာတ်ပုံတွေနဲ့ Full HD 1080p Video တွေကိုစိတ်တိုင်းကျရိုက်ကူးနိုင်ပါတယ်။ Nikkor 4-152mm f/3-6.5 38x Optical Zoom ED VR Lens ကတော့ အဝေးကပုံရိပ်တွေကိုကြည်လင်ပြတ်သားစွာဆွဲယူရိုက်ကူးနိုင်ဖို့ကူညီပေးပါတယ်။ Built in Wi-Fi Connectivity With NFC ပါရှိတာကြောင့်ရိုက်ကူးပြီးတဲ့ဓာတ်ပုံနဲ့ဗီဒီယိုတွေကိုစိတ်တိုင်းကျမျှဝေနိုင်ပါတယ်။ ပုံရိပ်တွေကို Preview ပြန်လည်ကြည့်ရှုနိုင်ဖို့ 3.0" 921k-dot Tilting LCD Monitor ပါဝင်ပြီး Optional Cable ပါရှိကာ HDTV တွေနှင့်တိုက်ရိုက်ချိတ်ဆက်နိုင်ပါတယ်။ ဗီဒီယိုတွေကို စတူဒီယိုအသံဖြင့်ရိုက်ကူးနိုင်ပြီး Built in Flash လည်းပါရှိပါတယ်။ SDXC / SDHC Memory Card အမျိုးအစားတွေကိုထောက်ပံ့ပေးနိုင်ပါတယ်။ 4x AA Batteries တွေကိုအသုံးပြုထားပြီး အရွယ်အစားကတော့ 4.5" x 3.1"x 3.8" ရှိပါတယ်။ အပျော်တမ်းရိုက်ကူးလိုသူများအတွက် အဆင်ပြေစေပါတယ်။ ဈေးနှုန်းက ၁၉၆ ‧ ၉၅ ဒေါ်လာဖြစ်ပါတယ်။

# Fujifilm FinePix S9900W




Fujifilm ရဲ့ FinePix S9900W ဟာ zoom ဆွဲအားအလွန်ကောင်းတဲ့ ဒီဂျစ်တယ်ကင်မရာတစ်လုံးဖြစ်ပါတယ်။ 16.2MP BSI-CMOS sensor နဲ့ အဆ ၅၀ ဆွဲယူနိုင်တဲ့ Fujinon Optical Zoom Lens ကိုအသုံးပြုထားပါတယ်။ Intelligent Digital Zoom လည်းသုံးနိုင်ပြီး zoom ကို အဆ ၁၀၀ အထိထပ်တိုးဆွဲယူနိုင်ပါတယ်။ 5-Axis Image Stabilization စနစ်ကြောင့်ကင်မရာမငြိမ်လို့ဖြစ်တဲ့ပုံဝေဝါးမှုကိုလျှော့ချပေးပြီး ကြည်လင်ပြတ်သားတဲ့ပုံတွေရရှိစေပါတယ်။ ISO ကို 12800 အထိတင်ရိုက်နိုင်လို့ အလင်းရောင်အားနည်းတဲ့အခြေအနေမှာတောင်မှအရည်အသွေးကောင်းတဲ့ပုံတွေကိုရိုက်ယူနိုင်ပါတယ်။ Full HD 1080i ဗီဒီယိုတွေကိုလည်း 60fps နှုန်းနဲ့ ဖမ်းယူပေးနိုင်ပါတယ်။ Display အတွက် 3.0" LCD Monitor သုံးထားပြီး Electronic Viewfinder လည်းသုံးနိုင်ပါတယ်။ Wi-Fi ရပြီး စမတ်ဖုန်း၊ tablet တို့ကိုကြိုးမဲ့စနစ်နဲ့ချိတ်ဆက်ကာ ပုံနဲ့ဗီဒီယိုတွေအလွယ်တကူကူးယူနိုင်ပါတယ်။ ဈေးနှုန်းက ၁၉၉ ဒေါ်လာဖြစ်ပါတယ်။

## CAMERA REVIEW...

# Sony Cybershot DSC-RX1




ထိပ်တန်းအဆင့်ကင်မရာသစ်တွေကိုတစ်လုံးပြီးတစ်လုံးထုတ်လုပ်လာတဲ့ Sony က compact အတန်းအစားအိတ်ဆောင်ကင်မရာတွေထဲမှာမှ နောက်ထပ်အရည်အသွေးမြင့်ကင်မရာတစ်လုံးဖြစ်တဲ့ Cyber-shot RX1 ကိုထုတ်လုပ်လိုက်ပါတယ်။ ဒီကင်မရာဟာ ကမ္ဘာ့ပထမဆုံး fixed lens digtial ကင်မရာတစ်လုံးဖြစ်ပြီး 35mm full-fram sensor ကိုအသုံးပြုထားပါတယ်။ Lens က Fixed Carl Zeiss Lens ဖြစ်ပြီး အလင်းပြန်မှုကြောင့်ဖြစ်တဲ့ ရုတ်တရက်အလင်းဖြာမှုနဲ့ ပုံရိပ်နှစ်ထပ်ဖြစ်မှုကို လျှော့ချပေးနိုင်ပါတယ်။ Megapixel က 24.3MP အထိရှိတဲ့အတွက် ထိပ်တန်းအဆင့် DSLR ကင်မရာတွေရဲ့ရုပ်ထွက်အရည်အသွေးမျိုးကိုရရှိအောင်စွမ်းဆောင်ပေးနိုင်ပါတယ်။ ဒါ့အပြင် BIONZ Image Processor ကိုအသုံးပြုပေးထားလို့ High-speed Shooting တွေကို 5fps နှုန်းနဲ့ရယူပေးနိုင်ပါလိမ့်မယ်။ ISO ပမာဏကိုလည်း 100 ကနေ 25600 အထိ လိုအပ်သလိုရယူအသုံးပြုနိုင်ပြီး noise ပါဝင်မှုက အနည်းဆုံးအနေအထားမျိုးကိုပါရရှိစေပါတယ်။ Optical SteadyShot Image Stabilization စနစ်ကြောင့် ကြည်လင်ပြတ်သားပြီးဝေဝါးမှုကင်းတဲ့ပုံတွေ၊ ဗီဒီယိုတွေကို ရရှိပါလိမ့်မယ်။ Full DH 24p Video တွေကို Manual Control နဲ့ရယူနိုင်ပြီး အသံစနစ်ပါ တစ်ပါတည်းထောက်ပံ့ပေးထားပါတယ်။ Built-in Stereo Microphone နဲ့ Mono Speaker တို့ပါဝင်ပြီး အသံဖမ်းတာနဲ့ အသံ playback လုပ်တာကို အရည်အသွေးမြင့်မြင့်နဲ့ လုပ်ဆောင်ပေးနိုင်ပါတယ်။ ပုံသေတွေကို JPEG (သို့မဟုတ်) RAW format နဲ့ 24fps နဲ့ 60fps နှုန်းနဲ့ဖမ်းယူပေးနိုင်ပြီး ဗီဒီယိုတွေကို MPEG-4 နဲ့ MPEG-4 AVCHD format တွေနဲ့ဖမ်းယူပေးနိုင်ပါတယ်။ RX1 ကင်မရာဟာ အလင်းရောင်နည်းပါးတဲ့အခြေအနေမျိုးတွေ flash မပါဘဲရိုက်ရင်တောင်မှ စွမ်းဆောင်မှုကောင်းတဲ့ ကင်မရာအမျိုးအစားပဲဖြစ်ပါတယ်။ Manual ထိန်းချုပ်မှုစနစ်ကိုအသုံးပြုချင်သူတွေအတွက်လည်း RX1 က ဖန်တီးပေးထားပြီး Aperture, Focusing and Macro Switching Rings ၃ မျိုးစလုံးကိုစိတ်ကြိုက်သုံးစွဲနိုင်ပါလိမ့်မယ်။ Focus ကို Auto Focus, Manual focus နဲ့ Direct Manual focus ဆိုပြီး ၃ မျိုးရွေးချယ်အသုံးပြုနိုင်ပါတယ်။ MR (Memory Recall) Mode စနစ်ပါဝင်တဲ့အချက်ကြောင့် အသုံးပြုသူအနေနဲ့ ကိုယ့်စိတ်ကြိုက် settings အုပ်စု ၃ ခုပေးထားနိုင်ပြီး လိုအပ်တဲ့အခါမှမြန်မြန်ဆန်ဆန်ခေါ်ယူအသုံးပြုနိုင်စေပါတယ်။ ဒီ setting တွေထဲမှာမှ Zoom Magnification, White Balance, Exposure Compensation, Shutter Speed, Drive mode နဲ့ Manual Modes တွေပါဝင်ပါတယ်။ ဒါ့အပြင် Quick Navi စနစ်ကလည်း ကိုယ်ပေးထားတဲ့ Settings တွေကို လွယ်ကူလျင်မြန်စွာနဲ့ကြည့်ရှုနိုင်စေဦးမှာဖြစ်ပါတယ်။ RX1 မှာ Multi Interface Shoe တပ်ဆင်ပေးထားတဲ့အတွက် သီးခြားမီးအလင်းရောင်နဲ့ မိုက်ခရိုဖုန်းတို့လို တခြားသောကင်မရာအထောက်အကူပြုအရန်ပစ္စည်းတွေကို ထပ်တိုးတပ်ဆင်သုံးစွဲနိုင်လို့ Pro သဘောရိုက်ချင်သူတွေအကြိုက်တွေ့စေပါလိမ့်မယ်။ Display အတွက်ကိုတော့ 1229k Dots ထောက်ပံ့ပေးထားတဲ့ 3" Xtra Fine LCD ကိုအသုံးပြုထားလို့ Menus တွေကို လွယ်လွယ်ကူကူကြည့်နိုင်သလို Live Picture Effects တွေကိုလည်း Preview အဖြစ်ကြည့်နိုင်ပါတယ်။ ဒါ့အပြင် White Magic နည်းပညာပေါင်းစပ်ထားလို့ စူးရှတဲ့နေအလင်းရောင်မှာတောင် Display ကိုကောင်းကောင်းကြည့်ရှုနိုင်ပါတယ်။ Built-in Pop Up Flash ပါဝင်ပြီး 6 Modes ထဲက သင့်တော်ရာကိုရွေးချယ်အသုံးပြုနိုင်ဦးမှာဖြစ်ပါတယ်။ Digital Level Gauge စနစ်ထည့်သွင်းထားတဲ့အချက်က ကင်မရာကိုင်ဆောင်မှုမငြိမ်သူတွေအတွက်အဆင်ပြေစေပြီး ကင်မရာရဲ့ရေပြင်ညီအနေအထားကိုသိရှိနိုင်စေပါလိမ့်မယ်။ မိမိရိုက်ယူထားတဲ့ဓာတ်ပုံတွေကိုဆန်းဆန်းပြားပြားဖြစ်စေဖို့အတွက် ကင်မရာမှာပါဝင်တဲ့ CreativeaStyle Setting တွေကိုသုံးစွဲနိုင်ပြီး ၁၅ မျိုးအထိရွေးချယ်အသုံးပြုနိုင်ပါတယ်။ Face Detection စနစ်ပါထည့်သွင်းထားလို့ မတူညီတဲ့မျက်နှာ ၈ ခုကိုဖမ်းယူကာ လိုအပ်တဲ့ပြုပြင်မှုတွေကို အလိုအလျောက်ရယူလုပ်ဆောင်သွားပါလိမ့်မယ်။ ၂၉ မိနစ်စာဗီဒီယိုတွေကိုရိုက်ယူနိုင်ပြီး SD, SDXC နဲ့ SDXC card တွေအသုံးပြုနိုင်ပါတယ်။ Self-timer ကိုလည်း ၁၀ စက္ကန့်အထိထားသုံးနိုင်ပါတယ်။ ကင်မရာအရွယ်အစားက 4.5" x 2.6" x 2.8" ရှိပြီး 1.06 ပေါင်သာလေးပါတယ်။ ပေါ့ပေါ့ပါးပါးနဲ့ကိုင်ဆောင်အသုံးပြုလို့ကောင်းတဲ့ အဆင့်မြင့်ကင်မရာတစ်လုံးပါပဲ။ ဈေးနှုန်းကတော့ ၂၇၉၈ ဒေါ်လာဖြစ်ပါတယ်။

# AUDIO REVIEWS

## Bose Solo 15

ယနေ့ခေတ်မှာ Flat-screen TVs တွေ ခေတ်စားလာတာနဲ့အမျှ ရုပ်ထွက်ပိုင်းကလည်း အရမ်းကိုကောင်းမွန်လာပါတယ်။ ဒါပေမဲ့ အသံပိုင်းဆိုင်ရာအတွက်ကတော့ အရည်အသွေးသိပ်မကောင်းလှပါဘူး။ ဒီပြဿနာကိုဖြေရှင်းပေးဖို့အတွက် Bose Solo 15 က ကူညီပေးမှာဖြစ်ပါတယ်။ Bose® Solo 15 TV sound system ဟာ အဆင့်မြင့် Bose technology ကို အသုံးပြုထားပြီး ကြည်လင်ပြတ်သားတဲ့အသံတွေကို ထုတ်လွှတ်ပေးနိုင်တာကြောင့် ရုပ်ရှင်၊ ဗီဒီယိုတွေကြည့်ရှုတဲ့အခါ အကောင်းဆုံးစီးမျောခံစားနိုင်ပါတယ်။ TV, cable box, Blu-ray Disc™ Player အစရှိတာတွေကို အလွယ်တကူထိန်းချုပ်နိုင်ရန်အတွက် remote control ပါရှိပါတယ်။ ချိတ်ဆက်မှုများအတွက် optical digital audio input တစ်ခု၊ coaxial digital audio input တစ်ခု၊ stereo RCA input တစ်ခု၊ digital optical နှင့် stereo RCA cables တို့ပါဝင်ပါတယ်။ ဒါ့အပြင် TrueSpace Technology နှင့် Bass Control အစရှိတာတွေလည်းပါဝင်ပြီး လုပ်ဆောင်ချက်တွေစုံလင်လှပါတယ်။ မိသားစုဝင်တွေနဲ့ပဲဖြစ်ဖြစ် တစ်ယောက်တည်းပဲဖြစ်ဖြစ် ရုပ်ရှင်နဲ့ ဗီဒီယိုတွေကိုကြည့်ရှုတဲ့အခါ စိတ်တိုင်းကျစီးမျောခံစားနိုင်မှာပါ။ ပါဝါလိုအပ်ချက် 100-240 VAC, 50 / 60Hz (50W) ရှိပြီး အရွယ်အစားအနေနဲ့ (30.25× 17.5×4.75") ရှိကာ အလေးချိန်ကတော့ 18.0lb ရှိပါတယ်။ အလွန်ကိုမှ ရိုးရှင်းလှတဲ့ဒီဇိုင်းနဲ့အတူ သင့်နေအိမ်ညှော်ခန်းကို ပြီးပြည့်စုံစေမယ့် ပစ္စည်းဖြစ်ပါတယ်။






Sound Tech | Ph : 09-5003827

## Cambridge Audio SX50

အရည်အသွေးမြင့်မားတဲ့ stereo အသံထွက်ကိုပေးစွမ်းနိုင်ပြီး 2 way design ဖြစ်တဲ့ Cambridge Audio SX50 စပီကာဖြစ်ပါတယ်။ 1" slik dome tweeter နှင့် 5.25" treated paper cone mid-bass driver တစ်ခုပါဝင်ပြီး ကြည်လင်ပြတ်သားတဲ့အသံတွေကိုရရှိဖို့အတွက် အထောက်အပံ့ပေးပါတယ်။ ကြိမ်နှုန်းတုံ့ပြန်မှုအနည်းဆုံး 50Hz မှ အများဆုံး 22kHz အထိရှိပါတယ်။ လျှပ်စီးကြောင်းဟန့်တားနိုင်မှုကတော့ 8ohms ရှိပါတယ်။ အလွန်ကိုမှ ရိုးရှင်းလှတဲ့ဒီဇိုင်းကတော့ လူငယ်လူကြီးအကြိုက်ဖြစ်စေမှာပါ။ အရောင်အနေနဲ့ရနိုင်မှာဖြစ်ပြီး ကြိုက်နှစ်သက်ရာရွေးချယ်ဝယ်ယူနိုင်ပါတယ်။ Custom-designed bass driver လည်းပါရှိပြီး Bass အသံထွက်အားလည်းကောင်းမွန်ကာ အခြားသော features တွေလည်းပါရှိပါသေးတယ်။ Sensitivity : 87dB ရှိပြီး ယင်းစပီကာဟာဆိုရင် ဈေးနှုန်းလည်းသင့်တင့်ပြီး ဝယ်ယူသင့်တဲ့စပီကာတစ်လုံးပဲ ဖြစ်ပါတယ်။




Unique Audio | Ph : 09-254133631

## Edifier R1280T Power Bookshelf Speakers

Bookshelf speaker အမျိုးအစားဖြစ်ပြီး အားကောင်းတဲ့ Bass အသံထွက်ကိုပေးစွမ်းနိုင်ကာ 4" bass driver ပါရှိပါတယ်။ ၎င်းဟာ dual RCA inputs ပါဝင်ပြီး multiple audio devices တွေနဲ့ ချိတ်ဆက်နိုင်ပါတယ်။ အသံအတိုးအလျှော့ကို remote control ဖြင့် စိတ်တိုင်းကျထိန်းချုပ်နိုင်ပါတယ်။ Total Power 21W×2 ရှိပြီး 4' Subwoofer နဲ့ 13mm silk domed tweeter တို့ပါဝင်ကာ ကြည်လင်ပြတ်သားတဲ့အသံအရည်အသွေးကို ထုတ်လွှတ်ပေးနိုင်ဖို့အတွက် ထောက်ပံ့ပေးပါတယ်။ ဒီဇိုင်းပိုင်းအနေနဲ့ကြည့်ရင်လည်း ထူးခြားဆန်းပြားပြီး လူငယ်များအကြိုက်တွေ့စေမှာဖြစ်ပါတယ်။ ဈေးနှုန်းလည်းသင့်တင့်ပြီး မိမိအိမ်မှာ အနားယူအပန်းဖြေလိုရင်ပဲဖြစ်ဖြစ်၊ သီချင်းနားထောင်ရတာ ဝါသနာပါသူများအတွက်ပဲဖြစ်ဖြစ် အထူးသင့်တော်ပြီး ဝယ်ယူသင့်တဲ့စပီကာဖြစ်ပါတယ်။




HiFi Audio | Ph : 01-248079

## Klipsch K100-SW

Klipsch အမှတ်တံဆိပ် K100-SW ဟာ home theater system အတွက် ထုတ်လုပ်ထားတဲ့ အရည်အသွေးမြင့် Bass Reflex subwoofer ဖြစ်ပါတယ်။ ကျစ်လျစ်ပေါ့ပါးပြီး စွမ်းရည်မြင့် driver တွေကိုအသုံးပြုထားလို့ ဘယ်သံထုတ်အား အလွန်အရည်အသွေးမြင့်မားပါတယ်။ အသံပျံ့နှံ့မှုအားကျယ်ပြန့်ကာ အခန်းရဲ့ဘယ်နေရာမှာပဲထားသုံးသုံး၊ အသံကိုကောင်းစွာရရှိစေပါတယ်။ ထူးထူးခြားခြားပေါ့ပါးပြီး၊ ခိုင်ခံ့ကာ၊ ၁၀ လက်မအရွယ်အစားရှိတဲ့ poly-fibre woofers တွေကိုအသုံးပြုထားပြီး ကြိမ်နှုန်းနိမ့်သံတုံ့ပြန်မှုအားကောင်းကာ၊ အသံမမှန်တာတွေကို လျှော့ချပေးပါတယ်။ Cone ပျက်စီးမှုကိုလည်း လျှော့ချပေးပါတယ်။ All-digital amplifier ကိုထည့်သွင်းထားလို့ အသံထုတ်အားမှာ watt ၁၀၀ ကနေ watt ၂၅၀ အကြားရှိပြီး အသံထုတ်လုပ်မှုမှန်ကန်တိကျတဲ့အတွက် မူရင်း audio source ရဲ့ အသံအတိုင်းတစ်ထပ်တည်း ကျစေပါတယ်။ အသံကြိမ်နှုန်းတုံ့ပြန်မှုမှာ 32Hz ကနေ 120 Hz အတွင်းရှိပါတယ်။ OW Pass Crossover နဲ့ Phase Control စနစ်ကြောင့် Klipsh အမှတ်တံဆိပ်စပီကာတွေနဲ့ တွဲဖက်အသုံးပြုပြီး ထိပ်တန်းအဆင့်ရှိတဲ့ ဘယ်သံစနစ်ကိုရရှိအောင် ဖန်တီးနိုင်ပါတယ်။ Line input တွေနဲ့ LFE input တွေပါတာကြောင့် ခေတ်ပေါ်ခေတ်ဟောင်း receiver အားလုံးနဲ့ တွဲဖက်အသုံးပြုနိုင်ပါတယ်။ LED power indicator ပါတဲ့အတွက် Sub-woofer ကို ပါဝါဖွင့်ထား၊ မထားဆိုတာ အလွယ်တကူသိနိုင်ပါတယ်။ ကိုယ်ထည်ကို အနက်ရောင် ပေါ်လီမာသစ်ပါးလွှာနဲ့ပြုလုပ်ထားပြီး ခိုင်ခံ့ကာ ဖြုတ်လို့တပ်လို့ရတဲ့ grill ကိုသုံးထားပါတယ်။ 14 x 12.5 15.7" အရွယ်အစားရှိပြီး ၁၁ . ၆ ကီလိုဂရမ်အလေးချိန်ရှိပါတယ်။




Unique Audio | Ph : 09-254133631

## Bose Sounddock 3

SoundDock Series III ဟာ နောက်ဆုံးပေါ် iPhone တွေနဲ့ iPod တွေအတွက် Bose ကနေ အထူးတလည် ထုတ်လုပ်ထားတဲ့ digital music system ဖြစ်ပါတယ်။ Apple Lighting connector ပါတဲ့ နောက်ဆုံးပေါ် iPhone နဲ့ iPid အမျိုးအစားတွေနဲ့တွဲဖက်အသုံးပြုနိုင်ပြီး သီချင်းတွေကို အသံအရည်အသွေးကောင်းကောင်းနဲ့ နားဆင်နိုင်မှာဖြစ်ပါတယ်။ ပါရှိတဲ့ dock မှာဖုန်းကိုတင်လိုက်ပြီး play လုပ်လိုက်တာနဲ့ ခန်းလုံးပြည့်အသံလွှမ်းအောင်ထုတ်ပေးနိုင်ပါတယ်။ Bose ရဲ့ထူးခြားတဲ့ Digital Signal Processing နည်းပညာနဲ့ Acoustic Design ကြောင့် အသံအားကောင်းပြီး တည်ငြိမ်မှုရှိကာ၊ ကြည်လင်ပြတ်သားမှုရှိပါတယ်။ သီချင်းတွေကို အသံစွမ်းရည်ကောင်းကောင်းနဲ့ နားဆင်ရမှာဖြစ်သလို သီချင်းတွေကို နာရီပေါင်းများစွာ တောက်လျှောက်ဖွင့်ထားနိုင်ပါတယ်။ သီချင်းဖွင့်ထားရင်းနဲ့လည်း သင့်ရဲ့ဖုန်းကို အားသွင်းပေးနိုင်ဦးမှာဖြစ်လို့ အလွန်အဆင်ပြေတဲ့ digital music system ပဲဖြစ်ပါတယ်။ အရွယ်အစားကလည်းကျစ်လျစ်ပေါ့ပါးပြီး ဘယ်နေရာကိုမဆို အလွယ်တကူယူဆောင်ပြီး အသုံးပြုနိုင်ပါတယ်။ အဖွင့်အပိတ်လုပ်တာ၊ အသံချိန်ညှိတာ၊ သီချင်းတွေကျော်တာ၊ playlist ရွေးချယ်တာတို့ကို remote control နဲ့ အဝေးကနေလှမ်းပြီး ထိန်းချုပ်နိုင်ပါတယ်။ 3.5 mm auxiliary input ပါတဲ့အတွက် DVD/CD player, tablet, laptop နဲ့ အခြား mobile device တွေနဲ့လည်း ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ 190 x 310 x 145mm အရွယ်အစားရှိပြီး ၂ . ၁ ကီလိုဂရမ်အလေးချိန်ရှိပါတယ်။

Sound Tech | Ph : 09-5003827






## Pioneer SP-BS22 LR

Pioneer SP-BS22 LR ဟာ 2-Way ရတဲ့ Bookshelf စပီကာ (သို့မဟုတ်) rear surround စပီကာတစ်စုံဖြစ်ပါတယ်။ Pioneer ရဲ့ စပီကာအင်ဂျင်နီယာချုပ် အန်ဒရူးဂျုံးစ်ကိုယ်တိုင်ဒီဇိုင်းထုတ်ထားတာဖြစ်ပြီး ထူးထူးခြားခြား အသံစွမ်းရည်ကိုပိုင်ဆိုင်ထားပါတယ်။ စပီကာကိုယ်ထည်ရဲ့ အကွေးပုံစံဒီဇိုင်းကြောင့် sound waves တွေကို လျှော့ချပေးပြီး အသံအရည်အသွေးကောင်းမွန်မှုကို အားဖြည့်ပေးထားပါတယ်။ အသံထုတ်အားမှာ 80-watt ရှိပြီး အသံထုတ်မှုကြည်လင်ပြတ်သားကာ၊ အသေးစိတ်ကျပါတယ်။ အသံထုတ်လွှင့်မှုတည်ငြိမ်ပြီး မှန်ကန်တိကျမှုရှိပါတယ်။ Pioneer ရဲ့ထုံးစံအတိုင်း အသံအရည်အသွေးသာမက ဒီဇိုင်းကလည်းသားနားပြီး အဆင့်မြင့်မားပါတယ်။ ၄ လက်မအရွယ် ပိုလီပရိုပလင်း woofer cone နဲ့အတူ ၁ လက်မအရွယ်အစားရှိတဲ့ soft dome tweeter ကိုအသုံးပြုထားပါတယ်။ အရွယ်အစားကြီးမားတဲ့စပီကာကိုယ်ထည်ကြောင့် ဘယ်သံတုံ့ပြန်မှုအားကောင်းမွန်မှုကို ပံ့ပိုးပေးထားပါတယ်။ ၄ လက်မအရွယ်ရှိတဲ့ driver ကတော့ အသံစွမ်းဆောင်ရည်ကိုမြှင့်တင်ပေးနိုင်ပြီး 6-component cross-over က အရည်အသွေးမြင့်မားတဲ့ အသံကို ရရှိစေပါတယ်။ အသံကြိမ်နှုန်းတုံ့ပြန်မှုက 55Hz ကနေ 20kHz ရှိပြီး ယုံကြည်စိတ်ချလောက်တဲ့ အသံထုတ်လုပ်မှုကိုပိုင်ဆိုင်ထားတဲ့စပီကာတစ်လုံးပါ။ လျှပ်စီးကြောင်းဟန့်တားနိုင်မှုကတော့ 6 ohms ပါ။ Pioneer SP-BS22 စပီကာနဲ့အတူ သီချင်းတွေ၊ ဗွီဒီယိုတွေကို အသံအားကောင်းပြီး ကြည်လင်ပြတ်သားစွာ နားဆင်ခံစားနိုင်မှာပါ။




Audio World | Ph : 01-391267

Vol . 4, Issue . 24

## အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ




**Assassin's Creed Chronicles - Russia**

Assassin's Creed Chronicles - Russia ဟာ ACC ဂိမ်းစီးရီး၏ ဇာတ်သိမ်းပိုင်း Stealth Platforming ဂိမ်းသစ်ဖြစ်သည်။




**XCOM 2**

XCOM 2 ဟာ လူသားများအား ကျွန်ပြုထားသော ဂြိုဟ်သားများကို တိုက်ထုတ်ရမည့် Strategy RPG ဂိမ်းသစ်ဖြစ်သည်။




**Arslan - The Warriors of Legent**

နာမည်ကြီး Arslan Senki anime အား မှီငြမ်းထားသော Arslan - The Warriors of Legend ဟာ Dynasty Warriors ဂိမ်းပုံစံ Action ဂိမ်းသစ်ဖြစ်သည်။




**Dying Light - The Following**

Dying Light - The Following ဟာ ရောင်းအားကောင်းသော Horror Action Game Dying Light ဂိမ်း၏ Expansion အသစ်ဖြစ်သည်။

GAME HIVE
ဖုန်း – ၀၉-၇၃၁၁၈၅၅၀၊ ၀၉-၄၅၀၀၄၁၅၀၀ မှ အချက်အလက်များကူညီပံ့ပိုးပါသည်။

## DotA 2 Winter Battle Pass များ ဝယ်ယူနိုင်မည်



Steam Client မှ နေ၍ အသစ်ထွက်ရှိသောဂိမ်းများနှင့်အတူ DotA 2 ၏ Winter Battle Pass နှင့် Counter Strike: GO ကဲ့သို့ ဂိမ်းများ၏ in-game items များ ဝယ်ယူနိုင်မည့် wallet code နှင့်အတူ PSN တွင် PS4 နှင့် PSVita ဂိမ်းစက်များအတွက် digital games နှင့် DLC များ ဝယ်ယူနိုင်သော wallet code များကို Game Hive ဆိုင်တွင် ဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ Destiny , Call of Duty- Black Ops 3 နှင့် Star Wars Battlefront ကဲ့သို့ Online အသားပေးဂိမ်းများအတွက်လည်း PS Plus Account ဖွင့်နိုင်မည်ဖြစ်ကာ GAME HIVE ဖုန်းနံပါတ် 09-73118550 နှင့် 09-450041500 သို့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## Naruto Shippuden ဂိမ်းသစ် Ultimate Ninja Storm 4




Namco Bandai Games မှ ဖြန့်ချိသည့် နောက်ဆုံးထွက် Naruto Versus Fighting ဂိမ်းသစ ဖြစ်သော Naruto Shippuden: Ultimate Ninja Storm 4 ကို PC နှင့် PS4 တို့တွင် ကစားနိုင်ပြီဖြစ်ပြီး Ultimate Ninja Storm 4 တွင် ဇာတ်ကားပေါင်း 100 ကျော် ပါဝင်ထားပြီး Kaguya၊ Naruto နှင့် Sasuke တို့၏ final form အသစ်၊ PS4 Pre-Order Bonus အဖြစ် Boruto နှင့် Sarada ကဲ့သို့ ဇာတ်ကောင်များနှင့်အတူ Shinobi War ဇာတ်လမ်းအဆုံးနှင့် မူရင်း Naruto Manga ဇာတ်သိမ်းပိုင်း အဓိက Story mode များပါဝင်ထားပါတယ်။ Story Mode အပြင် game world အတွင်း စိတ်ကြိုက်သွားလာနိုင်မည့် Adventure Mode ကိုပါထည့်သွင်းပေးထားပြီး Naruto Shippuden: Ultimate Ninja Storm 4 နှင့် နောက်ဆုံးထွက်ဂိမ်းသစ်များကို GAME HIVE ဖုန်း 09-73118550 နှင့် 09-450041500 တွင် ဝယ်ယူနိုင်ကြောင်း သိရှိရပါတယ်။




## Street Fighter V (PC)

**စာရေးသူ** – GT (Excellent)

နာမည်ကျော် ဖိုက်တင်ဂိမ်းစီးရီး Street Fighter ရဲ့ ပဉ္စမမြောက်ဖန်တီးမှု Street Fighter V ဟာ အခုဆိုရင် အပြီးသတ်ပြင်ဆင်မှုများစွာကို ပြုလုပ်နေပြီး (၂၀၁၆) ခုနှစ်ရဲ့နှစ်ဦးကာလမှာ ပရိသတ်ရှေ့မှောက်ကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ Microsoft Windows နဲ့ Play Station 4 (၂)မျိုးအတွက်ပဲ ပွဲထုတ်ပေးမှာဖြစ်ပြီး အစောဆုံး ဖေဖော်ဝါရီလအတွင်းမှာ ဖြန့်ချိမယ်လို့ဆိုပါတယ်။ ဒီဂိမ်းရဲ့ Developer (s)ရော မူပိုင် Publisher (s)အဖြစ်ပါ ယခင်ပင်တိုင်ရှင် Capcom ကနေ ဖန်တီးပေးထားပြီး လှုပ်ရှားမှုမြန်ဆန်တဲ့ Effect တွေအတွက် Unreal Engine 4 ဂိမ်းအင်ဂျင်ကို အသုံးပြုထားတာဖြစ်ပါတယ်။ ဒီဂိမ်းမှာ ဖိုက်တာတွေအနေနဲ့ အဓိကဇာတ်ကောင် Ryu, Chun-Li, Nash , M.Bison , Cammy , Birdie , Ken, Vega, R.Mika , Karin, Dhalsim အစရှိတဲ့ Character အဟောင်း (၁၂)ဦးအပြင် မက္ကဆီကိုက Necalli, အရှေ့အလယ်ပိုင်းက လေသိုင်းပညာရှင် Rashid, ဘရာဇီးက ဂျူဂျစ်ဆုပညာရှင်မလေး Laura Matsuda တို့ကိုပါ ဖန်တီးပေးထားတယ်လို့ဆိုပါတယ်။ လောလောဆယ်အထိ ဖိုက်တာ(၁၆)မျိုး ထည့်သွင်းပေးထားပြီး Additional အဖြစ် (၆)ဦးထပ်မံပါဝင်ဦးမှာပါ။ Features တွေအနေနဲ့ကတော့ Street Fighter III မှာ ပါဝင်ခဲ့တဲ့ Stum Meter၊ စူပါပါဝါ၊ ကွန်ဘိုပါဝါ၊ Special Moves , Critical Arts တွေအတွက် EX gauge တို့ကို ဒီဂိမ်းမှာ ပြန်လည်တွေ့မြင်ရမှာဖြစ်ပေမယ့် Focus Attacks ကိုတော့ ဖြုတ်ထားခဲ့မှာဖြစ်ပါတယ်။ အသစ်ထပ်မံထည့်သွင်းပေးထားတာကတော့ Cross Platform Game Play အပြင် တစ်ဦးချင်း စူပါပါဝါပိုင်းအတွက် V-Skills, တိုက်ပွဲအတွင်း Counter Move တွေအတွက် V-Reversals, ပါတနာဖိုက်တာတွေရဲ့ ပါဝါတွေကိုစုပေါင်းပြီး ပေါင်းစပ်တိုက်ခိုက်နိုင်တဲ့ V-Triggers ဆိုပြီး Techniques (၃)မျိုး။ အဆင့်(၃)ဆင့်နဲ့ ရန်သူကို အပြတ်ချေမှုန်းနိုင်တဲ့ V-Gauge ပါ။ Street Fighter V ကို (၂၀၁၄)ခုနှစ်၊ ဒီဇင်ဘာလလောက်ကတည်းက ပြင်ဆင်မှုတွေ စတင်ပြုလုပ်ခဲ့တာဖြစ်ပြီး (၂၀၁၅) တစ်နှစ်လုံး အချောသတ်အဆင့်မြှင့်တင်မှုတွေ လုပ်ထားတာကြောင့် အခုလက်ရှိ Trailer တွေမှာတောင် ဖိုက်တင် အလန်းစားတွေ၊ Custume အလန်းစားတွေ မြင်တွေ့နေရပြီဖြစ်ပါတယ်။ နောက်ခံ မြူးကြွသွက်လက်တဲ့ သံစဉ်တွေ၊ ဂရပ်ဖစ်အထူးပြုလုပ်ချက်တွေကလည်း သေသပ်လှတာကြောင့် ဖိုက်တင်ဂိမ်မာတွေအတွက်တော့ သိပ်ကိုကျေနပ်အားရစရာပါ။ Street Fighter အမာခံ ပရိသတ်တွေအတွက်သာမက အခုမှ စတင်ဆော့ကစားချင်သူတွေအတွက်လည်း ခက်ခက်ခဲခဲမလိုအဆင်ပြေစေတာကြောင့် လက်မလွှတ်သင့်တဲ့ အခွင့်ဖြစ်ကြောင်းညွှန်းချင်ပါတယ်။ Capcom ရဲ့ ကြေညာရက်အတိုင်းသာ ထွက်ရှိလာခဲ့မယ်ဆိုရင် သိပ်မလိုတော့တာကြောင့် စောင့်မျှော်နားစွင့်နိုင်ကြစေဖို့ သတင်းကောင်းလေးပေးလိုက်ရပါတယ်။

## New Place မှာ Xbox 360 Slim Limited Edition များ ဆက်လက်ဝင်ရောက်လာ




New Place မှာ ဆက်လက်ဝင်ရောက်လာသော XBox 360 Slim Limited Edition များမှာ Call of Duty MW3, Ger of War 3, Halo 4, Halo Reach, ... များဖြစ်ပါတယ်။ ဒီ Slim Edition ဂိမ်းစက်များမှာ In HDD 250GB, 320GB အပြင် Special Limited Edition Controller များ ပါဝင်ပါတယ်။ စက်ရဲ့ System Update များကိုလည်း Xbox 360 Game ဇာတ်လမ်းပေါင်းအစုံ ကစားနိုင်အောင် Copy CD (သို့) In HDD (သို့) Ex HDD များနှင့် ချိတ်ဆက်ကစားနိုင်ပါတယ်။ ဂိမ်းစက်များ အားလုံးကို USA မှ တစ်ဆင့် တင်သွင်းရောင်းချပေးနေပါတယ်။ ဒါ့အပြင် Xbox 360 ဂိမ်းစက်ပိုင်ရှင်များအတွက် RGH System မြှင့်တင်ခြင်း၊ ခွေစုံဖတ် DVD Drive Modifed များ ဆောင်ရွက်ပေးပြီး ဂိမ်းစက်များရဲ့ Service ပိုင်းဆိုင်ရာ အပူလွန်ကဲ၍ စက် Error ဖြစ်ခြင်း၊ Modifed မကောင်း၍ ဂိမ်းစက် System များ ပုံမှန် အလုပ်မလုပ်ခြင်းစသည့် ဂိမ်းစက်များတွင် ဖြစ်တတ်သော Error အမျိုးမျိုးတို့ကိုလည်း Spare Parts မျိုးစုံတို့ဖြင့် အကောင်းဆုံးအမြန်ဆုံး တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။

(ရန်ကုန်) New Place Game Sale & Service အမှတ်–၂၀၅ (မြေညီ)၊ ၃၇ လမ်း (အပေါ်)၊
ဖုန်း–၀၉–၇၃၀၄၈၀၅၉၉၊ ၀၁–၃၇၆၅၁၄
www.facebook.com/groups/games. unleashed

(မန္တလေး) ကိုမြင့်ဆွေ+ မဖြူဖြူ Game Centre အမှတ်–၂၁၅၊ ၃၁ လမ်း၊
၈၂ x ၈၃ လမ်းကြား။ မန္တလေးမြို့။ ဖုန်း–၀၂–၇၃၂၈၇၊ ၀၉–၅၁၀၀၇၃၈

# Phone News

## Archos မှ 50d Oxygen အားထုတ်ဖော်ပြသ



Archos ၏ Oxygen ဖုန်းများတွင် အသစ်တစ်ခုအား ထပ်မံထည့်သွင်းပေးခဲ့ပြီး Archos 50 d Oxygen သည် လွန်ခဲ့သော နှစ်နှစ်ခန့်က ထုတ်လုပ်ခဲ့သည်။ 50 c Oxygen ၏ မျိုးဆက်သစ်ဖြစ်မည်ဟု ယူဆရသည်။ 50 d တွင် ယခင် 50 c အတိုင်းပင် 5 လက်မ display ဆက်လက်ပါဝင်ခဲ့ပြီး resolution ကိုမူ Full HD 1080 p သို့ တိုးမြှင့်ခဲ့သည်။ MediaTek MT 6753 chipset အား သုံးစွဲထားပြီး 1.3 GHz Octa-core Cortex A53 CPU ဖြစ်ကာ RAM 2 GB ဖြင့် ထောက်ပံ့မှုပေးထားသည်။ ဖုန်းတွင်းသိုလှောင်နိုင်မှု 16 GB ပါဝင်ပြီး micro SD ဖြင့် ထပ်မံမြှင့်တင်နိုင်မည်ဖြစ်သည်။ Dual-SIM ထောက်ပံ့ပေးထားပြီး 4 G LTE ကိုလည်း သုံးစွဲနိုင်မည်ဟု သိရသည်။ အဓိကကင်မရာမှာ 13 MP ဖြစ်ပြီး ရှေ့ဘက်တွင် 5 MP ကင်မရာပါဝင်သည်။ ပုံမှန် connectivity အားလုံးပါဝင်သော်လည်း NFC ပါဝင်မှုမရှိကြောင်း သိရသည်။ Android 5.1 Lollipop ကို သုံးထားပြီး li-ion 2100 mAh ဘက်ထရီကိုသုံးစွဲထားသည်။ 141.4 x 70.8 x 8.2 mm အရွယ်အစားရှိပြီး 140 g လေးသည်။ Archos မှ 50 d Oxygen အား 2016 မေလထဲတွင် စတင်ရောင်းချမည်ဟု သိရပြီး 129 ပေါင် ဝန်းကျင်ဈေးရှိကြောင်း သိရသည်။

## Huawei မှ Y6 Pro အား စတင်ထုတ်လုပ်



Huawei သည် ယမန်နှစ်က ထုတ်လုပ်ခဲ့သော Y6 စမတ်ဖုန်း၏ Pro အမျိုးအစားအသစ်အား ထုတ်လုပ်ပေးခဲ့ပြီဖြစ်သည်။ Y6 သည် Honor 4A ၏ အပြည်ပြည်ဆိုင်ရာ မူကွဲတစ်ခုဖြစ်ခဲ့ပြီး Y6 Pro မှာမူ Enjoy 5 အတွက် မူကွဲဖြစ်ကြောင်း သိရသည်။ Specs အရ Y6 Pro တွင် Media Tek MT 6735 P SoC ပါဝင်ပြီး quad-core 1.3 GHz မြန်နှုန်းရှိကာ RAM 2 GB ဖြင့် ထောက်ပံ့ပေးထားသည်။ 5 လက်မအရွယ် HD display ပါဝင်ပြီး ဖုန်းတွင်းသိုလှောင်နိုင်မှု 16 GB ရှိကာ ကြီးမားသော 4000 mAh ဘက်ထရီအား ထည့်သွင်းပေးထားသည်။ ကင်မရာအနေဖြင့် အဓိကကင်မရာ 13 MP ရှေ့ကင်မရာ 5 MP အား သုံးစွဲထားသည်။ 143.1 x 71.8 x 9.7 mm အရွယ် အစားရှိပြီး 160 g လေးသည်။ Dual-SIM ထောက်ပံ့ပေးထားပြီး Android 5.1 Lollipop အား Emotion UI 3.1 Lite ဖြင့် ဖြည့်စွက် သုံးစွဲပေးထားသည်။ Connectivity အနေဖြင့် Bluetooth 4.0, WiFi 802.11 b/g/n , WiFi direct စသည် တို့ပါဝင်သည်။ သတ္တုဘောင်ဖြင့် ဖုံးအုပ်ထားပြီး Huawei ၏ အဆိုအရ "Water-ripple " ဒီဇိုင်းအား သုံးစွဲထားသည်။ ရွှေရောင်၊ အဖြူနှင့် မီးခိုးအရောင် (၃)မျိုးရနိုင်ပြီး ကမ္ဘာ့ဈေးကွက်အတွင်း စတင်ဖြန့်ချိရောင်းချမည့် ကာလအတိအကျအား မသိရသေးပေ။

## Qualcomm မှ Snapdragon 625, 435 နှင့် 425 Chipset အသစ်များကို ကြေညာ




Qualcomm သည် အများ မျှော်လင့်နေသည့် mid-range chipset အသစ် Snapdragon 625 အား စတင်ထုတ်လုပ်ပေးခဲ့ပြီး ပိုမိုမြန်ဆန်သော LTE ကို 400 series chipset နှစ်ခုဖြစ်သည့် 425 နှင့် 435 တွင် ထောက်ပံ့ပေးခဲ့သည်။ Snapdragon 625 သည် 600 series chipset များတွင် ပထမဆုံး 14 nm process ဖြင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကာ Cortex- A53 core 8 ခုအား 2 GHz ကျော်မြန်နှုန်းထိရောက်ရှိစေခဲ့သည်။ 600 series တွင် တတိယမြောက်အဖြစ် 4K ဗီဒီယိုအား ထောက်ပံ့ပေးနိုင်ခဲ့ပြီး 24 MP ကင်မရာထိသုံးစွဲနိုင်မည် ဖြစ်သည်။ Cat-7 LTE အတွက် X9 mode က ပါဝင်ပြီး download 300 Mbps နှင့် upload 150 Mbps ရှိမည်ဖြစ်သည်။ Adreno 506 GPU ပါဝင်ပြီး Quick Charge 3.0 အား ထောက်ပံ့ပေးထားသည်။ Display အား 1900 x 1200 (60 fps) ထိထောက်ပံ့ပေးနိုင်သည်။ 625 သည် Qualcomm ၏ အဆိုအရ Snapdragon 617 ထက် စွမ်းအင်သုံးစွဲမှု 35% ပိုမိုနည်းပါးကြောင်းဆိုထားသည်။ Snapdragon 435 အား 28 nm process ဖြင့် ထုတ်လုပ်ထားပြီး Cortex A53 core 8 ခုသည် 1.4 GHz မြန်နှုန်းရှိကာ Adreno 505 GPU ကို သုံးထားပြီး full HD (1080p) display အားထောက်ပံ့ပေးနိုင်သည်။ X8 moden နှင့် Quick Charge 3.0 တို့လည်းပါဝင်ပြီး Cat.7 LTE ပါဝင်သည့် ပထမဆုံး 400 series chipset ဖြစ်လာခဲ့သည်။ Snapdragon 425 တွင်မူ quad-core Cortex-A53 1.4 GHz ပါဝင်ပြီး Adreno 308 GPU မှ 1280 x 800 pixels resolution ရှိ display ကိုသာထောက်ပံ့ပေးထားသည်။

## HP မှ Windows 10 ဖုန်းထုတ်လုပ်ဖွယ်ရှိ



HP အား မိုဘိုင်းကဏ္ဍတွင် မတွေ့ရသည်မှာ ကြာပြီဖြစ်ပြီး ယခုအခါ 2016 တွင် ပြန်လည်မြင်တွေ့ရနိုင်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ ယခင်က HP "Falcon" ဟု သတင်းထွက်ခဲ့သော device သည် ယခုအခါ HP Elite X3 အဖြစ် ထွက်ပေါ်လာမည်ဟု ဆိုခဲ့သည်။ သို့သော် 2012 တွင် ထုတ်လုပ်ခဲ့သော HP Elite X2 မှာမူ 2 in 1 device တစ်ခုဖြစ်သဖြင့် ယခုသတင်းအရ ကွဲလွဲမှုများရှိစေခဲ့သည်။ ယခု HP စမတ်ဖုန်းအသစ်အား 2015 ဒီဇင်ဘာတွင် GFX Bench စာရင်း၌ တွေ့ရှိခဲ့ရကြောင်း သိရသည်။ ထိုသတင်းအရ Qualcomm ၏ ထိပ်တန်းအဆင့် chipset ဖြစ်သော Snapdragon 820 SoC အား သုံးစွဲထားကြောင်း သိရပြီး ကြီးမားသော 5.8 လက်မ 2560 x 1440 pixels QHD display ပါဝင်သည်။ ထိုအတိုင်းသာ မှန်ကန်ခဲ့ပါက Windows ဖုန်းများထဲတွင် ထိပ်တန်းအဆင့် ဖုန်းတစ်ခုဖြစ်လာနိုင်သည်။ သို့သော် benchmark အရ RAM 1 GB သာပါဝင်ရာ လိုက်ဖက်မှုမရှိဘဲဖြစ်ခဲ့ပြီး မှားယွင်းမှုဟု ယူဆကြသည်။ ကျန် specs များမှာ အဆင့် မြင့်မားခဲ့ပြီး storage 64 GB နှင့် အဓိကကင်မရာမှာ 20 MP နှင့် ရှေ့ဘက်တွင် 12 MP ကင်မရာ ပါဝင်ကြောင်း သိရသည်။ အခြားသတင်းတစ်ခုအရ HP Elite X3 အား MWC 2016 တွင် မြင်တွေ့ရနိုင်ကြောင်း သိရပြီး ထိုသို့ နီးစပ်လာသဖြင့် ကောလာဟလသတင်းများစွာ ထွက်ပေါ်လာခြင်းဟု ယူဆနိုင်သည်။

## Lenovo VIBE P1 Turbo အား တရားဝင်ကြေညာ




2015 ဩဂုတ်လထဲတွင် Lenovo မှ Vibe P1 ဖုန်း၏ Pro version အား teaser အဖြစ် ပြသခဲ့ပြီး ကာလအတန်ကြာမြင့်ခဲ့သော်လည်း ဈေးကွက်ထဲတွင် မြင်တွေ့ရခြင်းမရှိခဲ့ချေ။ သို့သော် ယခုအခါ ထိုဖုန်းအား P1 Turbo အဖြစ် တရားဝင်ကြေညာပေးခဲ့ကြောင်းသိရသည်။ အမည်ပြောင်းလဲမှု ဖြစ်ခဲ့သော်လည်း specs အရ ယမန်နှစ်က ပြသခဲ့သည့် Pro version နှင့် ဆင်တူမှုရှိကြောင်း သိရသည်။ Vibe P1 Turbo တွင် 5.5 လက်မအရွယ်ရှိ Full HD 1080 p display ပါဝင်ပြီး Snapdragon G15 chip အား သုံးထားကြောင်း သိရသည်။ RAM 3 GB နှင့် ထောက်ပံ့ပေးထားသည်။ storage မှာ 32 GB ဖြစ်ပြီး လိုအပ်ပါကလည်း micro SD ဖြင့် 128 GB ထိ ထပ်မံ မြှင့်တင်နိုင်မည်ဖြစ်သည်။ P1 Turbo တွင် ကြီးမားသော 5000 mAh ဘက်ထရီပါဝင်ပြီး Quick Charge 2.0 ကိုလည်း ထောက်ပံ့မှုပေးထားသည်။ အဓိက ကင်မရာမှာ 13 MP ဖြစ်ပြီး dual-LED Flash ပါဝင်ကာ ရှေ့တွင် 5 MP ကင်မရာအား သုံးစွဲထားသည်။ P1 Turbo သည် dual-SIM ထောက်ပံ့မှုပေးထားပြီး LTE network တွင် သုံးစွဲနိုင်မည်ဖြစ်သည်။ Android 5.1 Lollipop အား သုံးစွဲထားပြီး Fingerprint sensor လည်း ပါဝင်ကြောင်းသိရသည်။ P1 Turbo အား ယူရို 260 ဝန်းကျင်ဖြင့် ကြိုတင်မှာယူနိုင်ပြီး ရွှေ ငွေ နှင့် မီးခိုးအရောင် (၃) မျိုးရနိုင်မည်ဟု သိရသည်။

## Snapdragon Wear 2100 SoC အသစ်အား စတင်ထုတ်လုပ်




Qualcomm သည် စမတ်ဖုန်း SoC အသစ်သုံးမျိုးနှင့် အတူ wearable များအတွက် အသစ်စက်စက် platform ကို စတင်ခဲ့ပြီး Snapdragon Wear ဟု အမည်ပေးခဲ့သည်။ Snapdragon Wear တွင် 2100 chip တစ်ခုထဲသာ စတင်ထုတ်လုပ်ထားပြီး ပုံမှန် စမတ်နာရီများ၌ သုံးစွဲလေ့ရှိသည်။ Snapdragon 400 ထက် သိသိသာသာ တိုးတက်မှုရှိခဲ့သည်။ Snapdragon Wear 2100 သည် S400 ထက် 30% ပိုမိုသေးငယ်သောကြောင့် ပိုမိုသေးငယ်ကာ ပါးလွှာသော စမတ်နာရီများ ဖန်တီးရန်အတွက် များစွာ အထောက်အကူပေး မည်ဖြစ်သည်။ Model အဟောင်းများထက် ဘက်ထရီသုံးစွဲရာတွင်လည်း 25% ပိုမိုထိရောက်မှုရှိသည်ဟု ဆိုခဲ့သည်။ Snapdragon Wear 2100 တွင် quad-core Cortex-A7 CPU ပါဝင်ပြီး မြန်နှုန်း 1.2 GHz ရှိသည်။ Adreno 304 GPU အား ဂရပ်ဖစ်အတွက်သုံးထားပြီး 640 x 480 pixels display အား 60 Hz ထိ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ Chip အတွက် version နှစ်မျိုးရရှိနိုင်ပြီးတစ်မျိုးမှာ Bluetooth, WiFi သီးသန့်ဖြစ်ကာ ကျန်တစ်မျိုးမှာ 2 G, 3 G, LTE ဖြင့် ချိတ်ဆက်နိုင်မည်ဖြစ်သည်။ Chip သည် NFC, GPS တို့ကိုလည်း ထောက်ပံ့ပေးထားပြီး Quick Charge 2.0 လည်း ပါဝင်ကြောင်းဆိုထားသည်။ ထို့အပြင် LG မှ ယခု chip အသစ်ကို သုံးကာ စမတ်နာရီထုတ်လုပ်သွားရန်ရှိကြောင်းလည်း သတင်းထွက်ပေါ်ခဲ့သည်။


LG
Sim Slot 1 ကိုပဲသုံးသုံး၊
Sim Slot 2 ကိုပဲသုံးသုံး 3G Internet Line
အပြည့်ရရှိနိုင်သော LG ဖုန်းများ
REAL 3G Dual SIM
LG G4
5.5" Quad HD IPS
Snapdragon 806 Processor (Hexa-Core)
16MP/8MP Camera
3,000 mAh Removable
RAM 3GB ROM 32GB
Dual SIM
699,000/-
Gift For G4 Leather
Google Drive
Free 100GB Google Drive (2 years)
SD Card (32GB) (OR)
Battery Cover
Flip Cover
Tempered Glass
Ooredoo Data Sim
LG Life's Good
Free Gift
Gift For G4 Metallic
Google Drive
Free 100GB Google Drive (2 years)
Genuine Leather Smart Cover
Tempered Glass
Ooredoo Data Sim
LG G4 Stylus
5.7" HD Screen
Front 5MP Rear 13MP
3,000 mAh
Dual SIM
335,000/-
Smart Cover
Screen Guard
LG Magna
5.0" HD Softly Curved Screen
Front & Rear Camera
2,540 mAh
Dual SIM
209,000/-
Smart Cover
Screen Guard
LG AKA
5.0" HD (1280 x 720)
8MP/2.1MP Laser auto Focus
2,610 mAh
Single SIM
249,000/-
Selfie Lens
Screen Guard
TMW Mobile Service Center (1) : No.7/B, Mahar Si Sar Sa Na Yeik Thar Street, Bahan Township. Tel: 544 644, 556 997, 545 963, 555 996
1 Year Warranty
Find us on Facebook
www.facebook.com/lglovesmyanmar

## Short News

### ASICS မှ Runkeeper အား ဝယ်ယူ

ASICS သည် အားကစားပစ္စည်းများထုတ်လုပ်ပြီး အပြေးဖိနပ်နှင့် လူသိများသောကုမ္ပဏီဖြစ်ကာ ယခုအခါ Runkeeper app ကို ပိုင်ဆိုင်သည့် Runkeeper app ကို ဝယ်ယူခဲ့ကြောင်း သိရသည်။ Runkeeper အား လက်ရှိသုံးစွဲနေသူ ၃၃ သန်းကျော်ရှိကြောင်း သိရသည်။



### Intel ၏ SSD များ ပိုမိုကောင်းမွန်လာရန်ရှိ

လက်ရှိ Intel ၏ SSD များတွင် 4TB သည် အများဆုံးပမာဏဖြစ်သည်။ Micron chips အသစ်များကြောင့် မကြာမီ ထိုပမာဏကို မြှင့်တင်နိုင်မည်ဖြစ်ကာ 2.5" devices များအား 10 TB အထက် မြှင့်တင်ပေးနိုင်မည်ဟု သိရပြီး slot/stick ပုံစံ storage device များတွင် 3.5 TB ပမာဏထိ ပါဝင်လာနိုင်ကြောင်း သိရသည်။

### Microsoft မှ Windows 10 Update History Site အား စတင်

Microsoft သည် Windows 10 Update History Page အား စတင်ခဲ့ကြောင်းသိရပြီး လက်ရှိကာလနှင့် ယခင်ကပေးခဲ့သော OS update များအကြောင်းကို အသေးစိတ်ဖော်ပြပေးထားကြောင်း သိရသည်။

### မကြာမီ GDDR5X ကို မြင်ရမည်ဟု Micron မှဆို

ယမန်နှစ် အောက်တိုဘာလ Micron မှ GDDR5X ကို ဖန်တီးနေကြောင်း သတင်းထွက်ခဲ့ပြီး GDDR5 ထက် ၂ ဆနီးပါး memory band width ပိုမိုကာ ဂရပ်ဖစ်ကတ်ဒီဇိုင်းကိုလည်း ပြောင်းလဲစရာမလိုဘဲ သုံးစွဲနိုင်လိမ့်မည်ဟု သိရသည်။ အစောပိုင်းစမ်းသပ်မှုအရ data rate သည် 13 Gb/s အထက်ရှိကြောင်း Micron မှ ဆိုခဲ့သည်။



# စက်ရုပ်များကြောင့် နှစ် ၃၀ အတွင်း အလုပ်အကိုင်မရှိသူ 50% ထိ ရှိလာနိုင်



မကြာခင် အနာဂတ်ကာလတွင် လက်ရှိလူနေထိုင်မှုပုံစံများ ပြောင်းလဲသွားနိုင်ကြောင်း Google ၏ အင်ဂျင်နီယာ Ray Kurzweil မှ ဆိုခဲ့သည်။ ငွေကြေးတတ်နိုင်ပါကမည်သည့်အလုပ်မျှမလုပ်ဘဲ နေနိုင်လိမ့်မည်ဟုလည်းဆိုသည်။ သို့သော် ထိုအနာဂတ်သည် ယခုထက် ပို၍ခက်ခဲလိမ့်မည်ဟုလည်း သိရသည်။ စက်ရုပ်များကသာ အလုပ်အားလုံးကို လုပ်ပေးနိုင်ပါက လူသားများအနေဖြင့် သက်သောင့်သက်သာနေနိုင်လိမ့်မည်ဟု ယေဘုယျအားဖြင့် ယူဆနိုင်သည်။ သို့သော် အများစုအတွက်မူ ထိုကဲ့သို့အနာဂတ်သည် ကောင်းမွန်သော အနာဂတ်ဖြစ်မလာနိုင်ပေ။ အကြောင်းမှာ လူသားတို့အတွက် အလုပ်လုပ်ခြင်းသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်နေခဲ့သည်။ သိပ္ပံပညာရှင်များ၏ ခန့်မှန်းချက်အရ လာမည့် နှစ် ၃၀ အတွင်း ကွန်ပျူတာများသည် လူသားများလုပ်သည့် အလုပ်အားလုံးလိုလိုကို လုပ်နိုင်လာမည်ဟုဆိုသည်။ ထို့ကြောင့် အလုပ်လက်မဲ့ဦးရေသည် ၂၀၄၅ တွင် 50% နှင့် အထက်ရှိလာနိုင်ကြောင်းဆိုခဲ့သည်။ ထိုအချက်ကိုတားမြစ်ရန်အတွက် နည်းပညာကို ရပ်တန့်ရန်ကိစ္စမှာ မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် မည်သို့ဆက်လက်ရင်းနှီးမြှုပ်နှံမှုပြုသွားမည်ကို ကြိုတင်စဉ်းစားထားရမည်ဟု အကြံပေးခဲ့သည်။ ယခုအခါ AI (artificial intelligence) နှင့်ပတ်သက်၍ ပညာရှင်များအနေဖြင့် စိုးရိမ်မှုများရှိနေပြီး ရူပဗေဒပညာရှင် Stepten Hawking ကိုယ်တိုင်ကပင် AI သည် လူသားတို့အတွက် အဆိုးဝါးဆုံးဖြစ်နိုင်ကြောင်း သတိပေးထားသည်။

•••

# Google မှ Picasa အား ရပ်ဆိုင်းတော့မည်ဟုဆို

Google သည် ၎င်း၏ လူသိများခဲ့သော Picasa photo management tool အား ရပ်ဆိုင်းတော့မည်ဟုကြော်ငြာခဲ့ပြီး Google Photos Service ကိုသာ အာရုံစိုက်သွားတော့မည်ဟု ကြော်ငြာခဲ့သည်။ Google photo team ၏ ဦးဆောင်သူ Anil Sabharwal ၏ အဆိုအရလည်း Picasa အား လက်လွှတ်ခြင်းမှာ Google Photo အား အဓိကအာရုံစိုက်လို၍ဖြစ်ပြီး သုံးစွဲသူများအား ပိုမိုကောင်းမွန်သော အတွေ့အကြုံကိုပေးနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

Picasa သည် ၂၀၀၂ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က Google သည် Search engine အဖြစ် စတင်ကာစသာ ရှိသေးသည်။ Google မှ Picasa app အား ၂၀၀၄ ခုနှစ်တွင် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ Google Photos မှာ ယမန်နှစ်မေလကမှ စတင်ခဲ့ခြင်းဖြစ်ပြီး Picasa ထက် mobile ပုံစံအား ပိုမိုအသားပေးခဲ့သည်။ Picasa သုံးစွဲသူများအနေဖြင့် Google Photos သို့ အချိန်မရွေး ပြောင်းရွှေ့ခွင့်ရှိမည်ဖြစ်ပြီး Picasa upload များကို အချိန်မရွေးဆက်လက်အသုံးပြုနိုင်မည်ဟု ဆိုခဲ့သည်။ Google photo သည် desktop app မရှိသော်လည်း ဓာတ်ပုံအသစ်များကို Web interface မှတစ်ဆင့် အလွယ်တကူ upload လုပ်ယူနိုင်မည်ဟုသိရသည်။ Picasa သည် ချက်ခြင်းရပ်သိမ်းသွားမည်မဟုတ်ဘဲ မတ်လ ၁၅ရက်နောက်ပိုင်းတွင်မှ Google မှ ဆက်လက်၍ ထောက်ပံ့မှုပေးတော့မည်မဟုတ်ဟု သိရသည်။ Web album ကိုမူ မေ ၁ ရက်ထိ ထောက်ပံ့ပေးထားမည်ဖြစ်ပြီး ထို့နောက်တွင်မှ data များကို နေရာအသစ်သို့ ရွှေ့ပြောင်းပေးသွားမည်ဟု ဆိုထားသည်။

# LG မှ MWC မတိုင်မီ ဖုန်းအသစ်နှစ်မျိုးအား ကြိုတင်ပြသ

LG သည် ၂၀၁၆ တွင် မြန်မြန်ဆန်ဆန်လှုပ်ရှားလျက်ရှိပြီး MWC ပွဲမတိုင်မီ ပစ္စည်းအသစ်များကို ကြိုတင်ပြသလျက်ရှိသည်။ LG 65 ဖုန်းအတွက် cover အသစ်အား ပြသခဲ့ပြီးနောက် ယခုအခါတွင် mid-range ဖုန်းအသစ်နှစ်ခုအား ထပ်မံကြော်ငြာသွားခဲ့သည်။ ပထမဆုံးဖုန်းမှာ X Cam ဖြစ်ပြီး ကျောဘက်တွင် dual-Camera ပါဝင်ကာ LG ၏ အဆိုအရ အထူးအဆင့်မြင့်မားသော ကင်မရာနည်းပညာကို ခံစားခွင့်ရစေမည်ဟု ဆိုခဲ့သည်။

ထို့ထက်ပို၍ dual-camera အကြောင်းကို LG မှ ပိုမိုပြောကြားသွားခြင်း မရှိခဲ့ပေ။ ကောလာဟလသတင်းများအရ iPhone 7 တွင် optical zoom နှင့် ကင်မရာနှစ်ခုပါဝင်နိုင်ပြီး ပိုမိုတိကျစွာ zoom ကို သုံးစွဲနိုင်မည်ဟု ဆိုခဲ့သဖြင့် X Cam အတွက်လည်း ထိုသို့ဖြစ်နိုင်ကြောင်း ယူဆထားသည်။ ဒုတိယမြောက်ဖုန်းဖြစ်သည့် X-screen မှာမူ LG V-10 ကဲ့သို့ပင် အမြဲတမ်းပွင့်နေမည့် 1.76" ရှိ ဒုတိယ screen ပါဝင်မည်ဖြစ်ပြီး ဖုန်း၏ 4.9" display အပေါ်တွင် တွေ့ရမည်ဖြစ်သည်။ အမြဲတမ်းပွင့်နေမည့် ဒုတိယ screen တွင် သုံးစွဲသူအား အချိန်၊ ဘက်ထရီ၊ notification များကို ဖော်ပြပေးသွားမည်ဖြစ်သည်။ ဖုန်းနှစ်လုံးစလုံးအား မတ်လထဲတွင် အာရှ၊ ဥရောပနှင့် လက်တင်အမေရိကတို့၌ ရောင်းချမည်ဟု သိရသည်။ X Cam နှင့် X Screen အား လာမည့် ဖေဖော်ဝါရီ ၂၁ ရက် ဘာစီလိုနာတွင် ကျင်းပမည့် Mobile World Congress 2016 ပွဲတွင် တရားဝင်ကြော်ငြာသွားမည်ဖြစ်သည်။

# 2016 ထဲတွင် Assassin Creed ဂိမ်းအသစ်ထွက်ရှိမည်မဟုတ်ဟုဆို




Assassin Creed ဂိမ်းအသစ်အား ၂၀၁၆ ထဲတွင် ထုတ်လုပ်သွားရန်မရှိကြောင်း Ubisoft မှ တရားဝင်ပြောကြားသွားခဲ့သည်။ Ubisoft သည် ယခုတစ်နှစ်အား အနားပေးခဲ့ပြီးနောက် ပုံစံအသစ်ဖြင့်ထွက်ရှိနိုင်ရန် ပြင်ဆင်သွားမည်ဟု CEO ဖြစ်သူ Yves Guillemot မှ ဆိုသွားခဲ့သည်။ Assassin Creed ၏ Franchisc များကို ပြန်လည်သုံးသပ်သွားမည်ဖြစ်သဖြင့် ၂၀၁၆ တွင် ဂိမ်းအသစ်မထွက်နိုင်ကြောင်း သေချာခဲ့သည်။

Assassin Creed Unity အား ထုတ်လုပ်ပြီးကတည်းမှစကာ ပရိသတ်၏အမြင်များကို စုစည်းခဲ့ပြီး ၂၀၁၆ အား အသုံးချကာ ပိုမိုထူးခြားသော gameplay အား ဖန်တီးနိုင်လိမ့်မည်ဟု ဆိုထားသည်။ CEO Yves Guillemot ၏ အဆိုအရ Assassin Creed အား ၂၀၁၆ တွင် မထုတ်လုပ်သဖြင့် နည်းပညာအသစ်များကို အားယူနိုင်လိမ့်မည်ဟု ဆိုခဲ့သည်။ ယခုကဲ့သို့ ဆုံးဖြတ်ချက်သည် Assassin Creed အား ၂ နှစ်တစ်ခါ ထုတ်လုပ်ရန်စီစဉ်ခြင်း မဟုတ်ဟုလည်း ဆိုခဲ့ပြီး CFO Alain Martinez မှ ဂိမ်းတစ်ခုခြင်းအပေါ်တွင်မူတည်ကာ ထုတ်လုပ်မည့်ရက်စွဲကို ပြောင်းလဲသတ်မှတ်သွားမည်ဟု ဆိုခဲ့သည်။ Assassin Creed အဓိကဂိမ်းကို ၂၀၁၆ တွင် မြင်ရမည်မဟုတ်သော်လည်း ဂိမ်းသုံးခုအားပေါင်းထားသည့် Assassin Creed Chronicles ထွက်ရှိမည်ဖြစ်သလို ဒီဇင်ဘာတွင် Assassin Creed ရုပ်ရှင်ထွက်ရှိရန်လည်းရှိနေသည်။

နောက်ထပ်အသစ်ထုတ်လုပ်မည့် Assassin Creed ဂိမ်းသည် အီဂျစ်တွင် ဇာတ်လမ်းတည်ဆောက်မည်ဟုဆိုထားပြီး Assassin Creed Empire ဟု အမည်ပေးနိုင်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

# Silicon Chips အတွင်း၌ nanolasers ထည့်သွင်းတည်ဆောက်နိုင်



Photonic processor များအတွက် အထူးအရေးပါသောအောင်မြင်မှုတစ်ရပ်ကို Technical University of Munich(TUM) မှ ရူပဗေဒပညာရှင်များမှ စမ်းသပ်အောင်မြင်ခဲ့ကြောင်းသိရသည်။ TUM အဖွဲ့သည် silicom chip အတွင်း nanowire lasers များကို ထည့်သွင်းဖန်တီးနိုင်ခဲ့ပြီး ၎င်း nanolasers များသည် ဆံချည်မျှင်ထက် အဆတစ်ထောင်သေးငယ်ကြောင်း သိရသည်။ Photonics နည်းလမ်းသည် manufacturing process အား သေးကွေးစေခြင်းထက် ပိုမိုလွယ်ကူသည့် နည်းလမ်းဖြစ်သည်။ ယနေ့ခေတ် Transistors များသည် nanometers အရွယ်ထိ သေးကွေးလာခဲ့ပြီး ထပ်မံချုံ့ရန်အတွက် ကုန်ကျစရိတ်လွန်စွာကြီးမားမည်ဖြစ်သည်။ စွမ်းဆောင်ရည်တိုးတက်ရန်အတွက် electoms အား photons ဖြင့် အစားထိုးနိုင်သည်။ TUM ၏ သုတေသနသည် အရေးပါသောအောင်မြင်မှုဖြစ်ခဲ့ပြီး silicon chips အတွင်း nanolaser အား တိုက်ရိုက်ထည့်သွင်းနိုင်ပါက ကုန်ကျစရိတ်သက်သာကာ စွမ်းဆောင်ရည်မြင့်မားသော photonic components များကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။ TUM အဖွဲ့သည် ယခုအဆင့်သို့ရောက်ရှိရန် အခက်အခဲများစွာကျော်ဖြတ်ခဲ့ရပြီး ယခုအခါ ထိုနည်းလမ်းအား မူပိုင်ခွင့်မှတ်တမ်းတင်ထားကြောင်း သိရသည်။ လက်ရှိတွင် gallium arsenide nanowire laser သည် infrared light ကို ထုတ်လွှတ်ပေးပြီး wavelength ကို သတ်မှတ်ထားသော်လည်း နောက်ပိုင်းတွင် wavelength ကိုပါ ပြောင်းလဲသွားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

# Opera အား တရုတ်ကုမ္ပဏီမှ ဒေါ်လာ ၁.၂ ဘီလီယံဖြင့် ဝယ်ယူမည်ဟုဆို

တရုတ်ကုမ္ပဏီများ စုစည်းထားသည့်အဖွဲ့၏ ဒေါ်လာ ၁.၂ ဘီလီယံဖြင့်ဝယ်ယူရန် ကမ်းလှမ်းမှုကို Opera Software မှ လက်ခံခဲ့သည်ဟုသိရသည်။ နော်ဝေအခြေစိုက် Opera ကုမ္ပဏီသည် ထိုကမ်းလှမ်းမှုအားလက်ခံရန် ရှယ်ယာရှင်အားလုံးမှ ချွင်းချက်မရှိ သဘောတူညီခဲ့ကြောင်းသိရပြီး ယခုကဲ့သို့ဝယ်ယူမှုကြောင့် တရုတ်တွင် ပိုမိုနေရာရလာနိုင်မည်ဖြစ်သည်။ တရုတ်ကုမ္ပဏီများတွင် အင်တာနက်လုံခြုံရေးကုမ္ပဏီ Qihoo 360, Intenet Firm Beijing Kunlun, Golden Brick နှင့် Yonglian စသည်တို့ပါဝင်ခဲ့သည်ဟု သိရသည်။ Opera သည် လက်ရှိတွင်သုံးစွဲသူ သန်း ၃၅၀ ရှိသည်ဟုဆိုသော်လည်း ပြိုင်ဆိုင်မှုများသော အနောက်တိုင်းဈေးကွက်တွင် ရုန်းကန်နေရသည်။ Opera အတွက် တရုတ်သည် အကျိုးအမြတ်များသောနေရာတစ်ခုဖြစ်နိုင်ပြီး Google ၏ Chrome browser မှာ တရုတ်ရှိ Android ဖုန်းများတွင် ကြိုတင်ပါဝင်လာခြင်းမရှိပေ။ ထို့အပြင် တရုတ်၌ဒေသခံစီးပွားရေးလုပ်ငန်းနှင့် လက်မတွဲပါက စီးပွားရေးလုပ်ရန်မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။ သို့သော် ယခုအရောင်းအဝယ်ဖြစ်ခဲ့ပါက Opera အနေဖြင့် Kunlun နှင့် Qihoo 360 ၏ network အား သုံးစွဲနိုင်လိမ့်မည်ဖြစ်သည်။ Opera အား ၁၉၉၅ ခုတွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၇ တွင် Opera အမည်ဖြင့် browser ကို စတင်ခဲ့ခြင်းဖြစ်သည်။ ထိပ်တန်းအဆင့်မရှိခဲ့သော်လည်း Opera တွင် အမြဲလိုလိုသုံးစွဲသူများရှိနေခဲ့သည်။ Opera သည် Android ဖုန်းများခေတ်ဦးက ပထမဆုံး mobile browser စစ်စစ်ကိုစတင်ဖန်တီးပေးခဲ့သည်။ ယခုအခါ Opera သည် ၎င်း၏ကြော်ငြာနှင့် data Compression နည်းပညာ Opera Max ကိုသာ အာရုံစိုက်လျက်ရှိသည်။


အချိန်တိုင်းလန်းနေမယ့်
vicee®
VITAMIN C 500 mg
VITAMIN C 500mg ပါဝင်သော vicee သည် အအေးမိခြင်းနှင့် ဖျားနာခြင်းတို့ကို ကာကွယ်ပေးပြီး တက်ကြွရွှင်လန်းစေပါသည်။

◀ စာမျက်နှာ (၈) မှ

ကုမ္ပဏီတော်တော်များများက ဈေးကွက်ထဲတင်သွင်းနိုင်ဖို့ လုံးပမ်းနေကြပါတယ်။ လက်ရှိအချိန်မှာ Wide I/O နည်းပညာသုံး device တွေ ဘယ်တော့ထွက်လာမလဲဆိုတာ မသိရပေမယ့် အစောဆုံးအနေနဲ့ ၂၀၁၆ ပထမ ၆ လပတ်အတွင်းဖြစ်နိုင်မယ်လို့ ခန့်မှန်းကြပါတယ်။

## Intel က ဦးဆောင်နေတဲ့ Hybrid Memory Cube

Intel က Micron နဲ့ ပေါင်းပြီးတော့ Hybrid Memory Cube ဆိုတာကို ဖန်တီးနေပါတယ်။ HMC ဟာ Wide I/O 2 ထက်စာရင် bandwidth အများကြီး ပိုထောက်ပံ့နိုင်ပေမယ့် ပါဝါလည်းပိုစားပြီး ကုန်ကျစားရိတ်လည်း ပိုများပါမယ်။ Intel နဲ့ Micron တို့ကတော့ သူတို့နည်းပညာဟာ 400GB/s အထိရနိုင်ဖို့ရှိပြီး ၂၀၁၆ မှာစတင်ထုတ်လုပ်ကာ၊ ၂၀၁၇ လောက်ကို




ဈေးကွက်ထဲရောက်မယ်လို့ ခန့်မှန်းထားကြပါတယ်။

HMC ဟာ JEDEC ရဲ့ စံသတ်မှတ်ချက်ကို မရသေးပေမယ့်၊ Microsoft, Altera, ARM, Intel, HP ဆိုတဲ့ ကုမ္ပဏီကြီးတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဆောင်ရွက်နေတာပါ။ HMC ရဲ့ ရည်ရွယ်ချက်က လက်ရှိ DIMM တွေမှာ သုံးနေတဲ့ duplicative control logic ကို ဖယ်ရှားပစ်ပြီး ပိုရိုးရှင်းတဲ့ဒီဇိုင်း၊ 3D configuration တွေနဲ့အတူ single control logic layer တစ်ခုတည်းကနေ read/write traffic တွေကို ကိုင်တွယ်သွားဖို့ဖြစ်ပါတယ်။

Hybrid Memory Cube ဟာ multi-core CPU တွေအတွက် bandwidth မြင့်မြင့်၊ latency နိမ့်နိမ့်နဲ့ မြန်ဆန်တဲ့ ဒေတာသယ်ပို့မှုကို ဆောင်ရွက်ဖို့ ဒီဇိုင်းဆွဲထားတာပါ။ နည်းပညာအသစ်ဆိုတဲ့အတိုင်း အလားအလာကောင်းတွေ အများကြီးရှိပေမယ့်၊ ဈေးကလည်းကြီးနေပါတယ်။ ပြီးတော့ semiconductor တွေကို ဘယ်လောက်ကောင်းအောင် ထုတ်လုပ်နိုင်မလဲဆိုတာအပေါ်လည်း အများကြီးမှီခိုနေပါတယ်။ ဒါပေမဲ့ ၂၀၂၀ ခုနှစ်လောက်မှာမြင်ရမယ့် စူပါကွန်ပျူတာတွေမှာတော့ ဒီနည်းပညာကို မြင်ရမလားလို့ စောင့်ကြည့်ရမှာပါ။

## AMD က ဦးဆောင်နေတဲ့ High Bandwidth Memory

ဒီ High Bandwidth Memory နည်းပညာကိုတော့ AMD နဲ့ Nvidia တို့က အဓိကဦးဆောင် ဖန်တီးပါတယ်။ HBM ဟာ တကယ်တော့ Wide I/O 2 ကိုပဲပိုပြီးအဆင့်မြှင့်ထားတာပါ။ AMD ရော၊ Nvidia ရောဟာ သူတို့ရဲ့ လာမယ့်မျိုးဆက်သစ် GPU တွေမှာ HBM ကိုသုံးဖို့ ပြင်ဆင်နေပါပြီ။ ၂၀၁၆ မှာထွက်မယ့် Pascal GPU မှာ Nvidia က HBM ကို သုံးဖို့ပြင်ဆင်နေပါတယ်။ AMD ကတော့ ဒီနည်းပညာကို သုံးဖို့အစီအစဉ်ရှိပေမယ့် ဘယ် GPU က ဒါကိုစပြီး Support လုပ်မယ်ဆိုတာကို တရားဝင်ပြောတာတော့ မရှိသေးပါဘူး။

HBM ဟာ 128 bit channel တွေကို အသုံးပြုမှာဖြစ်ပြီး 1024 bit ရသည် အထိအထပ် ၈ ထပ်ရှိအောင်လုပ်သွားမှာပါ။ 128GB/s ကနေ 256 GB/s အထိ လေးထပ်ကနေ ရှစ်ထပ်အထိရှိတဲ့ DRAM dies တွေကို အဆင့်ဆင့်ထပ်ပြီး အသုံးပြုသွားမှာဖြစ်ပါတယ်။ memory controller တစ်ခုချင်းစီတိုင်းဟာ သီးခြားစီအချိန်ညှိထိန်းချုပ်သွားမှာပါ။ အနာဂတ် GPU တွေဟာ HBM ကိုသုံးပြီးတော့ 512 GB/s ကနေ 1 TB/s အထိ main memory bandwidth ကိုထောက်ပံ့သွားပါမယ်။ ဒါဟာလက်ရှိ Titan Black စူပါကွန်ပျူတာမှာ သုံးထားတဲ့ 336GB/s ထက်အများကြီးကို ပိုမြန်တာပါ။

လက်ရှိမှာ HBM ဟာ Wide I/O လောက်လည်း ဈေးမသက်သာဘူး၊ ဒါပေမဲ့ ပါဝါစားသုံးမှုကတော့ နည်းပါတယ်။ HMC ထက်စာရင် ဈေးလည်း သက်သာသလို စွမ်းဆောင်ရည်ကြတော့ သိပ်မကွာလှပါဘူး။ အားလုံးကို ခြုံငုံကြည့်မယ်ဆိုရင် Wide I/O သည် high end mobile တွေအတွက်ဖြစ်လာဖို့ရှိပြီး HBM ကတော့ Desktop တွေအတွက် ဖြစ်လာမှာပါ။ HMC ကတော့ High end server တွေအတွက် ဖြစ်လာမယ်လို့ယူဆရပါတယ်။







RAM တွေဟာ အရင်က (အရင်ကဆိုတာ ကျွန်တော်တို့ ကွန်ပျူတာ ကိုတော်တော်သုံးလာတဲ့ ၂၀၀၇ လောက်အထိ) အတော်လေးဈေးကြီးတဲ့ ကွန်ပျူတာအစိတ်အပိုင်းတွေပါ။ ဒါပေမဲ့ DDR 3 နောက်ပိုင်းကနေစလို့ ဈေးတွေတော်တော်လျှော့ကျဆင်းလာပါတယ်။ တစ်ဘက်က ဈေးတွေကျလာသလို RAM တွေရဲ့ capacity တွေကလည်းအတက်ဘက်ကိုပဲ တောက်လျှောက်ရှိခဲ့တာပါ။ ဟိုအရင်က 512 MB RAM လောက်သုံးနိုင်ရင် အဟုတ်ကြီးထင်ခဲ့ရပေမယ့် ၂၀၀၅၊ ၂၀၀၆ လောက်မှာ GB အဆင့်ကို သုံးနိုင်လာပါတယ်။ Core2 စီးရီးနဲ့ ပွဲထွက်လာတဲ့ Dual channel နည်းပညာကြောင့်လည်း RAM တွေဟာ အရင်ကထက် ပိုမိုမြန်ဆန်အောင် အလုပ်လုပ်နိုင်လာပါတယ်။

ဒါပေမဲ့ နည်းပညာလောကရဲ့ အခြားသော အစိတ်အပိုင်းတွေမှာလိုပဲ ဂိမ်းဆော့သူတွေ၊ software အမြင့်တွေကို သုံးသူတွေရဲ့ရောဂါနဲ့အညီ ဘယ်လောက်ပဲမြန်ပါတယ်၊ ဘယ်လောက်ပဲ ပမာဏများပါတယ်ဆိုဦးတော့ RAM တွေရဲ့ မြန်နှုန်းနဲ့ပါဝင်တဲ့ capacity တွေက ဖြည့်လို့ကိုမလောက်နိုင်ဖြစ်ခဲ့ရပါတယ်။ DDR 2 လောက်ကို အဟုတ်ကြီးထင်ခဲ့ပေမယ့် တကယ်တမ်း DDR 3 တွေထွက်လာတော့ ဈေးသက်သာတဲ့ ဒီ RAM တွေကို သုံးချင်တဲ့စိတ်နဲ့ Motherboard တစ်ခုလုံးလဲပစ်လိုက်တာ မျိုးတွေလည်းလုပ်ခဲ့ဖူးပါတယ်။

အရှေ့ဆုံးနားမှာ ပြောခဲ့တဲ့အတိုင်းပဲ၊ လက်ရှိ PC တည်ဆောက်မှုနည်းပညာမှာ RAM တွေဟာ PC တစ်လုံးကို upgrade လုပ်ဖို့အတွက် ဈေးနှုန်းအသက်သာဆုံး၊ အဆင်အပြေဆုံးအရာဖြစ်နေဆဲပါ။ ဒါပေမဲ့ DDR4 နောက်ပိုင်းမှာ အသစ်ပေါ်ထွက်လာမယ့် နည်းပညာတွေက ဒီအချက်ကို အပြောင်းအလဲ ဖြစ်စေနိုင်တဲ့အပြင် လက်ရှိကျွန်တော်တို့ သိထားတဲ့ RAM ဆိုတာရဲ့ တည်ဆောက်ပုံနဲ့ RAM အပေါ် နားလည်ထားပုံတွေကိုပါ ပြောင်းလဲရကောင်းပြောင်းလဲရနိုင်ပါတယ်။ အရင်က ဘယ်တုန်းကမှ အအေးပေးစနစ်ထဲမှာ ထည့်မစဉ်းစားခဲ့တဲ့ RAM တွေဟာ အခုနည်းပညာအသစ်တွေနဲ့ကျရင် Fun တွေ၊ Water Cooling တွေနဲ့ အအေးပေးရတာမျိုးတွေ ဖြစ်ကောင်းဖြစ်နေနိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ လက်ရှိရှိထားတဲ့ bandwidth တွေထက် ပိုပြီးမြင့်မားတဲ့ပါဝါအစားသက်သာမယ့် RAM နည်းပညာသစ်တွေ ပေါ်လာမယ်ဆို




တာက ကြုံဆိုရမယ့်ကိစ္စပါပဲ။ အရင်ကကျွန်တော်တို့ RAM တွေကို DRAM တွေအဖြစ်နဲ့ပဲသုံးခဲ့ကြတယ်။ နောက် SDRAM တွေ၊ SDRAM ပြီးတော့ ဒီခေတ် DDR RAM တွေအထိ ဆင့်ကဲဆင့်ကဲ ပြောင်းလဲခဲ့တာက ကျွန်တော်တို့ဟာ RAM တွေကို ထိရောက်မှုရှိရှိ တီထွင်ဖန်တီးနိုင်ခဲ့တယ်ဆိုတာရဲ့အဖြေပါပဲ။ အခုလာမယ့် နည်းပညာသစ်တွေကိုလည်း ကျွန်တော်တို့ ဒီအတိုင်းပဲ ဆက်ပြီးအသုံးချသွားနိုင်လိမ့်မယ်လို့ ယူဆရပါတယ်။

အခုခေတ်က PC သပ်သပ်တင်ပဲ နည်းပညာကို စဉ်းစားရတာ မဟုတ်တော့ဘဲ၊ စမတ်ဖုန်း၊ tablet အစရှိတဲ့ mobile device တွေ၊ စမတ်နာရီ အစရှိတဲ့ wearable တွေ၊ စမတ်တီဗီ၊ စမတ်ရေခဲသေတ္တာအစရှိတဲ့ စမတ်အိမ်ပစ္စည်းတွေ၊ စမတ်ကားတွေအထိ နည်းပညာဟာ နေရာတိုင်း ပြန့်နှံ့နေပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကလို




လူကြီးတွေက ဇာပုဝါနဲ့ မှန်ပုံးထဲသိမ်းထားတဲ့၊ အတန်တန်တောင်းပန်ပါမှ ပေးသုံးတဲ့၊ အဲကွန်းခန်းကြီးထဲ Multimedia Classroom လို့ စာချိတ်ထားပြီး အိမ်ကမိဘက အပြင်မှာ ကွန်ပျူတာသင်တန်းကို ပို့ပေးနိုင်တဲ့ ကျောင်းသားတွေမှ သုံးလို့ရတဲ့ စာသင်ခန်းကြီးထဲက လူကြီးတွေလာရင် လူအထင်ကြီးအောင် mouse ကလေး ဟိုရွှေ့ဒီရွှေ့ လုပ်ပြရတဲ့ကြွားစရာ၊ ကြောက်စရာ၊ ကိုးကွယ်စရာ၊ စက်ကိရိယာမျိုးမဟုတ်တော့ပါဘူး။ ဒါကအနာဂတ်ကလေးတွေအတွက် ကျွန်တော်မျိုးဆက်တွေအတွက်တော့ အင်မတန်အားရှိစရာလို့ မြင်မိပါတယ်။

အခုဆိုရင် ကျွန်တော်တို့၊ RAM ဆိုတာဘာကိုခေါ်တယ်၊ RAM ရဲ့တာဝန်ကဘာ၊ ဘယ်လို RAM အမျိုးအစားတွေရှိတယ်၊ သူတို့ရဲ့အားသာချက်တွေကဘာတွေ၊ ဘယ် RAM ဟာ ဘယ် slot မျိုးသုံးပြီး ဈေးကွက်ထဲ ဘယ်ဈေးရှိတယ်၊ ဘယ်လို RAM နည်းပညာတွေက လူသုံးများတယ်၊ ဘာကြောင့်၊ ဘယ်လိုသုံးတယ်၊ လက်ရှိ DDR4 RAM ပြီးရင် ဘယ်လိုနည်းပညာတွေက ဘယ်လို device ဈေးကွက်တွေအတွက် ပေါ်လာနိုင်တယ်ဆိုတာတွေကို သုံးသပ်ပြခဲ့ပြီးပါပြီ။ ရှေ့လာမယ့် အပတ်မှာ အခုထက်ပိုခက်ခဲမယ့်၊ ပိုရှုပ်ထွေးမယ့် အကြောင်းအရာတွေ ပါလာပါမယ်။ CPU ၊ Motherboard ၊ Chipset ၊ RAM ဆိုတဲ့ အစိတ်အပိုင်းတွေကို ပေါင်းစပ်လုပ်ကိုင်နိုင်အောင် စီစဉ်ပေးတဲ့ Front side bus၊ External data bus ၊ အစရှိတဲ့ data bus တွေ၊ Northbridge ၊ Southbridge chipset တွေ၊ BIOS/ CMOS နဲ့ EFI တွေကို ရှေ့လာမယ့် အပတ်မှာ ဆက်လက်ဆွေးနွေးသွားပါမယ်။

အဲဒါကြောင့် CPU အ ကြောင်း၊ Motherboard အကြောင်း အခုတစ်ပတ် RAM အကြောင်းတွေမှာ မရှင်းလင်းဘဲရှိနေခဲ့တဲ့ အကြောင်းအရာတချို့ဟာ ဒီလာမယ့်ရှေ့အပတ်ကြရင်အတော်များများ ရှင်းလင်းသွားမှာမို့ မဖြစ်မနေစောင့်ဖတ်ကြစေလိုပါတယ်။




SanDisk
Happy Valentine's Day
8Gb 9,000 Ks Only
16Gb 12,000 Ks Only
16Gb 12,000 Ks Only
32Gb 23,500 Ks Only
SanDisk
Happy Valentine's Day
အမှတ်တရနှစ်ယောက်တွဲ ဆင်တူလေးသုံးနိုင်မယ့်
Couple OTG Stick လေး
လက်ဆောင်ပေးဖို့ ဆုံးဖြတ်ထားတယ်
Feburary 2016
COUPLE OTG USB Drive >>>
16Gb 16,000 Ks Only
32Gb 29,000 Ks Only
TRUSTED BY SYNNEX
SYNNEX MYANMAR Co., Ltd.
LIKE US ON FACECOOK!
www.facebook.com/ Synnex-Myanmar
Best Product
Best Service
Best Channel
OFFICE ADDRESS:
No.214, Bo Gyoke Aung San Rd, Botahtaung Tsp, Yangon, Myanmar.
HOT LINE +959 73040604, +959 791079410~420, SERVICE CENTER +959 791079450

**PROLiNK®**
www.prolink2u.com

PROLiNK® 25 YEARS SINCE 1991

# အိမ်သုံး/ ရုံးသုံး လျှပ်စစ်ပစ္စည်းများအတွက် တည်ငြိမ်ပြီးစိတ်ချရသောအရံဓာတ်အားပေးစနစ်



**PROLiNK IPS Series Inverter** အမျိုးအစား **3kVA/ 5kVA**
**(IPS 3000/ IPS 5000)** တို့ ကိုအသုံးပြု၍ မိမိတို့ အိမ်သုံး/ ရုံးသုံး လျှပ်စစ်ပစ္စည်းများဖြစ်သော




- ရေခဲသေတ္တာ
- အဝတ်လျှော်စက်
- လေအေးပေးစက်
- ထမင်းပေါင်းအိုး
- ရေတင်စက်
- ရုပ်မြင်သံကြားဖမ်းစက်
- ပန်ကာ
- လျှပ်စစ်မီးနှင့်
  အခြား လျှပ်စစ်ပစ္စည်းများနှင့် ယုံကြည်စိတ်ချစွာတွဲဘက်အသုံးပြုနိုင်ပါသည်။
- ဘက်ထရီအားသွင်းစနစ်ကို 10A/ 20A စိတ်ကြိုက်ရွေးချယ်နိုင်သဖြင့် ဘက်ထရီပမာဏမျိုးစုံဖြင့် တွဲဘက်အသုံးပြုနိုင်ပါသည်။
- ဘက်ထရီအမျိုးအစားမျိုးစုံတို့ ဖြင့်လည်း တွဲဘက်အသုံးပြုနိုင်ပါသည်။
- ပေါ့ပါးကျစ်လစ်သောဒီဇိုင်း၊ စွမ်းဆောင်ရည် မြင့်မားသောနည်းပညာတို့ ဖြင့် တည်ဆောက်ထားပါသည်။
- ဘက်ထရီသက်တမ်းကိုပိုမိုစေသော Transfer Switch ပါဝင်ပါသည်။

Quality Products Made from **SINGAPORE**

The choice of **professionals!**

**Also Available:**
Line Interactive UPS - **650VA to 1200VA**
Solar Inverters
Online UPS - **1kVA to 320kVA**
IPS Inverters - **1.2kVA to 5kVA**

Local Area Network (LAN) | Telecommunication Devices | Data Centre | Electro-Medical Device



အသေးစိတ် အချက်အလက်များကိုအောက်ပါ လိပ်စာများတွင် ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**MRS Computers**
ရန်ကုန် အမှတ်(၅၁-၅၃)၊ ဘိုကလေးဈေး(အောက်)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း ၉၅-၁-၃၉၂၂၅၉၉၊ ၃၉၂၁၃၈၊
EMAIL sales@fida.com
GMAIL eieimonprolinkmyanmar@gmail.com / mrssaleygn@gmail.com

မန္တလေး အမှတ်(၁၃၁)၊ (၃၁)လမ်း၊ (၇၆ x ၇၇)လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း ၉၅-၂-၆၄၉၇၃၊ ၆၄၉၇၄၊ ၉၅-၉-၄၅၀၄၅၅၂၆၈
EMAIL mrs.mandalay.mandalay@gmail.com




Golden Power Technology

**Golden Power Technology Ltd.**
မြန်မာပြည် တရားဝင် ကိုယ်စားလှယ်

www.facebook.com/Inspired Your Life Myanmar

**Yangon Showroom & Service Center**
No.15, Baho Road, Sanchaung Township, Yangon.
Tel : (01) 2304848
sales@gpt-mm.com, support@gpt-mm.com | www.gpt-mm.com

**Mandalay Showroom & Service Center**
Unit-16, Block-1, 73 Street, Between Thazin Street and Ngu Shwe War Street, Chanmya Thazi Township, Mandalay.
Tel: (02) 2000117~118, 09-910-43-803, 0940-260-20-20, 0973-214926













### 1. R2-D2

Electronic Devices အများကြီး ခေတ်စားတဲ့ခေတ်မှာ Devices အမျိုးမျိုးကို အလွယ်တကူအားသွင်းပေးနိုင်မယ့် AC/USB Power Station ဖြစ်ပါတယ်။ နံရံမှာလည်းအလွယ်တကူတပ်ဆင်နိုင်ပြီး ပစ္စည်းတွေအားလုံးကို အလွယ်တကူအားသွင်းနိုင်ရန်အတွက် 2.1A နှင့် 1.0A USB Port ၂ ခုနှင့် US Standard Sockets တို့ကိုထောက်ပံ့ပေးထားပါတယ်။ မိမိအားသွင်းလိုတဲ့ပစ္စည်းတွေကို တစ်ပြိုင်နက်တည်းအားသွင်းနိုင်တာကြောင့် အားတွေကိုအလျင်အမြန်ဝင်စေမှာဖြစ်ပြီး အသုံးပြုရတာ အင်မတန်အဆင်ပြေစေပါတယ်။ ခရီးသွားရင်းလည်း သယ်ဆောင်အသုံးပြုနိုင်ပြီး ဈေးနှုန်းကတော့ ၂၉ • ၉၉ ဒေါ်လာဖြစ်ပါတယ်။

### 2. The Moso Air Purifying Bag

သင့်ရဲ့ပတ်ဝန်းကျင်ကို သန့်ရှင်းပြီးလတ်ဆတ်မွှေးကြိုင်အောင်ပြုလုပ်ပေးနိုင်တဲ့လေသန့်ရှင်းရေးအိတ်ကလေးများဖြစ်ပါတယ်။ ၎င်းအိတ်ထဲကို Moso Bamboo Charcoal တွေ ဖြည့်သွင်းပေးထားပြီး နေရောင်ခြည်မှ အလင်းရောင်ကို ရယူကာအားပြန်လည်ဖြည့်သွင်းပေးပါတယ်။ Charcoal, Green, Or Natural ဆိုပြီး အရောင် ၃ မျိုးစိတ်ကြိုက်ရွေးချယ်နိုင်မှာဖြစ်ပြီး အိတ် ၁ အိတ်လျှင် ၂ နှစ်ကြာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်မတန်မှအဆင်ပြေအသုံးပြုရလွယ်ကူပြီး အသုံးဝင်လှတဲ့ အိတ်ကလေးကို ဝယ်ယူလိုပါက ၁၀ • ၉၅ ဒေါ်လာဖြင့် ဝယ်ယူနိုင်မှာပါ။

### 3. Targeted Cryotherapy Massager

နေ့စဉ်လှုပ်ရှားရုန်းကန်နေရတဲ့ဘဝမှာ ပင်ပန်းနွမ်းနယ်ခြင်းကြောင့် ကြွက်သားနာကျင်ခြင်းတွေ ဖြစ်တတ်ပါတယ်။ ၎င်းကြွက်သားများ နာကျင်ကိုက်ခဲခြင်းမှ သက်သာစေမယ့် Cryotherapy Massager လေးဖြစ်ပါတယ်။ ညင်သာတဲ့ တုန်ခါမှု၊ အေးမြတဲ့ အထိအတွေ့တို့နဲ့အတူ အညောင်းအညာပြေစေမှာဖြစ်ပြီး တစ်ကိုယ်ရည်တစ်ကာယ အသုံးပြုနိုင်တာကြောင့် တစ်ယောက်တည်းနေသူများအတွက်လည်း သင့်တော်ပါတယ်။ ရွေးချယ်နိုင်တဲ့ Heat Setting တွေပါဝင်ပြီး မိမိလိုအပ်သလို အလွယ်တကူချိန်ညှိအသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းက ၄၉ • ၉၅ ဒေါ်လာဖြစ်ပါတယ်။

### 4. Heart Charger

iPhone အသုံးပြုလိုသူတွေအတွက် ဖန်တီးပေးလိုက်တဲ့ပစ္စည်းလေးဖြစ်ပါတယ်။ ချစ်သူများနေ့အမှတ်တရထွက်ရှိလာတဲ့ပစ္စည်းလေးဖြစ်ပြီး အလွန်ချစ်စရာကောင်းကာ လက်ဆောင်ပေးရန်လည်း သင့်တော်ပါတယ်။ iPhone 5S, iPhone 5C, iPhone 6 and iPhone 6 Plus တွေအတွက်အသုံးပြုနိုင်မှာဖြစ်ပြီး LED Lights တွေပါဝင်ပါတယ်။ A Standard USB Socket ဖြင့် ပါဝါရယူနိုင်ပြီး ရောင်စုံ LED မီးအလင်းရောင်လေးတွေကြောင့် တစ်မျိုးထူးဆန်းကာ ချစ်စရာကောင်းပါတယ်။ အထူးသဖြင့်မိန်းကလေးများကြိုက်နှစ်သက်ကြမှာဖြစ်ပြီး လက်ဆောင်ပေးရန်ပဲဖြစ်ဖြစ် အင်မတန်မှသင့်တော်ပါတယ်။ ဈေးနှုန်းကတော့ ၁၀ • ၄၉ ဒေါ်လာဖြစ်ပါတယ်။

### 5. Sofa Tray Table

တီဗီကြည့်ရှုရင်းပဲဖြစ်ဖြစ်၊ ဆိုဖာပေါ်ထိုင်ပြီး စာဖတ်ရင်းပဲဖြစ်ဖြစ် ကော်ဖီလေးတစ်ခွက်သောက်ရင်း အရည်တွေကိုဖိတ်ပေသွားမှာကြောက်တာကြောင့် ဇိမ်ယူရတာအနှောင့်အယှက်ဖြစ်စေပါတယ်။ ထိုပြဿနာကို ဖြေရှင်းပေးနိုင်ဖို့ Sofa Tray Table လေးကိုထုတ်လုပ်ပေးလိုက်ပါတယ်။ ၎င်းဟာ 22.5" x 14" အရွယ်အစားရှိပြီး ဆိုဖာခုံကြားပေါ်မှာ စားစရာသောက်စရာခွက်တွေကို စိတ်ချလက်ချတင်ထားနိုင်ပါတယ်။ Vintage Black, Natural, White, Brown, Oak, Black, Wine Red အစရှိသဖြင့်အရောင်မျိုးစုံရနိုင်ပြီး မိမိကြိုက်နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ပါတယ်။ ဈေးကတော့ ၅၆ ဒေါ်လာကျသင့်မှာဖြစ်ပါတယ်။











### 6. Beko Turkish Coffee Maker

ကော်ဖီကြမ်းကျကျသောက်ရတာကိုကြိုက်နှစ်သက်သူတွေအတွက် အလွန်အသုံးပြုလို့ကောင်းတဲ့အဆင့်မြင့်ကော်ဖီဖျော်စက်ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ကော်ဖီ ၃ ခွက်စာအထိဖျော်နိုင်ပါတယ်။ ကော်ဖီတစ်ခွက်စာလေးအတွက် ကော်ဖီကို အသင့်သောက်နိုင်ပြီဆိုတာနဲ့ အသံနဲ့အချက်ပြပေးသလို အရောင်နဲ့ပါအချက်ပြပေးတဲ့အတွက်အလွန်အဆင်ပြေပါတယ်။ ခလုတ်လည်း တစ်ခုသာပါတဲ့အတွက် ဘယ်ခလုတ်ကိုနှိပ်ရမယ်ဆိုတာရှုပ်ထွေးနေစရာမလိုပါဘူး။ ဈေးနှုန်းကတော့ ၁၁၄ • ၇၉ ဒေါ်လာဖြစ်ပါတယ်။

### 7. Vital Sign Tracker

ကျန်းမာရေးအတွက်အရေးကြီးတဲ့ နှလုံးနဲ့အဆုတ်ကျန်းမာရေးကိုစစ်ဆေးရာမှာ အဓိကအချက် ၅ ချက်ကိုစစ်ပေးနိုင်တဲ့ ကိရိယာဖြစ်ပါတယ်။ အာရုံခံ sensor တွေ အသုံးပြုထားလို့ အသားနဲ့ထိလိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်းစစ်ဆေးပေးနိုင်ပါတယ်။ သွေးခုန်နှုန်း၊ နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန်တို့ကိုတိုင်းတာပေးနိုင်သလို အဆုတ်ရောဂါနဲ့ဆက်စပ်တဲ့ သွေးထဲအောက်ဆီဂျင်လုံလောက်စွာရရှိမှုရှိ/မရှိစစ်ပေးနိုင်ပါတယ်။ ရလဒ်တွေကို LCD screen မှာ ဖော်ပြပါတယ်။ စိတ်ဖိစီးမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။ စမတ်ဖုန်းနဲ့တွဲသုံးနိုင်ပြီး ဈေးနှုန်းကတော့ ၂၉၅ • ၉၅ ဒေါ်လာပါ။

### 8. R2-D2 Humidifier

ခြောက်သွေ့တဲ့ ရာသီဥတုအခြေအနေမျိုးမှာ လေထုထဲအစိုဓာတ်ရရှိစေဖို့အတွက် အသုံးပြုနိုင်တဲ့ အစိုဓာတ်ထိန်းစက်ဖြစ်ပါတယ်။ အခန်းအတွင်း ၂၄ နာရီကြာအောင် ရေငွေ့အစိုဓာတ်ရရှိအောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ စက်ရုပ်ဦးခေါင်းကနေ ထွက်လာတဲ့ရေငွေ့နှုန်းပမာဏကိုလည်း ချိန်ညှိပေးနိုင်ပါတယ်။ ပိုးမွှားတွေကိုတိုက်ဖျက်ပေးတဲ့နည်းပညာသုံးထားလို့ မှိုတက်တာ၊ ဖားဥစွဲတာတို့ကင်းဝေးစေပါတယ်။ Star Wars ပရိသတ်တွေနှစ်သက်မှာဖြစ်ပြီး အားကုန်သွားပါက ပလတ်ပေါက်မှာတပ်ပြီးအားပြန်သွင်းနိုင်ပါတယ်။ ဈေးနှုန်းက ၆၉ • ၉၉ ဒေါ်လာဖြစ်ပါတယ်။

### 9. Logitech G502 Proteus Spectrum Gaming Mouse

ဂိမ်းကစားသူတွေအတွက် ရောင်စဉ်ဖြာ gaming mouse ဖြစ်ပါတယ်။ Logitech G Delta Zero optical sensor နည်းပညာကိုအသုံးပြုထားလို့ဂိမ်းကစားတဲ့အခါမှာ ကိုယ်ရည်ရွယ်တဲ့နေရာကို ထိထိမိမိရောက်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ အကောင်းဆုံး DPI sensor လို့တင်စားထားပြီး DPI ပမာဏမှာ 200 ကနေ 12000 အထိရှိပါတယ်။ အရောင်တွေနဲ့တောက်ပမှုကို ၁၆ • ၈ သန်းအထိချိန်ညှိကာ ပတ်ဝန်းကျင်နဲ့လိုက်ဖက်အောင်ပြောင်းလဲအသုံးပြုနိုင်ပါတယ်။ ဈေးနှုန်းက ၇၉ • ၉၉ ဒေါ်လာဖြစ်ပါတယ်။

### 10. M25 Speaker & Headphone

တီကောင်ပုံစံ headphone လေးဖြစ်ပြီး နားအတွင်းထဲထည့်အသုံးပြုစရာမလိုတဲ့ပုံစံဖြစ်ကာ နားစည်နာတာသက်သာစေပါတယ်။ ရိုးရိုး headphone တွေလို စပီကာကိုနားထဲထည့်စရာမလိုဘဲ လည်ပင်းနားတစ်ဝိုက်မှာထားကာသုံးနိုင်လို့သီချင်းနားထောင်နေပေမယ့် လက်ရောနားပါလွတ်လွတ်လပ်လပ်ရှိနေပြီး ပတ်ဝန်းကျင်ကိုပါအာရုံစိုက်နိုင်ပါတယ်။ Bluetooth ကတစ်ဆင့် စမတ်ဖုန်းနဲ့ချိတ်ဆက်ပြီး hand-free လည်းအသုံးပြုနိုင်ပါတယ်။ ရေစိုတာ၊ ဖုန်ဝင်တာ၊ ပြုတ်ကျတာတွေခံနိုင်ပြီး ဈေးနှုန်းက ၆၉ • ၉၉ ဒေါ်လာဖြစ်ပါတယ်။


HAPPY NEW YEAR
2016
Member Promotion
Promotion Period
18 Jan 2016 - 12 March 2016
စက်အလုံးရေ အကန့်အသတ်ရှိသည်။
တစ်သက်တာ
ပြင်ဆင်ခွင့်အခမဲ့
UPTO 20% DISCOUNT! WITH MEMBERSHIP
Call US : 09 - 253547980, 09 - 253547981
Starting at 661 USD
Bizhub 164
Bizhub 165
Bizhub 195
BUY ANY Mulitifunction COPIER
GIFT
GBC CombBind 110
Plastic Ring Binder
+ 3 Packs of Ring
+ Presentation Cover
(ibClear + ibCover)
KONICA MINOLTA
Bizhub C221
Color A3
Multifunction Copier
No. 1 A3 Color Copier Worldwide
REGULAR 2,750 USD
MEMBER PROMOTION 2,200 USD
+ USD 200 for Auto Document Feeder
GIFT
2 Year Parts Warranty
Safe Guard
Free Black Toner
5 Pack of A4
Free Black Toner - KONICA MINOLTA PagePro 1500W Laser Printer - REGULAR 85 USD - MEMBER PROMOTION 80 USD
Free Black Toner - KONICA MINOLTA PagePro 1580MF Multifunction Laser Printer - REGULAR 145 USD - MEMBER PROMOTION 135 USD
Free Black Toner - KONICA MINOLTA PagePro 1590MF All-in-one Laser Printer - REGULAR 163 USD - MEMBER PROMOTION 152 USD
Free Black Toner - KONICA MINOLTA magicolor 1650EN Network Color Laser Printer - REGULAR 210 USD - MEMBER PROMOTION 196 USD
Free Black Toner - BEST SELLER - KONICA MINOLTA magicolor 1690MF All-in-one Color Laser Printer Print / Copy / Scan / Fax Network / Document Feeder - REGULAR 360 USD - MEMBER PROMOTION 335 USD
Free Black Toner - Copier - KONICA MINOLTA Bizhub 164 A3 Multifunction Copier Copier / Printer / Scanner - REGULAR 710 USD - MEMBER PROMOTION 661 USD
Free Black Toner - KONICA MINOLTA Bizhub 165 A3 Multifunction Copier - REGULAR 760 USD - MEMBER PROMOTION 707 USD
Free Black Toner - KONICA MINOLTA Bizhub 195 A3 Multifunction Copier (Duplex & Doc Feeder) - REGULAR 1,490 USD - MEMBER PROMOTION 1,386 USD
Free Black Toner - KONICA MINOLTA Bizhub C221 Color A3 Multifunction Copier - REGULAR 2,750 USD - MEMBER PROMOTION 2,200 USD
Free Black Toner - KONICA MINOLTA Bizhub C224e A3 Multifunction Copier - REGULAR 3,950 USD - MEMBER PROMOTION 3,674 USD
Free Black Ink - hp DesignJet T120 24" Web Connected ePrinter (Plotter) - REGULAR 2,500 USD - MEMBER PROMOTION 2,325 USD
Hot Item - Free 20pcs paper roll - CASIO SE-S100 Electric Cash Register (free 20pcs paper roll) - REGULAR 289 USD - MEMBER PROMOTION 269 USD
Free Tripod Screen - Panasonic PT-LB280A XGA 2800 Lumen - REGULAR 505 USD - MEMBER PROMOTION 465 USD
Free Tripod Screen - Panasonic PT-LB300A XGA-3000 Lumen - REGULAR 615 USD - MEMBER PROMOTION 566 USD
Free Tripod Screen - Panasonic PT-TW341REA XGA-4000 Lumen ShortThrow Interactive - REGULAR 1,240 USD - MEMBER PROMOTION 1,141 USD
Wifi Blu-ray 3D MHL - Free 3D Glasses - vivitek Qumi Q6 (Gold) LED Pocket Projector - REGULAR 575 USD - MEMBER PROMOTION 534 USD
vivitek Qumi Q5 (Red) LED Pocket Projector - REGULAR 540 USD - MEMBER PROMOTION 450 USD
Blu-ray 3D - Free 3D Glasses - vivitek DX881ST XGA 3000 Lumen ShortThrow (Free 3D Glasses) - REGULAR 685 USD - MEMBER PROMOTION 617 USD
Full HD 1080 - Free 3D Glasses - Blu-ray 3D - vivitek 1185HD XGA 2500 Lumen FullHD, 1080p (Free 3D Glasses) - REGULAR 875 USD - MEMBER PROMOTION 813 USD
EURO NC 700 Money Counter (Desktop Friction Type) - REGULAR 120 USD - MEMBER PROMOTION 102 USD
EURO NC 810 Money Counter (Desktop Friction Type) - REGULAR 150 USD - MEMBERSHIP PRICE 128 USD
Free A4 25pcs pouch - GBC Fusion 1000L A4 Laminator Free A4 25 pcs pouch - REGULAR 36 USD - MEMBER PROMOTION 33 USD
Free A4 25pcs pouch - GBC Fusion 1000L A4 Laminator Free A4 25 pcs pouch - REGULAR 36 USD - MEMBER PROMOTION 33 USD
GBC Duo Paper & CD Shredder - REGULAR 80 USD - MEMBER PROMOTION 72 USD
GANDAMAR O.A. & Business Solutions
Since 1951
YGN - No. 18-24, Kun Gyan Road, Aung San Stadium Bldg (S), 01- 383932, 383934
NPT - No.166, Thiri Yadanar Shopping Complex, 067- 421212
MDY - No.11, 78th Rd,Bet: (33thx34th)St, Chan Aye Thar San Tsp, 09-450447711
09-450447711, 09-450447722, 09-450261600
Website : www.gandamarbusinesssolutions.com, www.facebook.com/gandamar.mm
Enquiry Hot Lines :
09 - 253547980, 253547981
marketing@gandamar-mm.com
enterprise.team3@gandamar-mm.com
Dealer Welcome
Call Us
09 799 595997


NET NINE
PROFESSIONAL
NETWORK SYSTEM & ACCESSORIES
No.210, Seikkanthar Street (Middle Block), Kyauktada Tsp, Yangon. Ph: 01-378171
Rack
4U, 6U, 9U, 18U, 27U, 42U
4U
6U
9U
18U
27U
42U
Network System
CATV System
Fire Alarm System
Access Control System
CCTV System
PA System
PABX System
Computer Sale
Network, CATV, Fire alarm, Access control,
CCTV, PA, PABX System များအား လူကြီးမင်းတို့၏တပ်ဆင်မည့်
နေရာများကို လာရောက်ကြည့်ရှု၍ ပစ္စည်းဖိုးနှင့်လက်ခကုန်ကျစရိတ်များ
တွက်ချက်၍ တပ်ဆင်ခြင်းတို့ဖြင့် ဝန်ဆောင်မှုပေးပါသည်။


သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်
YOUR INDUSTRY, YOUR DIRECTORY
မြန်မာ့သတင်းနှင့်ဆက်သွယ်ရေး နည်းပညာလမ်းညွှန်
Myanmar INFORMATION and COMMUNICATION TECHNOLOGY DIRECTORY
www.myanmaritdirectory.com
ဘဏ်လုပ်ငန်းများ၊ ဆော့ဖ်ဝဲလုပ်ငန်းများ
ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းအရောင်းဆိုင်များ၊ Website နှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ၊ ကင်မရာနှင့်
လုံခြုံရေးနည်းပညာပစ္စည်းအရောင်းဆိုင်များကို တစ်နေရာထဲတွင် ရှာဖွေနိုင်ဖို့ မြန်မာ့သတင်းနှင့် ဆက်သွယ်ရေးနည်းပညာလမ်းညွှန်
၂၀၁၆ အတွက် ကြော်ငြာထည့်သွင်းလိုပါက
YANGON
Sale: 09 44800 1662
Tel: 373254, 245358 Ext: 810-819
Email: ydg.adv@gmail.com
MANDALAY
Sale: 02 4000611
Tel: 02 4000612, 614, 615, 616
Email: mdg.adv@gmail.com


ပိုကောင်းတဲ့ စမတ်ဖုန်း
SAMSUNG Galaxy J1 6
SAMSUNG
စိုပြေတောက်ပသော Super AMOLED မျက်နှာပြင်
Pro mode ပါဝင်သည့် စွမ်းဆောင်ရည်မြင့် ကျောဘက်ကင်မရာ
စွမ်းဆောင်ရည်မြင့် Processor
DUAL SIM
16 GB
မေတ္တာလက်ဆောင်
MPT Jumbo Promotion Package
17 Feb ~ 17 May 2016
လစဉ် 1,000ကျပ်ဖြည့်သွင်းပြီး
အခမဲ့
400 MB
100 SMS
1 HR Voice Call
x 6 လ
SMS နှင့် Voice Call ကို MPT အချင်းချင်းသာ ဆက်သွယ်အသုံးပြုနိုင်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့ အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG

# 4G LTE အသုံးပြုနိုင်မည့် 2600MHz လှိုင်းနှုန်းအတွက် လေလံခေါ်ယူ




4G LTE အသုံးပြုလာနိုင်မည့် 2600 MHz လှိုင်းနှုန်းစဉ်အတွက် မိုဘိုင်းအော်ပရေတာများအပါအဝင် NFS (I) လိုင်စင်ရရှိထားသူများအား လေလံခေါ်ယူထားကြောင်း သိရသည်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခေါ်ယူထားခြင်းဖြစ်ပြီး အဆိုပါလေလံတွင် သတ်မှတ်ထားချက်အရ FDD အတွက် 100MHz ချထားပေးမည်ဖြစ်ပြီး၊ တစ်ဦးလျှင် 20MHz ဖြင့် လိုင်စင် ၅ ခု၊ TDD အတွက် 40MHz ချထားပေးမည့်ထဲမှ တစ်ဦးလျှင် 20MHz နှင့် လိုင်စင် ၂ ခုချထားပေးရန်ပါရှိပါသည်။ တစ်ဦးလျှင် ရရှိမည့် 20MHz သည် လက်ရှိအချိန်တွင်ရှိနေသော နည်းပညာအတိုင်းအတာအရ 150 Megabit per seconds အသုံးပြုနိုင်ပြီး ပိုင်ဆိုင်မည့်အော်ပရေတာ၏ အသုံးပြုမှုပေါ်မူတည်ပြီး Download, Upload ပမာဏကွာခြားနိုင်မည်ဖြစ်သည်။

Myanmar Network ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းညီထွေးက "လေလံတင်ရမယ့် အချက်တွေထဲမှာ အော်ပရေတာတွေရော၊ NFS (I) လိုင်စင်ရထားသူတွေပါဝင်ပြီး လေလံဆွဲလို့ရနေပါတယ်။ ပြီးတော့ သူတို့ခေါ်ထားတဲ့ဟာမှာ ၂ မျိုးရှိတယ်။ FDD ဆိုတာက မိုဘိုင်းဖုန်းလုပ်လို့ရတဲ့ frequency ပါ။ မိုဘိုင်းအော်ပရေတာတွေသုံးတာပေါ့။ TDD က ကျွန်တော်တို့လိုမျိုး ISP သမားတွေ ဒေတာ only သုံးဖို့ပါ။ မိုဘိုင်းဖုန်းလိုမျိုး voice မပါဘဲ၊ ဒေတာ only ပေါ့။ TDD ဆိုတာက လက်ရှိ Redlink လိုမျိုး WISP တွေက လိုင်စင် spectrum ယူပြီး ဒေတာ only အင်တာနက်ပေးတဲ့သဘောပေါ့။ FDD ကိုတော့ Wireless အင်တာနက် ဆားဗစ် provider တွေကတော့ စိတ်မဝင်စားပါဘူး။ ကျွန်တော်တို့က မိုဘိုင်းကိုသွားဖို့လည်း အစီအစဉ်မရှိဘူး" ဟု ပြောသည်။

ဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူလုပ်ငန်းရှင်တစ်ဦးကလည်း "လေလံအတွက် FDD က လိုင်စင် ၅ ခု၊ TDD က လိုင်စင် ၂ ခုပေးသွားမယ်။ NFS(I) လိုင်စင်ရထားပြီးသူတွေနဲ့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတွေတွေ့ပြီးမှ ဒီလေလံဟာ ထုတ်တာပါ။ လေလံတင်မယ့်ပမာဏနဲ့ လုပ်ဆောင်မယ့်စျေးနှုန်းတွေကိုတင်ရမယ်။ ဖေဖော်ဝါရီ ၃ ကနေ ၁၇ အထိ Express of Interset(EOI) တင်ရမယ်။ အကယ်၍ အကြံပြုချင်ရင်လည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ပို့လို့ရတယ်။ လေလံအတွက် လိုအပ်တဲ့အချက်အလက်တွေကို မတ်လ ၇ ရက်နေ့ နောက်ဆုံးပို့ရမယ်။ မတ်လ ၁၆ ကျရင်တော့ တင်ထားတာတွေနဲ့ပတ်သက်ပြီး အမေးအဖြေလုပ်မယ်။ ကြားထဲမှာ mock auction ဆိုတာကို မတ် ၁၈ မှာလုပ်မယ်။ နောက်ဆုံးလေလံပွဲအကြီးကိုတော့ မတ် ၂၄၊ ၂၅ နဲ့ လိုအပ်မယ်ဆိုရင် မတ် ၂၆ အထိပါ လုပ်ပေးသွားမယ်လို့ပါတယ်" ဟု ဆိုပါသည်။ လေလံတွင် သတ်မှတ်ထားချက်အရ FDD အတွက် 100 MHz ချထားပေးမည်ဖြစ်ပြီး၊ တစ်ဦးလျှင် 20MHz ဖြင့် လိုင်စင် ၅ ခု၊ TDD အတွက် 40MHz ချထားပေးမည့်ထဲမှ တစ်ဦးလျှင် 20MHz နှင့် လိုင်စင် ၂ ခု ချထားပေးရန်ပါရှိပါသည်။ တစ်ဦးလျှင် ရရှိမည့် 20MHz သည် လက်ရှိအချိန်တွင်ရှိနေသော နည်းပညာအတိုင်းအတာအရ 150 Megabit per seconds အသုံးပြုနိုင်ပြီး ပိုင်ဆိုင်မည့် အော်ပရေတာ၏ အသုံးပြုမှုပေါ်မူတည်ပြီး Download, Upload ပမာဏကွာခြားနိုင်မည်ဖြစ်သည်။

အဆိုပါလေလံအတွက် လက်ရှိ NFS(I) လိုင်စင်ရရှိထားသူများအားလုံးပါဝင်နိုင်ပြီး လေလံအချက်အလက်များနှင့်ပတ်သက်ပြီး အကြံပြုလိုပါက ဖေဖော်ဝါရီလ ၁၇ ရက်နေ့အထိ spectrumresource.ptd@gmail.com သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ Building 2, ရာဇဌာနီလမ်း၊ နေပြည်တော်သို့ လိပ်မူ၍ စာအားဖြင့်လည်းကောင်း ပေးပို့နိုင်ကြောင်း သိရသည်။

Myanmar Network ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းညီထွေးက "အခုလိုမျိုးအနေအထားနဲ့ 2.6 ကို auction ဖွင့်တာကျတော့ မိုဘိုင်းအော်ပရေတာတွေ ဒီကိုဝင်ကိုဝင်ပါမယ်လို့ ထင်ပါတယ်။ သူတို့အတွက် လေလံကြေးက မာကက်တင်းတစ်ခုလုပ်သလောက်ပဲလေ။ ကျွန်တော်တို့ ပြည်တွင်းက လူတွေအတွက်ကျတော့ လေလံကြေးမြင့်သွားမယ်။ ဒါဆိုပြန်ပြီးဝန်ဆောင်မှုပေးတဲ့နေရာမှာ အခက်အခဲဖြစ်မယ်။ ဒါတွေနဲ့ပတ်သက်ပြီး အမြင်တွေကိုတော့ ဖေဖော်ဝါရီ ၁၇ မတိုင်ခင်ပို့သွားမယ်။ လတ်တလောတော့ ဘယ်ဟာကို လေလံဝင်ပါရမယ်ဆိုတာ မသတ်မှတ်ရသေးပါဘူး" ဟု ဆိုပါသည်။ လက်ရှိလေလံရရှိသူအနေဖြင့် 2600MHz Band (2500MHz-2690 MHz) လှိုင်းနှုန်းစဉ်ကို အသုံးပြုခွင့်ရမည်ဖြစ်ပြီး လေလံအချက်အလက်အသေးစိတ်ကို သိရှိလိုပါက ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သော www.mcit.gov.mm တွင် ဝင်ရောက်ဒေါင်းလုတ် ရယူလေ့လာနိုင်မည်ဖြစ်သည်။

ရဲလင်းလင်းသန်း

# Work.com.mm အတွက် ပြည်တွင်းတာဝန်ခံ ပြောင်းလဲခန့်အပ်

ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သော work.com အတွက် ပြည်တွင်းတာဝန်ခံ ပြောင်းလဲခန့်အပ်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ပါသည်။ ယခုခန့်အပ်လိုက်သော ဌာနေအုပ်ချုပ် (Country Manager) မှာ နယ်သာလန်နိုင်ငံသား Mr.Bart Van Dijke ဖြစ်ပြီး ယင်းဝက်ဘ်ဆိုက်၏ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ဝတ္တရားများကို ကိုင်တွယ်ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။ မြန်မာပြည်တွင်းဦးဆောင်အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သော work.com.mm သည် Everjobs ၏ မိသားစုဝင်အဖြစ် ၂၀၁၅ ခုနှစ် မတ်လအတွင်းကပါဝင်လာခဲ့ပြီး ၎င်းဝက်ဘ်ဆိုက်သည် လုပ်ငန်းရှင်များနှင့် အလုပ်ရှာဖွေသူတို့အကြား အကောင်းမွန်ဆုံးဆုံစည်းပေးလျက်ရှိရာ လက်ရှိတွင်အသုံးပြုသူ သိန်းနှင့်ချီ၍လည်းရရှိနေပြီဖြစ်သည်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းအတွင်းက work.com.mm အား Everjobs ၏ အာရှဒေသအတွင်းဆိုင်ရာ ပင်မဌာနချုပ်အဖြစ်သတ်မှတ်ခဲ့ပြီး ဌာနေအုပ်ချုပ်သူအသစ်တစ်ယောက်ကိုပါ တာဝန်ပေးခန့်အပ်ခဲ့ခြင်းဖြစ်သည်။ Everjobs(www.everjobs.com) သည် အာရှနှင့် အာဖရိကဒေသတစ်လွှားရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံတွင် အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများကို ဖြန့်ကျက်လုပ်ကိုင်လျက်ရှိပြီး အာရှဒေသတွင်းတွင် မြန်မာအပါအဝင် ကမ္ဘောဒီးယား၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် တူညီသောစံပုံစံဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ရဲလင်းလင်းသန်း






အကျယ်ပြန့်ဆုံး ကွန်ရက်

ဆွေသဟာ ကို ရယူရန်

"SWE" ဟုရိုက်၍ 1 3 3 2 သို့
အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။

CALL CENTER 106 (၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက http://www.mpt.com.mm
https://facebook.com/mptofficialpage သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

MPT
မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း

Vol . 4, Issue . 24

# DSLR ကင်မရာများနှင့် ဗီဒီယိုရိုက်ကူးခြင်းလမ်းညွှန် အပိုင်း(၈)



အဝတ်မှာပါတဲ့ Pattern တွေကို ရိုက်လိုက်တဲ့အချိန်မှာ ဖြစ်သွားတဲ့ပုံပါ။ ဒါဟာ ဘာလို့ဖြစ်လာလဲဆိုရင် DSLR Camera တွေဟာ ဓာတ်ပုံရိုက်ဖို့လုပ်ထားတဲ့ Sensor တွေပါ။ ဒါ့ကြောင့် ဒီ Sensor ရဲ့ Resolution ဟာ (5000 x 3000)ဝန်းကျင်ရှိတဲ့ 18 MP (18 Mega Pixels), 20 MP (20 Mega Pixels) စသဖြင့်ရိုက်ကူးနိုင်ပါတယ်။ ဒါပေမဲ့ အဲ့ဒီ Sensor ကို 2 MP (2 Mega Pixel) လောက်ပဲရှိတဲ့ 1920 x 1080 အဖြစ် ဆင်းရိုက်တဲ့အခါ DSLR Camera တွေဟာ Line Skipping လို့ခေါ်တဲ့ Technology ကို သုံးပါတယ်။ Sensor က 1920 x 1080 Resolution ပုံရဖို့အတွက် Pixel Line တွေကိုဖျောက် ဖျက်ပစ်တဲ့အခါ ဒီလို Pattern တွေကို ရလာတာပဲဖြစ်ပါတယ်။ ဒီလိုဖြစ်တာကို ရှောင်လွှဲလို့မရပေမယ့် အရင်အခန်းမှာ ရေးခဲ့ဖူးတဲ့ Picture Style ကို Flat Picture Style အဖြစ်ရိုက်တဲ့အခါ Sharpness ကို လျှော့ချခြင်းဖြင့် ဒီ Aliasing ဖြစ်တာကို လျှော့ချနိုင်ပါတယ်။ လုံးဝကြီး ပျောက်သွားတာတော့ မဟုတ်ပါ။ Canon Camera တွေမှာ ဒီ Moire & Aliasing လုံးဝမဖြစ်အောင် လုပ်ထားတဲ့ DSLR တွေရှိပါတယ်။ အဲ့ဒါတွေကတော့ 5D Mark III, 1 DC နဲ့ 1 DX တို့ပါ။ 5D Mark III ကတော့ Sensor ရှေ့မှာ Aliasing Filter ခံလိုက်ပြီး ဒီ Pattern တွေကိုပျောက်အောင်လုပ်ခဲ့တယ်ဆိုပါတယ်။ ဒီ Moire အတွက် အကောင်းဆုံးနည်းကတော့ ကိုယ် Control လုပ်လို့ရတဲ့ အခြေအနေဆိုရင် မရိုက်ခင် Pre Production ကတည်းက သတိထားပြီး အဝတ်အစား နေရာအနေအထားတွေတွက်ဖို့ပါ။ ဒီ Aliasing & Moire တွေက Screen ပေါ်မှာ အင်မတန်ကြည့်ရဆိုးပါတယ်။

## Rolling Shutter

နောက် Issue တစ်ခုကတော့ Rolling Shutter လို့ခေါ်ပါတယ်။ သူကတော့ ကိုယ်ကရွေ့လျားနေတာပဲဖြစ်ဖြစ် ရွေ့လျားနေတဲ့ အရာတွေကို ရိုက်တဲ့အချိန်မှာပဲ ဖြစ်ဖြစ် ဖြစ်ပေါ်လာတတ်တဲ့ ရွဲ့စောင်းနေတဲ့ ရုပ်တွေပါ။ ဒါကလဲ DSLR Camera ရဲ့ CMOS Sensor က ပုံရိပ်တွေကို Expose လုပ်တဲ့အခါ Top To Bottom Scanning လုပ်တဲ့အတွက် လှုပ်နေတဲ့ အရာတွေကို Scan လုပ်တဲ့အခါမှာ ရိုက်နေတဲ့ နေရာရွေ့သွားသလောက် ရွဲ့စောင်းကုန်တာပါ။



အပေါ်ကပုံမှာဆို DSLR ကို Panning အမြန်လုပ်လိုက်တဲ့အချိန်မှာ ဖြစ်သွားတဲ့ Distortion တွေပါ။ Camera က အပေါ်ပိုင်းကို Expose လုပ်နေတုန်းမှာပဲ ကိုယ်က ကင်မရာကို ရွှေ့လိုက်တဲ့အတွက် အောက်ကအပိုင်းတွေဟာ တဖြည်းဖြည်းရွဲ့စောင်းကုန်ပါတယ်။ ဒီလိုဖြစ်တာကို Rolling Shutter ကြောင့်လို့ ခေါ်ပါတယ်။ ဒီ Shutter အလုပ်လုပ်ပုံနဲ့ တွဲသိရင်တော့ ရှင်းရှင်းလင်းလင်းနားလည်စေမှာပါ။ (DSLR Camera Shutter အလုပ်လုပ်ပုံကို Exposure အပိုင်းမှာ ရေးပေးခဲ့ပြီးဖြစ်ပါတယ်)။



## Sensor Heat & Recording Limit

DSLR တွေဟာ Video ရိုက်ကူးဖို့ Design လုပ်ထားတာမဟုတ်လို့ Video ကို အချိန်တစ်ခုထိ Continuously ရိုက်မယ်ဆို Sensor မခံနိုင်ဘဲ Heat တက်ပြီး Shutdown အလိုလိုကျသွားတတ်ပါတယ်။ ဒီနေရာမှာ တစ်ခုရောတတ်တာက Recording Time Limit ပါ။ DSLR တွေဟာ 17 mins 20 mins စသဖြင့် ရိုက်ပြီးရင် Recording အလိုလိုရပ်သွားပါတယ်။ Camera တစ်လုံးနဲ့ တစ်လုံး အချိန်တော့မတူပါ။ အဲ့ဒါက Camera ရဲ့ Transfer Rate Limitation ကြောင့်ပါ။များသောအားဖြင့် Clip တစ်ခုထဲကို 4 GB ကျော်အောင် Record လုပ်လို့မရပါဘူး။ ဒါကတော့ Camera ရဲ့ Card Slot Type နဲ့ Transfer Rate Limitation ကြောင့်ပါ။ Sensor Heat ကြောင့်ဖြစ်တာက Camera က လုံးဝကို Shutdown ကျသွားတာပါ။ Transfer Rate ကြောင့်က Video Recording သာ ရပ်သွားတာပါ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် DSLR Camera တွေဟာ အချိန်ကြာမြင့်စွာ တောက်လျှောက်ရိုက်ကူးဖို့အတွက် အဆင်မပြေပါဘူး။ အထူးသဖြင့် Documentary Interview တွေ မှတ်တမ်းတွေဆို အဆင်မပြေနိုင်ပါ။ ဒီအချက်ကပဲ DSLR ကို တချို့သော အလုပ်တွေအတွက် အကန့်အသတ်ဖြစ်သွားစေတာပါ။ ဒါပေမဲ့ Short Film တို့ Music Video တို့အတွက်ဆိုရင်တော့ ပြဿနာမရှိပါ။

အခုရေးခဲ့သမျှ အချက် ၃ ချက်အပြင် လက်တွေ့ Real Field Shooting ထဲ တကယ်ရိုက်တဲ့အချိန်မှာ ထပ်ပြီးကြုံလာရတဲ့ အခက်အခဲတွေရှိလာပါတယ်။ အဲ့ဒီအခါ Product Manaufacturer တွေဟာ DSLR Camera သုံးစွဲသူတွေရဲ့ Feedback ကို နားထောင်ပြီး နောက်ထပ်ဖြစ်လာတဲ့ ပြဿနာတွေအပေါ် Supporting Accessories တွေနဲ့ တီထွင်ထုတ်လုပ်ပြီး ဖြေရှင်းပေးခဲ့ပါတယ်။

ပထမဆုံးအချက်ကတော့ DSLR Camera တွေရဲ့ Size ဟာ သေးငယ်တဲ့အတွက် Video ရိုက်ကူးတဲ့အခါမှာ Handheld လို့ခေါ်တဲ့ လက်ပေါ်တင်ရိုက်ကူးတဲ့အခါမှာ မငြိမ်သက်မှုတွေ ဖြစ်စေပါတယ်။ ဒီလိုဖြစ်တာတွေက ကိုယ့် Video ကို အဆင့်ကျစေပါတယ်။ DSLR Camera နဲ့ Video ရိုက်ကူးတဲ့အခါ ငြိမ်သက်စေဖို့ နည်းနှစ်ခုရှိပါတယ်။ အဲ့ဒါကတော့ (၁) DSLR ကိုယ်တိုင်ကိုပဲ Weight ပိုများအောင်လုပ်တာရယ် (ကျွန်တော်တို့ လက်တွေ့မှာလဲ Lens အလေးကြီးတွေ Grip တွေတပ်ပြီး ရိုက်တဲ့အခါ ပေါ့နေတဲ့ Camera ထက်ပိုပြီး Stabilize ဖြစ်တာတွေ့ရပါတယ်။ ကြာမြင့်စွာ ရိုက်ရင်တော့လက်ဒဏ်မခံနိုင်ပါ)။ (၂) Third Point Contact ထည့်ပေးဖို့ပါ။ DSLR ကို Video ရိုက်ဖို့ ကိုင်လိုက်ပြီဆိုရင် လက်တစ်ဖက်က Camera Hand Grip ကို ကိုင်ပြီး နောက်တစ်ဖက်က Lens ကို ကိုင်ပြီး Focus ချိန်ကြပါတယ်။ ဒီနေရာမှာ နောက်ထပ် Third Point ထပ်ပြီးရှိမယ်ဆိုရင် ပိုပြီး Stable ဖြစ်တဲ့ ရုပ်တွေရပါတယ်။ ဒီလိုမျိုးဖြစ်ဖို့အတွက် Product Manufacture တွေဟာ Shoulder Rig တွေကို ပုံစံအမျိုးမျိုးနဲ့ ထုတ်လုပ်လာကြပါတယ်။ ဒီ Shoulder Rig တွေဟာ ထုတ်လုပ်တဲ့ Company တွေအပေါ် မူတည်ပြီး ဈေးနှုန်းတွေ ပုံစံတွေ ကွာကြပါတယ်။ နောက်တစ်ခုက Third Point Contact ကို View Finder တွေတပ်ပြီး ဖန်တီးယူကြလာပါတယ်။ View Finder တပ် ခြင်းဖြင့် Third Point Contact သာမက နေရောင်ပြင်းပြင်းထဲလို အနေအထားအလင်းများတဲ့ ပတ်ဝန်းကျင်မှာဆို LCD ကို သေချာမမြင်ရနိုင်တဲ့အခြေအနေမှာ သုံးကြပါတယ်။



Shoulder Rig ပုံစံအမျိုးမျိုး





View Finder ပုံစံအမျိုးမျိုး

ဒီ View Finder တွေနဲ့ Shouder Rig တွေဟာ DSLR Camera တွေကို Video Camera Style နဲ့ Handling ကို ရရှိစေပါတယ်။ ဒါပေမဲ့ ဒါတွေလိုအပ်ခြင်း မလိုအပ်ခြင်းတွေဟာ သင်လုပ်နေတဲ့ အလုပ်အမျိုးအစားတွေအပေါ်လည်း မူတည်ပါသေးတယ်။

နောက်ထပ် Supporting Accessories ကတော့ Audio ပါ။ အသံဖမ်းယူမယ်ဆို နှစ်နည်းတွေးလို့ရပါတယ်။ အဲ့ဒါကတော့ On Camera နဲ့ Separate System ပါ။ On Camera ဆိုတာကတော့ Camera ပေါ်မှာ Microphone ကို Mount လုပ်ပြီး Recording လုပ်တဲ့ပုံမျိုးပါ။ ဒီမှာ အသံနဲ့ ရုပ်တွေကအတူတူ Recording လုပ်ပါတယ်။ Separate System ကတော့ Audio recording Unit နဲ့ Video recording နဲ့ သက်သက်ဆီသွားပါတယ်။ Edit ရောက်မှသာ Sync ပြန်လုပ်ကြတဲ့ ပုံမျိုးပါ။ DSLR အတွက် On Camera အကြောင်းပြောမယ်ဆိုရင် On Camera Mic တွေအများကြီးရှိပါတယ်။ DSLR တွေရဲ့ Audio Input ဖြစ်တဲ့ 3.5 mm Jack နဲ့ လုပ်ထားကြပါတယ်။



ဒီ On Camera Mic တွေက အခြေအနေအကုန်လုံးအတွက် အဆင်မပြေပါဘူး။ Camera အပေါ်မှာပဲရှိတဲ့အတွက် ကိုယ် Record လုပ်မယ့် အသံလာရာ အကွာအဝေး Camera မှ ဖြစ်ပေါ်တဲ့ အသံများကိုပါ Record လုပ်ခြင်းစတဲ့ အားနည်းချက်တွေ အများကြီးရှိပါတယ်။ ဒီ Mic တွေကို သတင်းလို မှတ်တမ်းလို ပြေးပြေးလွှားလွှားအခြေအနေတွေမှာပဲ အသုံးများပါတယ်။

ဒီလိုဆို Short Film လိုမျိုး Documentary လိုမျိုးတွေဆို ဘယ်လိုလုပ်ကြပါမလဲ။ အကောင်းဆုံးနည်းလမ်းကတော့ Separate ဖမ်းယူခြင်းပါပဲ။ DSLR များနဲ့ တွဲဖက်ကာ အသုံးများတဲ့ External Audio Recorder ကတော့ Zoom H4n လို့ခေါ်တဲ့ Flash Memory Recorder ပါ။



နောက်တစ်ပတ် ဆက်လက်ဖော်ပြပါမည်။


ASUS
IN SEARCH OF INCREDIBLE
Golden Power
TECHNOLOGY
Your Reliable Supplier
ASUS R7 360 delivers pumped gaming performance and premium quality.
3-Years Warranty
RADEON R7 360
R7360-OC-2GD5-V2
$136
OC EDITION
2GB GDDR5 MEMORY
Super Alloy Power
2.5X Longer Lifespan
GPU Tweak
Real-time Graphics Tuning and Live Streaming
Golden Power TECHNOLOGY
Golden Power Technology Ltd.
မြန်မာပြည် တရားဝင် ကိုယ်စားလှယ်
Yangon Showroom & Service Center
No.15, Baho Road, Sanchaung Township, Yangon.
Tel : (01) 2304848
sales@gpt-mm.com, support@gpt-mm.com | www.gpt-mm.com
Mandalay Showroom & Service Center
Unit-16, Block-1, 73 Street, Between Thazin Street and
Ngu Shwe War Street, Chanmya Thazi Township, Mandalay.
Tel: (02)2000117~118, 09-910-43-803, 0940-260-20-20, 0973-214926


Singtech Myanmar
www.singtech.asia
SINGAPORE BRAND
MEDIATEK
Price
67,000 Ks
For Him
For HeR
H30
ကာဗာအပို(၂)ခု လက်ဆောင်ပါဝင်သည်။
Call Centre
01-2399900
SINGTECH


F@X COMPUTER & ENGINEERING
SALES & SERVICE
Japan Domestic Used Laptops
Engineering & Electrical Instruments
Networking Tools
Auto Mobile Accessories
Laptop Internal Battery နှင့် Spare-parts များကို အရည်အသွေးမှန်ကန် ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ပါသည် ...
F@X SKT (1) : No.208 (A), Seikkanthar St., Kyauktada Tsp.,Yangon. Ph : 09 730 138 36, 09 782 441 963.
F@X SKT (2) : No.208 (B), Seikkanthar St., Kyauktada Tsp.,Yangon. Ph : 01 252 627, 09 731 627 92.
F@X MDY : No.(B4-9), Yadanar St.,(32x33 & 77x78),Mandalay. Ph : 02 693 89, 09 910 392 06.
Email : kacfax@gmail.com , Facebook Page : FAX Technology


MS
Mobile Specialist
◆ အလုပ်အကိုင်အခွင့်အလမ်းရရှိလိုပါသလား?
◆ ကျွမ်းကျင်သော ပညာရှင်တစ်ယောက်ဖြစ်လိုပါသလား ?
◆ သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် အခက်အခဲမရှိ သင်ကြားလိုပါသလား?
ချိုသာသောဈေးနှုန်းနှင့်အတူ
ဤသင်တန်းကိုတက်လိုက်ပါ။
သင်တန်းကြေးတစ်ကြိမ်ပေးသွင်းရုံဖြင့် ရာသက်ပန်လေ့လာသင်ယူနိုင်သောအခွင့်အရေး
ဖုန်းပြုပြင်ခြင်းအတတ်သင် သင်တန်းကျောင်း
တန်းခွဲသစ်များ
(တနင်္လာ - သောကြာ)
သင်တန်းချိန် - 10:00 -12:00(AM), 1:00 - 3:00(PM), 3:00 - 5:00(PM), 5:00 - 7:00(PM)
Mobile Specialist
သင်တန်းနေရာ - အောင်မေတ္တာလမ်း၊ ၆၈ × ၆၉ကြား၊ ၃၈ × ၃၉ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
(၂၄-၂-၂၀၁၆) တန်းခွဲသစ် စတင်ဖွင့်လှစ်မည်။
အောင်မေတ္တာလမ်း၊ ၆၈ × ၆၉ကြား၊ ၃၈ × ၃၉ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ 09-258822991, 09-258822992

# Coolnet Smartphone

- **Root** ဖောက်စရာမလိုဘဲ မြန်မာစာဖောင့်နှင့် မြန်မာစာကီးဘုတ်တို့ အသင့်ပါဝင်ခြင်း
- **Ooredoo, Telenor & MPT** အစရှိသော **3G** ဆင်းကဒ်များ အသုံးပြုနိုင်ခြင်း
- အရှေ့ **Camera** ၊ အနောက် **Camera** နှင့် **Flash** မီးတို့အသင့်ပါဝင်ခြင်း
- စက်ရုံမှ တိုက်ရိုက် **Original Hardware** ပစ္စည်းများဝယ်ယူနိုင်ခြင်း

## Coolnet 7088 Plus

| | |
|---|---|
| Colour | : Gold, Silver, Black |
| Dispaly | : 4.0" (800 x 480) |
| CPU | : 1.2GHz Single Core |
| RAM | : 256MB |
| ROM | : 512MB |
| OS | : Android 4.4.2 |
| Camera | : 3MP (Flash light) / 0.3 MP |
| Battery | : 1400mAh |
| Network Support | : 3G (WCMA) : 900 / 2100MHz<br>2G (GSM) : 900 . 1800MHz |



1 Year Warranty

## Coolnet 7060 Plus

| | |
|---|---|
| Colour | : Gold, Silver, Black |
| Dispaly | : 4.0" (800 x 480) |
| CPU | : 1.2GHz Single Core |
| RAM | : 256MB |
| ROM | : 512MB |
| OS | : Android 4.4.2 |
| Camera | : 3MP (Flash light) / 0.3 MP |
| Battery | : 1400mAh |
| Network Support | : 3G (WCMA) : 900 / 2100MHz<br>2G (GSM) : 900 . 1800MHz |



## Coolnet 7232 Plus

| | |
|---|---|
| Colour | : White, Black |
| Dispaly | : 4.5" (854 x 480) |
| CPU | : 1.2GHz Single Core |
| RAM | : 256MB |
| ROM | : 512MB |
| OS | : Android 4.4.2 |
| Camera | : 5MP (Flash light) / 2 MP |
| Battery | : 1500mAh |
| Network Support | : 3G (WCMA) : 900 / 2100MHz<br>2G (GSM) : 900 / 1800MHz |



## Coolnet 7295C Plus

| | |
|---|---|
| Colour | : Gold, White |
| Dispaly | : 5.0" (854 x 480) |
| CPU | : 1.2GHz Single Core |
| RAM | : 512MB |
| ROM | : 4GB |
| OS | : Android 4.4.2 |
| Camera | : 5MP (Flash light) / 2 MP |
| Battery | : 2000mAh |
| Network Support | : 3G (WCMA) : 900 / 2100MHz<br>2G (GSM) : 900 / 1800MHz |



Rui Yang Trading Co., Ltd
Address : Rui Jiang Road, No.93-29-105, Ruili City, Yun Nan
Contact : 09 5230292, 0947318078, 09 5260567, 0086 - 692 - 4660890
Wechat : xycoolpad / QQ : 1311924886
http : // www.aruiyang.com

**Coolnet Authorized Service Centre**

Mandalay : Mobile Online (Sale & Service Centre) : Corner Of 75th & 37th Street, Mandalay. Contact Us: 09 971025699, 09 971025669

Yangon : K-6, Frist Floor, Near Car Parking, Yuzana Plaza, Mingala Taungnyunt Tsp, Yangon. Ph : 09 253204147, 09 73077868, 01-200747, Ext : 2488

Service Center : 09 253204174







# Huawei Consumer Business Group, Southeast Asia ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Thomas Liu နှင့် တွေ့ဆုံခြင်း



**မေး – မင်္ဂလာပါခင်ဗျာ။**

ဖြေ – ဟုတ်ကဲ့ မင်္ဂလာပါ။

**မေး – Huawei Consumer Group ရဲ့ အရှေ့တောင်အာရှ ဈေးကွက်ဝေစု အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ – အရှေ့တောင်အာရှဈေးကွက်က ကျွန်တော်တို့ Huawei အတွက် အရေးပါတဲ့ ဈေးကွက်တစ်ခုဖြစ်ပါတယ်။ နောက်ပြီးတော့ အရှေ့တောင်အာရှမှာဆိုရင် Huawei Devices တွေကို သုံးစွဲသူအရေအတွက်က တဖြည်းဖြည်းတိုးတက်များပြားလျက်ရှိပါတယ်။ Huawei က နံပါတ် ၃ ကမ္ဘာ့ထိပ်တန်း Smartphone ကုမ္ပဏီအဖြစ်ရပ်တည်နေပါတယ်။ ၂၀၁၅ ခုနှစ်မှာ Huawei ရဲ့ ဝင်ငွေဟာ ဒေါ်လာ ၂၀ ဘီလီယံကျော်လွန်ခဲ့ပါတယ်။ ဒါဟာ ၂၀၁၄ ခုနှစ်ကထက် ၇၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့တာဖြစ်ပြီး စံချိန်ချိုးခဲ့တဲ့အပြင် အရှေ့တောင်အာရှဈေးကွက်မှာ လွှမ်းမိုးနိုင်ဖို့အတွက် ခြေကုပ်တစ်ခုလည်းဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်ရဲ့ ကမ္ဘာ့တန်ဖိုးအရှိဆုံး ထိပ်ဆုံးအမှတ်တံဆိပ် ၁၀၀ နဲ့ ကမ္ဘာ့အကောင်းဆုံး ထိပ်ဆုံးအမှတ်တံဆိပ် ၁၀၀ တို့မှာ ပါဝင်နိုင်ခဲ့ပါပြီ။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှာ အရည်အသွေးမြင့် Smartphone Model ၂ခုဖြစ်တဲ့ Mate 8 နဲ့ GR 5 ကို စတင်မိတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံက အရှေ့တောင်အာရှနိုင်ငံတွေထဲက ဈေးကွက်ဝေစု အများဆုံးနိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရှိ Huawei သုံးစွဲသူတွေကို အထူးကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။

**မေး – Huawei Mate 7 ကို စတင်မိတ်ဆက်ရောင်းချခဲ့တုန်းက ကြုံတွေ့ရတဲ့အတွေ့အကြုံနဲ့ အောင်မြင်မှုတွေကို ပြောပြပေးပါဦး။**

ဖြေ – Huawei Mate 7 Smartphone က စွမ်းဆောင်ရည်မြင့်မားကောင်းမွန်တဲ့ Smartphone တစ်လုံးပါ။ Mate 7 ရဲ့ Battery နဲ့ စွမ်းဆောင်ရည်တို့ကြောင့် တရုတ်၊ ဟောင်ကောင်နဲ့ ကမ္ဘောဒီးယားစတဲ့ နိုင်ငံတွေမှာ ရောင်းအားကောင်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှာတော့ ရောင်းအားနည်းခဲ့တယ်လို့ သိရပါတယ်။ အခုဆိုရင် Mate 7 ရဲ့ ကမ္ဘာတစ်ဝန်းတင်ပို့မှုက ၇ သန်းအထိ ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ Mate 7 က Android Authority, GSM Arena နဲ့ Tom's Guide တို့ကပေးတဲ့ဆုတွေအပြင် နိုင်ငံတကာမီဒီယာတွေကနေပေးတဲ့ "Best of IFA 2014 " ဆုကို ရရှိခဲ့ပါသေးတယ်။ အခုအသစ်မိတ်ဆက်တဲ့ Mate 8 မှာလည်း ထပ်တိုးထည့်သွင်းထားတဲ့ နည်းပညာတွေနဲ့ဆိုတော့ သုံးစွဲသူတွေ ကြိုက်နှစ်သက်မှာ သေချာပါတယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

**မေး – အခုအသစ်မိတ်ဆက်တဲ့ Mate 8 က ယခင်ထွက်ရှိပြီးသားဖြစ်တဲ့ Mate 7 ထက် ဘယ်လိုမျိုး အားသာချက်တွေ၊ လုပ်ဆောင်ချက်ကောင်းတွေ ပါဝင်လာပါသလဲ။**

ဖြေ – Mate 8 မှာက Fingerprint Sensor မျိုးဆက်သစ် Fingerprint 2.0 ကို ထည့်သွင်းပေးထားပြီး Mate 7 မှာပါရှိတဲ့ Fingerprint Sensor ထက် ၂ ဆ ပိုမိုမြန်ဆန်ပါလိမ့်မယ်။ Fingerprint Sensor ပေါ်မှာ လက်တင်လိုက်ရုံနဲ့ ၀.၅ စက္ကန့်အတွင်း Lock ဖွင့်ပေးနိုင်မှာဖြစ်ပြီး Mate 7 ရဲ့ Fingerprint Sensor လိုပဲ ဘက်ပေါင်းစုံကနေ လက်နဲ့ထိပြီး Lock ဖွင့်လို့ရမှာဖြစ်ပါတယ်။ လက်ရေစိုနေချိန်မှာသာမက လက်အရေခွံကွာနေခြင်း၊ လက်မှာ ဒဏ်ရာရှိနေခြင်း၊ လက်ဖွေရဲ့ တစ်စိတ်တစ်ပိုင်းသာ Sensor ပေါ်သို့ တင်မိခြင်း စတဲ့အချိန်တွေမှာပါ Fingerprint က အလုပ်လုပ်မှာပါ။ Fingerprint Function ဖြင့် နောက်ထပ်လုပ်ဆောင်ချက်ပေါင်းများစွာ လုပ်ဆောင်နိုင်မှာဖြစ်သလို နောက်ထပ်ထူးခြားချက်ကတော့ ဓာတ်ပုံရိုက်တဲ့အခါမှာ အသံနဲ့ခိုင်းစေပြီး ဓာတ်ပုံရိုက်ကူးနိုင်တဲ့ လုပ်ဆောင်ချက်လည်း ပါဝင်လာပါတယ်။ ကင်မရာရဲ့ Focus စနစ်က Hybrid Autofocus စနစ်ဖြစ်တာကြောင့် လှုပ်ရှားမှုမြန်ဆန်တဲ့ပုံရိပ်တွေကို ရိုက်ကူးတဲ့အခါ ကြည်လင်ပြတ်သားကောင်းမွန်တဲ့ပုံရိပ်တွေ ရရှိစေမှာပါ။ ဒါ့အပြင် Long Screenshot ကိုလည်း အလွယ်တကူရိုက်ကူးနိုင်ပါလိမ့်မယ်။ ဒီဖုန်းမှာ Android Version 6.0 (Marshmallow) နဲ့ Huawei ရဲ့ ကိုယ်ပိုင် UI အသစ်ဖြစ်တဲ့ EMUI 4.0 ကို ထည့်သွင်းပေးထားပါတယ်။ အားသွင်းနှုန်းကလည်း Mate 7 ထက် ၆၀ ရာခိုင်နှုန်း ပိုမိုမြန်ဆန်မှုရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

**မေး – ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ ဘယ်လိုမျိုး Smartphone Model အမျိုးအစားတွေ ထပ်မံမိတ်ဆက်ပေးသွားဖို့ စီစဉ်ထားပါသလဲ။**

ဖြေ – အလွှာအသီးသီးက သုံးစွဲသူတွေအတွက် Huawei က တိုးတက်မြန်ဆန်တဲ့ရလဒ်တွေနဲ့အတူ ထုတ်ကုန်အပိုင်းအခြားတစ်ခုချင်းစီအတွက် ကောင်းမွန်တဲ့ ရွေးချယ်မှုဖြစ်စေဖို့ ထုတ်ကုန်ကောင်းတွေကို ဖန်တီးနေပါတယ်။ အခုဆိုရင် High End နဲ့ Mid-End ဖြစ်တဲ့ Mate 8 နဲ့ GR 5 ကိုလည်း တရားဝင်မိတ်ဆက်နိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ပိုမိုကောင်းမွန်တဲ့ Smartphone Model အသစ်တွေကို ဆက်လက်မိတ်ဆက်ပေးသွား မှာဖြစ်ပါတယ်။

**မေး – ထပ်မံဖြည့်စွက်ပြောကြားလိုတာတွေရှိရင် ပြောပြပေးပါ။**

ဖြေ – အကောင်းဆုံးဝန်ဆောင်မှုတွေပေးအပ်နိုင်ဖို့ ကျွန်တော်တို့ရဲ့ Service Team က လုပ်ဆောင်လျက်ရှိပါတယ်။ ပြည်တွင်းမှာ Huawei Branded Shop တွေ ထပ်မံဖွင့်လှစ်သွားဖို့ရည်ရွယ်ထားပြီး After Sales Service အနေနဲ့ Service Center တွေ ထပ်မံတိုးချဲ့ဖွင့်လှစ်သွားပါမယ်။ နောက်ပြီးတော့ Huawei ပရိသတ်တွေ Huawei Smartphone Model အသစ်တွေကို လက်တွေ့စမ်းသပ်ကိုင်တွယ်လေ့လာနိုင်တဲ့ အစီအစဉ်အသစ်ကိုလည်း ၂၀၁၆ ခုနှစ်ထဲမှာ စတင်ပြုလုပ်ပေးနေပါပြီ။



MOBILE SERVICE ပညာရှင်များစဉ်ဆက်မပြတ်မွေးထုတ်ပေးနေသော

MOBILE DOCTOR MANDALAY

Training & Service Centre

မြန်မာနိုင်ငံ၏ပထမအကောင်းဆုံး ဖုန်းပြုပြင်ခြင်းသင်တန်းကျောင်း

Hardware & Software Course များအတွက် လိုအပ်သည့် Tool Box များကို လက်တွေ့အသုံးချ တတ်စေရန်နှင့် အထောက် အကူပြုပစ္စည်းများ စုံလင်စွာ ဖြင့် သင်ကြားပေး သွားပါမည်။

HARDWARE COURSES

- Electronic အခြေခံပစ္စည်းများ၏အလုပ်လုပ်ပုံများ။
- Integrated Circuit (IC) များ၏အလုပ်လုပ်ပုံများနှင့် အခြေခံသဘောတရားများ။
- မီတာတိုင်းတာနည်းများနှင့်ပြစ်ချက်များရှာဖွေနည်းများ။
- Schematic Diagram နှင့် Component Diagram များကို လွယ်ကူလျင်မြန်စွာ ဖတ်ရှုနည်းများနှင့် လက်တွေ့အသုံးချနည်းများ။
- No Power, Short Circuit ပြစ်ချက်များအား လွယ်ကူလျင်မြန်စွာ ဖြေရှင်းနည်းများ။
- Jumper ပြုလုပ်ရာတွင် ခက်ခဲသည့် IC ခြေထောက်အောက်မှကြိုးထုတ်၍ Jumper ကျော်နည်းများ။
- ဖြုတ် / တပ်ပြုလုပ်ရာတွင် အလွယ်တကူပျက်စီးနိုင်သော ကော်ပါသည့် Socket များ၊ Connector များကို အပျက်အစီးမရှိစေဘဲ လွယ်ကူစွာဖြုတ် / တပ်ပြုလုပ်နိုင်မည့်နည်းလမ်းများ။
- ခဲပြန်ဖော်ရန် ခက်ခဲသည့်မည်သည့် IC, CPU အမျိုးအစားများမဆို လွယ်ကူလျင်မြန်စွာ ခဲပြန်ဖော်နိုင်မည့် နည်းလမ်းများ။
- မည်သည့် IC, CPU အမျိုးအစားများမဆို BGA စက်၊ Inferred Gun များအသုံးမပြုဘဲ အပျက်အစီးမရှိ ကျွမ်းကျင်ပိုင်နိုင်စွာဖြုတ် / တပ်ပြုလုပ်နိုင်မည့်နည်းလမ်းများ။

SOFTWARE COURSES

Android OS

(Samsung, Sony, Honor, Huawei, Coolpad, MI, ... etc)

- Introduction of Android OS
- Firmware Upgrading & Downgrading
- Rooting & Myanmar Font Installation
- Making Insecure Boot
- ADB & Fastboot Command Guide
- Backup / Restore
- Bootloader Unlock / relock
- Network Unlocking
- IMEI Repairing
- Deadboot Repairing

- Introduction of iOS
- Create Apple ID
- Jailbreaking & Myanmar font Installation
- Cydia Sources Installation
- Data အပျက်အစီးမရှိဘဲ iPhone 4, 4s, 5, 5s များ၏ Passcode & Disable ကျော်ဖြတ်နည်းများ

ပညာရပ်တစ်ခုကို ကျွမ်းကျင် ပိုင်နိုင်စွာတတ်မြောက်ပြီး ဘဝ တွင် ခိုင်မာစွာ ရပ်တည်နိုင်စေဖို့ Professional တစ်ယောက်ဖြစ် ဖို့... Mobile Doctor တွင်အမြန် ဆုံး သင်တန်းလာရောက်အပ်နှံ လိုက်ပါ။

သင်တန်းပြီးဆုံးပါက မည်သည့် ဖုန်းအမျိုးအစားမဆို ပြုပြင်ရန် လွယ်ကူစေပြီး မည်သည့်ဖုန်း Circuit ပတ်လမ်းမဆိုကျွမ်းကျင် ပိုင်နိုင်စွာ ပြုပြင်နိုင်သော ပညာ ရှင်တစ်ယောက်ဖြစ်ရန် တာဝန် ယူပါသည်။

လူဦးရေကန့်သတ်ထားသည့်အတွက် တက်ရောက်ရန်သေချာဖို့ Mobile Doctor သို့ ဆက်သွယ်၍ကြိုတင်ကျောင်းအပ်ထားနိုင်ပါပြီ

Branch (3) - အမှတ် (21)၊ 31 လမ်း၊ 74 × 75 ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊ ဆေးကျောင်းအနောက်ဘက်။

[ Batch - 3 ] 3:00 PM to 5:00 PM (စာတွေ့+လက်တွေ့) 5.3.2016

Ph : 09 795402377, 09 795402388, 09 795402399, 09 450009877




# ပထမဆုံး MPT Branded Store ကို စတင်ဖွင့်လှစ်ခဲ့

(2016) ခုနှစ်၊ မတ်လကုန် မတိုင်မီ ဖွင့်လှစ်မည့် အရောင်းပြခန်း (100)ကျော်ထဲမှ ပထမဆုံး တစ်ခုဖြစ်သည့် MPT Branded Store ကို (2016) ခုနှစ်၊ ဖေဖော်ဝါရီ (10)ရက်နေ့တွင် ဆူးလေဘုရားအနီး၊ ဗိုလ်ဆွန်ပက်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်တွင် ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ Branded Store ၌ ကတ်ပျောက်/ ကတ်ပျက် စီးမှုများ ပြန်လည်လျှောက်ထားနိုင်ပြီး အခြားသော လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများရယူနိုင်သည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr.Koichi Kawase က "(2016)ခုနှစ်မှာ သုံးစွဲသူတွေအတွက် လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုတွေ မြှင့်တင်သွားဖို့ ရည်ရွယ်ထားပါတယ်။ ကွန်ရက်တွေလည်း ချဲ့ထွင်လျက်ရှိကာ အခုဆိုရင် MPT အမှတ်တံဆိပ် အရောင်းပြခန်းတွေကိုပါ ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးသွားမှာပါ။ ယခုနှစ် မတ်လကုန် မတိုင်မီမှာ MPT Branded Store ပေါင်း (100)ကျော်ကို ဖွင့်လှစ်သွားပါမယ်။

MPT Website, MPT Facebook Page နဲ့ LINE ရှိ MPT တရားဝင် စာမျက်နှာမှာအသစ် ဖွင့်လှစ်မယ့် အရောင်းပြခန်းတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို သိရှိနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ MPT အရောင်းပြခန်းအသစ်များ ထပ်မံဖွင့်လှစ်သွားမည့် နေရာများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် လမ်း (40)၊ သဃ်န်းကျွန်း၊ ရွှေဂုံတိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် အောင်မြေသာဇံ၊ ပြင်ဦးလွင်၊ ညောင်ဦး၊ မိတ္ထီလာ၊ မြင်းခြံ၊ မိုးကုတ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ထီးချိုင့်၊ ရွှေဘို၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး၊ ပြည်၊ မင်းလှ၊ လက်ပံတန်း၊ ပေါက်ခေါင်း၊ မကွေးတိုင်း ဒေသကြီးတွင်မကွေး၊ တောင်တွင်းကြီး၊ ချောက်၊ ပခုက္ကူ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟင်္သာတ၊ ဇလွန်၊ ဘိုကလေး၊ ဖျာပုံ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ပုလော၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ တနိုင်း၊ ဖားကန့်၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ကရင်ပြည်နယ်တွင် ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ ချင်းပြည်နယ်တွင် ဟားခါး၊ မွန်ပြည်နယ်တွင် ကျိုက်ထီးရိုး၊ မုဒုံ၊ သံဖြူဇရပ်၊ မော်လမြိုင်၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ မောင်းတော၊ သံတွဲ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ကျိုင်းတုံ၊ မိုင်းဆက်၊ တာချီလိတ်၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် တောင်ကြီး၊ ညောင်ရွှေ၊ အေးသာယာ၊ နမ့်ဆန်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လားရှိုး၊ မူဆယ်စသည်တို့ ဖြစ်ကြောင်း သိရသည်။



M.Z


OfficeCore
Workforce and
Fleet Management Solution
- Improved ROI
- Saved Costs
- Improved Performance
Office Core Solution သည် ပြောင်းလဲလာတော့မည့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် မိမိလုပ်ငန်းအတွင်းရှိ နေ့စဉ်အလုပ်များအားလုံးကို မိုဘိုင်းဖုန်းရှိရုံဖြင့် အချိန်နှင့်တပြေးညီ သိရှိနိုင်မည့် အစွမ်းရေးနိုင်ငံထုတ် Solution ဖြစ်ပါသည်။
မိမိလုပ်ငန်း၊ အလုပ်ဌာနအသီးသီးရှိ ဝန်ထမ်းများ၏ နေ့စဉ် ရုံးတက်၊ ရုံးဆင်း၊ Attendance မှအစ၊ နေ့စဉ်လုပ်ရမည့်လုပ်ငန်းစဉ်( Task) များကို အုပ်ချုပ်သူမှ မိုဘိုင်းဖုန်းမှတဆင့် တစ်ဦးချင်းဆီသို့ ညွှန်ကြားနိုင်သလို ဝန်ထမ်းတစ်ဦးချင်းဆီ၏ ရောက်ရှိရာနေရာ၊ နေ့စဉ်အလုပ်ပြီးမြောက်မှု၊ Customer များထံမှ Order ရရှိမှု တို့ကို အချိန်နှင့်တပြေးညီ ဓာတ်ပုံများနှင့်တကွ အုပ်ချုပ်သူထံသို့ သတင်းပေးပို့နိုင်သည့်စနစ်ဖြစ်ပါသည်။
Distribution Company များ၊ Security & Services Company များ၊ Logistics Company များနှင့် ဝန်ထမ်းအမြောက်အများရှိသော Company များအတွက် Office Core Solution မှ နေ့စဉ်အလုပ်များကို အချိန်နှင့်တပြေးညီရောက်ရှိရာ နေရာ၊ ဓာတ်ပုံ၊ Order Form များ၊ Customer Sign များနှင့်တကွ လုပ်ဆောင်နိုင်ပေးမှုများကြောင့် မိမိလုပ်ငန်း၏ အလုပ်စွမ်းရည် (Improved ROI၊ Saved Costs၊ Improved Performance)ကို ၉၆% အထိ အလုပ်ပြီးမြောက်အောင်မြင်စေပါသည်။
Location
Cellular Attendance
Task Management
Order Management
Cellular Forms
Optimization
Authorized Distributor
LUCKY BIRD Group of Companies
www.luckybirdgroup.com
No.355, Rm-106, Theinbyu Road, Mingalar Taung Nyunt Tsp,
Yangon, 01-399011, 01-379875, 09-73154644, Fax : 01-248167
Email: operation.luckybird@gmail.com, director@luckybirdgroup.com


EVER PRO
Surveillance System Total Solutions
CCTV
Hi-Resolution
Security for your Home,
your People & your Business
IP66 rating
3-axis adjusting
True Day/Night
Advanced Digital Image Sensor
Latest DSP (digital signal processing technology)
Strong Signal Anti Interference Ability
Automatically adapt to the digital noise reduction
HTOO SET LINN Trading International Co., Ltd.
No. (108), 20th Street (Upper Block), Latha Township, Yangon, Myanmar.
Distribution : 01 - 248914, 09 - 73051306, 09 - 250666106
Show Room (1) : 09 - 8633796, 09 - 782227675
Show Room (2) : 09 - 73256959, 09 - 420050495
E-mail : htltrade11@gmail.com epmarketing99@gmail.com
www.facebook.com/everpro.electronics/


Active multimedia
COMPUTER CD & DVD
2015 Magazines Full Year Issues Collection
Software
Game
Graphic
Training
Media
- Firmware အခွေများစုံလင်စွာရရှိနိုင်ပါသည်။
- နယ်မှcustomersများနီးစပ်ရာကားဂိတ်သို့ပို့ပေးပါသည်။
- ဝယ်ယူအားပေးမှုအတွက်ကျေးဇူးတင်ရှိပါသည်။
အမှတ်(၈၃)၊အနော်ရထာလမ်း၊၃၃လမ်း နှင့် ဆိပ်ကမ်းသာလမ်းကြား၊ရန်ကုန်၊ ဖုန်း - 01-381071
အမှတ်(၂၃၇)၊ ၃၁လမ်း၊ ၈၃လမ်း နှင့် ၈၄လမ်းကြား၊မန္တလေး၊ ဖုန်း - 02-23626, 02-65683
https://www.facebook.com/ACTIVEmultimedia


GAME HIVE
VIDEO GAMES SALES & SERVICE
နောက်ဆုံးပေါ် PS3, PS4, Xbox360, Xbox One, 3DS
PSVita ဂိမ်းစက်၊ ဂိမ်းခွေများနှင့် ရှားပါး PS1/PS2 ဂိမ်းခွေများ
100% Install ပြုလုပ်ပြီး ကစားနိုင်မှာ သေချာကြောင်း
စစ်ဆေးပြီးမှ ရောင်းချသည့် PC ဂိမ်းသစ်များ
PC တွင် PS1၊ PS2 နှင့် Nintendo Wii ဂိမ်းများ
ကစားနိုင်ရန်ဆောင်ရွက်ပေးမည့် Emulation Service
PS3, 3DS Downgrade Service နှင့် Xbox360, Wii,
PSP, PS3, Nintendo 3DS Update/ Modify Service
ဂိမ်းခွေများကို အိမ်အရောက်ပို့ပေးမည့် Delivery Serivce နှင့်
PS4၊ PSVita ခွေများကို ငှါးယူကစားနိုင်မည့် Rental Service
XCOM 2
UNCHARTED
No.93 Ground Floor, 39th Street (Lower Block)
Opening Time: Everyday 9:30 am to 8 pm
0973118550, 09450041500, 01392103
Please visit our facebook page for latest info!
http://www.facebook.com/gamehivemm